


# ဝိပဿနာ လုပ်ငန်းစဉ်

## ပေါင်းချုပ်

[illegible]ယျအား မြင်လုံးထွားအောင် ဝိပဿနာတရားဟောကြား
နိုင်ခဲ့သော [illegible] စောတွင့်ရတနာ မြတ်ဗုဒ္ဓါကို သဒ္ဓါညွတ်ကျိုး
လက်စုံမိုး၍ ရှိလျှင်ခိုးသည် ဤတွင်အစပဏာမတည်း။

ရွာငွေစုရဆောင်းသူ-ဦးသန့်မောင်။

၆၄




B. E. 2475. A. D. 1932. (1st. & 2 nd. Edition)
Printed at The New Light of Burma Press, Rangoon.
Block by Burma Engraving Co., Rangoon.

## သထုံ မင်းကွန်း ဇေတဝန် ဆရာတော် ဝိပဿနာ ဉာဏ်စဉ်ကျမ်း စာမျက်နှာ (၃၇၂/၃၇၃)

(၁) မျိုးစေ့, အညွန့်, အရွက်, ပင်စည်, အကိုင်း,အခက်, ရွက်နု, ရွက်ရင့်, ရွက်ရော် စသည်တို့၏ အဖြစ်ဖြင့် မျိုးစေ့ သစ်ပင် အစဉ်မပြတ်သကဲ့သို့ ထို့အတူ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်၏၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏ စသည်တို့၏ အဖြစ်ဖြင့် အကြောင်း အကျိုးစပ်၊ အစဉ် မပြတ်သော နည်းသည်ကား ဧကတ္တနည်းမည်၏။

ဤနည်းကို အမှန် ရှုသော သူ သည် ကား, အ ကြောင်း ၏ အကျိုးနှင့်စပ်သော အလိုအားဖြင့်၊ အကြောင်း အကျိုးစပ်, အစဉ်မပြတ်သည်ကို၊ မပြတ်ဟု ရှုခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိကို ပယ်၏။

(၂) အဝိဇ္ဇာ, သင်္ခါရ စသည်တို့၏ မိမိ အကြောင်း, မိမိ အ ကျိုး အား လျော်စွာ အ သီး သီး သ ဘော လ က္ခဏာ ကို ပိုင်းခြားသောနည်းသည်ကား, နာနတ္တနည်းမည်၏။

ဤနည်းကို အမှန် ရှု သော သူ သည် ကား အ ကြောင်းအ ကြောင်း,အဟောင်း အဟောင်းထက်, အသစ်အသစ် အကျိုး ဖြစ်သည်ဟု ရှုခြင်းကြောင့် သဿတဒိဋ္ဌိကိုပယ်၏။

(၃) အဝိဇ္ဇာက ငါသည် သင်္ခါရတို့ကို ဖြစ်စေအပ်ကုန်၏၊ သင်္ခါရတို့က ငါတို့သည် ပြုလိုတောင်းတ, မကြောင့် ကြသော နည်းသည်ကား အဗျာပါရ နည်းမည်၏။

ဤနည်းကို အမှန်ရှုသောသူသည်ကားတရားသဘောကိုပယ် ထား၍ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး ပြုတတ်သော သူ,ငါတလူ မရှိဟု ရှုခြင်းကြောင့် အတ္တဒိဋ္ဌိကိုပယ်၏။

(၄) အဝိဇ္ဇာအကြောင်းအားလျော်စွာ သင်္ခါရအကျိုးသာ ဖြစ်သင့်သောနည်း၊ သင်္ခါရအကြောင်းအားလျော်စွာ ဝိညာဏ်သာ အကျိုးဖြစ်သင့်သော နည်းကိုသာ အစဉ် မှီးသဖြင့် မိမိအကြောင်းအားလျော်စွာ မိမိအကျိုးသာ ဖြစ်သင့်သော နည်းသည်ကား ဧဝံဓမ္မတာနည်းမည်၏။

ဤနည်းကို အမှန်ရှုသောသူသည်ကား နို့ရည်အကြောင်းအားလျော်စွာ နို့ဓမ်းသာအကျိုးဖြစ်သကဲ့သို့၊ နှမ်းအကြောင်းအားလျော်စွာ ဆီသာ အကျိုးဖြစ်သကဲ့သို့၊ ထို့အတူ မိမိအကြောင်းအားလျော်စွာ မိမိအကျိုးသာ ဖြစ်သည်ဟု ရှုခြင်းကြောင့် အဟေတုကဒိဋ္ဌိကိုလည်း ပယ်၏၊ အကြိယာဒိဋ္ဌိကိုလည်းပယ်၏။

## ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ဘုရား၊ အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းဓမ္မာရုံကြီး၌ ဟောကြား ဆုံးမတော်မူသော ဝိပဿနာလုပ်ငန်းစဉ်

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်(အမှတ်စဉ်-၆)

(၆) ကိလေသာက မျော၊ အာသဝက သံသရာထဲလည်အောင်လုပ်ပြီးသကာလ ဒိဋ္ဌိကမြှုပ်လိုက်တော့ တက်လမ်းမြင်သေးရဲ့လား....(မမြင်ပါဘုရား)။ ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ မိဘဆွေမျိုးညာတကာတွေ မတော်ဘူးသည်မည်သည်မရှိသောကြောင့် ကိလေသာရေယာဉ်ကြောမှာဖြင့် မမျောရအောင်တရားနာ၍ တရားအားထုတ်ပါဆိုတာလဲ ပြော

(၇) နိုင်တဲ့ပုဂ္ဂိုလ်ရှိတုန်းသာ ခင်ဗျားတို့ ကြားရပါလိမ့်မယ်၊ ဒီပြောနိုင်တဲ့ပုဂ္ဂိုလ်ဟာလဲ ကွယ်တော့မယ်ဆိုတာမှတ်ပါ၊ ခင်ဗျားတို့ တသက် နှစ်သက်ဆိုယင် ဒီဆရာမျိုး မရှိတော့ဘူး၊ အားလုံး ဘာသာခြားတွေ လွှမ်းမိုးပြီး တခါတည်းကိလေသာ မျောချင်သလိုမျော, ဝဲလှည့်ချင်သလိုလှည့်၊ မြုပ်ချင်သလိုမြုပ်၊ ဒီလမ်းနှင့်ဒီစခမ်းသာလျှင် တန်းပြီးသွားနေတော့မည်ဆိုတာကို ဖြင့်မှတ်ပါ၊ ဒီအချိန်ကလေးကိုမှ ကိုယ့်ကိုယ်ကိုကယ်ယူတတ်တဲ့ ဉာဏ်ကလေး ဆရာဘုန်းကြီးက သတိပေးတုန်းမှ မလိုက်နာဘူး ဆိုယင်ဖြင့် မိမိကိုယ်ကို မသနားလို့စီးပွားရှာတာ ရိပ်မိပလား လေးစားစွာနဲ့ သတိပေးလိုက်ပါတယ်။

(၁၄) ခင်ဗျားတို့ဆုတောင်းတာက အနာကင်းရှင်ဗာကူ ကိုးဗျ၊ အဲဒါသေပွဲလွတ်ကဲ့လား၊ အစကများပြန်ပြီးပြောရမယ် ဆိုယင် ရှင်ဗာကူလိုမကျွတ်ချင်ဘူးလို့လာလိမ့်မယ်။

(၁၅) ရှင် ဗာ ကူ ဟာ ငါးမျိုး ခံရတာကိုး၊ အ ဆင်း လှ ရှင်ကစ္စည်းဆိုတာလဲ အကြောင်း ကောင်းကောင်း မသိလို့ဖြစ် ချင်တာဘဲ၊အိုဘေး,နာဘေး,သေဘေးနဲ့ရှာမှ တွေ့သေးရဲ့လား၊ အနာကင်း ရှင် ဗာ ကူ တဲ့ သေပွဲကြီး ဝင်သွားတဲ့ဥစ္စာ၊ အနာ ရှိလို့သေတာပေါ့ဗျာ။

(၁၆) ရှင်မဟာကစ္စည်းတို့ ရှင်ဗာကူတို့ရောဂါအပြည့်နဲ့ နေတယ်၊ ဒါကို ခင်ဗျားတို့က သူတို့လိုဘဲ ရောဂါပြည့်ရပါလို့၏ လို့များ လုပ်ချင်သေးသလား။

(၂၀) ပြင်ပေးမည့်ဆေး သင်ပေးမည့်ဆရာနဲ့တွေ့တုန်းမှ အမှားကြီးကိုမပြင်တော့ဘူးဆိုယင် သံသရာမှာ အရှုံးကြီးရှုံးပြီး သကာလ မျက်ရေစက်လက်နဲ့ဘဲ ဘဝတိုင်းဝိဉာဏ် ချုပ်ရလိမ့်

မယ်၊ အေး-ဒါကြောင့် ညီအစ်ကိုမောင်နှမတွေ မအေမိဘတွေ မတော်ဘူးသော ပုဂ္ဂိုလ်မရှိတဲ့၊ ဩော်-ကံလမ်း မလိုက်ဘဲနဲ့ ဉာဏ်လမ်း ကြိုးစားတော့မယ်ဆိုတဲ့ ဥစ္စာ ဆုံးဖြတ် ချက် ချ ပြီး ပြောင်းသင့်ပါပြီဆိုတာ သတိပေးလိုက်ပါတယ်၊ ဒါကြောင့် ဘာကလေးလှူလှူ ဉာဏ်ဦးလှည့်ရမယ်၊ မလှူရဘူးလို့ မဟော ပါဘူး၊ သံသရာမလည်ချင်လို့ လှူကြ တန်းကြ ပေးကြ ကမ်းကြ တယ်ဆိုယင် ဘုန်းကြီးများကလဲ လက်ခံပါတယ်။

(၂၆) သေသွားတာသည် အနိစ္စ သေသွားတယ်လို့သိတာ မဂ္ဂ၊ အဲဒီ ဝိပဿနာ ဆိုတာ ကိုယ့်အသေ ကိုယ်မြင်အောင် လုပ်တာကို ဝိပဿနာလို့ ခေါ်သည်၊ ဩော်.... ဒီလိုသေမှန်း သိယင် ဒီလူ့ဘဝကို ဆုမတောင်းပါဘူးဆိုတဲ့ ဆုတောင်းချင်တဲ့ ဘဝတဏှာ သေထွက်သွားတယ်၊ ဒီအသေ ကလေးကို မြင် လိုက်တဲ့အခါကျတော့ ခိုင်တယ်, မြဲတယ်လို့ ယူသေးရဲ့လား၊ အင်း....ခိုင်တယ်,မြဲတယ်လို့ယူတဲ့သဿတဒိဋ္ဌိလဲရှိသေးရဲ့လား။

(၂၇) ဩော်.... ခဏ ခဏ ပျက် နေတာ ပါ က လား, သေနေတာပါကလားဆိုသဖြင့် ဒိဋ္ဌိချုပ်သွားတယ်၊ တဏှာလဲ သေ, ဒိဋ္ဌိလဲသေသွားပါတယ်၊ ပဋိစ္စသမုပ္ပါဒ်ပြတ်သွားပြီ။

(၃၀) အို....ကျုပ်တို့တော့ဗျာ သက်နီးလှူပြီး ဆုတောင်း ထားတာဘဲ မဂ်ဖိုလ် ရက်တိုတိုနဲ့ရပါလို၏တဲ့၊ မရဘူးဟေ့.... ဒီသမ္မာဒိဋ္ဌိဆိုတဲ့ မဂ်ဆိုတဲ့ဥစ္စာ အမှန်မြင်တဲ့မဂ်သည် အသေ မြင်မှ ပေါ်တာ။

(၃၂) အဲဒီတော့ ခန္ဓာကိုယ်ထဲမှာ စိတ်တွေပြောင်းတိုင်း ပြောင်းတိုင်း အသေပြောင်းတာမှတ်လိုက်၊ ဒါဖြင့် ပြောင်းတိုင်း ပြောင်းတိုင်း သိနေလို့ရှိယင် ပြောင်းတာ ဒုက္ခသစ္စာ၊ သိတာက

မဂ္ဂသစ္စာဆိုတော့ ဩြော်-ခိုင်တယ်,မြဲတယ်ဆိုတဲ့ ဒိဋ္ဌိလာသေး ရှိလား၊ မလာယင် ဒိဋ္ဌိပြုတ်တာဘဲ၊ ပြီးတော့ တခါ ဘုံဘဝ လိုချင်တဲ့တဏှာကော ရှိသေးရဲ့လား၊ အင်း....ဟင်.... ဒါဖြင့် တဏှာသတ်လိုက်တာဘဲ၊ ဒါဖြင့် ဝိပဿနာ အလုပ်ဆိုတာ ဘာပါလိမ့် ( ကိုယ့်အသေ မြင်အောင် ကြည့်တာပါ ဘုရား ) မှတ်ထားပါ။

(၃၃) ဝိပဿနာဆိုတာ ခင်ဗျားတို့က ရှုရတယ် ချည်း မှတ်ထားတာ၊ ဘာရှုရမှန်းလဲမသိဘူး၊ ကိုယ့်အသေ ကိုယ်မြင် အောင် ရှုရတာ ဝိပဿနာ....

(၃၅) ကိုယ့်အသေ ကိုယ်မမြင်တာ အဝိဇ္ဇာ၊ အဲဒီ အဝိဇ္ဇာတလုံးကြောင့် သံသရာမှာ လည်လို့ ပတ်လို့ကို ပြီးသေး ရှိလား၊ တယ်ကြောက်စရာကောင်းပါကလား။

(၃၆) ဒါဖြင့် သားနဲ့, သမီးနဲ့, ခင်ပွန်းနဲ့, အရောင်းနဲ့, အဝယ်နဲ့ ပျော်နေတဲ့ ပုဂ္ဂိုလ်များ ကိုယ့်အသေ ကိုယ်မမြင် ပါဘူး၊ မမြင်တော့ကာ ဒီအလုပ်ဟာ ကိုယ့်ကိုယ်ကို မသနားလို့။

(၃၇) နောင်တဖန် အသေရှာတဲ့ အလုပ်လုပ်နေတာဘဲ ခင်ဗျားတို့ ချင်းတော့ လောကွတ် ချော်ကြမှာဘဲတဲ့၊ တိုးတိုး ပြောပြော, ကျယ်ကျယ်ပြောပြော ကိုယ့်ကိုယ်တော့

(၃၈) မသနားတာအမှန်ဘဲ၊ သူများ ကျန်းမာ ပြီးရော ပြီးတော့ မေတ္တာပို့တော့ အဟံအဝေရောဟောမိ= ငါအရင် ကျန်းမာပါရစေ ကန့်လန့်ကြီး လုပ်တယ်၊ မေတ္တာပို့တော့ ကိုယ့်ကိုယ်ကို အရင်ချမ်းသာရပါစေတဲ့၊ လုပ်တော့ သူတပါး

အတွက် ဒါတွေဘယ်နှယ်လုပ်မလဲ ကိုယ့်အရေးက ဒီလောက် မကြီးဘူး၊ သူ့အရေးကကြီးနေတယ်ဆိုတော့ လုပ်တော့တမျိုး မေတ္တာပို့တော့တမျိုး(မှန်လှပါ)။

(၃၉) ခင်ဗျားတို့ မျက်စိ လည်နေတယ်၊ ကိုယ့် ကိုယ် ချမ်းသာမှုက၊ ဝိပဿနာအလုပ်၊ တရားနာလို့တရားအားထုတ်တဲ့ အလုပ်ဟာ ကိုယ့်ကိုယ် ကယ်တင်တဲ့အလုပ်၊ ဒါတွေဘယ်နှယ် လုပ်မတုံး ဘုရား့၊ မကျွေး မမွေးရင် တော်ပါ့မလား၊ ဒါဖြင့် မေတ္တာလဲမပို့နဲ့တော့ ကျွေးမြဲသာကျွေး ကျွန်သာခံ၊ မေတ္တာလဲ ပို့ပြီးရော ကိုယ့်ကိုယ် သနားတဲ့အလုပ် အရင်လုပ်လိုက်။

(၄၀) ဝေဒနာရှိတာ စစ်ဆေးပေးရုံမှ တပါး ကယ်မှု, ယူမှုပေးနိုင်သေးရဲ့လား၊ ဖြစ်မှဖြစ်ရလေတယ်ဆိုတဲ့ အသွားမှ တပါး ဘာတတ်နိုင်သေးသလဲ၊ တယောက်က တယောက် မကယ်နိုင်ဘူးဆိုတာသိပြီ၊ ဒါဖြင့် ကယ်နိုင်တဲ့ တရား အစစ် အမှန် ဖြစ်တာကဖြင့် မဂ်ဉာဏ်ဘဲ ရှိတယ် ကိုယ့်အသေ ကိုယ်မြင်တဲ့ မဂ်ဉာဏ်ဘဲရှိတယ်။

(၄၁) ခင်ဗျားတို့ခန္ဓာကြီးက ဝေဒနက္ခန္ဓာကြီး သိထား တော့ ဝေဒနာကလေးတွေ ပျက် တိုင်း ပျက် တိုင်း ပြော်.... ဒါဟာ ကိုယ်သေတာဘဲ၊ တခါသွားလိုက်ပါဦး ခင်ဗျားတို့ ခန္ဓာကြီးက ဝိညာဏက္ခန္ဓာကြီးဆိုယင်လဲ မလွဲဘူး။

(၄၁) ဝိညာဏက္ခန္ဓာဆိုတော့ စိတ်၊ စိတ်ကလေးတွေပျက် ပျက်-ပျက်ပျက်နေတာလဲ ကိုယ့်အသေကိုယ်မြင်တာ၊ ဒါဖြင့် ဝေဒနာကြိုက်ယင် ဝေဒနာရှုပါ စိတ်ကြိုက်ယင်။

(၄၂) စိတ်ရှုပါကိုယ့်အသေ အမြဲသေတာကိုအမြဲတန်း သိပေးလိုက်လို့ရှိယင်၊ မပင်ပန်းပါဘူး၊ အင်း.... ဟင်.... သူက

ပျက်နေတာ ကိုယ်က စောင့်ကြည့်ယင် ရောဂတီ စီးနေတယ်-အထက်ရေတွေ အောက်စီးကျနေတယ်၊ ကြည့်ရတာ ပင်ပန်းသလားလို့မေးယင်....ဘယ်နှယ်ဖြေမလဲ.... တစိတ်သေပြီးယင် တစိတ်က အစားထိုးတယ်၊ [ ရေပြင်မှာ စုပ်ကလေးနဲ့ အရုပ်ရေးတဲ့လူ၊ ရေးသူရဲ့သူ့စိတ်တွေး, စိတ်ဆေးရုပ်နဲ့တူ၊ ကြောင်ပန်း ဆရာတော်]။

(၄၃) အဲဒီကဲ့သို့ သေတာလဲကြည့် အစားထိုးတာလဲ ကြည့်ဆိုတော့မှ၊ အင်း.... ဟင်.... ဝယဆိုတဲ့ ပျက်တာလဲမြင်တယ်၊ ဉဒယဆိုတဲ့ အစားထိုးတာလဲ မြင်သွားတယ်၊ ဒါဖြင့် ဉဒယဗ္ဗယမြင်တော့ ဉဒယဗ္ဗယက ခန္ဓာ! မြင်တာက ပညာ.... အဲဒါနဲ့ နေလိုက်တဲ့အခါကျတော့၊ အင်း....ဟင်.... ဖြစ်တာကလေး, ပျက်တာကလေးချည်း မြင်မြင်, မြင်မြင် နေရတော့ ကိုယ့်အသေကို ကိုယ်မုံးတယ်၊ မမုံးပေဘူးလား ကိုယ်အသေကို မုံး လာ လို့ ရှိ'ယင် လဲ ဒိဝိပဿနာရှုတာ မလျှော့နဲ့.... မုံးလျက်နဲ့ပေပြီးသကာလ စိုက်ပြီးသကာလရှုပါ၊ ရှုလိုက်တဲ့အခါကျတော့ ကိုယ့်အသေတွေသည်၊ ဩော်ဒီထက်ကြီးတဲ့ ဒုက္ခ မရှိပါကလားလို့ နှလုံးသွင်းလိုက်တယ်၊ (မှန်ပါ့) အသေ ဒုက္ခ ထက်ကြီးတာများ ရှိသေးသလား။

(၄၄) အဲဒါ နှလုံးသွင်းလိုက်တဲ့အခါကျတော့သေသေချာချာဘဲ ဒုက္ခအကြီးဆုံးဘဲလို့ ဉာဏ်ထဲမှာလဲ အတိအကျဆုံးဖြတ်ချက်ချပါရော....တဲ့၊ အသေဟူသ၍ ရှာမတွေ့တော့ဘူး။ ရှုရင်းမတွေ့နဲ့ အသေဟူသ၍ရှာမတွေ့တော့ အသေလွတ်ရာ နိဗ္ဗာန်ကိုသွားမယ်၊ ရှာ မ တွေ့ တာ သည် အ သေ လွတ် ရာ နိဗ္ဗာန်ဘဲ၊ ဩော်....အဲဒီနိဗ္ဗာန်ကို ရှာနေတဲ့ မဂ်ဉာဏ်က သွားမြင်တယ်၊

နောက် မင်္ဂညာဏ်ချုပ်ပြီး ဖိုလ်ညာဏ်ကသွားမြင်တယ်၊ နောက် ပစ္စဝေက္ခဏာညာဏ်ကသွားမြင်တယ်။ အဲဒီလိုမြင်ပြီးလို့ရှိယင်ဖြင့် ကိုယ့်အသေ ကိုယ်မြင်တဲ့ ပုဂ္ဂိုလ်မို့ သောတာပတ္တိ မင်္ဂဆိုတာ ရလိုက်တဲ့အတွက် သေသေချာချာ မှတ်ပါ၊ အပါယ် လေးပါး တံခါးပိတ်တယ်။ ဒီဘဝက စုတေတော့လဲ သောတာပန်သေ ဖြစ်သောကြောင့် သုဂတိရောက်ပြီး အထက် မင်္ဂတွေ တဆင့် တဆင့်ရပြီးသကာလ နိဗ္ဗာန်သာ တိုက်ရိုက်ဝင်တော့တယ်။

(၄၅) ဒါဖြင့် ဝိပဿနာ အလုပ်ဆိုတာ ဘာပါလိမ့်.... (ကိုယ့်အသေ ကိုယ်မြင်အောင် ရှုတာပါဘုရား) အမြင် သုံးခု ပြောင်းသွားလို့ရှိယင် ပြီးပြီအောက်မေ့။ ၁-ကိုယ့်အသေကိုယ် မြင်တာတမျိုး။ ၂-မြင်လို့ မုံးညာဏ် ထက်တာတမျိုး။ ၃-ကိုယ့် အသေကို ဒုက္ခသစ္စာအစစ်ဘဲလို့ဆုံးဖြတ်ချက်ချတဲ့ ညာဏ်ရောက် ပြီဆိုယင်၊ သောတာပန်တည်ပြီလို့ ဆုံးဖြတ်ချက်ချပါ။

(၄၉) ဒီနေ့အရေးကြီးတဲ့အချက်က၊ ခန္ဓာကိုယ် အသက် တမ်းကြည့်လိုက်တာပေါ့....လေကလေးထွက်တဲ့စိတ် ပြင်ဘက် ကိုသွားပါတယ်၊ပြန်ရှိုက်တဲ့စိတ် မလာတော့သေတယ်၊အသက် တမ်းသည်၊ စိတ်ကလေး တခု ဖြစ်ပေါ်ပြီး၊ နောက်စိတ် တခု ဖြစ်ပေါ်မှု မရှိယင်၊ ( သေပါတယ်ဘုရား ) အဲ ဒါကြောင့် နက်ဖြန် အသာထားပြီး ယနေ့အရေးကြီးတဲ့ အကြောင်းကို ယနေ့သိပြီးသကာလ ယနေ့သိပြီးလုပ်နိုင်တဲ့အလုပ်ကိုဘဲ ယနေ့ ဟောရလိမ့်မယ်၊ကဲ....ဒါဖြင့် ဂရုစိုက်ပြီးသကာလသာမှတ်ကြ, နားထောင်ကြ၊ ဘုရားသခင် ကိုယ်တော် မြတ်ကြီးတ အကြိမ် ပေါင်းများစွာ

(၅၀) မှာခဲ့တယ်၊အဓိပ္ပါယ်က၊ သတိပညာနဲ့နေကြပေါ့.... (၁) ခန္ဓာကိုယ် ဘာဖြစ် နေတယ်ဆိုတာ သတိ ထားရမယ်၊

(၂) ပညာကနောက်ကနေပြီးဆုံးဖြတ်ချက်ချပေးရမယ်၊ဒါဖြင့် တကာ,တကာမတို့ သတိထား၊ ပညာနဲ့ ဆုံးဖြတ်ချက်ချ။

(၅၁) မချတဲ့ပုဂ္ဂိုလ်များကြီးလို့လဲကြီးမှန်းမသိ၊ အိုလို့လဲ အိုမှန်းမသိ၊ ပြိုလို့လဲပြိုမှန်းမသိ၊ ပျက်လို့လဲပျက်မှန်းမသိဆိုတာ ဟာ အတူနေပြီး သကာလ၊ မသိဆိုးဝါး နေကြတာတွေများ လွန်းလို့ ကိုယ်တော်မြတ်ကြီးက မှာတော်မူတယ်....ဘိက္ခဝေ= ရဟန်းတို့၊ သတော=သတိ ရှိသည်ဖြစ်၍၊ သမ္ပဇာနော=ပညာ အဆင်အခြင်နဲ့ ပြည့်စုံကြ ကုန်သည်ဖြစ်၍၊ ဝိဟရေယျ=နေရစ် ကြပါကွာ.... လို့မှာတော်မူတယ်။

(၅၂) အင်း-သတိထားတဲ့ပုဂ္ဂိုလ်ကျတော့၊ဩော်-ဒီစိတ် တွေဒီလို တန်းနေပါကလား တစိတ်ချုပ်ပြီးမှ တစိတ် ဖြစ်တာ ပါကလားဆိုတာ ပေါ်လာတယ်၊ ပညာနဲ့ကြည့်လိုက်တဲ့အခါ ကျတော့၊ ဩော်-ပဌမစိတ်လဲ မနိုင်ပါ ကလား၊ ဒုတိယစိတ်၊ တတိယ စိတ်လဲ (မနိုင်မြဲပါဘုရား) အားလုံး စစ်ဆေးကြည့် တော့မှ မိမိသေနေတာလို့မှတ်လိုက်၊ ကိုယ့်အသေ ကိုယ်မြင်ဘို့ ကိုသတိထား၊ ပညာနဲ့ ဆုံးဖြတ်ချက်ချပါ၊ ဒါဖြင့်ဘယ်တော့မှ ဒီအလုပ်ကို ခင်ဗျားတို့က မလုပ်ဘူးတော့ ခန္ဓာကိုယ် အိုလို့လဲ အိုမှန်းမသိ၊ ပြိုပျက်နေလို့လဲ (ပြိုပျက်မှန်းမသိပါဘုရား) အဲဒါ သတိမထား၊ ပညာနဲ့မကြည့်မိတဲ့အခါ ခန္ဓာကိုယ်ကြီး ဘာဖြစ် နေတယ်လို့

(၅၃) သိပါဦးမလား၊မသိဘူးနော်....အဲဒီတော့မသိတာ အဝိဇ္ဇာဘဲ၊ဩော်-မသိတာအဝိဇ္ဇာဖြင့်၊အဝိဇ္ဇာရှိတဲ့ပုဂ္ဂိုလ်ဟာ လုပ်ချင်တာလုပ်, ပြောချင်တာပြော ဒါဖြင့် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဘယ်လှည့်သွားတယ်၊ အို,နာ,သေမှာ လမ်းဆုံးတယ်။

(၅၄) ယနေ့ကစပြီး ဘုန်းကြီးတို့ အမိ-အဖ, ဆွေမျိုးညာ တကာ,တကာ,တကာမတွေသည်ကား၊ခန္ဓာကို သတိထားမဟာ၊ ပညာနဲ့ ဆုံးဖြတ်ချက်ချမဟာဆိုတဲ့ ဥစ္စာကို၊ အလုပ် မလုပ်ခင် တခါတည်း သတိ ပညာကလေးနဲ့ ခန္ဓာကိုယ် ဦးတည်ထား လိုက်၊ ပညာက ဝိဇ္ဇာ ဖြစ်နေတော့ အဝိဇ္ဇာ ချုပ်သွားတယ်၊ သင်္ခါရလာနိုင်သေးရဲ့လား၊ ဩော်....ဘယ့်နှယ်ကြောင့်

(၅၅) ကိုယ်တော်ကြီး အပင်ပန်းခံပြီး အကြိမ်ပေါင်းများ စွာဟောပါလိမ့်မတုံးဆိုတော့၊ ဟေ....မင်းတို့သန္တာန်မှာ သတိ ထားပညာနဲ့ ကြည့်နေယင်၊ အဝိဇ္ဇာချုပ်လို့ရှိယင်ဖြင့် ဝိဇ္ဇာ ဥဒပါဒိဆိုတာ ပေါ်လာတယ်ကွ၊ ဝိဇ္ဇာဉာဏ် ရ တဲ့ အ တွက် အိုဘေး,နာဘေး,သေဘေးတွေနောက်ကိုမတွေ့တော့ဘူးဟေ့....။

(၅၆) ဒါဖြင့်ခန္ဓာကိုယ်ထဲမှာ ယားတာဒုက္ခ၊ပျောက်သွား တော့သုခ၊ ခန္ဓာကိုယ်

(၅၇) ထဲမှာ ဒုက္ခ ဝေဒနာ, သုခ ဝေဒနာ ရှိပါလား၊ ခန္ဓာက ဝေဒနာတခုချုပ်ပြီး ဝေဒနာတခု အစားထိုးတယ်လို့ မပြောလား၊ အင်း.... ယောက်ျား, မိန်းမ လို့ ပြော သ လား၊ ဝေဒနာတွေ လဲလှယ်နေတယ်လို့ ပြောသလား၊ ဩော်....ဒီ တ လုံး နဲ့ ဘဲ ယောက်ျား, မိန်း မ ပျောက် ထွက် သွား တယ်၊ ကြည့်ပါလား နေကောင်းရဲ့လား ကောင်း ပါ တယ် ဆို တာ သုခဝေဒနာပေါ်နေတာ။

(၅၈) နေမကောင်းတော့ဘူး ခေါင်းကနာ, လည်ကနာ, ရင်ကကြပ်တယ်၊ ဒီလို ဆိုပြန်တော့ အင်း.... ဒုက္ခဝေဒနာတွေ လှည့်နေတယ်၊ခန္ဓာကိုယ်ထဲ သုခ,ဒုက္ခသာရှိတယ် ယောက်ျားလဲ

မဟုတ်ဘူး၊ မိန်းမလဲ မဟုတ်ဘူးဟေ့ ဝေဒနက္ခန္ဓာကြီးဟာ၊ သုခဝေဒနက္ခန္ဓာ၊ ဒုက္ခဝေဒနက္ခန္ဓာကြီး လှည့်နေတယ်ဆိုတဲ့ဥစ္စာ ခန္ဓာက ပြောပါကောလား၊ ဝေဒနာပေါ်တယ်လို့ သတိထား တော့ ပညာကလဲ ယောက်ျား

(၅၉) မိန်းမ မဟုတ်ဘူး၊ဝေဒနာတွေသာလျှင်လှည့်ပတ်ပြီး ပေါ်နေတယ်လို့ပညာက မပြောဘူးလား၊ ဩော်....ယောက်ျား လဲမရှိဘူး။ မိန်းမလဲမရှိဘူး ဝေဒနက္ခန္ဓာတွေသာ ရှိတယ်နော်၊ နားကြီးကြီးနဲ့ထောင်ကြပါလို့ဆိုတာကိုလဲ သတိပေးရပြန်တယ်၊ ကျုပ်တို့ အဖေ အမေသင်ထားတာက ဝေဒနက္ခန္ဓာ,ဝေဒနာ တွေပါမသင်ခဲ့ဘူးဗျ၊ နင့်ကိုယ်နင် ယောက်ျားမှတ်ထား၊မိန်းမ မှတ်ထား၊ မိန်းမပီပီနေ ဒါဘဲသင်ထားတယ်၊ ယောက်ျားဟာ ယောက်ျားပီပီနေ မိန်းမသံထွက်ယင်မကောင်းဘူး၊ မိန်းမက ယောက်ျားသံထွက်ယင်လဲမကောင်းဘူး၊နေနည်း,ထိုင်နည်းမှာလဲ မိန်းမဆိုတာ ကြို့ကြို့နေရတယ်၊ ယောက်ျားဆိုတာယောက်ျား ပီပီ ကြွားကြွားရွားရွားနေရတယ်။

(၆၀) အမေ အဖေ တွေတတ်သ၍ သင်ထားလို့ ဝေဒနာ တွေကွယ်ပျောက်သွားပါတယ်၊ သူတို့က သမုတိသစ္စာသင်ထား လိုက်တယ်၊ ဘုန်းကြီးက ယခု ပရမတ္ထ သစ္စာ သင်ရပြန်တယ်၊ သူတို့လဲမှန်တာဘဲတဲ့ ယောက်ျားဟာ ယောက်ျားပေါ့၊ မိန်းမ ပေါ့နော် မှန်တာဘဲတဲ့၊ သို့သော်လဲ သမုတ်ပြီးမှန်တာ၊ သိပြီး မှန်တာမဟုတ်ဘူး။

(၆၁) သတိထားပြီး ပညာနဲ့ကြည့်လိုက်တော့ အရှိတွေ တွေ့တယ်၊ ဩော်....

(၆၂) ငါ သည် ပရမတ္ထသိပြီ၊ ဒါဖြင့် ဒီခန္ဓာကြီးဟာ ယောက်ျားလား မိန်းမလား ဝေဒနက္ခန္ဓာကြီးလား (ဝေဒနာ

နဲ့အသက်ရှင်နေပါတယ်ဘုရား ) ဒါကလေးတလုံးဟာ တယ်အဘိုးတန်တယ်။

(၆၅) ဒါဘယ်နှယ်ကြောင့် ဆရာဘုန်းကြီး ဒီည ဒါလောက်အသေးစိပ်နေရပါလိမ့်မလဲလို့မေးလို့ရှိယင်လဲ၊ တကာတကာမတို့ တချို့နေရာမှာ ငါဘာဖြစ်ပါလိမ့်မလဲ ဆိုတဲ့ ဒိဋ္ဌိဝင်တိုးမှာစိုးလို့ တခါတလေကြတော့ တရားနာရတာသဘောကျလွန်း

(၆၇) လို့ခပ်ပျော်ပျော်ကလေးနာနေတဲ့ အချိန်လဲရှိတယ်ဒါကျတော့ သောမနဿနဲ့နာနေတာ၊ ဝေဒနာပေါ်တိုင်းသိနေတော့၊အင်း....ငါ,သုတပါး,ယောကျ်ား,မိန်းမထင်သေးရဲ့လား၊ဪ.... ဝေဒနာပေါ်တိုင်း သတိထား၊ ပညာနဲ့သိခြင်းသည်ဒိဋ္ဌိသေပါကလား၊ ဒိဋ္ဌိသေတယ်၊ ငါဆိုတာ ကြားထိုးစရာမရှိဘူးဟ၊ ဝေဒနာတွေသာ လှည့်ပတ်ပြီးနေတာဘဲ၊ ဝေဒနာငါးမျိုး လှည့်ပတ်နေတယ် သုခ, ဒုက္ခ, ဥပေက္ခာ,သောမနဿ,

(၆၈) ဒေါမနဿ ငါးမျိုးစလုံးဟာ ပေါင်းစပ်ခေါ်လိုက်တော့ ခံစားမှုအစု ဝေဒနက္ခန္ဓာဘဲ။ ဒါဖြင့် တကိုယ်လုံးမှာဝေဒနာကခံစားမှု၊ ခန္ဓာကအစု၊ ယောကျ်ားတွေလား မိန်းမတွေလား ခံစားမှုအစုကြီးလား၊ တော်တော်ကလေးပေါ်လာပြီအဲဒီ ဝေဒနာအစုကြီးကို သတိထား၍သိပါပြီ၊ ခုနင်က သတိထားပြီးမှ သတိပဋ္ဌာန်ဖြစ်ပါတယ်။

(၆၈) "သတောဘိက္ခဝေ၊ ဘိက္ခုသမ္ပဇာနကာရီ"သတိကလေးနဲ့မရသေးဘူးကွ၊ ပညာထည့်ဦးမှ ပညာပါမှ မဂ်ဉာဏ်ရမှာ ဖြတ်ခနဲကိုသဘောကျတဲ့ အလုံးကလေး။

(၆၉) ဆရာသမားက ပြောလိုက်တဲ့အခါ ပျော်ဦးမှာဘဲ၊ အင်း- ပျင်းလုံးကလေး ချုပ်သွားတယ်၊ ကြည့်လိုက်တဲ့အခါ ပျင်းတာလဲ မမြဲပါကလား၊ ဖြစ်ပြီး ပျက်တာဘဲ၊ တခါပျော် လာတဲ့ ဝေဒနာကလေးက ပေါ်လာတော့၊ အင်း….ပျင်းပြီး သကာလ ပျက်။

(၇၀) ပျက် သွား တဲ့ ဥစ္စာ က လေး တ ကာ တ ကာ မ တယောက်ဖြင့် အနိစ္စရောက်ပြီ မဆိုနိုင်ဘူးလား၊ နောက်တခါ ပြန်ပြီးနားထောင်တော့ ဥပေက္ခာဝေဒနာနဲ့ နားထောင်တယ်၊ ပျင်းတာလဲ-ပျော်တာလဲ-အလပ်စားလဲ ပျက်တာပါဘဲ ဖြစ်ပြီး ပျက်ပြီဆိုတော့ ဝိပဿနာဉာဏ်ဆိုက်ပြီ၊ ဝိပဿနာဉာဏ်က နောက်ဆက်ဆက်

(၇၁) သွားတော့ ဒိနိဝရဏာသုံးမျိုးက (ပုံစံကြည့်ပါ)၊ ပျင်းတာက ဒေါမနဿဝေဒနာ၊ ပျော်တာက သောမနဿဝေ ဒနာ၊ ကြားတာက ဥပေက္ခာဝေဒနာ ရှင်းပြီ၊ ပညာနဲ့ကြည့်

(၇၂) လိုက်ပြန်တော့၊ အင်း…. တဝေဒနာ ချုပ်ပြီးမှ တဝေဒနာဖြစ်တာ၊ ဩော်….ဒါဖြင့် ဝေဒနာလှည့်ပြီးသကာလ နေပြားသော်လဲ အင်း…. တခုချုပ်ပြီးမှ, တခုပျက်ပြီးမှ, တခု ဖြစ်တာပါကလား၊ သံသရာလည်ကြောင်း သုံးမျိုးပြတ်တယ်၊ တတ်အားသမျှ

(၇၂) နားလည်မှုကို ဝေဒနာဖြစ်,ပျက်ကို အမိကထားရှု သတိထားလို့ပေါ်လာတဲ့ဝေဒနာကလေးတွေဟာ ပညာနဲ့ စူးစူး စိုက်စိုက်ကြည့်လိုက်ပြန်တော့ ဝေဒနာ၏ သက်တမ်းကို သွားသိ တယ်၊ အခုဖြစ်ပြီး အခုပျက်တယ်၊ အသက်တယ်တိုပါကလား။

(၇၅) ဪ....သူခဏပါဘဲ၊ ဒါကြောင့် ကိုယ့်အသက် တမ်းဟာ ခဏကလေးလို့ဆိုတာ ပေါ်လာတယ်၊ ဒီဝေဒနာနဲ့ အသက်ရှင်နေတာကိုး၊ ဒီဝေဒနာ နေရာမှာ နောက်ဝေဒနာ မလာဃင် သေတယ်ခေါ်ကြမယ်။

(၇၆) မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဘို့ အရေးဟာ ဒီလိုလုပ် ရမှာပါကလားဆိုတာ ပေါ်ပြီ။

(၇၇) ပျင်းတဲ့ ဒေါမနဿ ဝေဒနာကလေးဟာ အပျက် မှာသွားလမ်းဆုံးတယ်၊ ပျင်းတာသည် ဖြစ်တာဘဲ၊ ပျက်တာ သည် ချုပ်တာဘဲ၊ ဒါဖြင့် ဖြစ် ချုပ်သာ ရှိတယ်၊ ဖြစ်ချုပ် သွားမြင်တယ်၊ ဒါဖြင့် ဖြစ်ချုပ်က အနိစ္စဘဲဆိုတာ သိပြီနော်၊ ဪ.... ပျင်းတာကလေး အဆုံးအစ ဝေ ဘန် လိုက်တာ နဲ့ ပညာမဂ္ဂင်ပေါ်လာတယ်၊ ဒါဖြင့် ထုံးစံအတိုင်း ပြောကြပါစို့. ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်ပြီ။

(၇၈) သောမနဿ ကလေးပေါ်လာတယ် ပျော်ပျော်ဘဲ ကြည့်လိုက်တော့ ဖြစ်ပျက် သွားတွေ့တယ်၊ ဒါလဲ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ပြန်ပြီ၊ ကိလေသာ ကြားမခိုဘူး။

(၈၂) ဆုတောင်းလို့ရတဲ့ပစ္စည်းက အိုပွဲ,နာပွဲ,သေပွဲဘဲ ရတယ်၊ မတောင်းဘဲနဲ့ ရှုပွားယူလို့ရတဲ့ဥစ္စာက အိုပွဲ,နာပွဲ, သေပွဲ ဇာတ်သိမ်းပါတယ်။

(၈၃) ဒါကြောင့်မို့ သတိ မဂ္ဂင်, ပညာမဂ္ဂင်နော်.... သတိမဂ္ဂင်ပါတော့ သမာဓိတို့, ဝီရိယတို့ ပါလာတယ်၊ ပညာ မဂ္ဂင်ပါတော့ သမ္မာသင်္ကပ္ပပါလာတယ်၊ မဂ္ဂင်ငါးပါးပေါ်လာ တယ်၊ ဒါဖြင့် မဂ္ဂင်ငါးပါးဝမ်းထဲမှာ ကိလေသာဖြစ်တဲ့ မဂ္ဂင်

ငါးပါး, နိဗ္ဗာန်ကို ပို့ဆောင်တဲ့ မဂ္ဂင်ငါးပါး ပေါ်တယ်၊ ဆုဆောင်းလို့ ရတာက လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်ဗျာ၊ ရှုပ္ပားလို့ရတာက မဂ္ဂင် မခြားနားဘူးလား။

(၁၄) တပည့်တော်တို့ ပျင်းတာလဲမရှုဘူး, ပျော်တာလဲ မရှုဘူးဘုရား၊ အလပ်စားလဲ မရှုဘူးဘုရား ဆိုယင် အကုန် အပါယ်သွားမယ်၊ သူတပါးလဲ မသတ်ဘဲနဲ့, သူ့ပစ္စည်းလဲ မခိုးဘဲနဲ့ အပါယ် သွားရမယ်၊ ပျင်းတာဟာ ဒေါသ....၊ ဒေါမဿကနေပြီး သောက,ပရိဒေဝနဲ့ ဒါမလိုက်ပါနဲ့ဆိုလို့ မရဘူး၊ ဒုက္ခ,ဒေါမနဿ အဝိဇ္ဇာကော သံသရာကူးသွားပြီ၊ အဝိဇ္ဇာပစ္စယာ (သင်္ခါရာပါဘုရား)၊ သခါရပစ္စယာ(ဝိညာဏံ ပါဘုရား၊ (ဝိညာဏံဆိုတာ အပါယ် ပဋိသန္ဓေ ဝိညာဏ်ကို ဆိုတာ မရှုလို့ဖြစ်တာ၊ ပျော်တာကို မရှုလိုက်တာ ကြတော့ ပျော်တာက သောမနဿနော်....၊ သုခဝေဒနာ၊ သုခဝေဒနာ ပစ္စယာ တဏှာ, ဥပါဒါန်ကံ ဘဝကူးပြီ၊ ဇာတိ, ဇရာ, မရဏ မလာပေဘူးလား၊ အပါယ်ရောက်သွားတယ်၊ တခါအလပ်စား ပေါ်တာကိုလဲမရှုမိလို့ရှိယင် မသိတဲ့အဝိဇ္ဇာ,သင်္ခါရ လာတာဘဲ၊ သင်္ခါရပစ္စယာ ဟော....အပါယ်ဝိညာဏ်တွေ လာကုန်ပြီ။

(၁၅) ဒါဖြင့် တကာ,တကာမတို့၊ ရှုမှသာလျှင် ပဋိစ္စ သမုပ္ပါဒ်ပြတ်မယ်၊အဲဒါတွေလှည့်ဖြစ်နေတာကို သေသေချာချာ ပညာနဲ့ ကြည့်နေယင် ဝိပဿနာအလုပ်လို့ မှတ်လိုက်ပါ၊ ပဋိစ္စ သမုပ္ပါဒ်ပြတ်တော့ကို နောက် ပဋိသန္ဓေနေမှု, အိုမှု, နာမှု, သေမှု, အပါယ်ကျမှုတွေ အကုန်သိမ်းပါတယ်။

(၁၇) ဘုရားဖြစ်တဲ့လမ်းစဉ်ကို ကျုပ်တို့က ကျင့်ရတော့ မယ်ဆိုတော့၊ သူလိုဘုရား မဖြစ်ခြားသော်လဲ သောတာပန်က စတော့ ကျုပ်တို့လဲ သောတာပန်က စရမယ်။

(၈၈) သောတာပန် ဖြစ်ချင်လဲ ဆိုင်ရာ ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်ရလိမ့်မယ်လို့ မှတ်ထားကြပါ၊ ဒီခန္ဓာကြီးက ဘာခန္ဓာတုံးလို့၊ ကိုယ့်ဟာကိုယ်ဘဲ ဝေဘန်ကြည့်လိုက်လို့ ရှိယင်ဖြင့် ပဋိစ္စသမုပ္ပါဒ်ခန္ဓာကြီးလို့ မှတ်လိုက်စမ်းပါ။

(၈၉) ဩော်.... ပဋိစ္စသမုပ္ပါဒ် ပြတ်ယင် နိဗ္ဗာန်ဘဲလို့ မှတ်လိုက်ပါဦး၊ ခန္ဓာပဋိစ္စသမုပ္ပါဒ် ပြတ်မှသာလျှင် နိဗ္ဗာန်အစစ်ကို အနုပါဒိသေသနိဗ္ဗာန်ဆိုတာ ရနိုင်ပါတယ်။

(၉၅) ပဋိစ္စသမုပ္ပါဒ် နားမလည်သောကြောင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာလဲမသေ, သစ္စာလဲမသိ,သံသရာရှည်, အပါယ်သွား၊ ဒါနားလည်လို့ရှိယင်ဖြင့် နားလည်ကာမတ္တနဲ့ အပါယ်တံခါးပိတ်တယ်၊ စူဠသောတာပန်၊ တဘဝ,နှစ်ဘဝ ပိတ်သွားတယ်၊ ဒီအတိုင်းဘဲဖြတ်လမ်းကို ဘုန်းကြီးကလဲဟောလို့ ဖြတ်လမ်းကို ကျင့်လို့ရှိယင် သောတာပန် အမှန်တည်ပါလိမ့်မယ်။

(၉၆) သားရေး, သမီးရေး, စီးပွားရေး ဆိုတာ ပဋိစ္စသမုပ္ပါဒ်လည်တဲ့လမ်း။

(၉၇) တရားနာကြတာ ခန္ဓာငါးပါး, ရုပ်နာမ်နှစ်ပါး [illegible]ဘဲနော်....၊ ဘယ်သူဆိုတဲ့ ပုဂ္ဂိုလ်ဟာ ရှာမတွေ့ပါဘူး၊ ဒါဖြင့်ပုဂ္ဂိုလ်မရှိကတည်းက ဓမ္မရှိတယ်လို့မှတ်၊ပုဂ္ဂိုလ်ကတော့ မဖန်ဆင်းပါဘူး၊ ဓမ္မကတော့ တည်ထောင်တယ်လို့ မှတ်လိုက်တာပေါ့၊ ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဘုရားဖြစ်တဲ့နေ့မှာ ဓမ္မတည်ထောင်တာ ဟောချင်တော့ သူဘယ်လို စလာသတုံးဆိုတာပဋိစ္စသမုပ္ပါဒ်နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ လာပါတယ်၊ သတ္တဝါတွေ အစ ငါရှာမယ် ဆိုပြီးသကာလ အနမတဂ္ဂသံယုတ်များမှာလာထားတယ်။

(၉၈) ဥပမာမယ်- အစ ရှေ့ဘဝက နတ် ဖြစ်ခဲ့တယ်၊ ဟိုဘက်ဘဝက ဗြဟ္မာဖြစ်ခဲ့တယ်၊ ဟိုဘက်ဘဝက တိရစ္ဆာန်တွေဖြစ်ခဲ့တယ်၊ ဒီလိုပုဂ္ဂိုလ်အဖြစ်တွေနဲ့ ရှောက်ပြေးလိုက်တာ ဘုရားဖြစ်ချိန်က အကြောင်းကိုတွေး၊ အင်မတန် ကြီးကျယ်တဲ့ ဉာဏ်ကြီးနဲ့တွေးတာ ဆုံးကိုမဆုံးနိုင်ဘူး၊ ပုဂ္ဂိုလ် အဖြစ်နဲ့ တွေးယင်ဖြင့် မဆုံးနိုင်အောင်ဘဲ အသေတွေ အနေတွေများခဲ့တယ်လို့ မှတ်လိုက်စမ်းပါ၊ ဘုရားတောင်မှ ပုဂ္ဂိုလ်သတ္တဝါ၏ အစ မမြင်ဘူး။

(၁၀၀) ကိုယ့်အသား၊အရိုး မြေလုပ်ပြီး အပင်စိုက်စားပြီးတော့မှ စားတဲ့ပုဂ္ဂိုလ်က ဒီအပေါ်မှာ မြေသြဇာဖြစ်အောင် ပြန်မြှုပ်၊ တခါဒီအပေါ်မှ ပြန်ဖြစ်ဆိုတော့ ဒီမြေဟာ မြေကောင်းလား၊ မြေမကောင်းလား၊ ဘယ်လို ကမ္ဘဝါဘတ်ဘတ် မကောင်းဘူးဗျ၊ ခင်ဗျားတို့က 'အိမ်ကလေး ဆောက်မယ်ကြွ ကမ္ဘဝါကလေး ကူပါဦး ဘာလေးညာလေး အန္တရာယ်ကင်းအောင် ဘေးရှင်းအောင်လို့ ပြောကြတယ်၊ ဒီအသား၊အရိုးက ဖြစ်တဲ့ မြေတွေကို ဘယ်တော့ မင်္ဂလာရှိတဲ့မြေတွေလို့ ဆိုလို့ရမလဲ၊ ဒါဖြင့် မြေကြီးပွားရေးကိုဖြင့် နောက် ထပ်မ လုပ် ပါနှင့်တော့။

(၁၁၁) ခင်ဗျားတို့နောက်ဘဝက သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာကြောင့် ကုသိုလ်ကိုပြုလာတယ်၊ လူ့ဘဝကို တဏှာနဲ့ ဆုတောင်းတယ်၊ ဥပါဒါန်နဲ့စွဲလမ်းတယ်၊ ကံအားထုတ်တယ်၊ အဲဒီငါးခုဟာ သမုဒယသစ္စာ။

(၁၂၇) ကျုပ်တို့ အမေ-အဖေဟာ သိပြီ၊ အဝိဇ္ဇာတို့၊ တဏှာတို့ဘဲ၊သူတို့၏လက်ချက်ကြောင့် ကျုပ်တို့မှာ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားရတယ်။

(၁၅၃) ဗေဒင်က အိုဇာတာကောင်းတယ်ဆိုတာ မယုံနဲ့ နာဇာတာကော နဂိုရိက နာနေပေါ့ဟာ ကောင်းတာနဲ့တော့ မရောပါနဲ့တော့၊ သေဇာတာ ကောင်းတယ်လို့ တချို့က ဒီလို များသေယင် ကျုပ်တို့ သေချင်တယ်ဆိုတော့ မသာပွဲတာများ ချီးမွမ်းနေတယ်။

(၁၉၇) ဈာန်လမ်းဟာလဲဒုက္ခသစ္စာဘဲဖြစ်တယ်၊ ဒီဗြဟ္မာ တွေဟာ အင်မတန် ချမ်းသာတယ် ထင်လိုက်တယ် မသိလို့ ပေါ့ဗျာ၊ မသိတော့ ဈာန်သင်္ခါရတွေ ကြိုးစားတော့ သမထ အလုပ်တွေမလုပ်ဘူးလား၊ လုပ်တော့ သေသည်၏ အခြားမဲ့၌ သမထ အကျိုးပေး လိုက်တော့ ခန္ဓာငါးပါး ပြန်ရတယ်၊ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား)။

(၂၄၂) တပည့်တော်တို့ မကင်း တရားကလေး ရှိတော့ ချို့ယွင်းချက်ကလေး ရှိသွားတယ်ဘုရားလို့ဆိုတော့ ဩော်.... ခင်ဗျား တို့လူ့ပြည်ဟာ ဒီလိုဘဲ နေကြရတာဘဲလို့ ဆရာသမား များကလဲ အလိုက်သင့် ပြောလိုက်ကြတယ် မှားတယ်၊ (မှား ပါတယ်ဘုရား)၊ အလိုက်သင့်မပြောယင် မှားတယ်၊ ကိုယ်လုပ် နေတာက ဝေဒနာနဲ့ တဏှာနဲ့ဆက်ပါတယ်၊ ဒါမကင်းတရား တွေဘဲ။

(၂၄၆) ခန္ဓာနဲ့သူတို့အပေါ်ခင်တွယ်တဲ့ တဏှာနဲ့ပြောင်း ဆက်တယ်၊ သိပ်ကြောက်စရာကောင်းပါကလား၊ မကင်းတရား ရှိသောကြောင့် သွားပြီးသကာလ၊ ဆေးရုံ မေး လိုက် ဦး မယ် ဟုတ်လား (မှန်ပါ့) ကိုယ့် မိတ်ဆွေတွေ ပေါ့ဗျာ (မှန်ပါ့) အင်း.... ဟင်း.... အသုဘကလေးရှိလို့ သွားဖို့လိုက်ဦးမယ်၊ မင်္ဂလာ အခမ်းအနားကလေးဖြင့် သွားလိုက်ဦးမယ် ဆိုတာ ဘာ့ကြောင့်တုံး၊ မကင်းတရား။

(၂၄၇) ကရှိနေလို့ (မှန်လှပါဘုရား) ဘုန်းကြီးပြောတာလဲတဲ့ ခင်ဗျားတို့ဒုက္ခနဲ့ သမုဒယဆက်မှုကြောင့် လူတွေဟာဒုက္ခရောက်မယ်ဆိုတာ သိလို့ပြောတာလား ဘုန်းကြီးပြောတာဟုတ်သေးရဲ့လား၊ မဟုတ်ဘူးတဲ့ သို့သော် ပဋိစ္စသမုပ္ပါဒ်ဆက်စပ်ပုံနားမလည်တဲ့ ပုဂ္ဂိုလ်များကျတော့ ဘုန်းကြီးကတော့ဘုန်းကြီး

(၂၄၈) ပြော-ပြောလိုက်တာဘဲ၊ ဒီကိစ္စတွေ ခင်ဗျားမှာများနေယင်၊ ခင်ဗျားအတော်ဆိုးဝါးနေပြီ၊ မဂ္ဂန္တရာယ်ဖြစ်ပြီ၊ မဂ် မရနိုင်တော့ဘူး၊ ဘယ်ရတော့မလဲ ဝေဒနာနဲ့ တဏှာနဲ့ ဆက်သွားတယ်၊ (ဒုက္ခနဲ့ သမုဒယသစ္စာ)။

(၃၁၆) အဝိဇ္ဇာနိရောဓ သင်္ခါရနိရောဓ ရှိပါလျက်သားနဲ့ တဒင်္ဂနိရောဓလဲ ရှိတယ်၊ ဝိက္ခမ္ဘန နိရောဓလဲ ရှိတယ်၊ သမုစ္ဆေဒ နိရောဓလဲ ရှိတယ်၊ တဒင်္ဂ နိရောဓတောင် မသုပ်ခဲ့တဲ့အတွက် တဒင်္ဂကလေး အဝိဇ္ဇာချုပ်အောင် မလုပ်ခဲ့တဲ့ အတွက် ဒီပွဲကြီးဖြင့် လှလှကြီး နွှဲပေတော့ကဲ.... ဒီနာပွဲကြီးကနေပြီး အိပ်ရင်းဘယ်သွားမတုံးဆို၊ ကျုပ်တော့ဖြင့် သေပွဲသွားလိုက်ဦးမယ်။

(၃၃၅) ဒါနသံသရာ ရှည်သလိုလို တချို့ ပြောသံကြားကြတယ်၊ ဒါနကရှည်တာမဟုတ်ပါဘူး၊ အရွေးမတတ်လို့ ဒုက္ခရောက်တာ၊ ဒုက္ခ သစ္စာ နှစ်ခုကို ရွေးယူသွားတယ်၊ သုခဖြစ်တဲ့ နိဗ္ဗာန်ကို မရွေးမိဘူး၊ ဒါဖြင့် ဒါနက ရှည်တာလား အရွေးမတတ်တဲ့ဖျင်းမှုကြောင့်လား။

(၃၄၀) ပြီးတော့ သားရေး သမီးရေး စီးပွားရေး၌ပတ်သက်ပြီးသကာလ လိမ်ကြ ကောက်ကြ မုသားသုံးကြ ပရိယာယ် မာယာတွေသုံးကြတဲ့ အကုသိုလ်တွေဟာလဲ သင်္ခါရဘဲ။

(၃၅၉) ဒီလိုပြောကြားညွှန်ပြဆုံးမတဲ့ ပုဂ္ဂိုလ်မတွေ့လို့ရှိယင်ဖြင့် ဒီပုဂ္ဂိုလ်သေသွားယင် ဒီအယူစွန့်ပမလား၊ ဒါဖြင့် ဒီ ဒိဋ္ဌိမသာပေါင်း ဘယ်လောက် ပို့ဘူးပလဲ ကိုယ်တောင်မှ သိသိကလေးလွတ်တယ်၊ နို့မို့ယင်ခက်သေးတယ်။

(၃၆၀) အကြောင်းကြောင့် အကျိုးဖြစ်တယ်လို့ ပြောရမှာကို မင်းလုပ်မင်းရမှာပေါ့ဆိုတော့သွားရော အံမာ အိမ်မှာ မင်းမူနေတာဒိဋ္ဌိကြီးပါလား။ [အနှစ်မရှိတဲ့တော ကြက်ဆူပင် မင်းမူဆိုတဲ့ပဥ္စမာလို ]ယနေ့ကစပြီးအားလုံးတကာ့တကာမတွေ ဒီဒိဋ္ဌိကြီးကို ဖြုတ်ပါ၊ (ဖြုတ်ပါမယ်ဘုရား) ဖြုတ်ကြပါဖြုတ်ကြပါ၊ ဘာဒိဋ္ဌိတဲ့တုံး။(သဿတဒိဋ္ဌိပါဘုရား)။

အင်း....သူရှိနေလို့ရှိယင်၊ ဘုန်းကြီးကလဲတရားဟောသပေါ့လေ၊ ဖြစ် ပျက်တွေရှုပါ, ဝေဒနာ နုပဿနာ ဖြစ်ပျက်ရှုပါ.... စိတ္တာနုပဿနာ ဖြစ်ပျက် ရှုပါဆိုတော့ ဝိပဿနာဉာဏ်တွေရမှာဘဲ မဂ်ဉာဏ်တော့ မရနိုင်ဘူးဟေ့။

(၃၆၁) သောတာပတ္တိမဂ်ဉာဏ် မရနိုင်ဘူး....၊ သဿတဒိဋ္ဌိကြီးခံနေလို့ ဒီဒိဋ္ဌိကိုဉာဏ်ထဲက ရှင်းယားရမယ်။ အစေလကဿပကမေး.... ဒုက္ခမိမိပြုတာလား၊ ဘုရားက မဟုတ်ပါဘူး အဝိဇ္ဇာ, သင်္ခါရပြုထားလို့ ဖြေရမှာဘဲ။

(၃၆၂) အရင်တုံးက ဒီဝတ္ထုသက်သေကိုထုတ်ပြီး ပုံစံကို မပြောဘဲနဲ့ နားလည်တန်သလောက်နားလည်ပါရဲ့ အရှင်းမှာ ခု လောက် မရှင်းပါဘူး ဒုက္ခ မိမိပြုတာ ဟုတ် သေး ရဲ့ လား ပဋိစ္စသမုပ္ပါဒ်ကြောင့်ဖြစ်တာ တကာကြွယ်ကျေနပ်ပလား.... မကျေနပ်နဲ့ဦး၊ ခင်ဗျားအိမ်ကျတော့ မသန်းတို့လူစု၊ ခင်ခင်တို့ လူစုတွေ လက်ထောက်ပြီး။

(၃၆၃) မပြလို့ရှိယင်တအိမ်လုံးဟာ ဒုက္ခရောက်ကုန်လိမ့်မယ်။ ဪ…သူတို့လဲ ကောင်းမှုပြုဘော်ပြုဘက်တွေဖြစ်ပြီး သကာလ နေငြားသော်လဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်တားတဲ့တရား ဝမ်းထဲ အရှိသား ဖြစ်တော့ ခေါင်းဆောင်လုပ်မဲ့ ပုဂ္ဂိုလ်က မကယ် မယူလို့ ရှိယင်ဖြင့် ဒီဘဝမှာ ခင်တယ် ကြင်တယ် သနား တယ် ဆို တာ အပို ဖြစ် သွား တယ်၊ လော ကွတ် ဘဲ ဖြစ်မယ်၊ သဿတ ဒိဋ္ဌိဖြုတ်မပေးနိုင်တဲ့အတွက်၊ အိမ်ဦးခန်းက နေပြီး အင်း…. ခင်ပွန်းနဲ့ သမီးတွေကို မကယ်တင်ဘူးဆိုလို့ ရှိယင်ဖြင့်၊ သူတို့ကနေ့တိုင်း ပြုငြားသော်လဲ ကိုယ့်ကျေးဇူးတို့ ပြန်ဆပ်ရာမရောက်ပါဘူး၊ အဲဒါကြောင့် ဒီကပြန်ကြတဲ့ တကာ တကာမတွေ အကြောင်းညီညွတ်လို့ စကားစမြည် ပြောတော့ မယ်ဆိုလို့ရှိယင် ဒီပဋိစ္စသမုပ္ပါဒ် အဝိုင်းချပြီး သကာလ၊ ဒုက္ခ မိမိ ပြုတာ မဟုတ်ပါဘူးကွာ ပဋိစ္စသမုပ္ပါဒ် အကြောင်း ကြောင့် အကျိုး

(၃၇၁) ဖြစ်တာပါ။ ပဋိစ္စသမုပ္ပါဒ်ဟာဆရာပြောပြပေမဲ့ ကိုယ့်ကိုယ်တိုင် နားမလည်လို့ရှိယင်၊ ဒိဋ္ဌိတွေဟာ လူတိုင်း ရှိနေမှာပါဘဲလို့ ဆုံးဖြတ်ချက်ချပါ၊ ရှိနေယင်လဲ ဘယ်လိုဘဲ ဝိပဿနာ အားထုတ်ထုတ် မဂ်ဉာဏ်-ဖိုလ်ဉာဏ် ဒိဋ္ဌိအပင်းခံ နေတယ်။ ဘုန်းကြီးတို့ ရှေ့ပိုင်းမှာ ရှေးကတည်းက ဒီပုံစံသာမ ပြတယ်၊ အားလုံးဟောပါတယ် အခုတော့ ပုံစံရပြန်တော့ ပိုရှင်းတာပေါ့။

ခါ (၃၇၄) ငါတို့သန္တာန်မှာ ဒိဋ္ဌိဖြင့်ပြုတ်ပြီဟော့၊မဂ်ဉာဏ်ရဘို့ ဝိပဿနာအလုပ်သာ လုပ်ဘို့ အရေးကြီးတော့တယ်၊ ရှေးက တော့ သူခံနေတဲ့အတွက် ဘယ်လိုဘဲ လုပ်လုပ်, ဘယ်လိုဘဲ

ဆုတောင်းဆုတောင်းမင်္ဂလာကိုဖိုလ်ညာကဲမရနိုင်ဘူး သဿဒိဋ္ဌိကခံတယ်၊ ဥစ္ဆေဒဋ္ဌိဒိကခံတယ်၊ အဟေတုက ဒိဋ္ဌိကခံတယ်။

(၃၇၅) သူ့အကျိုး တယ်ပြီးကြီးပါလား၊ ပဋိစ္စသမုပ္ပါဒ်နားလည်လို့ပြတ်တာနော်၊ အေး....ဒါကြောင့်ဩော်....ဒီဓမ္မဒေသနာကြောင့် ဒို့ကျွတ်တမ်းဝင်ရတယ် ဒီဓမ္မစကြာပိုင်းကြီးကောင်းကောင်း နားလည်မှုကြောင့် ဒို့ကျွတ်တမ်း ဝင်ရတယ်၊ ဒို့ ဒုက္ခခမ်းသိမ်း ငြိမ်းရတော့မယ် ဆိုတာ ဦးမာဒင် တို့ကိုလဲ အတော်ပင်ကျေးဇူးတင်ထိုက်ပါတယ်၊ အတော်ပင်ကျေးဇူးတင်စရာကောင်းတယ်၊ဘုန်းကြီးကဘယ်လိုပင်ရေးတတ်,ချွတ်တတ်,မှတ်တတ်ပြောသော်လဲ တကာတို့က အားကြိုး မာန်တက်လုပ်ဦးမှကိုး။

(၃၇၆) အားကျိုး မာန်တက် တ ကာ တို့ က လုပ်ပြန်တော့လဲ ဘုန်းကြီးက အပြမရှင်းပြန်လို့ရှိယင်လဲ ဒီဥစ္စာ မစင်ပြန်ဘူး၊ အဲဒီတော့ နှစ်ယောက်ပေါင်းမှ ဒီ တ ရား ပွဲ ကြီး မှာကျေးဇူပိုမိုများတယ်၊ အဲဒီတော့အရှိသုံးပါညီတယ်၊ အလှူပေးပုဂ္ဂိုလ်လဲရှိပါတယ်၊ အင်း....ဟင်.... ဟောတတ် ပြောတတ်တဲ့ ပုဂ္ဂိုလ်လဲ....(ရှိပါတယ်ဘုရား)၊ထောင်တတ်တဲ့နားကော(ရှိပါတယ်ဘုရား)၊အဲဒါကြောင့် ဩော်.... ငါတို့ ကျွတ်တမ်းဝင်မှ ဝင်ပါ့မလားဆိုတဲ့ သံသယ ဝိစိကိစ္ဆာ အကုန်ရှောင်ရှင်းပလား။

(၃၇၇) ဒီခန္ဓာငါးပါးကြီးကပင် ကိုယ် က ဒုက္ခ သစ္စာ, သူက သီးပွင့် လာတော့ကော ဒုက္ခသစ္စာ တွေဘဲ၊ သူက အနာပေါက်တယ်, စိုးရိမ်တယ်, ဗျာပါဒဖြစ်တယ်, ရင်ထုတယ်, မြေလူး တယ်, ကျင်း ခုံ တယ်, ဘာ ဖြစ် သ လဲ ဗျ, (ဒုက္ခသစ္စာဖြစ်ပါတယ်)။

(၁၇၉) မယုံယင် ဉာဏ်နဲ့ကြည့်ပါ၊ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက်ပျက်လိုက်က ဒုက္ခဘယ်အချိန်ရပ်သလဲ....

(၁၈၀) ဒါဖြင့် သူ့မှာ ဖေါက်ပြန် ပျက်စီးတာတွေ စုနေတာ ဘာသစ္စာလို့ဆိုကြမလဲ၊ ဒုက္ခသစ္စာကြီး မငြိမ်းသ၍ ကာလ ပတ်လုံး ခန္ဓာမသိမ်း

(၁၈၁) သ၍ ကာလ ပတ်လုံးဖြင့် ဘယ်တော့မှ နိဗ္ဗာန် မရပါဘူး၊ အဲဒါကြီးချုပ်ပြီးသကာလ နိရောဓဆိုတဲ့နိဗ္ဗာန် ကြီး ပေါ်လာမှ ဩော်.... ငါသည်ကားလို့ဆိုယင် သောတာပတ္တိ မဂ်ရပြီ၊ ဒါကြောင့် ခန္ဓာ ပျောက်ကဲ့လား ဆိုတာ ဒုက္ခသစ္စာ ပျောက်ကဲ့လားမေးတာ၊ဒုက္ခမသိဘူးလားလို့ အစေလကာဿပက မေးတော့ ဘုရားသခင် ကိုယ်တော်မြတ် ကြီး က သိ ပါတယ် ကွာ- တဲ့ "ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ခန္ဓာကိုယ် တခုလုံးဟာ ဒုက္ခအစုကြီးကွ-တဲ့။

(၁၈၂) ဒါဖြင့် သိလို့ရှိယင်ဖြင့်တဲ့ ခင်ဗျားတို့ ဒုက္ခသိတဲ့ အချိန်ကစပြီး သစ္စာဉာဏ်ရသောကြောင့် ဒီဒုက္ခဆုံးအောင်သာ လိုက်ကြ၊ ဒီဒုက္ခဆုံးလို့ရှိယင်ဖြင့် နိဗ္ဗာန်ဘဲ၊ ဩော်.... နိဗ္ဗာန် ဆိုတာ ဘယ်နေပါလိမ့်.... ဒုက္ခအဆုံးမှာရှိတယ် "ဒုက္ခဿ အန္တံ ကရိဿတိ" ဒုက္ခဿ = ဒုက္ခ၏၊ အန္တံ= အဆုံးကို၊ ကရိဿတိ= မျက်မှောက်ပြုနိုင်လတ္တံ့၊ ခင်ဗျားတို့ ဝိပဿနာ အားထုတ်ပါတဲ့၊ ဒုက္ခအဆုံးကို မျက်မှောက် ပြုနိုင်ပါတယ်တဲ့၊ သေသေချာချာပါတယ်လို့ ဘုရားက သေသေ ချာချာ အရဟာ ဝတီ သုတ်မှာ ဟောပါတယ်၊ ဒါကြောင့် တကာ တကာမတွေ တရား အားထုတ်တဲ့အခါ ဒုက္ခဆုံးအောင် လိုက်ကြစမ်းပါ၊ ဖြစ်ပျက် ဒုက္ခသစ္စာဆုံးသွားယင် နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်

ပေါ်လာတယ်၊ ဒါဖြင့် ခန္ဓာထဲမှာ ရှိတာတွေကို ခင်ဗျားတို့ ဝေဒနာရှိယင်လဲ ဝေဒနာနဲ့တကွ အကုန်ပျောက်ကုန်ရော၊ စိတ်ရှိယင်လဲ စိတ်နဲ့တကွ

(၃၀၃) အဲဒီ ဒုက္ခတွေ အကုန်ပျောက်သွားယင်လဲ နိဗ္ဗာန်ဟာ ပေါ်လာတယ်၊ ဘယ်အချိန်မှာ ပျောက်မလဲလို့ မေးတော့ ဒုက္ခရယ်လို့ ကေန်သိ, တကယ်သိယင် ပျောက်ပါတယ်၊ မသိသေးလို့ ဒါကြီးရှိနေတာ တော်သေးရဲ့ ဆိုပြီး သာယာနေတဲ့ တဏှာရှိယင် ဘယ်တော့မှ မချုပ်ဘူး၊ သာယာတဲ့ တဏှာလဲကင်းပါရော ဒီဒုက္ခဟာ ဘာဖြစ်သွားသတုံး၊ (ချုပ်သွားပါတယ်ဘုရား) ရှင်းပလား၊ ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ပဋိစ္စသမုပ္ပါဒ်ကို သုညွှန်ပြတာဘဲ၊ ရှိလဲရှိတာခန္ဓာ, သိလဲသိတာကညာဏ်, ဩော်.... ဒါဖြင့် ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာ ခင်ဗျားတို့ သန္တာန်မှာ

(၃၀၇) လောကီသဘောနဲ့ ပေါ်ပါပြီ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကလဲ ဉာတပရိညာပြီးမှ (၀ါ) သိမှုပြီးမှ တီရဏပရိညာဆိုတဲ့ ပွားများမှုလုပ်ပါကွယ်လို့ဆိုတဲ့ ဒေသနာ အစဉ်ကလဲရှိပြီးသကာလနေတော့ မသိဘဲနဲ့

(၃၀၈) ကျင့်ခြင်းသည် ပင်ပန်းရုံမျှဘဲ သစ္စာလေးပါး မသိတဲ့ ပုဂ္ဂိုလ်များဟာတဲ့ လူပြန်လဲ သစ္စာမသိတဲ့ အတွက်တဲ့ ဒုက္ခကို ဆုတောင်းတယ်။

(၃၉၀) ဒီဆုစကတည်းက ဒုက္ခက္ခန္ဓသ သမုဒယော ဟောတိ ဆိုတာ ဒုက္ခသစ္စာဘဲ

(၃၉၃) ရတယ်၊ မင်းတို့ရထားတဲ့ခန္ဓာကြီးအကြောင်းက ကွာတဲ့ အနတ္တအကြောင်းတွေ ဖြစ်သောကြောင့် အကျိုးဟာလဲ အနတ္တဖြစ်တာဘဲ၊ ဩော်.... ကျုပ်တို့ အမျိုးသည်ကားလို့

ဆိုယင် အမေအဖေကိုက သေတတ်တဲ့ အမျိုး ဖြစ်လေသော ကြောင့် သားသမီးတွေ တည်တန့်ပါစေ, ခိုင်မြဲပါစေဆိုတာ မရနိုင်သလို အဝိဇ္ဇာ သင်္ခါရကိုက အနိစ္စ,ဒုက္ခ, အနတ္တ သူက ဖြစ်စေတဲ့ ဝိညာဏ်,နာမ်,ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, အနိစ္စ,ဒုက္ခ, အနတ္တပေါ်ပြီ။

(၃၉၅) ဩော်···· ဖြစ်ပျက်ကမွေးတော့ ဖြစ်ပျက်ဘဲ ရတယ်ဆိုတာ ပေါ်လာကြပြီ၊ ဩော်····သဗ္ဗေဓမ္မာ အနတ္တာ ဆိုတာမှန်လိုက်တာ အလုံးစုံသော ခန္ဓာထဲရှိတဲ့ ဓမ္မတွေဟာ ဘာတဲ့ (အနတ္တာပါဘုရား) ဆဆက္က သုတ်များမှာ အကြောင်း အနတ္တမို့ အကျိုးအနတ္တ ဖြစ်ရပါတယ်၊ အကျိုးအနတ္တ ဖြစ်ရ တယ် ဆိုတဲ့ဥစ္စာ ဒီအကြောင်းကိုလဲ အဝိဇ္ဇာဖြစ်ပြီး ပျက်တဲ့ အနတ္တဘဲ၊ ဒါ-ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ ပုဂ္ဂိုလ်ကတော့ အနတ္တမြင်သဖြင့် ထိတ်ခြင်း, လန့်ခြင်းရှိသေးရဲ့လား၊ (မရှိပါ ဘုရား)။

(၃၉၇) ဒါဖြင့် အမေအဖေ အနတ္တမို့ သားသမီး,မြေး, မြစ်တွေလဲ အနတ္တဘဲ ပဋိစ္စသမုပ္ပါဒ် တခုလုံးမှာ သဗ္ဗေဓမ္မာ အနတ္တာထဲပါရုံဘဲရှိမှာဘဲ၊ အဝိဇ္ဇာ သင်္ခါရက တည်ထောင် လိုက်လို့ဖြစ်လာတဲ့ခန္ဓာငါးပါးကြီး အနတ္တတရားဘဲဆိုတာဖြင့် ဉာဏ်ထဲမှာ ရှင်းကြပါပြီ။

(၄၅၃) ငတ်သေချင် သေပါစေကွာ၊ ဒါလုပ်မယ်, သူများက အေး····မင်း ဒီအလုပ်ချည်းလုပ်နေ ငတ်သေမယ်၊ အို····ငတ်သေတာက အရေးမကြီးဘူး၊ အပါယ်ကျမှာကအရေး ကြီးတယ်၊ ငတ်လဲမသေပါဘူးဗျ၊ ကိုယ့်အတိတ်ကံတွေကလဲ

ရှိပါသေးတယ် ဘုရားက အင်မတန် ဉာဏ်ထက်တဲ့ပုဂ္ဂိုလ် အပြောကလဲ သွက်ပါဘိသနဲ့ အဲ ဒါ ဘုရားဖြစ်တဲ့နေ့ကပြော-ပရိနိဗ္ဗာန်ဝင်သည့်တိုင်အောင် အပါယ်ဒုက္ခတွေ

(၄၅၄) ပြောမယ်ဆိုလို့ရှိယင် မဆုံးဘူး၊ ကြီးကျယ်တဲ့ ဒုက္ခကြီးကို အပေါ်ရံကလေး မှတ်မနေလိုက်ပါနဲ့၊ ငတ်သေ ကြိုက်ပါ….ဒါအကြီးဆုံး အဆုံးအမနော်….

(၄၅၉) အင်း….ဖြစ်ပျက် ဒုက္ခသစ္စာလို့ တွေ့ပြီ စိတ်ကလေးတွေရှုရှုပေး၊ မြင်ယင်မြင်စိတ်ရှုလိုက်၊ ကြားစိတ်ရှုလိုက်၊ နံစိတ်ရှုလိုက်၊ ကြံစိတ်ရှုလိုက်ပေါ့ဗျာ၊ ယားစိတ်ရှုလိုက်၊ ယံစိတ်ရှုလိုက်၊ ကောင်းစိတ်ရှုလိုက် (မှန်လှပါဘုရား)၊ ရှုလိုက်တဲ့ အခါကျတော့ ဖြစ်ပျက်တွေလိမ့်မယ်၊ အဲဒီ ဒုက္ခအစ္စာ တွေ့တော့ နဂိုရ်က ဒုက္ခသစ္စာလို့ သာပြောတယ် မသိဘူး၊ အခုတော့ဖြင့် ခြော်…. ဒီဖြစ်ပျက်မှုဟာ ဒုက္ခသစ္စာပါကလားလို့ ခန္ဓာထဲ မတွေ့ဘူးလား၊အဲဒါအဝိဇ္ဇာလား၊ဝိဇ္ဇာလား၊(ဝိဇ္ဇာပါဘုရား)။

(၄၆၀) ဒါဖြင့် ခင်ဗျားတို့သန္တာန်ပေါ် ရှုစိတ်၊ ရိုက်စိတ်၊ စားချင်တဲ့စိတ်၊ အိပ်ချင်တဲ့စိတ်ဖြစ်ဖြစ် ဘာလုပ်ရမတဲ့…. (ဖြစ်ပျက်ရှုရပါမယ်ဘုရား) အင်း....ဟင်.... ဒုက္ခသစ္စာ မြင်တာက ဝိဇ္ဇာ-မဂ္ဂ သဘောကျပလား၊ စိတ် ဖြစ် ပျက် မြင်လို့ရှိယင်ဖြင့် ဝိဇ္ဇာလဲဖြစ်, မဂ်လဲဖြစ်တယ်ဆိုတာ အဝိဇ္ဇာတွေမရှိတော့ဘူး။ သည်ဝိဇ္ဇာ သည်ပင်လျှင်မဂ်၊ နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ ဆိုတဲ့ အတိုင်း မဂ်ကနိဗ္ဗာန်ပို့တယ်။

(၄၆၂) သံယုတ်ပါဠိတော်မှာ ဟောဒီဝေဒနာတွေရှုနေလို့ရှိယင်၊ သုခ, ဒုက္ခ, ဥပေက္ခာ ရှုလို့ရှိယင်လဲတဲ့ - ဖြစ်ပျက်တွေ့မယ်။

(၄၆၅) ဘုန်းကြီးသင်တဲ့ ဥစ္စာကတော့ သင်ရိုးသာမှတ်၊ ခင်ဗျားတို့ရှုလို့ ကိုယ်တိုင်မြင်လို့ရှိယင်၊ ဝိဇ္ဇာအစစ်ဖြစ်တယ်၊ ကံကောင်းလို့လူဖြစ်တယ်ထင်နေတော့ ဒုက္ခသစ္စာပျောက်တယ်။

(၄၇၃) အေး-ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ဆိုတာ တခြားတရားလို့မှတ်မနေနဲ့၊ ကိုယ့်ခန္ဓာဖြစ်စဉ်···· ထူးထူး ခြားခြားမှတ်ပါ ဖြစ်ကြောင်းနဲ့ဖြစ်စဉ် တခြားစီနော်···· ယခုခန္ဓာကြီးအကြောင်းက ပေါ်လို့ သိရတဲ့အကြောင်းဟာ ဖြစ်ကြောင်းခေါ်တယ်၊ ဖြစ်စဉ်က ကိုယ့်ခန္ဓာကြီးက ယောက်ျားတွေ မိန်းမတွေဖြစ်နေတာလား ဆိုတော့မှ အို···· မဟုတ်ပါဘူး ဝိဉာဏ်ဖြစ်နေတာ၊ ဝေဒနာ ဖြစ်နေတာ သိတော့ ဖြစ်စဉ်ကိုသိတယ်။ ဖြစ်ကြောင်းနဲ့ ဖြစ်စဉ်ကို မသိဘဲနဲ့ ဝေဒနာ အနိစ္စဘဲ စိတ်အနိစ္စဘဲ ရုပ်အနိစ္စဘဲလို့ သိပြောသော်လဲ ဒိဋ္ဌိ, ဝိစိကိစ္ဆာဝင်လာကတည်းက မဂ်ဉာဏ် ဖိုလ်ဉာဏ်တားတဲ့တရား။

(၄၇၅) အဲဒီမှာ ဆရာသမားဖျင်းနဲ့ ဆရာသမားညံ့နဲ့တွေ့သွားပြီဆိုမှဖြင့်တဲ့၊ ပဋိစ္စသမုပ္ပါဒ် ရှေ့ပိုင်းကမပြတော့ဘူး။ လုပ်ပေ့····ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သဗ္ဗေသင်္ခါရာ အနိစ္စာလို့ ဟောထားတယ်ကွ၊ ဒါဘဲ ကြိုးစားစရာ ရှိဘယ် အထက်ပိုင်းက သင်လိုက်တော့ အောက်ပိုင်းက ဟာလာဟင်း ဖြစ်သွားတယ်၊ အလုပ်,လုပ်လေ ယုံမှားသံသယက လာလေဘဲ။

(၄၀၄) အလုပ်,လုပ်လေ ဒိဋ္ဌိကလာလေ ပဋိစ္စသမုပ္ပါဒ် နားလည်ခဲ့ယင် နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယ ပရိဂ္ဂဟဉာဏ် ဆိုတဲ့ဉာဏ်နှစ်ဉာဏ်ရတယ်။

(၄၉၀) ဩော်···· ခန္ဓာငါးပါးဆိုတဲ့ ဒုက္ခသစ္စာကြီးဟာ ရှုယင်းမတ္တနဲ့ ခန္ဓာတွေပျောက်သွားတယ်ဆိုတော့၊ ခန္ဓာတွေ ချုပ်သွားတယ်ဆိုတာ နိရောဓသစ္စာဘဲ၊ ဒုက္ခတွေ

(၄၉၉) တပြို ကြီးပျောက်သွားတယ် ဆိုသဖြင့် ဒုက္ခ နိရောဓောနိဗ္ဗာနံ အင်း....ဒုက္ခချုပ်တဲ့နိဗ္ဗာန် ဒို့ရောက်ပြီ၊ ဒို့ တသက်လုံး ဒုက္ခနဲ့မကင်းခဲ့တာ အခုဖြင့် ဒုက္ခနဲ့ အိုးစားကွဲပြီ ပေါ့....အင်း ဒီဒုက္ခတွေမရှိတာ နိရောဓသစ္စာဘဲလို့သိတော့၊ အကျိုးလဲရှိတယ်ဆိုတာ သေချာသွားပြီ။

(၅၀၀) မရှုတဲ့ပုဂ္ဂိုလ် ပေါ်ဘို့ဖြင့်ဝေးပြီနော်....မဂ်သည် ကိလေသာဖြတ်သကွ၊ ဒီဝိဉာဏ်နဲ့လဲ တကျောနဲ့မဆက်တော့ဘူး။ ရုပ်-နာမ်နဲ့လဲတကျောနဲ့ (မဆက်တော့

(၅၀၁) ပါဘုရား) သင်္ခါယတနနဲ့တကျောနဲ့ကော (မဆက် တော့ပါဘုရား)၊ ဖဿနဲ့လဲတကျောနဲ့ (မဆက်တော့ပါဘုရား)၊ ဝေဒနာနဲ့လဲတကျောနဲ့ (မဆက်တော့ပါဘုရား)။

(၅၀၄) သူတို့လုပ်တဲ့ ကုသိုလ်ဟာ နတ်ရွာသုဂတိဘဲ ရောက်မယ်၊ နိဗ္ဗာန်မရောက်ဘူး ဒိဋ္ဌိတန်းလန်းနဲ့လုပ်တာကိုဗျ၊ ဒိဋ္ဌိတန်းလန်း ဝိစိကိစ္ဆာတန်းလန်းနဲ့လုပ်လို့ ဒီတော့ဝဋ္ဋဒါန၊ ဝဋ္ဋသီလဘဲ အသက်ရှည်စေလိုလို့ သီလ ဆောက်တည်တာ၊ ဝဋ္ဋသီလဘဲ အန္တရာယ်ကင်းအောင်လို့ ဆောက်တည် တာ ကော (ဝဋ္ဋသီလပါဘုရား)။

(၅၀၅) ဒို့အိမ်လဲဟော့ ဂြိုဟ်တွေဝင်နေထင်ပါရဲ့ ဆွမ်းက လေးကျွေးပြီး ပရိတ်ကလေးလဲရွတ်ကြဦးစို့ နို့မဟုတ်ယင်ဒီလူ တွေဟာ ခက်ကုန် လိမ့်မယ် ဆိုတော့ ပုဂ္ဂိုလ် သတ္တဝါငဲ့ပြီး ဆွမ်းကျွေးကြတယ်၊ ဂြိုဟ်ပြေနံ့ပြေ ဟူသ၍ကဖြင့် ဝဋ်ချည်းမှတ် ဘုရားကိုးဆူများ ပူဇော်ဘူးသေးသလား၊ အံမာလေးဖြစ်မှဖြစ် ရပလေဗျာ၊ ဘုရားကိုးဆူလဲမကပါဘူးဗျာ ဂဏ်ါဝါငြုသဲစုမက ခင်ဗျားကိုက ကိုးဆူထဲသွားပြီး မျက်နှာကြီးများ လိုက်နေကြ သလားမပြောတတ်ပါဘူး၊ ပဋိစ္စသမုပ္ပါဒ်နားမလည်တော့ ခန္ဓာ

ငဲ့တာတွေသိပ်ပါတယ် မပါဘူးလား၊ ဒီခန္ဓာအနန္တရာယ်ကင်းဘို့ ဒီခန္ဓာဘေးရှင်းဘို့ ဒီခန္ဓာအသက်ရှည်ဘို့ဆိုတော့ ဒီအယူ ဒီသီလတွေဟာ ဝဋ္ဋဒါန ဝဋ္ဋသီလ ခန္ဓာတည်းဟူသော ဒုက္ခဝဋ်ကိုဘဲ ဒုက္ခဝဋ်ရှည်အောင် ဆက်အောင် ကြိုးစားတဲ့အတွက် ဝဋ်မှတပါး ဘာရှိသလဲ။

(၁၀၆) အဲဒီတော့၊ ဒီကရှေ့ဖြင့် မပြင်ယင် မကောင်းတဲ့ အချက်ဟာ ဒီအချက်ဘဲ၊ နဂိုက ဝဋ်ရှိနေတာကို သိလို့ရှိယင် အရှည်ကိုပယ်ဘို့ သိပ်ကောင်းတယ်၊ အခုတော့ ဝဋ်ရှိတာလဲ ဝဋ်ရှိမှန်းမသိတော့ ဒီဝဋ္ဋကဘဲရှည်ချင်တယ်၊ နောက်ဝဋ်နဲ့လဲ တွေ့ချင်တယ်၊ ဖြစ်မှဖြစ်ရလေဗျာ သိပ်ဆိုးပါကလား၊ တရားထူး တရားမြတ် သစ္စာဉာဏ်မရသေးတော့ ဝဋ်ချည်းလုပ်မှာဘဲ ဆိုတာသေချာတယ်၊ ဒါဖြင့် စစ်စစ် ဗုဒ္ဓဘာသာ တယ်ရှားပါကလား၊ သဿတဒိဋ္ဌိသိပ်များတယ်၊ နောက်ဘဝကောင်းစားရေးဟေ့ နောက်ဘဝငါလုပ်ငါရမှာဘဲဆိုတဲ့သဿတဒိဋ္ဌိသမားကလဲသိပ်များတာဘဲ၊ အင်း.... ဟင်.... ဒီဘဝလဲငါမရှိဘူး၊ နောက်ဘဝလဲ ငါမရှိဘူးဆိုတာ မဖြေကောင်းတာချည်းကို သူ့မှာဖြေပြီးလုပ်နေတာ။

(၁၀၇) ဟိုအိမ်ကမောင်ဘယ်သူဖြင့် သေရှာပြီပြောတော့ ပြောတာပေါ့၊ တကယ်သေတာတော့ မဟုတ်ပါဘူး၊ စုတိစိတ်ချုပ်တာ ဘယ်ဘဝများဖြစ်ပါလိမ့်မတုံးလို့ ဒီလိုလုပ်မနေနဲ့၊ စုတိပြီးလျှင် သံသရာခရီးမဆုံးသေးက ပဋိသန္ဓေစိတ်ပေါ်နေမှာဘဲ လူများစုထဲကမှ လူနည်းစုခွဲထုတ်ရတာ မလွယ်ပါလား၊ ဒါကြောင့် ဘုရားတွေ ဂင်္ဂါဝါဠုမက ပွင့်သွားကြပြီးသော်လဲ ခေါ်ဆောင်ပြီး ယူနိုင်တာတွေက လက်သည်းပေါ် တင်တဲ့ မြေမှုန့်လောက် ယူနိုင်တာ၊ ကျန်နေရစ်တာတွေက အောက်

မြေကြီးပမာဏလောက်ရှိတယ်၊ အခုတရားပွဲမှာဘဲ မန္တလေး မြို့နဲ့လဲချိန်, အမရပူရမြို့နဲ့လဲ ချိန်ချိန် ကြည့်လိုက်လို့ရှိယင် လက်သည်းပေါ်တင်တဲ့ မြေမှုန့်မရှိသေးဘူး။

(၅၀၈) အဲဒီတော့ သားတွေ, မယားတွေ, ဆွေတွေ, မျိုးတွေ အမျိုးမျိုးအဖုံဖုံ ရှိကြပြီးသော်လဲ နားထောင်နိုင်ယင် ဟောဘို့ဘဲ၊ မထောင်နိုင်ယင် ကမ္မဿကာ ထားဘို့ဘဲ၊ မိမိတို့ ကိုယ်တော့ဖြင့်မရောနိုင်ဘူးဆိုတဲ့စိတ်ကတော့မွေးကြရလိမ့်မယ်၊ ရောယင်တော့ဖြင့် ခင်ဗျားတို့ အပါယ်ရောက်ကြမှာဘဲ၊ သူတို့ ကတော့အပြောရော အထင်ရော ဒီကတရားနာထားတဲ့တကာ တကာမတွေက အပြောသာရှိတယ်, အထင်မရှိဘူး၊ ဝစီကံသာ ရှိတယ်, မနောကံမလိုက်ဘူး၊ အဲဒါကြောင့်

(၅၀၉) "သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ" အလွန်ရခဲတဲ့ တရား,နာရခဲတဲ့တရား,နာဘို့ရာ အလွန်ခဲယင်းတယ်ဆိုတာပေါ် လာတယ်၊ အေး···· ဘာ့ကြောင့်တုံးဆိုယင် ရာဂ, ဒေါသ, မောဟတွေထဲမှာ မျောနေတဲ့ ပုဂ္ဂိုလ်တွေကသာ များတယ်၊ အမြုပ်သမားနဲ့ အမျောသမားသာ များသနော်၊ ကမ်းတင် သောင်တင် ပုဂ္ဂိုလ်က ရှားမှရှားဖြစ်နေတယ်။

(၅၁၆) နိဗ္ဗာန်နဲ့နိဗ္ဗာန်ရောက်စေတဲ့ လမ်းကိုတော့ကွာ ရှင်းရှင်း လင်းလင်း ငါယနေ့

(၅၁၇) မင်းတို့ကို ပြပါမယ်၊ "နိဗ္ဗာနဂါမိဋ္ဌမဂ္ဂ"ဆိုပြီး ရောက်တဲ့ခရီးကို ဟောမယ်လို့ပြောတယ်နော် ရာဂ, ဒေါသ, မောဟ ကုန်လို့ရှိယင် နိဗ္ဗာန်ပါဘဲ၊ တပ်နှစ်သက်မှုရယ်၊ ပြစ်မှားမှုရယ်, မသိမှုရယ် ဒီသုံးခုမှတ်စမ်းပါနော်····

(၅၁၈) အာရုံနှစ်သက်မှုကို ရာဂ,ပြစ်မှားမှုကို ဒေါသ, အာရုံတွေတွေ့တိုင်း အနိစ္စလဲမသိ, ဒုက္ခလဲမသိ, အနတ္တလဲမသိ,

အာရုံတွေဟူသမျှ နိဗ္ဗာန်မှတပါး ဒုက္ခသစ္စာချည်းဘဲ၊ အဲဒါ မသိမှုဟာလဲ မောဟလို့မှတ်ပါ။

(၅၂၀) အကြောင်း အကျိုး ပြတ်သွားလို့ရှိယင် ချုပ်ကြောင်း နိဗ္ဗာန်၊ ချုပ်တဲ့ပဋိစ္စသမုပ္ပါဒ် ဆက်နေသ၍ ကာလပတ်လုံးဖြင့် ဒါ၀င့်လည်တဲ့ ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်း ပဋိစ္စသမုပ္ပါဒ်လို့ မှတ်လိုက်စမ်းပါ။

(၅၂၁) ရာဂ, ဒေါသ, မောဟ ကုန်တာကို နိဗ္ဗာန်လို့ ခေါ်ပါတယ်၊ ရောက်ကြောင်းကတော့ ရာဂ,ဒေါသ,မောဟကို ကုန်အောင် အမှန်အကန်မြင်တဲ့ သမ္မာဒိဋ္ဌိကို ဆိုပါတယ်။

(၅၂၈) ကိုယ့်ဒုက္ခသစ္စာကို မသိတာက အဝိဇ္ဇာ၊ မသိတော့ အရတော်လေစွဆိုပြီး သကာလ ပျော်တာက တဏှာ၊ ဒီသား,ဒီမယားတွေနဲ့ ဒီခန္ဓာကြီးနဲ့ မခွဲချင်တာက ဥပါဒါန် ဒီဒုက္ခမျိုးရအောင် အားထုတ်ချင်တာက သင်္ခါရ၊ အဲဒီတော့.... ကာယကံ, ဝစီကံတွေနဲ့ပြုတဲ့ စေတနာတွေ, သင်္ခါရတွေ, ကမ္မဘဝတွေကော မသိမှုထပ်ပွားပြီး ခင်မှုတွေ တိုးပွားလာတာလဲ ထင်ရှားတယ်။

(၅၄၁) ကြည့်ပါလားဒီမှာ ရာဂ,ဒေါသ,မောဟတွေဘဲ ဒါအဝိဇ္ဇာတွေ နာမည်ပြောင်းတာ အတူတူဘဲ၊ သမုဒယနဲ့ ဒုက္ခချုပ်တာဘဲလို့ ပိုင်ပိုင်သိရတဲ့အဖြစ်ကလေးဟာ သေပျော်ပြီနော်၊ နိဗ္ဗာန် မြို့ကြီး ပြကြီးတွေနဲ့ အမျိုးမျိုး အဖုံဖုံထင်ပြီး သကာလ နေပြောသော်လဲ အတွေးသာဖြစ်တယ်။

(၅၄၄) "သန္ဒိဋ္ဌိကော သာမံပဿိတဗ္ဗော" သာမံ= ကိုယ်တိုင်၊ ပဿိတဗ္ဗော=သိပါတယ်ကွာတဲ့၊ နိဗ္ဗာန်သွားမယ် မသွားဘူးဆိုတာ....

(၅၄၅) ကိုယ်တိုင်သိရမှာဆိုတဲ့ဥစ္စာ ခင်ဗျားတို့ကအရေး ကြီးလို့ရှိယင်ဘယ်ဆရာတော်ကြီး,ဘယ်လူပညာရှိ,ဘယ်စာအုပ် ကိုမှ မေးကိုမမေးပါနဲ့....

(၅၄၉) အဲဒီတော့ ကိုယ့်အိမ်သားချင်း ပြောချင်ယင် ခင်ဗျားတို့သိပြီ၊ အယင်ရောက်မယ် ငြိမ်းမနေနဲ့ ငြိမ်းနေယင် အပိုဘဲ။

(၅၅၀) ဘုန်းကြီးတွေ တွေ့လို့ရှိယင် အရှင်ဘုရားများ ကတော့ နိဗ္ဗာန်သေချာပြီ.... ရမ်းချိုးမွမ်းနေကြတယ်၊ မယ်သီ လရင်တွေ ဝတ်ပြန်လို့ရှိယင်လဲ ထို့အတူဘဲ အင်း.... သူတို့ ကတော့ဖြင့် နိဗ္ဗာန်သွားကြပြီတဲ့ အင်း.... ရမ်းပြောပြန်ပြီ၊ တချို့သက်ကြီးအိုမတွေကျောင်းကန်ဘုရားနဲ့ နေကြ ထိုင်ကြတဲ့ အခါကျလို့ရှိယင် ဒီအဘိုးကြီး,အဖွားကြီးတွေကတော့ သတိ တရားရတာနဲ့ နိဗ္ဗာန်ကလမ်းတည်းကို ရမ်းများပြောနေလိုက် ကြတာ ပြောသာပြောတယ် တလုံးမှမမှန်ဘူး၊ အင်း....သား တွေ မြေးတွေ ပေါလို့ ဆွမ်းတော်အုပ်ထမ်းလို့ မနက်တိုင်း သွားပြီး သူတို့ဖြင့် နိဗ္ဗာန်သေချာပြီ....

(၅၅၂) ခင်ဗျားတို့ အကဲခတ်ဘို ကောင်းတယ်၊ အဝတ် အစားနဲ့ ဘာမှမဆိုင်ဘူး၊ ဆွမ်းတော်အုပ်ကြီး ထမ်းတာနဲ့လဲ မဆိုင်သေးဘူး၊ သူတို့တော့ သေချာပြီ၊ ဒို့တော့ ဝေးပါသေး တယ်၊ အလကား ပြောနေကြတာ ယခုအခါ ပဋိစ္စသမုပ္ပါဒ် ဒေသနာကိုရှင်းရှင်းလင်းလင်းတည်ထောင်ပြီးသကာလပြလိုက် သဖြင့် ဒီအပြောတွေ အကုန်ဖြုတ်.... ဒါတွေးလုံးတွေ သိလုံး ဟုတ်ပါရဲ့လား....

(၅၅၆) သမုဒယသစ္စာချုပ်ပြီး၊ ဒုက္ခသစ္စာဆိုတာ မတွေ့တော့ဘူး ဒုက္ခငြိမ်းနိဗ္ဗာန်ဘဲ၊ သမုဒယသိမ်းယင်လဲ နိဗ္ဗာန်ဘဲ၊ ဒါဖြင့် ယနေ့ နေ့ကောင်းလား နေ့မကောင်းဘူးလား၊ ဒီနေ့ ရက်ရာဇာလား, ပြဿဒါးလား, ရွေးမနေနဲ့၊ ရက်ရာဇာ ပြဿဒါးမရွေးလိုက်ပါနဲ့.... ကိလေသာပြတ်ယင် ရက်ရာဇာ သာမှတ်၊ ဆက်ယင်ပြဿဒါးသာ မှတ်ပေတော့။

(၅၅၇) ကိလေသာဆက်ယင် ပြဿဒါးပေါ်ဗျာ၊ ဒီဘက် ဒုက္ခတွေ့တော့မှာသေချာနေပြီ၊ ကဲဒါဖြင့် ရက်ရာဇာဖြစ်အောင် လုပ်ရလိမ့်မယ်၊ "နိဗ္ဗာနဂါမိနိမဂ္ဂေါ" ပေါ်သွားပလား....။

(၅၆၀) စွဲလမ်းမှုကြောင့်ကံဖြစ်ရတယ်ကံအကျိုးပေးယင် ဒုက္ခသစ္စာ ပေးမှာဘဲ၊ ကိုင်း- ဥပါဒါန်က သမုဒယသစ္စာ၊ ကံကကော ဒုက္ခသစ္စာ။

(၅၆၉) နှစ်ခုစလုံးချုပ်ယင် နိရောဓသစ္စာ၊ ချုပ်အောင် ကျင့်တဲ့ အကျင့်က မဂ္ဂသစ္စာ၊ အေး- ဒီလို သစ္စာလေးပါးစီ သိသိသွားရမယ်၊ ဩော်.... တဏှာခင်မင်မှုကြောင့် ဥပါဒါန် စွဲလမ်းမှုဖြစ်ရတယ်၊ သားကလေးမွေးလာယင် ခင်တယ်၊ ကြည့်ဖန် များလာတော့ စွဲလမ်းလာတယ်၊ အဲဒါကြောင့် တဏှာ သမုဒယသစ္စာ၊ ဥပါဒါန်က ဒုက္ခသစ္စာ နှစ်ခုစလုံး ချုပ်ယင် နိရောဓသစ္စာ၊ ချုပ်အောင် ကျင့်နိုင်တဲ့အကျင့် မဂ္ဂသစ္စာ၊ အေး- ဒီလိုသိသွားရမယ်။

(၅၇၀) ပစ္စုပ္ပန် ခန္ဓာ ငါးပါးကြောင့် တဏှာသေချာ ပါပြီ နီးသော အကြောင်းကတော့ ဝေဒနာ ဖဿလဲဟုတ်၊ သဠာယတနလဲဟုတ်,ရုပ်နာမ်လဲဟုတ်, ဝိဉာဏ်လဲဟုတ်တာဘဲ ခန္ဓာရှိလို့

(၅၇၀) တဏှာလာတယ်ဆိုတာ သေချာပါပြီ၊ ကိုယ်ခန္ဓာကိုယ်ခင်တဲ့တဏှာ၊ ကိုယ့်ဘဝ

(၅၇၂) ကလေးကိုယ်ခင်နေလို့....ခန္ဓာငါးပါးကိုမသိယင် တဏှာ- ဥပါဒါန်- ကံ- ဇာတိဇရာ-မရဏ မလာပေဘူးလား၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူတယ် တဏှာ ဘယ်ကလာ ဥပမိကလာတယ်၊ ဥပမိဆိုတာ ခန္ဓာဘဲ။

(၅၇၃) အပြစ်ကိုမသိတော့ ခင်ကြတာပေါ့ဗျာ၊ ဒီခန္ဓာခင်လို့ရှိယင်···· သားခင်လို့ရှိယင်လဲ သားကဘဲ သူ့ကိုရှက်ဆောင်တော့မည့်ပုံ။ သမီးကဘဲသူ့ကို အိုစာမင်းစာ ကျွေးမွေးထားတယ်ဆိုပြီး ခင်လိုက်တယ် အဲဒီတော့ ဘယ့်နှယ်ကြောင့် ခန္ဓာငါးပါးခင်ကြပါလိမ့်မလဲလို့ မေးဘို့မလိုဘူးလား····။

(၅၇၄) အို....အားကိုးရလိမ့်မယ်,ကိုးစားရလိမ့်မယ်ထင်လို့ခင်တာ၊တဏှာပစ္စယာ,ဥပါဒါနပစ္စယာ,ကမ္မဘဝပစ္စယာ, ဇာတိပစ္စယာ (ဇရာ,မရဏပါဘဲဘုရား) အဲ....ပဋိစ္စသမုပ္ပါဒ် လည့်တယ်။

(၅၇၅) ဘယ်ခန္ဓာခင်ခင် သေချင်လို့သာမှတ်၊ သေပွဲဝင်ခဲ့ကြတယ် အဖန်ဖန်

(၅၇၆) သေတဲ့လက်သည်ဟာ ကံမကောင်းအကြောင်း မသင့်လို့မဟုတ်ပါလား (မဟုတ်

(၅၇၇) ပါဘုရား)ခန္ဓာခင်လို့ဖြစ်ရတာ၊ခင်ဗျားတို့ဂုဏ်ယူသ၍ သေချင်လို့သာမှတ်။

(၅၇၈) မျက်စိမျက်နှာမှတ်ထားတဲ့ ကျုပ်တို့ ခင်တတ်မင်တတ်တယ်တဲ့ ခင်ဗျား

(၅၇၉) တို့ မင်္ဂလာ ယူနည်းဟာ အမင်္ဂလာ ဖြစ်တာဘဲ၊ မင်္ဂလာယူတာဘဲ၊ကျုပ်တို့တော့မစိမ်းတတ်ပါဘူးကစလာတယ်၊ မျက်လုံးမွဲလို့မသိတောင်မှ မောင်တို့ကနှုတ်ဆက်ပါ ဝမ်းထဲက တော့ ခင်တယ်မပြောဘူးလား၊ ဒါလောကစကားမှာ အတော်ချိုတဲ့စကားဘဲ၊ အပြစ်ကြည့်လိုက်တော့ သေချင်လို့မှတပါး ဘာမျှလာမတွေ့ဘူး အသေဘဲတွေ့တယ်။ ဒါကြောင့် ဘုရား အဆူဆူနဲ့ လွဲခဲ့ရတာ၊ ခန္ဓာခင်မင်ပြီး သေ ပွဲ ချည်း ဝင် နေ လို့ သမုဒယချုပ်တဲ့ပုဂ္ဂိုလ်မှသာလျှင် ဘုရားသခင်ကလဲ ဟောဘိကျွ အစရှိသဖြင့်ခေါ်နိုင်တယ်၊ ဒီသမုဒယတန်းလန်းနဲ့ ပုဂ္ဂိုလ်တွေကျတော့ ခေါ်နိုင်ပါ့မလား၊ အို.... သူက ငါဘုရားနောက်မလိုက်ဘူး၊ သေမင်းနောက်လိုက်တယ်။

(၅၈၀) ဒါဖြင့် ခင်ဗျားတို့လောကမှာ ခင်ဗျားတို့ကတော့ဖြင့် အတော်ကြက် သရေရှိတဲ့စကားဘဲ၊ အတော်ကို နားဝင်ချိုအောင်ပြောတဲ့စကားဘဲဆိုတာ မှန်ပါတယ် သို့သော် ပြောတဲ့ ပုဂ္ဂိုလ်ဖြင့်သေပွဲဝင်မယ်လို့ သူ့ဟာသူဗျာဒိတ်ပေးလိုက်တာဘဲ အဲဒီတော့ သိထားတဲ့ တရားနဲ့ ဘုရားဒေသနာတော်နဲ့ ခန္ဓာ ဖြစ်စဉ်နဲ့ ထောက်ကြည့်

(၅၈၁) တော့မှ၊ ဩော်.... တကယ် ကျောချင်းကပ်၊ ကျောချင်းကပ်ဆိုတာ နည်းနည်းမှ နှီးနှောလို့မရဘူး၊ ခန္ဓာ ဝိပဿနာရှုပါဆိုတော့၊ ဒီသမုဒယသေသွားယင် ခန္ဓာမခင်လို့ သေပွဲမဝင်ရဘူး၊ ငြင်းဘို့ လိုသေးသလား။

(၅၈၂) ဒို့အဖန်ဖန် သေလေသမျှ ဒီခင်မှုက နှိပ်စက်တာဘဲ၊ အဖန်ဖန်သေခဲ့ရတာတွေ ဘုရား တဆူတဆူကြားမှာ ၄ ရက်တက်၊ ၄ ရက်ဆင်းရှိတဲ့ တောင်ကြီးလောက် အရိုးတွေ

ပုံရဘယ်ဆိုတဲ့ဥစ္စာ၊ ခင်တလုံးသတ်လို့လဲ နွားသတ်ကုလားဟာ ၄ ရက်တက်၊ ၄ ရက်ဆင်း အရိုးတွေ တောင်ပုံ,ပုံအောင် သူတယောက်တည်းမသတ်နိုင်ဘူး၊ တဈာတလုံးတည်း သတ်လိုက်တာကြည့်စမ်း။

(၅၀၄) ခန္ဓာခင်သေပွဲဝင်ဆိုတာစပ်လို့ဘဲ၊ ပဋိစ္စသမုပ္ပါဒ် အကြောင်း အကျိုးဆက်လို့ဘဲ ဟုတ်,မဟုတ် ပဋိစ္စသမုပ္ပါဒ်က သက်သေခံသွားပြီ။

(၅၀၅) ငါတော့ဖြင့် လူချီးမွမ်းအောင် နေတတ်ပါတယ်ကွာ····လို့ သူခပြောမှာဘဲ၊ ပြောသာ ပြောတယ် သေပွဲကထပ်နေပြီ၊ အဲဒါတွေဂုဏ်ယူမနေနဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကဟောတော်မူတာကို ဘုန်းကြီးက ခင်ဗျားတို့ကိုခင်တဲ့လူနဲ့ ရန်တိုက်ပေးတယ်လို့ အောက်မေ့မနေနဲ့ဦး····။

(၅၀၇) ဒီကောင်ကလေးပုံပန်းကတယ်လူမုန်းများသကိုး ခင်ခင်မင်မင်ရှိအောင်နေမှပေါ့, ကိုယ်ကလဲနှုတ်ချိုမှပေါ့, နှုတ်ချိုပြည်စိုးဆိုတာ မကြားဘူး ဘူးလား၊ အမာလေးရှောက်သင်လိုက်တဲ့ဖြစ်ခြင်း၊ သေပွဲချည်းသင်လွှတ်နေတယ်။

(၅၀၉) အသေလွှတ်တဲ့အလုပ်ပေးထားပါတယ်၊ ဝေဒနာသုံးပါး,ဝေဒနာငါးပါး ခန္ဓာထဲပေါ်လာယင် ဖြစ်ပျက်ရှုလိုက် ကိုယ့်ခန္ဓာကိုယ် ဖြစ်ပျက်ရှုနေယင် မခင်တာ သူတပါးခန္ဓာတွေယင်လဲ ဖြစ်ပျက် ရှုနေလိုက်လို့ရှိယင်၊ ခန္ဓာ မခင်တော့ သေပွဲမဝင်

(၅၉၀) ရဘူး၊ အဲဒီတော့ ဒီပဋိစ္စသမုပ္ပါဒ်နဲ့ ဟောရခြင်းသည် ဉာဏ်ထဲမှာရှင်းတယ် ဘုရားက ဒီအတိုင်း ဟောတယ်၊ ဘုရားမရှိယင်လဲ ဒီပဋိစ္စသမုပ္ပါဒ်ကလည်နေဘာဘဲ ဘုရားရှိတဲ့

အခါ နည်းပေးကောင်းလို့ နည်းယူကောင်းကြလို့ လုပ်လဲ လုပ်ကြမယ် ဆိုယင်ဖြင့် ပြတ်ပြန်တယ်။ ဘုရား မရှိလို့ရှိယင် ခင်ဗျားတို့ ခန္ဓာခင် သေပွဲဝင်နေကြတာဘဲ။

(၅၉၁) ဘုရားသခင် ကိုယ်တော်မြတ်ကြီးက၊ ခန္ဓာမခင်တဲ့ နည်းဟာကွာတဲ့။ မင်းတို့မျက်စိလည်ပျောက်ယင် မခင်ပါဘူး တဲ့....အင်း....အသုဘဘဲ၊ အနိစ္စဘဲ၊ သေသေချာချာ မျက်စိ လည်ပျောက်သွားလို့ရှိယင် မဂ်ဉာဏ်လာပါတယ်။

(၅၉၂) ဒါကြောင့် ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ဟောတယ် မင်းတို့ကလဲ ပုထု

(၅၉၃) ဇန်အရူးတွေဖြစ်နေတော့အမူးကလဲကြိုက်တယ်၊ အဲဒီတော့ အရက်ထဲမှာ အဆိပ်နဲ့ရောထားတဲ့ ဒီခန္ဓာကြီးဟာ တဏှာသမားကခင်တယ်ဆိုတာ သောက်မိတာဘဲ၊ သောက်မိ လို့ သေရတယ်၊ အဲဒီတော့ အဆိပ်နဲ့ရောထားတဲ့ အရက်လို့ ခင်ဗျားတို့ယနေ့မှတ်ပြီးသိပါ။ ဒါဖြင့် မသောက်ဘူးဟေ့ဆိုတာ မခင်ဘူးဟေ့ ခင်ဗျားတို့ဝေဒနက္ခန္ဓာရှုတဲ့ပုဂ္ဂိုလ်၊ ဝေဒနာလာ ယင်ဖြစ်ပျက်ရှု၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်ဟာ စိတ်လာတိုင်း (ဖြစ်ပျက်ရှု ရပါမယ်ဘုရား) ရှုတာကမဂ်ဆိုတော့ သောက်ဖြစ်သေးရဲ့လား။

(၅၉၄) ဒါဖြင့် အဆိပ်နဲ့ရောထားတဲ့ အရက်နဲ့ခန္ဓာကြီး နဲ့ တူပါတယ်၊ သောက်တဲ့လူနဲ့ ပုထုဇန်မိုက်နဲ့ တူပါတယ်၊ မိုက်ခြင်းကြောင့် မသောက်ကောင်းတာ သောက်လို့လဲ ဒီ့မှာ မတရားသဖြင့်သေရတယ်၊ ဒါဖြင့် သေချင်လို့သေရသလားတဲ့၊ ရူးမိုက်-မိုက်လို့သေရတာလား၊ ဩော်....ဒါဖြင့် အသေလွတ် တဲ့နေရာဟာ ရူးမိုက်-မမိုက်ယင် အသေလွတ်တယ်၊ ဒါဘယ်

တော့မှမမေ့ကြပါနဲ့တဲ့။ ဒီခန္ဓာကြီးဟာ အဆိပ်နဲ့ရောထားတဲ့ အရက်ပါဘဲ၊ ဒီကခင်တဲ့ပုဂ္ဂိုလ်က....ပုထုဇန်မိုက် တဏှာနဲ့မို့ သူက ခင်မိတယ်ဆိုအကောင်းချည်းဘဲ။

(၅၉၆) ရှောင်ရမယ်၊ ရှောင်ဆိုတာ ဝိပဿနာရှုနေ၊ ကြိုက်တာရှုတော့ ဖြစ်ပျက် သူကမဂ် ဖြတ်ပြစ်လိုက်ပြီ။

(၅၉၇) အဆိပ်နဲ့ရောထားတဲ့အရက်သည် မူးလဲမူးသည် သေလဲသေသည်၊ ဒီမှာလဲ ခန္ဓာကြည့်လိုက်လို့ရှိယင်၊ သူတို့အတွက်ဟာ တခါတည်း အမေလုပ်တဲ့ ပုဂ္ဂိုလ်က သားသမီးတွေ ကြည့်လိုက်ပြီဆိုမှဖြင့် တခါတည်းမူးသွားတာဘဲ၊ ရုပ်နာမ် ဒုက္ခသစ္စာ အကုန်ပျောက်၊ အဲ.... ခင်စရာ, မင်စရာ, အားကိုးစရာသာ ပေါ်လာတယ်၊ တခါတည်း မူးသွားတဲ့ အခါကျတော့ ခင်မိကြင်မိပါတယ်၊ မူးတဲ့ ပုဂ္ဂိုလ် သောက်မိ တာ ပေါ့ဗျာ၊ သောက်မိတဲ့အခါကျလို့ရှိယင် သေပွဲဝင်ရမယ်။

(၅၉၉) ဒါဖြင့် ဒီခန္ဓာကြီးကို အနိစ္စတော, ဒုက္ခတော, ရာဂတောလို့ရှုပေးပါ၊ ဖြစ်ပျက်လို့ရှုပေးပါ၊ ရှုလိုက်လို့ရှိယင် ဒီနေရာမဂ်ပေါ်တယ်၊မဂ်ပေါ်တော့ တဏှာမလာလို့မသောက် ဖြစ်ဘူး၊ မသောက်ဖြစ်လို့သေပွဲမဝင်ရဘူး။

(၆၀၀) ဒါဘယ်လောက် ခရီးပေါက်တယ်ဆိုတာ အသေလွတ်တရား၊ အအိုလွတ်တရား ဆိုနိုင်ကြသလား၊ အို, သေလွတ်ရာကို ( နိဗ္ဗာန် ခေါ်ပါတယ် )၊ ဇာတိ လွတ်ရာကော, ကံလွတ်ရာကော,ဥပါဒါန်လွတ်ရာကော, တဏှာလွတ်ရာကော (နိဗ္ဗာန်ခေါ်ပါတယ်)။

ညောင်လေးပင်မြို့ တောရတိုက်၌ ပဓါနဥက္ကဋ္ဌဖြစ်ခိုက်
**အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ**
**ဆရာတော်ဦးအရိယ၏**
**သတိပဋ္ဌာန် အရသာကျမ်း ၁၉၅၆**

(၂) သတိပဋ္ဌာန် တို့သည် လေးပါး အပြား ရှိကုန်၏။

၁။ ဤ သာသနာတော်၌ ရဟန်းသည် အဇ္ဈတ္တ ကာယ၌ ကာယကိုအဖန်ဖန်ရှုလျက်နေ၏၊ ဗဟိဒ္ဓကာယ၌ကာယကိုအဖန်ဖန်ရှုလျက်နေ၏၊ အဇ္ဈတ္တ ဗဟိဒ္ဓ ကာယ၌ ကာယကိုအဖန်ဖန်ရှုလျက်နေ၏၊ လုံ့လရှိ၍,ဆင်ခြင်၍,သတိရှိ၍(ကာယ)လောက၌ အဘိဇ္ဈာ, ဒေါမနဿကိုပယ်ဖျောက်၍နေ၏။

[အဘိဇ္ဈာ=နှစ်သက်တွယ်တာခြင်း၊ ဒေါမနဿ=စိတ်ဆင်းရဲခြင်း]။

၂။ ထို့အတူ (ဝေဒနာ) ကို၊ ၃။ ထို့အတူ ( စိတ္တ ) ကို၊ ၄။ ထို့အတူ (ဓမ္မ) ကို အဖန်ဖန်ရှုလျက် နေ၏၊ လုံ့လရှိ၍, ဆင်ခြင်၍, သတိရှိ၍ အသီးသီးသော လောက၌ အဘိဇ္ဈာ, ဒေါမနဿကို ပယ်ဖျောက်၍နေ၏။

(၃) **သတိပဋ္ဌာန်အခွဲ**၊ သတိပဋ္ဌာန်ဟူသည် အာရုံ သတိပဋ္ဌာန်တမျိုး, မချစ်မမုန်း သတိပဋ္ဌာန်တမျိုး, သတိစေတသိက် သတိပဋ္ဌာန်တမျိုး၊ ဤသို့ သုံးမျိုးရှိ၏၊ ဤသုံးမျိုးတို့တွင် အာရုံ သတိပဋ္ဌာန်,မချစ် မမုန်း သတိပဋ္ဌာန်ကို ဤနေရာ၌ ဟောသည် မဟုတ်၊ သတိစေတသိက်ကိုသာ လေးပါးပြား၍ ဟောသည်၊ ထို့ကြောင့် ဤနေရာ၌သတိစေတသိက်သည်သတိပဋ္ဌာန်မည်၏။

တိပဋ္ဌာန်သုံးမျိုး သဘောကား+သတိ၏ အာရုံစားကျက်ဟူသမျှသည် ( သတိ+ပဋ္ဌာန ) သတိ၏ နေရာဌာန ဖြစ်၏၊ ထိုကြောင့် သတိပဋ္ဌာန်မည်၏၊ သုံးမျိုးကျင့်သော သာဝကတို့ အပေါ်၌—

(၄) ဘုရားရှင် မချစ်မမုန်းခြင်း သည်လည်း (သတိ+ပဋ္ဌာန ) သတိဖြင့် ဖြစ်စေအပ်၏၊ ထို့ကြောင့် သတိပဋ္ဌာန်မည်၏၊ အောက်မေ့ခြင်း လက္ခဏာရှိသော သတိစေတသိက်သည်လည်း (သတိ+ပဋ္ဌာန) သတိဟူသော+ထင်စွာဖြစ်သော တရားဖြစ်၏၊ ထို့ကြောင့် သတိပဋ္ဌာန်မည်၏။

၎င်း သတိစေတသိက်သည် အာရုံရှိသလောက်များ၏၊ များသော်လည်း ဝေနေယျတို့၏ အစီးအပွားအား ၎င်းလေးပါးသာ လျော်သည်။

(၅) ၁။ ကာယာနုပဿနာသည် ပညာနုံ့၍ တဏှာသဘောရှိသူ၏ ဝိသုဒ္ဓိမဂ္ဂဖြစ်၏၊(ဝါ)စင်ကြယ်ကြောင်းဖြစ်၏။

၂။ ဝေဒနာနုပဿနာသည် ပညာထက်၍ တဏှာသဘောရှိသူ၏ ဝိသုဒ္ဓိမဂ္ဂဖြစ်၏။

၃။ စိတ္တာ နုပဿနာသည် ပညာနုံ့၍ ဒိဋ္ဌိသဘောရှိသူ၏ ဝိသုဒ္ဓိမဂ္ဂဖြစ်၏။

၄။ ဓမ္မာနုပဿနာသည် ပညာထက်၍ ဒိဋ္ဌိသဘောရှိသူ၏ ဝိသုဒ္ဓိမဂ္ဂဖြစ်၏။

၎င်းသို့ဝေနေယျတို့၏ အစီးအပွားအားလျော်စွာ လေးပါးသာ ဟောသည်။

**တနည်း။** ။ဤလေးပါးသည် သုဘဟူ၍, သုခဟူ၍, နိစ္စဟူ၍, အတ္တဟူ၍ ဖေါက်ပြန်သော ဝိပလ္လာသ လေးပါးကို အစဉ်အတိုင်း ပယ်သည်၊ ဩဃလေးပါး, ယောဂလေးပါး,

(၆) အာသဝလေးပါး, ဂန္ထလေးပါး, ဥပါဒါန်လေးပါး, အဂတိလေးပါး ကိုလည်း ပယ်သည်၊ အာဟာရ လေးပါး ကိုလည်း ပိုင်းခြား၍သိသည်၊ ထို့ကြောင့်လည်း လေးပါးသာ ဟောသည်။

**တနည်း။** ။အောက်မေ့စရာ တရားလေးပါးရှိ၏၊ နိဗ္ဗာန်ဝင်ပေါက် လေးပါးရှိ၏ဟု ပြလို၍ လေးပါးသာ ဟောသည်၊ ဥပမာဖြင့် ဤသို့သိအပ်၏။

[လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးကို မှတည်ပြီးလျှင် အနောက်ဘက်မုခ်မှ ကာယာနုပဿနာ, မြောက်ဘက်မုခ်မှ ဝေဒနာနုပဿနာ, တောင်ဘက်မုခ်မှ စိတ္တာနုပဿနာ, အရှေ့ဘက်မုခ်မှ ဓမ္မာနုပဿနာ အာရုံအဖုံဖုံကို အောက်မေ့၍ ဘာဝနာ အာနုဘော်ကိုယူ၍ရသော အဋ္ဌင်္ဂိက မဂ္ဂင်တံခါးဖြင့် နိဗ္ဗာန်ဝင်ကုန်၏။]

သတိပဋ္ဌာန်တရား အားထုတ်သူ၏ မှီရာတည်ရာ ဌာနကို ပြခြင်းငှါ ဤသာသနာတော်၌ဟု ဟောသည်။

(၇) ဤသာသနာ၌သာ သတိပဋ္ဌာန်စသည်ကို အားထုတ်သော ပဌမသမဏသောတာပန်, ဒုတိယသမဏသကဒါဂါမ်, တတိယသမဏ အနာဂါမ်, စတုတ္ထသမဏ ရဟန္တာတို့သည် ရှိကုန်၏။ တပါးသော သာသနာအယူဝါဒ၌ ဤသမဏမျိုးမရှိ၊ ဤသတိပဋ္ဌာန်မျိုးလည်းမရှိ။

**မေး။** ။အဘယ်ကြောင့် ရဟန်းသည်ဟု ကတ္တာ ပြုသနည်း၊ ဘိက္ခုနီမ တို့သည်၎င်း, နတ်လူ တို့သည်၎င်း, သတိပဋ္ဌာန်ကိုကျင့်ကောင်းသည် မဟုတ်လော၊

**ဖြေ။** ။တပါးသောသူတို့ ကျင့်ကောင်းသော်လည်းသတိပဋ္ဌာန်သည် ရဟန်းတို့သာပိုင်သော အကျင့်ဖြစ်သည်၊ ရဟန်းတို့၏ ဘုရား၏ဥစ္စာအမွေရသောစားကျက်ဖြစ်၏ ထို့ကြောင့် ရဟန်းသည်ဟုကတ္တာပြုသည်။

**တနည်း။** ။လူဖြစ်စေ,နတ်ဖြစ်စေ,တန်ဆာ အမျိုးမျိုးဖြင့် အလှ အပ ဆင်မြန်း ထားသူဖြစ်စေ သတိပဋ္ဌာန်ကို ကျင့်လျှင် ဘိက္ခုမည်၏။ သမဏမည်၏၊ ရဟန်းမည်၏၊ ရွှေတောင်၌ ရောက်လာသောသားငှက်အားလုံးရွှေသားရွှေငှက်ဖြစ်သကဲ့သို့ ဤသတိပဋ္ဌာန်စားကျက်တွင်း ဝင်ချဉ်း ကပ်ရောက် လာသော လူနတ်တို့လည်း ဘိက္ခု, သမဏ, ရဟန်း ဖြစ်ကုန်၏။ ဤသို့ အကျင့်ဖြင့် ဘိက္ခုမည်ပုံကိုပြလိုသောကြောင့် ရဟန်းသည်ဟု ကတ္တာပြုသည်။

(ဂ) **အဇ္ဈတ္တကာယ။** ။မိမိကိုယ်သည် အဇ္ဈတ္တ ကာယ မည်၏။

စက်ဆုပ်ဘွယ်ဖြစ်သောဆံပင်,မွေးညှင်းစသည်တို့သည် ကု-မည်၏၊ ဖြစ်ပေါ်ရာဌာနသည် အာယ-မည်၏။ (ကု+အာယ) စက်ဆုပ်ဘွယ် တို့၏+ဖြစ်ရာ ကိုယ်ခန္ဓာသည် ကာယမည်၏။ (အဇ္ဈတ္တ+ကာယ)မိမိ၏+ကာယသည်အဇ္ဈတ္တကာယမည်၏။

(ဃ) ဤအဇ္ဈတ္တ ကာယ၌ ဝေဒနာကိုမရှု၊ စိတ္တကိုမရှု၊ဓမ္မကိုမရှု ကာယကိုသာရှုသည်။

**တနည်း။** ။ဣတ္ထိဟုမရှု၊ပုရိသဟုမရှု၊အင်္ဂါကြီးငယ်အပေါင်းကိုသာရှုသည်၊ ဆံပင်, မွေးညှင်း စသော အပေါင်း ကိုသာ

ရှုသည်၊ ဘူတရုပ်, ဥပါဒါရုပ်အပေါင်းကိုသာ ရှုသည်၊ နိစ္စ, သုခ, အတ္တ, သုဘအပေါင်းဟုအမှားကိုမရှု၊ အနိစ္စအပေါင်း ဒုက္ခအပေါင်း, အနတ္တအပေါင်း, အသုဘအပေါင်း ဟူ၍သာ အမှန်ရှုသည်၊ ဤသို့ရှုသောသူသည်အဇ္ဈတ္တကာယ၌ ကာယကို အဖန်ဖန်ရှုသည်မည်၏။ ဝါ-ကာယာနုပဿီ ပုဂ္ဂိုလ်မည်၏။

ဤ၌ ဘူတရုပ်, ဥပါဒါရုပ် အပေါင်းကိုသာ ရှုခြင်းသည် ၄က်ပျောတုံး အဖတ်ခွာ၍ အနှစ် ရှာသော် အကာသာ တွေ့ သကဲ့သို့ငှင်း, အချည်းနှီးသော လက်ဆုပ်ကို ဖြေသော် ဘာမျှ မတွေ့ သကဲ့သို့ငှင်း [ကြက်ဆူပင်၌ အနှစ်မရှိ၊ အကာအတိ] အနှစ်သာရ ဘာမျှမတွေ့ရလတ္တံ့။

[မြင်တိုင်းရှုကောင်းသည်မဟုတ်၊ ရှုကောင်းသည်ကိုမမြင် လျှင် ဒုက္ခမလွတ်၊ ဤပြဿနာကို နှိုင်းချိန်နိုင်သူတို့ ထိုးထွင်းနိုင် လတ္တံ့။]

**တနည်း**။ ။ဤအဇ္ဈတ္တကာယ၌ အနုပဿနာဥာဏ်ခုနစ် ပါးဖြင့်ရှု၏၊ ဤကိုယ်ကိုအနိစ္စဟုရှု၏၊ ဒုက္ခဟု ရှု၏၊ အနတ္တဟု ရှု၏၊ ငြီးငွေ့၏၊ တပ်ခြင်းကင်း၏၊ ချုပ်စေ၏၊ စွန့်၏ဟု ဤခုနစ်ပါး ဖြင့်ရှုလျှင် နိစ္စသညာ, သုခသညာ စသည်ကိုစွန့်နိုင်၏။

သူတပါး၏ ခန္ဓာ ကိုယ်သည် ဗဟိဒ္ဓ ကာယ မည်၏၊ ရံခါ အဇ္ဈတ္တကာယကိုရှု၏၊ ရံခါ ဗဟိဒ္ဓကာယကိုရှု၏၊ ရံခါ

(၁၀) အဇ္ဈတ္တဗဟိဒ္ဓကာယကိုရှု၏၊ ဤသို့ရှုသောသူသည် ကာယေကာယာနုပဿီ ပုဂ္ဂိုလ်မည်၏။ ဤသို့ ရှုသောသူသည် လုံ့လ ရှိရမည်၊ ပညာ ဆင်ခြင်ခြင်း ရှိရမည်၊ သတိ ရှိရမည်၊ ဤကားပြည့်စုံသင့်သောအင်္ဂါတည်း။

အဇ္ဈတ္တ စသော ကာယ သုံးပါးသည် လောက မည်၏၊ ဤကာယလောက၌ ဖြစ်လေ့ရှိသော အဘိဇ္ဈာကို,ဒေါမနဿကို

မဟာကုသိုလ်ဖြင့်ရင်း, မဟဂ္ဂုတ် ကုသိုလ်ဖြင့်ရင်း ပယ်ရမည်၊ ဤစကားဖြင့် နီဝရဏတို့ကိုပယ်ရမည်ဟု ပယ်အင်္ဂါကိုပြသည်။

အဘိဇ္ဈာကိုပယ်လျှင် ကာယ၌ မွေ့လျော်ခြင်းကိုပယ်နိုင်၏၊ ကာယ၌မရှိသော သုဘ, သုခစသည်တို့ကို ထည့်သွင်းလိုခြင်းကိုလည်း ပယ်နိုင်၏၊ ဒေါမနဿကိုပယ်လျှင် ကာယာနုပဿနာဘာဝနာ၌ မမွေ့လျော်ခြင်းကို ပယ်နိုင်၏၊ ကာယ၌ ရှိသော အသုဘ, ဒုက္ခ စသည်တို့ကို မယူလိုခြင်း ကိုလည်း ပယ်နိုင်၏၊ ထိုနှစ်ပါး ပယ်ခြင်းကြောင့် ရဟန်းသည် ကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှါ စွမ်းနိုင်၏။

(၁၁) **ဝေဒနာနုပဿီ။** ။အဇ္ဈတ္တဝေဒနာ၌ ကာယ, စိတ္တ, ဓမ္မကိုမရှု၊ **ဝေဒနာကိုသာ** ရှုသည်။

**တနည်း။** ။သုခကို ဝိပရိဏာမ သဘောဖြစ်၍ ဒုက္ခဟု, ဒုက္ခကို ငြောင့်တံသင်းဟု ဥပေက္ခာကို အနိစ္စဟု ရှုသည်။

**တနည်း။** ။ဝေဒနာအားလုံးကို ဒုက္ခ၌အတွင်းဝင်သောကြောင့် ဒုက္ခဟုရှုသည်။

**တနည်း။** ။ဝေဒနာ အားလုံးကို သုခ, ဒုက္ခ အားဖြင့် ရှုသည်။

[သုခသည် တည်လျှင်ချမ်းသာ၏၊ဖောက်ပြန်လျှင်ဆင်းရဲ၏၊ ဒုက္ခသည် တည်လျှင် ဆင်းရဲ၏၊ ဖောက်ပြန်လျှင် ချမ်းသာ၏၊ အဒုက္ခ မသုခသည် သိလျှင် ချမ်းသာ၏၊ မသိလျှင် ဆင်းရဲ၏၊ ထို့ကြောင့် သုခ,ဒုက္ခ နှစ်ပါးဖြင့် ရှုသည်ဟု ဆိုလို၏။]

**တနည်း။** ။အနုပဿနာ ခုနစ်ပါးဖြင့် ရှုသည်၊ ဤသို့ ရှုသောသူသည် အဇ္ဈတ္တဝေဒနာ၌ ဝေဒနာကို အဖန်ဖန်ရှုသော သူ မည်၏၊ ဝေဒနာနုပဿီ ပုဂ္ဂိုလ်မည်၏။

[ ဗဟိဒ္ဓဝေဒနာ, အဇ္ဈတ္တဗဟိဒ္ဓ ဝေဒနာ တို့၌လည်း ထို့အတူတည်း။]

(၁၂)**စိတ္တာနုပဿီ။** ။အဇ္ဈတ္တ စိတ္တ စသည်တို့၌ ကာယ, ဝေဒနာ, ဓမ္မကိုမရှု၊ စိတ္တကိုသာရှုသည်၊ ဝါ-အာရုံအဓိပတိ စသည်ဖြင့်ရှုသည်၊ ဝါ-အနုပဿနာဉာဏ် ခုနစ်ပါးဖြင့်ရှုသည်၊ ဝါ-သရာဂစိတ် စသဖြင့်ရှုသည်၊ ဤသို့ ရှုသောသူသည် စိတ္တာ နုပဿီ ပုဂ္ဂိုလ်မည်၏။

**ဓမ္မာနုပဿီ။** ။အဇ္ဈတ္တဓမ္မစသည်တို့၌ ကာယ,ဝေဒနာ, စိတ္တကိုမရှု၊ ဓမ္မကိုသာရှုသည်၊ ဝါ-မိမိလက္ခဏာဖြင့်,သာမည လက္ခဏာဖြင့်ရှုသည်၊ ဝါ-သတ္တဝါမှ ဆိတ်သောဓမ္မဟု ရှုသည်၊ ဝါ-အနုပဿနာဉာဏ်ခုနစ်ပါးဖြင့်ရှုသည်၊ဝါ-ထင်ရှားရှိသော တရား, ထင်ရှားမရှိသောတရားဟုရှုသည်၊ ဤသို့ရှုသောသူသည် ဓမ္မာနုပဿီပုဂ္ဂိုလ်မည်၏။

(၁၃) ဤသာသနာတော်၌ရဟန်းသည် အဇ္ဈတ္တကာယကို ခြေဖဝါးမှ အထက်, ဆံဖျားမှအောက်, ဘီလာမှ အရေဖြင့် ပိုင်းခြား၍ အထူးထူးပြည့်သော စက်ဆုပ်ဘွယ်ကိုဆင်ခြင်၏။

အကျဉ်း ဘော်ပြရသော် ၆ စုံ-၅ ပုံခွဲ၍ ( ၄ စုံ×၅ပုံ) ပထဝီ ၂၀။ (၂ စုံ×၆ ပုံ) အာပေါ ၁၂။ ၂ ရပ်ပေါင်း ၃၂ ကောဋ္ဌာသကို—

(ဆံပင်မှ ဥက္ကောက် = ပထဝီ ၂၀။)

၁ စုံ။ ဆံပင်၊ မွေးညှင်း၊ ခြေသည်း-လက်သည်း၊ သွား၊ အရေ ၅ ပုံ။

၂ စုံ။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှိ့ ၅ ပုံ။

၃ စုံ။ နှလုံး၊ အသည်း၊ အမွေး၊ အဖျဉ်း၊ အဆုပ်-၅ ပုံ။

၄ စုံ။ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်-၅ ပုံ။

**(သည်းခြေမှ ကျင်ငယ် = အာပေါ ၁၂ ။)**

၅ စုံ။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ- ၆ ပုံ။

၆ စုံ။ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်-၆ ပုံ။

ဤကိုယ်၌ရှိ၏ဟုဆင်ခြင်၏၊ ထိုနိမိတ်ကိုအကြိမ်ကြိမ်ပွား၏၊ **ကောင်းစွာမှတ်သား၏**၊ မှတ်သား၍ ဗဟိဒ္ဓကာယ၌ စိတ်ကို ဆောင်၏၊ (ထို့အတူ **အဇ္ဈတ္တ** ဗဟိဒ္ဓကာယ၌ရှုလျက်နေ၏။)

(၁ စုံလျှင် အနုလုံငါးရက်၊ ပဋိလုံငါးရက် အနုလုံပဋိလုံ ငါးရက်) ဝိပဿနာ ဉာဏ်လမ်း သက်သက် ဆက်ဆံနည်း ခြောက်လပိုင်း၊ နှုတ်ဖြင့်သရဇ္ဈာယ်၊ စိတ်ဖြင့် သရဇ္ဈာယ်ခြင်း အားဖြင့်ရှုရမည်၊ အကျယ်ကို ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက် ၁၉၅၆ ခုနှစ်ထုတ်စာအုပ်၌ စာမျက်နှာ ၁၃ မှ ၆ဝ တွင်ဝယ် ယူဘတ်ရှုပါရန် အထူးတိုက်တွန်းလိုက်ပါသည်။

(၆၉) မာကြမ်းသော အစိုင်အခဲသဘောမျိုးသည် ပထဝီ ဓာတ်မည်၏။ ယိုစီးသော ကပ်ငြိသော အရေသဘောမျိုးသည်

အာပေါစာတ်မည်၏။ ထိုမှတပါးလည်း ရင့်ကျက်စေသော အငွေ့သဘောသည် တေဇောဓာတ်မည်၏။ လှုပ်ရှားသောလေသဘောသည် ဝါယောဓာတ်မည်၏။

တေဇောဓာတ်သည်လည်း—

၁။ ရက်ခြား ဖျားခြင်း စသည်ကို ဖြစ်စေသော အငွေ့သည် သန္တပ္ပနတေဇော။

၂။ အရွယ်ကို ရင့်စေသော အငွေ့သည် ဇိရဏတေဇော။

၃။ ပူအိုက်ခြင်းကို ဖြစ်စေသော အငွေ့သည် ဒဟတေဇော။

၄။ အစာကြေစေသောဝမ်းမီးအငွေ့သည် ပါစကတေဇော။

ဝါယောဓာတ်သည်လည်း—

၁။ အထက်သို့ ဆန်တက်သောလေသည် ဥဒ္ဒင်္ဂမဝါယော။

၂။ အောက်သို့ စုံသောလေသည် အဓောဂမဝါယော။

၃။ ဝမ်းခေါင်း၌ တည်သောလေသည် ကုစ္ဆိသယဝါယော။

(၅၀) ၄။ အူစွေတွင်း၌ တည်သော လေသည် ကောဋ္ဌသယဝါယော။

၅။ အင်္ဂါကြီးငယ်လျှောက်သော လေသည် အင်္ဂမင်္ဂါနုသာရီဝါယော။

၆။ ထွက်သက် ဝင်သက် လေသည် အဿာသ ပဿာသဝါယော။

ဤဓာတ်လေးပါး၌လည်း အားနည်းသောဓာတ်ကို အားကြီးအောင်, အားကြီးသောဓာတ်ကို အားနည်းအောင် ပြုပြင်လျှင် ရစကောင်း၏။

ပထဝီကို အာပေါဖြစ်အောင်, အာပေါကို ဝါယော ဖြစ်အောင်စသဖြင့် ပြောင်းလွဲအောင် ပြုပြင်၍မရစကောင်း၊ ဓာတ်လေးပါးအပေါ်၌ ဩဇာရှိသူပိုင်သူအစိုးရသူမရှိ၊ ဤစကားဖြင့် ဤကောဋ္ဌာသတို့သည် ငါ့ကိုယ်, ငါ့ဟာ, ငါဟုမယုံကြည်အပ်သည့်အဖြစ်ကိုပြ၏။

**ဓာတ်တက်လမ်း။** ။ဤသုံးဆဲ့ နှစ်ကောဋ္ဌာသ၌ ပထဝီဓာတ်, အာပေါဓာတ် နှစ်ပါးကို နှလုံးသွင်းမိလျှင် ဝမ်း၌များစွာသောပါစကတေဇော ဝမ်းမီးအငွေ့သည်ရှင်း, နှာခေါင်း၌များစွာသောထွက်သက်ဝင်သက်လေသည်ရှင်းဆင်ခြင်ကာမျှ၌ အလွယ်တကူ ထင်လာနိုင်ကုန်၏၊ ဤဓာတ်လေးပါးသည် မဟာဘုတ်မည်၏။

(၇၁) မဟာဘုတ်ကိုသိမ်းဆည်းမိလျှင် မဟာဘုတ်ကိုမှီ၍ နေသော ဥပါဒါရုပ်သည် နေပူ နေရိပ် ပမာဖြင့် ထင်လွယ်၏။ နေပူမဟုတ်လျှင်နေရိပ် နေရိပ်မဟုတ်လျှင်နေပူဟု အချင်းချင်း ပိုင်းခြားသကဲ့သို့ မဟာဘုတ်မဟုတ်သော အဖြူ, အဝါ အမွှေး အနံ့စသည်တို့သည် ဥပါဒါရုပ်,ဥပါဒါရုပ်မဟုတ်သောအအေး အမာစသည်တို့သည် မဟာဘုတ်ဟု အချင်းချင်း ရုပ်တို့ကိုပိုင်းခြားလျှင်ဥပါဒါရုပ်ကိုသိနိုင်၏၊ထိုအခါ''ဤမဟာဘုတ်,ဥပါဒါရုပ်တို့သည် ရူပက္ခန္ဓာမည်၏၊ ရုပ်အစုဖြစ်၏'' ဟု ဉာဏ်ဖြင့် သိမ်းဆည်းရမည်၊ စုဆောင်းရမည်။

ထို့နောင် မျက်စိစသော ပသာဒရုပ်အစွမ်းဖြင့် ဆင်ခြင်လျှင် နာမ်ရုပ်ထင်လွယ်၏၊ဆင်ခြင်ပုံကားမျက်စိအစွမ်းဖြင့်အဆင်းကို သိသည်, နားဖြင့် အသံကို, နှာခေါင်းဖြင့် အနံ့ကို, လျှာဖြင့် အရသာကို, ကိုယ်ဖြင့် အတွေ့ကိုသိသည်၊ "ဤသိခြင်းသဘော တို့သည် နာမက္ခန္ဓာမည်၏၊ နာမ်အစုမည်၏"ဟု ဉာဏ်ဖြင့်သိမ်း ဆည်းရမည်။

ဤသို့နာမ်ရုပ်နှစ်ပါးကို သိမ်းဆည်းပြီးသောအခါ "ဤရုပ် နာမ်တို့သည် ခန္ဓာတို့သာဖြစ်ကုန်၏၊ ဓာတ်တို့သာဖြစ်ကုန်၏" ဟု မှတ်သားရမည်။

**အကြောင်းရှာပုံ**။ ။ထိုနောင် ရုပ်,နာမ်တို့၏ အကြောင်းကို ဤသို့ရှာရမည်၊ ဤနာမ်ရုပ်ကို **အာဟာရ** ထောက်ပံ့သည်၊ အတိတ်ကံပစ်ချသည်၊ အတိတ်ကံပစ်နိုင်အောင် တဏှာညွှတ် သည်၊ တဏှာညွှတ်အောင် အဝိဇ္ဇာအပြစ်ဖုံးသည်၊ ဤလေးပါး ပါသည် အကြောင်းတည်း။

(၇၂) **တနည်း**။ ။အဝိဇ္ဇာအပြစ်ဖုံးခြင်းကြောင့်တဏှာ မက်မောသည်၊ တဏှာမက်မောသောကြောင့် ကံပစ်ချသည်၊ ဝါ-ရုပ်,နာမ်ဖြစ်အောင် ကံစီမံသည်၊ ဝါ-ပို့လိုက်သည်၊ ကံပို့ လိုက်သောအတိုင်းတည်တန့်အောင်အာဟာရထောက်ပံ့သည်၊ ထို့ကြောင့် "ဤအဝိဇ္ဇာ,တဏှာ,ကံ,အာဟာရတို့သည် နာမ်, ရုပ်၏ အကြောင်းတည်းဟု မှတ်သားရမည်။

**ယုံမှားလွန်ခြင်း**။ ။အကြောင်းနှင့်တကွ ရုပ် နာမ် တို့ကို မှတ်သားနိုင်သော ပုဂ္ဂိုလ်ဖြစ်သောအခါ "အတိတ်၌ လည်း အကြောင်းနှင့်အကျိုးပါတကား၊ အနာဂတ်၌လည်းအကြောင်း နှင့် အကျိုးပါတကား၊ ပစ္စုပ္ပန်၌လည်း အကြောင်းနှင့်အကျိုး

ပါတကား၊ ထို့ထက် အလွန်ပုဂ္ဂိုလ်သတ္တဝါမရှိ၊ သင်္ခါရတရား အစုသက်သက်သာတည်း”ဟု အထပ်ထပ်ဆင်ခြင်ရမည်။

(၇၂) ဤနည်းဖြင့်“အကျိုးအကြောင်းသင်္ခါရတရားအစုသာတည်း” ဟု ကောင်းစွာ ဆင်ခြင်မိသောသူသည် ကာလသုံးပါး၌ ယုံမှားခြင်း လွန်မြောက်သောသူ ဖြစ်သည် မည်၏၊ သင်္ခါရတရားစု သက်သက်ဟု မှတ်သားသော ဝိပဿနာပညာသည် ဉာတပရိညာမည်၏၊ ဝါ-သိသင့်သမျှ ပိုင်းခြား၍ သိသောဉာဏ်မည်၏။

စူဠသောတာပန်၊ ဤဉာတပရိညာဖြင့် သင်္ခါရစုသက်သက်ဟု မှတ်သားနိုင်သော ပုဂ္ဂိုလ်သည် ဤသာသနာတော်၌ အမြစ်သက်ဆင်း၍ ထောက်ရာတည်ရာရသောသူဖြစ်၏၊ သုဂတိဘဝမြဲ၏၊ စူဠသောတာပန်ပုဂ္ဂိုလ်ဖြစ်သည်မည်၏။

(၇၃) စူဠသောတာပန် ဖြစ်သောသူသည် လျောက်ပတ်သော ဥတု, ဘောဇဉ်, ကလျာဏမိတ္တတို့ကိုရသဖြင့် ဝိပဿနာပွားသောအခါ တထိုင်တည်းဖြင့်ပင် ရဟန္တာ ဖြစ်နိုင်၏။ [ဤကား ခတ်ထင်ရာမှ အဆင့်ဆင့် ရဟန္တာဖြစ်ပုံတည်း။]

(၇၄) **သတ္တိချိုးခြင်း**၊ သဲရေအခွံအောက်၌ပုန်းကွယ်၍ နေကြသော အသား, အကြောစသော ၂၇ ခုသော ကောဋ္ဌာသကို ရာဂအာရုံပြု၍ ဖေါက်ထွင်းရန် ခဲယဉ်းလှ၏၊ ဉာဏ်ပညာသာလျှင် လွယ်ကူစွာ ဖေါက်ထွင်းနိုင်၏၊ ရာဂ မဖေါက်ထွင်းနိုင်။

(၈၁) ဤ၌“ဆံပင်စသည် သည် ငါမဟုတ်၊ ကိုယ်ကောင်မဟုတ်၊ ငါမဟုတ်၊ ထို့ကြောင့် အတ္တ သုညမည်၏၊ ငါမပိုင်, ငါ့ဥစ္စာမဟုတ်, ငါ့ဩဇာမခံ, ငါဖြစ်ချင်သလိုမဖြစ်, သူဖြစ်

ချင်တိုင်းဖြစ်၏၊ ထို့ကြောင့် အတ္တနိယသုညမည်၊ ကောဋ္ဌာသ တိုင်း ငါသုဉ်းပြီ၊ ငါ့ဥစ္စာသုဉ်းပြီ၊ မြဲခြင်းသုဉ်းပြီ၊ ထို့ကြောင့် မြှော်လင့်စရာမရှိပြီ''။

(၁၂) ဤသာသနာတော်၌ ရဟန်းသည် အဇ္ဈတ္တကာယ၌ ဗဟိဒ္ဓကာယ၌၊ အဇ္ဈတ္တဗဟိဒ္ဓ ကာယ၌ ကာယကို အဖန်ဖန် ရှု၏ စသဖြင့် ဆိုအပ်သော စကားရပ်၌ အဖန်ဖန်ရှု၏ဟူသော စကားဖြင့် အနုပဿနာကမ္မဋ္ဌာန်းကိုပြ၏။

အဖန်ဖန်ရှုခြင်းသည် အနုပဿနာမည်၏၊ ဘာဝနာမည်၏။ ပွားအပ်သောကိစ္စဖြစ်သောကြောင့်ကမ္မမည်၏၊ တရားထူးရခြင်း၏ အကြောင်း ဖြစ်သောကြောင့် ဌာနမည်၏၊ ထိုအနက် နှစ်ပါး ကြောင့် ကမ္မဋ္ဌာနမည်၏၊ ဤကား ဘာဝနာကမ္မဋ္ဌာန်းတည်း။

ဆံပင်, မွေးညှင်းစသော အာရုံသည်လည်း ကမ္မမည်သော ဘာဝနာအမှု၏ တည်ရာအာရုံဌာနဖြစ်သောကြောင့် ကမ္မဋ္ဌာန မည်၏၊ ဤကား အာရုံကမ္မဋ္ဌာန်းတည်း။

ဤဘာဝနာ ကမ္မဋ္ဌာန်း, အာရုံကမ္မဋ္ဌာန်း နှစ်ပါးတို့တွင် ဤ အဖန်ဖန်ရှုခြင်းဖြင့် ဘာဝနာကမ္မဋ္ဌာန်းကို ပြသည်။

အားထုတ်ခြင်းဖြင့် သမ္မပ္ပဓာန်ဝိရိယကို ဆင်ခြင်အောက်မေ့ ခြင်းဖြင့် ကမ္မဋ္ဌာန်း ဆောင်ယူခြင်းကိုပြသည်။

(၁၃) ဤသာသနာတော်၌ ရဟန်းသည်, ငါသည် သုခ ဝေဒနာကိုခံစားလျက် ''ငါသည် သုခဝေဒနာကို ခံစား၏ဟု သိ၏၊'' ဒုက္ခဝေဒနာကို ခံစားလျက် ''ငါသည် ဒုက္ခဝေဒနာကို ခံစား၏''ဟုသိ၏၊ အဒုက္ခ-မသုခဝေဒနာခံစားလျက် ''ငါသည် အဒုက္ခ, မသုခ ဝေဒနာကို ခံစား၏''ဟု သိ၏၊ ထို့အတူ သာမိသဖြစ်သော သုခကို, ဒုက္ခကို, အဒုက္ခ, မသုခကို နိရာ

မိသဖြစ်သော သုခကို, ဒုက္ခကို, အဒုက္ခကို, မသုခကို ခံစားလျက် "ငါသည်နိရာမိသဖြစ်သော အဒုက္ခ,မသုခဝေဒနာကိုခံစား၏" ဟု သိ၏၊ (၉-မျိုး)။

ထိုဝေဒနာ နိမိတ်ကို အကြိမ်ကြိမ် ပွား၏၊ ကောင်းစွာ မှတ်သား၏၊ မှတ်သား၍ ဗဟိဒ္ဓ

(၁၄) ဝေဒနာ၌ စိတ်ကိုဆောင်၏၊ ထို့အတူ အဇ္ဈတ္တ ဗဟိဒ္ဓဝေဒနာ၌စိတ်ကိုဆောင်၏၊ သိ၏(၉-မျိုး)။

ဤသို့ အဇ္ဈတ္တဗဟိဒ္ဓ ဝေဒနာတို့၌ ဝေဒနာကို အဖန်ဖန် ရှုလျက်နေ၏၊ လုံ့လရှိ၍, ဆင်ခြင်၍, သတိပြု၍ (ဝေဒနာ) လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍နေ၏။

အဇ္ဈတ္တစသော ဝေဒနာ သုံးပါးသည် လောကမည်၏၊ ဥပါဒါနက္ခန္ဓာငါးပါးသည်လည်း လောကမည်၏။

**အဓိပ္ပါယ်အကျဉ်း။** အာရုံ အရသာကို ခံစားတတ်သော၊ ဝါ-ခံစားကြောင်း ဖြစ်သော သဘောတရားသည် ဝေဒနာ မည်၏၊ မုချအားဖြင့်ကား ခံစားသကဲ့သို့သော အချင်းအရာဖြင့် ဖြစ်ခြင်းမျှသည် ဝေဒနာမည်၏။

၁။ ကောင်းသော အတွေ့ဖြင့် ကိုယ်ချမ်းသာခြင်းသည် ကာယိက သုခမည်၏၊ ကောင်းသော အာရုံခြောက်ပါးဖြင့် စိတ်ချမ်းသာခြင်းသည် စေတသိကသုခမည်၏။

၂။ မကောင်းသော အတွေ့ဖြင့် ကိုယ်ဆင်းရဲခြင်းသည် ကာယိက ဒုက္ခမည်၏၊ မကောင်း

(၁၅) သော အာရုံခြောက်ပါးဖြင့် စိတ်ဆင်းရဲခြင်းသည် စေတသိက ဒုက္ခမည်။

၃။ သုခ နှစ်ပါးလည်းမဟုတ်၊ ဒုက္ခ နှစ်ပါးလည်း မဟုတ်၊အလယ်အလတ်ဖြစ်ခြင်းသည် အဒုက္ခ မသုခမည်၏။

၄။ ကာမဂုဏ်ငါးပါးကို အာရုံပြုသောတဏှာ၏ ဖြစ်ရာ ခြောက်ဒွါရ သည် တဏှာ ၏ အိမ် ( ဂေဟာ ) မည်၏၊ တဏှာအိမ်ကိုမှီ၍ ဖြစ် သော ဂေဟသိတ ဝေဒနာသည် ကိလေသာ ဟူသော အာမိသ ရှိသောကြောင့် သာမိသ ဝေဒနာမည်၏။

၅။ တဏှာမှ လွတ်မြောက်သော ကုသိုလ် စသည် တို့၏ ဖြစ်ရာခြောက်ဒွါရသည် နေက္ခမ္မမည်၏၊ နေက္ခမ္မကိုမှီ၍ ဖြစ်သော နေ က္ခ မ္မ နိ ဿိ တ ဝေဒနာသည် ကိလေသာ ဟူသော အာမိသ မရှိသောကြောင့် နိရာမိသ ဝေဒနာမည်၏။

(၁၆) သတ္တဝါသညာ စွန့်ခွာပုံကား- ဝေဒနာသည်သာ ခံစားလျက်ဖြစ်သည်ကို "ငါခံစားသည်" ဟူ၍ ဝေါဟာရ စကား ပြောဆိုခြင်းမျှသာတည်းဟုသိ ရမည်၊ ဤသို့ သိလျှင် သတ္တဝါသညာကို စွန့်ခွာသည်မည်၏။

ရှင်းဦးအံ့—

၁။ ဤဝေဒနာကို အဘယ်သူ ခံစားသနည်း၊ ခံစား တတ်သော ပုဂ္ဂိုလ်သတ္တဝါမရှိ။

၂။ ဤဝေဒနာကို အဘယ်သူ အစိုးတရ ပိုင်ဆိုင် သနည်း၊ ပိုင်ဆိုင်သူမရှိ၊ အစိုးရသူမရှိ။

၃၊ ဤဝေဒနာသည် ပုဂ္ဂိုလ်သတ္တဝါတို့ အလိုကြောင့် ဖြစ်သလော၊ မဖြစ်၊ ဝဋ္ဋ အာရုံ ကြောင့်သာ ဖြစ်သည်။

ထို့ကြောင့် ဝေဒနာသာလျှင် ခံစားလျက်ဖြစ်သည်ကို ငါခံစားသည်ဟူ၍ ပြောဆိုခြင်းမျှသာဖြစ်သည်၊ စင်စစ်ခံစားသော သူမရှိ၊ ဤသို့ သတ္တဝါ သညာကို ခွန့်ခွာ၍ သိမှ သာ လျှင် ကမ္မဋ္ဌာန်းဖြစ်သည်၊ သတ္တဝါသညာ မခွန့်နိုင်လျှင် သိရုံမျှဖြင့် ကမ္မဋ္ဌာန်းမဖြစ်သေး။

(ဂ၇) [ ဒုက္ခဝေဒနာကို ငါခံစား၏၊ အဒုက္ခ မ သု ခ ဝေဒနာကိုငါခံစား၏ဟုသိရာ၌လည်း ဤအတူ သတ္တဝါသညာ ခွန့်ခွာ၍ သိရမည်သာတည်း။ ]

**ခံစားသူမရှိပုံဝတ္ထု။** ။စိတ္တလတောင်၌ မဟာထေရ်တပါး လေနာနှိပ်စက်၍ ငြီးတွားစဉ် ရဟန်းငယ် တပါးက အရှင်ဘုရား····အဘယ်နေရာ နာပါသနည်းဟု လျှောက်၏။

(ဂ၇) ငါ့ရှင်····နာသောနေရာပြစရာသီးခြားမရှိ၊ အာရုံပြုလျက် ဝေဒနာသာလျှင်ခံစား၏ဟုဖြေလတ်သော်၊ဤသို့သိလျှင် သည်းခံသင့်သည် မဟုတ်ပါလောဟု လျှောက်၏၊ ကောင်းပြီ သည်းခံတော့မည် ငါ့ရှင်····ဟုဆိုလတ်သော် သည်းခံခြင်းသည် အလွန်ကောင်းပါသည်ဘုရားဟု လျှောက်၏၊

မထေရ်သည် မငြီးမတွား သည်းခံ လျက်နေ စဉ် လေ သည်ရင်ကိုခွဲ၏၊ အူခွေသည် အပသို့ထွက်၍ ညောင်စောင်း၌ တည်၏၊ ငါ့ရှင်ဤမျှသောသည်းခံခြင်းသည် သင့်လျော်ပြီမဟုတ်လောဟုဆိုလတ်သော်၊ ရဟန်းငယ်သည် ဆိတ်ဆိတ်သာနေ၏၊ မထေရ်သည် ဝီရိယ သမာဓိ ညီမျှအောင် ယှဉ်စေသဖြင့် ပဋိ

သမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်၍ သမသီသီ ပုဂ္ဂိုလ် အဖြစ်ဖြင့် ပရိနိဗ္ဗာန်ဝင်တော်မူ၏။

[ဤ၌လွန်စွာသည်းခံခြင်းကြောင့်၊သည်းခံခြင်းသည်ပင်လွန်ကဲသောဝီရိယမည်၏၊ဝီရိယရှိသလောက်သမာဓိကိုဖြစ်စေခြင်း၊ သမာဓိရှိသလောက် ဝီရိယကို ဖြစ်စေခြင်းသည် ညီမျှအောင် ယှဉ်စေသည်မည်၏။]

(၁၁) **သမသီသီ။** ။မဂ္ဂဝီထိဖြင့် ရဟန္တာဖြစ်၍ ပစ္စဝေက္ခဏာ လေးဝီထိကျ၍ မရဏာသန္နဝီထိ ဖြစ်သောသူသည် သမသီသီ ပုဂ္ဂိုလ် မည်၏၊ အဓိပ္ပါယ်ကား…. အဝိဇ္ဇာသည် ကိလေသာ ဦးခေါင်းမည်၏၊ ဇီဝိတိန္ဒြေသည် ခန္ဓာ ဦးခေါင်း မည်၏၊ မဂ္ဂဝီထိ၌ကိလေသာဦးခေါင်းပြတ်သည်၊ မရဏာသန္နဝီထိ၌ ခန္ဓာဦးခေါင်းပြတ်သည်၊ စိတ်တခုတည်းဖြင့် ဦးခေါင်း နှစ်ခု ပြိုင်တူမပြတ်၊ ဤဦးခေါင်း နှစ်ခုသည် ပစ္စဝေက္ခဏာဝီထိ ခြားသော်လည်း စိတ်အစဉ် လျှင်မြန် လှသောကြောင့် ပြိုင်တူ ပြတ်သကဲ့သို့ဖြစ်၏။

( သမ+သီသ+ဤ- ) ညီမျှသော + ဦးခေါင်း+ရှိသော ရဟန္တာဟုဆိုလို၏။

[**ကိလေသာတို့၏ ခေါင်းဆောင်။** ။၁-ပလိဗောသီသံ-မင်ကိုနှောင့်ယှက်ပိတ်ပင်တတ်သော တရားတို့၏ ခေါင်းဆောင်ကား တဏှာ-တဏှာ တည်း။ ၂-ဗန္ဓနသီသံ-ဝဋ်ကို နှောင်ဖွဲ့တတ်သော တရားတို့၏ ခေါင်းဆောင်ကား မာနော - မာနတည်း၊ ၃-ပရာ မာသ သီသံ-အာရုံကို သုံးသပ်မှားသော တရားတို့၏ ခေါင်းဆောင်ကားဒိဋ္ဌိ-ဒိဋ္ဌိတည်း။ ၄-ဝိက္ခေပသီသံ-ပြန့်လွင့်

ဒေသာတရားတို့၏ ခေါင်းဆောင်ကားဥဒ္ဓစ္စံ-ဥဒ္ဓစ္စတည်း။ ၅-ကိလေသသီသံ-ကိလေသာတို့၏ ခေါင်းဆောင်ကား အဝိဇ္ဇာ-အဝိဇ္ဇာတည်း။ ၆-အဓိမောက္ခသီသံ-သက်ဝင်ယုံကြည်သော တရားတို့၏ ခေါင်းဆောင်ကား သဒ္ဓါ-သဒ္ဓါတည်း။ ၇-ပဂ္ဂဟသီသံ-ချီးမြှောက်သော တရားတို့၏ ခေါင်းဆောင် ကား ဝီရိယံ-ဝီရိယတည်း။ ၈-ဥပဋ္ဌာနသီသံ-ထင်လာသော တရားတို့၏ ခေါင်းဆောင်ကား သတိ-သတိတည်း။ ၉-အဝိက္ခေပသီသံ-မပြန့်လွင့်သောတရားတို့၏ ခေါင်းဆောင်ကား သမာဓိ-သမာဓိတည်း။ ၁၀-ဒဿနသီသံ-မြင်သောတရားတို့၏ ခေါင်းဆောင်ကား ပညာ-ပညာတည်း။ ၁၁-ပဝတ္တနသီသံ-အစဉ်မပြတ်စပ်သော တရားတို့၏ ခေါင်းဆောင်ကား ဇီဝိတိန္ဒြိယံ- ဇီဝိတိန္ဒြေ တည်း။ ၁၂-ဂေါစရသီသံ - အာရုံတို့၏ ဦးသည် ဝိမောက္ခော-ဝိမောက္ခတည်း။ ၁၃-သင်္ခါရသီသံ-သင်္ခါရတရားတို့၏ ဦးသည်၊ နိရောဓေါ-နိရောဓတည်း....ဤသို့ ပဋိသမ္ဘိဒါမဂ်သမသီသကထာလာ သီသတရား ၁၃ ပါးတို့တွင် တဏှာ, မာန, ဒိဋ္ဌိ,ဥဒ္ဓစ္စ ကိလေသာ ၄ ပါးတို့ကိုသီသ အဖြစ်ဟောပြီးနောက်"ကိလေသသီသံအဝိဇ္ဇာ"ဟုဟောပုံကိုထောက်၍အဝိဇ္ဇာကို ကိလေသာတို့၏ ခေါင်းဆောင်ဟုနားလည်ရာ၏။]

**သာသနာရေးလမ်းစဉ် ဝိသုဒ္ဓိမဂ် ရှင်မေဓာဝီ ရေးသားသည့် လွှတ်တော် တရားဝန်ကြီးချုပ် ဦးသိမ်းမောင်နှင့် ဒေါ်စောတင်တို့၏ကောင်းမှုဓမ္မဒါနစာအုပ်မှ(၁၃၁၀ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်)။**

**နာမ်သိမ်းဆည်းပုံ။** ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်း နှစ်မျိုးတို့တွင် ရုပ်ကမ္မဋ္ဌာန်းကို အကျဉ်းနှစ်လုံးသွင်း အားဖြင့်၎င်း, အကျယ်နှလုံးသွင်း အားဖြင့်၎င်း, ဓာတ်လေးပါးခွဲ၍ ဟောသည်၊ နာမ်ကမ္မဋ္ဌာန်းကို ဖဿ,ဝေဒနာ စိတ်အစွမ်းဖြင့် နှလုံးသွင်းပုံ သုံးမျိုးဟောသည်။ ထိုသုံးမျိုးတို့တွင်လည်းဝေဒနာ အစွမ်းဖြင့်ဟောခြင်းသည် ထိုထိုနေရာ၌များ၏။

ရှေးဦးစွာ ရုပ်ကမ္မဋ္ဌာန်းကို ဤသို့ နှလုံးသွင်းရမည်၊ "ဤကိုယ်၌ ပထဝီဓာတ်နှစ်ဆယ်, အာပေါဓာတ်တဆဲ့နှစ်ပါး, တေဇောဓာတ်လေးပါး, ဝါယောဓာတ်ခြောက်ပါးရှိ၏၊ လေးဆဲ့နှစ်ပါးသော အစုအဝေးဖြစ်၏၊ ဓာတ်လေးပါး အပေါင်းဖြစ်၏"ဟု စတုဓာတုဝဝတ္ထာန် ရုပ်ကမ္မဋ္ဌာန်းကို ဆင်ခြင်ရမည်၊ နှလုံးသွင်းရမည်၊ သိမ်းဆည်းရမည်။

(၁၉) ဤသို့ သိမ်းဆည်းပြီးသောအခါ ဖဿ, ဝေဒနာ, စိတ်,ဤသုံးမျိုးတို့တွင် တမျိုးမျိုးထင်၏၊ ထင်ပုံကား-အချို့သောသူအား ထိုရုပ်ကမ္မဋ္ဌာန်းအာရုံ စိတ်, စေတသိက်တို့ ရှေ့ဦးစွာ ကျရောက်သော သဘော, ထိုအာရုံကို တွေ့ထိ သကဲ့ သို့သော သဘောသည်ထင်၏၊ ထိုသဘောသည်ဖဿတည်း။ အချို့အား အာရုံကိုခံစားလျက်ရှိသော သဘောသည်ထင်၏၊ ထိုသဘောသည် ဝေဒနာတည်း၊ အချို့အား အာရုံကိုသိလျက် ဖြစ်သော သဘောသည်ထင်၏၊ ထိုသဘောသည် စိတ်တည်း။

ဤသို့ ထင်သောအခါ ဖဿထင်သောသူတို့သည်"ဤဖဿသည်တခုတည်းဖြစ်သည်မဟုတ်၊ဖဿနှင့်အတူတကွခံစားသော ဝေဒနာ, မှတ်သားသောသညာ, စေ့ဆော်သော စေတနာ, သိတတ်သော စိတ်လည်းဖြစ်၏"ဟု ဖဿနှင့်တကွ နာမ်တရားငါးပါးကို၊ ဝါ-ဖဿပဉ္စကကို သိမ်းဆည်းရမည်။ ဝေဒနာ

ထင်သောသူ၊စိတ်ထင်သောသူတို့လည်း ဤအတူဖဿပဉ္စကကို သိမ်းဆည်းရမည်။

**နာမ်ရုပ်သိမ်းဆည်းပုံ။**။ ဖဿပဉ္စကကိုသိမ်းဆည်းပြီးသော အခါ....ဤဖဿ ပဉ္စကသည် အဘယ်ကို မှီ၍ ဖြစ်သနည်းဟု ဆင်ခြင်၍ "ဤဖဿပဉ္စကသည် ကရဇကာယကိုမှီ၍ ဖြစ်သည်ဟု သိရမည်"။

ဤကရဇ ကာယသည် ဘူတရုပ်, ဥပါဒါရုပ် အားဖြင့် ရူပက္ခန္ဓာဖြစ်၏၊ ဖဿပဉ္စကသည် နာမက္ခန္ဓာဖြစ်၏၊ နာမ်ရုပ်မှ လွတ်သော ခန္ဓာငါးပါးမရှိ၊ ခန္ဓာငါးပါးမှ လွတ်သောနာမ်ရုပ် မရှိဟု အသိဉာဏ် ဖြစ်စေ၍ နာမ်ရုပ် နှစ်ပါးကို သိမ်းဆည်း ရမည်။

(၉၀) **ရှုဥ္ဖသောတာပန်**။ နာမ်ရုပ် သိမ်းဆည်း မိသော အခါ အကြောင်းကိုဆင်ခြင်ရမည်၊ (အကြောင်းရှာပုံကို ခေတ် တက်လမ်း၌ ဆိုပြီးပြီ ) အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ၊ ဤတရားတို့သည် အကြောင်း၊ နာမ်, ရုပ်တို့သည် အကျိုး၊ ဤအကြောင်း အကျိုးမှ တပါး ပုဂ္ဂိုလ် သတ္တဝါမရှိ၊ သံသရာ သက်သက်သာဖြစ်၏ဟု ဆင်ခြင်ရမည်။

၁။ ဤအကြောင်းနှင့်တကွသော နာမ်,ရုပ်တို့သည် ဖြစ်ပြီး လျှင် ပျက်စီးတတ်သောကြောင့် မမြဲသော နာမ်ရုပ်တို့ သာ ဖြစ်ကုန်၏တကား။

၂။ ဖြစ်ခြင်းပျက်ခြင်းဖြင့် နှိပ်စက်အပ်သောကြောင့် ဆင်းရဲ သော နာမ်,ရုပ်တို့သာ ဖြစ်ကုန်၏တကား။

၃။ မိမိ အလိုသို့ မလိုက် သောကြောင့် ငါ့ကိုယ်, ငါ့ဟာ, ငါဟု မမှတ်ထိုက်သော နာမ်, ရုပ်တို့သာ ဖြစ်ကုန်၏ တကား။

ဤသို့ အဖန်ဖန် သုံးသပ်ရမည်။

ဤသို့ သုံးသပ်မိသောအခါ ယုံမှားခြင်း လွန်မြောက်သော သူဖြစ်၏၊ စူဠသောတာပန်ဖြစ်၏၊ ထိုမှနောက်၌ ငါသည် မဂ်ဖိုလ်ကို ဤနေ့ရလတ္တံ့၊ ဤနေ့ရလတ္တံ့ဟု တောင့်တလျက် အားထုတ်လတ်သော် ဥတုသပ္ပါယ စသည်နှင့် ပြည့်စုံသော နေ့၌ တထိုင်တည်း ရဟန္တာဖြစ်နိုင်၏။

**ခြေရာခံနည်း**။ ။ဖဿ,ဝေဒနာ, စိတ် ဤသုံးမျိုး တို့တွင် ဝေဒနာသည် ဖဿ,စိတ်တို့ထက် သိလွယ်သော သဘောရှိ၏။ ထို့ကြောင့် ဤကမ္မဋ္ဌာန်း၌ ဝေဒနာအစွမ်းဖြင့် ဟောသည်။ အဒုက္ခ-မသုခဝေဒနာ ကျောက်ဖျာပေါ် သမင်တက် ခြေရာခံ နည်းဖြင့် ယူဆရမည်။

(၉၁) ဝေဒနာ ရှုနည်းတမျိုး။ **တနည်းကား** သုခဝေဒနာ တမျိုးမျိုး ဖြစ်သောအခါ သုခ ဖြစ်ခိုက် ဒုက္ခမရှိ၊ ထို့ကြောင့် "ငါသည် သုခဝေဒနာကို ခံစားဆဲ, ခံစား၏" ဟု သိရမည်။ ဤသို့သိသောသူသည်လည်း သုခဝေဒနာ နုပဿီပုဂ္ဂိုလ်မည်၏။

(၉၂) ဤသို့သိလျှင် ရှေး၌ဖြစ်ဘူးသောဒုက္ခဝေဒနာသည် ယခုမရှိ၊ ယခုဖြစ်ဆဲ သုခဝေဒနာသည် ရှေး၌မရှိ၊ ထို့ကြောင့် "ဝေဒနာ ဟူသမျှသည် မခိုင် မမြဲ ဖေါက်ပြန် ပြိုကွဲ တတ်၏ တကား" ဟုသိသောသူဖြစ်၏။

**အဂ္ဂိဝေဿနသုတ်**။ ချစ်သားအဂ္ဂိဝေဿန....အကြင်အခါ သုခဖြစ်၏၊ ထိုအခါ ဒုက္ခမဖြစ်၊ အဒုက္ခ မသုခမဖြစ်၊ သုခတခု သာဖြစ်သည်၊ ထိုမှတပါးသောအခါ ဒုက္ခဖြစ်၏ ထိုအခါ သုခ မဖြစ်၊ အဒုက္ခမသုခမဖြစ်၊ ဒုက္ခတခု သာဖြစ်သည်၊ ထိုမှတပါး သောအခါ အဒုက္ခ-မသုခဖြစ်၏၊ ထိုအခါ သုခမဖြစ်၊ ဒုက္ခမဖြစ်၊ အဒုက္ခမသုခ တခုသာဖြစ်သည်။

ချစ်သား အဂ္ဂိဝေဿန…. သုခ ဝေဒနာသည် အမြဲမရှိ၊ ပြုပြင်မှုဖြစ်၏၊ အကြောင်းကိုစွဲ၍ဖြစ်၏၊ ကုန်သောသဘောရှိ၏၊ တပ်ခြင်းသဘောမရှိ၊ ချုပ်ကွယ်ခြင်းသဘောရှိ၏။

[ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာသည်လည်း ဤအတူသာတည်း။]

ချစ်သားအဂ္ဂိဝေဿန….ဤသို့သိမြင်သောသူသည် ဝေဒနာတို့၌ ငြီးငွေ့၏၊ ငြီးငွေ့သော သူသည် တပ်ခြင်းကင်း၏၊ တပ်ခြင်းကင်းသောသူသည်လွတ်၏၊လွတ်သောသူသည်"ငါလွတ်ပြီ" ဟုအသိဉာဏ်ဖြစ်၏၊ ထိုနောက် ပဋိသန္ဓေကင်းပြီ၊ မြတ်သော အကျင့်ကို ကျင့်ပြီးပြီ၊ ပြုဘွယ်ကိစ္စမရှိပြီ၊ နောက်တဖန် မဂ်ကိစ္စအတွက် ပြုဘွယ်မရှိဟုသိ၏၊…. ဤသို့ အဂ္ဂိဝေဿန သုတ်ကို ဟောတော်မူသည်။

(၉၃) **အာမိသစသည်တို့**။ ကိလေသာ အာမိသရှိသော ဝေဒနာသုံးပါး, အာမိသကင်းသော ဝေဒနာသုံးပါးဖြစ်သော အခါ၌လည်း "ငါသည် အာမိသရှိသောသုခဝေဒနာကို ခံစား၏ ခံစားဆဲ"ဤသို့စသဖြင့် သိရမည်။

တပါးသော ပုဂ္ဂိုလ်ကို ဤသူသည် သုခဝေဒနာကို ခံစား၏ စသဖြင့်သိခြင်းသည် ဗဟိဒ္ဓ၌ စိတ်ကိုဆောင်သည်မည်၏၊ ရံခါ မိမိ၏ ဝေဒနာကို၊ ရံခါ သူတပါး၏ ဝေဒနာကို သိခြင်းသည် အဇ္ဈတ္တ ဗဟိဒ္ဓ၌ စိတ်ကိုဆောင်သည်မည်၏၊ ဤ၌မိမိသူတပါး မမှတ်သားဘဲ သုခဝေဒနာမျှ ဒုက္ခဝေဒနာမျှ သိခြင်းကိုဟောသည် ဤဝေဒနာနုပဿနာ၌ သမထနည်းမရှိ ဝိပဿနာသက်သက်သာတည်း။

(၉၆) **စိတ်ရှုနည်း**။ မိမိသန္တာန်၌ ရာဂရှိသော စိတ်ဖြစ်သောအခါ "ငါ၏စိတ်သည် ရာဂရှိ၏၊ ငါ့အားရာဂရှိသောစိတ်ဖြစ်၏"ဟု သိသောသူသည် စိတ္တာနုပဿီ ပုဂ္ဂိုလ်မည်၏၊ "ရှေး၌

(၉၇) မဖြစ်ယခုဖြစ်ဆဲ"ဟု သိသော သူသည်လည်း စိတ္တာနုပဿီပုဂ္ဂိုလ်မည်၏။

ဤသို့စိတ်ကို အကြိမ်ကြိမ်ရှု၍ **နာမ်**ကို သိမ်းဆည်း၍၎င်း, နာမ်ရုပ်ကို သိမ်းဆည်း၍၎င်း, စုဥသောတာပန် ဖြစ်စေ၍၎င်း ပွားများပုံနည်းတို့ကို **ဝေဒနာ**နုပဿနာ၌ ဆိုပြီးသည်ကိုမှီး၍ သိအပ်ကုန်၏၊ ကြွင်းသောစိတ်ရှုပုံ, ဗဟိဒ္ဓရှုပုံ, အဇ္ဈတ္တဗဟိဒ္ဓ ရှုပုံတို့လည်း သိလွယ်သောသဘောရှိကုန်ပြီ။

**အားရှိဘွယ်**။ [ဤစိတ္တာနုပဿနာနည်းကိုသိသောသူသည် ထူးသောအရသာကိုရလေ၏၊ မီးသွေးမည်းညစ်ကို ရွှေ, ငွေ, စိန်ကျောက် ဖြစ်စေသကဲ့သို့ အကုသိုလ် တရားညစ်ကို စိတ္တာနုပဿနာရှုခြင်းဖြင့် အဘိုးတန်တရားဖြစ်စေနိုင်ပြီ။

မိမိရင်ဝသို့ ချိန်လွှတ်သော လက်နက်ဦးချွန်ကို ရွှေခြေနင်းရွှေရထား ဖြစ်စေသကဲ့သို့ အပါယ်သံသရာ၌ နစ်မြုပ်လတ္တံ့သောတရားဖျင်း တရားညံ့တို့ကို သံသရာမှလွတ်ကြောင်း မဂ္ဂင်ရထား တရားထူးတရားမြတ်ဖြစ်စေနိုင်ပြီ။

ဥယျာဉ်မှူးတို့သည် လင်းနို့အညစ် အကြေးရွံဘွယ်ကို သစ်ပင်သန့်အောင်ဝဲပေးကုန်၏၊ ဝါ-မြေစာ ကျွေးကုန်၏၊ အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် လောဘ, ဒေါသစသော အကုသိုလ်စိတ် ရွံဘွယ်ကို စိတ္တာနုပဿနာ ဘာဝနာသန်အောင် ဝဲပေးကုန်၏၊ ဝါ-အာရုံစာကျွေးကုန်၏။

(၉၈) ရှေးအခါ လယ်သမား တယောက် သူတပါး၏ ရေကို ခိုးသောက်၏၊ ထိုနောက် ဤလောဘသည် အဘော် ရလျှင် ငါ့ကိုအပါယ်ချလတ္တံ့ဟု စဉ်းစားမိ၍ "ဤလောဘစိတ် သည် ရှေ့၌မဖြစ် ယခုဖြစ်သည်၊ အမြဲမရှိ အနိစ္စ,ဒုက္ခ,အနတ္တ" ဟု ဆင်ခြင်စဉ် ပစ္စေကဗောဓိဉာဏ်ရသတတ်။

လောဘကြောင့် ပြိတ္တာ, ဒေါသ-ငရဲ, မောဟ-တိရစ္ဆာန်, မာန-အမျိုးယုတ်, ဣဿာ-အရုပ်ဆိုး, မစ္ဆရိယကြောင့် အမွဲ ဖြစ်တတ်သည်၊ ထို့ကြောင့် ပြိတ္တာ, ငရဲစသည်တို့မှ လွတ်လို သော သူသည် ဤနည်းသိသည်မှစ၍ လောဘ, ဒေါသစသည် ဖြစ်သမျှကို သတိရတိုင်း စိတ္တာနု ထက်သန်ရေး ဘာဝနာ မြေစာကျွေး၍ ဝဲပေးလိမ့်မည် စင်းစင်းတည်း။]

(၉၉) **ဓမ္မာနုပဿနာ**။ ။ဤသာသနာတော်၌ရဟန်း သည် ထင်ရှားရှိသော ကာမစ္ဆန္ဒရှိ, မရှိ, ဖြစ်ကြောင်း, ပယ် ကြောင်း, နောင်မဖြစ်ကြောင်း, နီဝရဏ ငါးပါး, သိခြင်း ငါးပါးစီ ဗောဇ္ဈင်ခုနစ်ပါး သိခြင်းလေးပါးစီ

(၁၀၀) ဓမ္မကို အဖန်ဖန်ရှုလျက်နေ၏၊ လုံ့လရှိ၍, ဆင် ခြင်၍, သတိရှိ၍ (ဓမ္မ) လောက၌ အဘိဇ္ဈာ, ဒေါမနဿကို ပယ်ဖျောက်၍နေ၏။

(၁၀၁) အဇ္ဈတ္တစသော ဓမ္မသုံးပါးသည်လောကမည်၏။ ဥပါဒါနက္ခန္ဓာငါးပါးသည်လည်း လောကမည်၏။

၁။ ကာမအာရုံ ခုံမင်သော လောဘသည် ကာမစ္ဆန္ဒ မည်၏။

၂။ အမျက်ထွက်ခြင်း ဒေါသည် ဗျာပါဒမည်၏။

၃။ အားမထုတ် သဖြင့် တွန့်တိုခြင်းသည် ထိန မည်၏၊ အစွမ်းမရှိသဖြင့် တွန့်တိုခြင်းသည် မိဒ္ဓမည်၏။

၄။ အာရုံ၌ ပြန့်လွင့် ခြင်းသည် ဥဒ္ဓစ္စမည်၏၊ ဒုစရိုက် ပြုပြီးမှုဂုဏ်း, သုစရိုက်မပြုဘဲ နေပြီးမှုဂုဏ်း, နောင်တဖန် ပူပန်ခြင်းသည် ကုက္ကုစ္စမည်၏။

၅။ အာရုံ၌မဆုံးဖြတ်နိုင်သဖြင့် သို့လောသို့လော ဖြစ်ခြင်း သည် ဝိစိကိစ္ဆာမည်၏။

၁။ ဘုရားစသော အာရုံကို အောက်မေ့ခြင်းသည် သတိ သမ္ဗောဇ္ဈင်မည်၏။

၂။ ကုသိုလ်အကုသိုလ်စသောတရားတို့ကိုစီစစ်တတ်သော ပညာသည် ဓမ္မဝိစယမည်၏။

၃။ ကုသိုလ်တရားတို့၌ အားထုတ်ခြင်းသည်ဝီရိယမည်၏။

၄။ ကုသိုလ်တရားတို့၌ နှစ်သက်ခြင်းသည် ပီတိမည်၏။

၅။ ကိုယ်စိတ်ငြိမ်းချမ်းခြင်းသည် ပဿဒ္ဓိမည်၏။

၆။ ကောင်းစွာတည်ကြည်ခြင်းသည် သမာဓိမည်၏။

၇။ သမ္ပယုတ်တရားတို့ ညီမျှသော အခါ လျစ်လျူ ရှုခြင်း သည် ဥပေက္ခာမည်၏။


(၁၁၈) **ဝတ္ထုစင်ကြယ်**။ ဦး၌ဆံပင်, လက်သည်း စသည် မရှည်အောင်ရိတ်ဖြတ်ခြင်း၊ သွေး, သည်းခြေ, လေ, သလိပ်စသော ဒေါသကင်းအောင် ဆေးစားခြင်း၊ ချွေးအညစ် အမကြေးကင်း အောင်ရေချိုးခြင်း စသည်တို့သည် ကိုယ်တွင်းဝတ္ထု စင်ကြယ် စေခြင်းမည်၏။ သက်နုံး မနွမ်းမညစ်အောင် ဖွပ်လျှော်ခြင်း၊ ကျောင်းအိပ်ရာနေရာ အမှိုက်မရှုပ်အောင် သုတ်သင်ခြင်းစသည် တို့သည်၊ ကိုယ်ပဝတ္ထု စင်ကြယ်စေသည်မည်၏။

စင်ကြယ်သောမီးခွက်, မီးစာ, ဆီတို့ကိုစွဲ၍ မီးရောင်ကောင်း သကဲ့သို့ ကိုယ်တွင်း ကိုယ်ပ ဝတ္ထု စင်ကြယ်လျှင် အသိဉာဏ် သန့်ရှင်း၏။

**ဈာန်ခြေညီမျှ**။ ဈာန်ခြေငါးပါးတို့တွင် တပါးပါးလွန်လျှင်ကြွင်း လေးပါးနှံ့၍ မိမိကိစ္စမပြုနိုင်ကုန်၊ အထူးသဖြင့် သဒ္ဓါ-ပညာ ညီမျှခြင်း, သမာဓိ-ဝီရိယညီမျှခြင်းကို ချီးမွမ်းကုန်၏၊ သဒ္ဓါ လွန်လျှင် အကျိုးမရှိ၊ ကြည်ညိုတတ်၏၊ မကြည်ညိုသင့်သော အရာ၌ကြည်ညို၍ အကျိုးနည်းတတ်သည်၊ အရှက်တကွဲသော် လည်းဖြစ်တတ်သည်။

**ဈာန်ခြေ ၅ ပါး၊ ဗိုလ် ၇ ပါး**

**၁။ သဒ္ဓါ ၂။ ဝီရိယ ၃။ သတိ ၄။ သမာဓိ ၅။ ပညာ**




(၁၁၉) ပညာလွန်လျှင်ကောက်ကျစ်၏၊ဆေးကြောင့်ဖြစ် သောအနာကုသရန် ခဲယဉ်းသည်နှင့်တူ၏၊ စိတ်ဖြစ်ရုံဖြင့်လည်း ကုသိုလ်ဖြစ်သည်ဟုယူ၍ ဒါန, သီလ မပြုသဖြင့် အပါယ်ငရဲကျ တတ်၏၊ သဒ္ဓါ-ပညာညီမျှလျှင်၊ ဝါ-ယုံကြည် နိုင်သလောက် စဉ်းစားနိုင်၍ စဉ်းစားနိုင်သလောက် ယုံကြည်နိုင်လျှင် ကြည်ညို သင့်သော ဝတ္ထု၌သာ ကြည်ညိုသည်မည်၏။

သတိကား နေရာမရွေးလွန်သင့်၏၊ စိတ်သည် သဒ္ဓါ,ပညာ, ဝိရိယတို့ကြောင့် ပြန့်လွင့် တတ်သည်၊ သမာဓိကြောင့် ပြင်းရိ တတ်သည်၊ သတိစောင့်ရှောက်လျှင် ပြန့်လွင့်ခြင်း, ပြင်းရိခြင်း မဖြစ်၊ဟင်း၌ဆား,မင်းကိစ္စ၌ အမတ်ကြီးကဲ့သို့ ကိစ္စအားလုံး၌ သတိကို အလိုရှိအပ်၏။

(၁၂၀) သတိသည်စောင့်ရှောက်သောအခြင်းအရာရှိ၏၊ စိတ်သည်သတိကိုအားထား၏၊သတိကင်းလျှင်စိတ်ကိုချီးမြှောက် ၍လည်းမရ၊ နှိပ်ကွပ်၍လည်းမရ။

(၁၂၁) **ဝိရိယအကျိုးဆင်ခြင်ပုံ**။ လောကုတ္တရာ တရား အရသာကိုးပါးကို ပျင်းရိသူမရ၊ လုံ့လရှိသူမှရသည်ဟု ဝိရိယ ကျိုးကိုဆင်ခြင်ရမည်။

**သွားလမ်းဆင်ခြင်ပုံ**။ ဘုရားရဟန္တာတို့သွားသောလမ်းကို သင်သွားသင့်၏၊ သူတော်ကောင်းလမ်းသို့ သွားခြင်းငှါ မဝံ့ သလောဟု သွားလမ်းဆင်ခြင်ရမည်။

(၁၂၃) **ဆွမ်းရိုသေသောမထေရ်**။ ကဿက လိုဏ်၌နေ သောမဟာမိတ္တသည် ဆွမ်းကိုရိုသေလှ၏၊ မိခင်အရာ၌တည်၍ ပြုစုသော ဒါယိကာမကြီးတဦးသည် "ချစ်သမီး....ငါတောသို့ သွားဦးမည် သင့်မောင်တော်ကြွလာလျှင် ထောပတ်တင်လဲနှင့် ရောသော နို့ဆွမ်းချက်လှူလိုက်၊ အကြွင်းကိုသမီးစား ငါကား ထမင်းချမ်းနှင့်ပအုန်းရည်စားပြီးပြီ၊ နေ့စာအတွက် ဆန်ခွဲနှင့် ဟင်းရွက် ကျိုထားလိုက်" ဟု ပြောဆို၏၊ ထိုစကားကို မဟာ မိတ္တမထေရ်သည် သပိတ်အိပ်မှ သပိတ်ထုတ်စဉ် အဘိညာဏ်

ဖြင့်ကြွားလတ်သော် ရွာနီးရောက်ပြီးမှ ကျောင်းသို့ပြန်သွား၍ "ဤဆွမ်းကို ရာဂ, ဒေါသမကင်းဘဲ မစားသင့် ရဟန္တာဖြစ်မှ ဆွမ်းခံသွားမည်ဟု ဒိဋ္ဌာန်ပြု၏၊ အပ္ပမာဒ တရားအားကြီးသည် အလျောက် နံနက်အချိန့်၌ပင် ရဟန္တာအဖြစ်သို့ရောက်၏။

ရဟန္တာဖြစ်၍ ဆွမ်းခံကြွပြီးလျှင်''သုခိဟောတု''အနုမောဒနာပြု၍ပြန်ကြွ၏၊ သတို့သမီးသည် မိခင်ရောက်လာသောအခါ ''မိခင်…. ယနေ့ အရှင်မိတ္တသည် နေမြင့်မှ ဆွမ်းခံကြွလာ၏ အရှင်မြတ်၏ အရေ အဆင်းသည် ယနေ့ အထူးသဖြင့်ကြည်လင်၏ စက္ခုစသော ဣန္ဒြေတို့လည်း အထူးသဖြင့် ငြိမ်သက်တည်ကြည်ကုန်၏''ဟုဆို၏၊ ထိုအခါ မိခင်က ''ချစ်သမီး…. ယနေ့ ငါ့သား ရဟန်းကိစ္စပြီးငြိမ်းပြီ''ဟုဆိုသတတ်။

(၁၃၁) **မဂ်ခဏလေးမည်**။ ဤဓမ္မာနု၌ နီဝရဏပဗ္ဗ, ဗောဇ္ဈင်ပဗ္ဗနှစ်ခုလုံး ဝိပဿနာချည်းသာတည်း၊ ဝေဒနာနု, စိတ္တာနုတို့၌လည်း ဝိပဿနာချည်းသာတည်း။

(၁၃၂) ဤသတိပဋ္ဌာန် လေးပါးတို့သည် မဂ်မရမီရှေးအဘို့၌ စိတ်အသီးသီး၌ဖြစ်ကုန်၏၊ မဂ်ခဏ၌ စိတ်တခုတည်း၌ တပြိုင်တည်းဖြစ်ကုန်၏။

ဓမ္မအားဖြင့်ကား….

အပေါင်းကာယ၌ သုဘ, ဝေဒနာ၌သုခ, စိတ္တ၌နိစ္စ,ဓမ္မ၌ အတ္တဟု ဘောက်ပြန်တတ်သည်၊ သတိဖြင့် မဂ်မရမချင်းပယ်ရသည်၊ မဂ်ရမှအပြီးသတ်သည်။

(၁၃၃) ဤသို့မဂ်သည်တကြိမ်သာဖြစ်၍မဂ်နှင့်ယှဉ်သော သတိလည်း တခုတည်းသာ ဖြစ်လျက် လေးကိစ္စ ပြီးလေသော ကြောင့် လေးမည်ရသည်။

(၁၃၄) ချစ်သားတို့⋯⋯ ဤ သတိပဋ္ဌာန် လေး ပါး သည် သတ္တဝါတို့ စင်ကြယ်ခြင်းငှါ, သောကပရိဒေဝတို့ကို လွန်မြောက် ခြင်းငှါ,ဒုက္ခဒေါမနဿတို့ချုပ်ခြင်းငှါ,အဋ္ဌင်္ဂိကမဂ္ဂင်ရခြင်းငှါ, နိဗ္ဗာန်မျက်မှောက်ပြုခြင်းငှါ နှစ်ခွမပြောင်း တကြောင်းတည်း သောလမ်းခရီးဖြစ်၏ဟု ဟောတော်မူသည်။

(၁၃၅) **နိဂုံး**။ သုံးဆယ့်နှစ်ပါးသောယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့နှင့် ပြည့်စုံသော ဘုရားရှင်၏ သတိပဋ္ဌာန် တရားအရသာသည် သုံးဆယ့်နှစ်ကောဋ္ဌာသ မကောင်းသူဟူသမျှ တို့၏ မအို, မနာ, မသေနိုင်သော ရသာယန ဆေးတော်ကြီး ဖြစ်ပါစေသတည်း။

( ၆၉ )

# ဓမ္မပဒပါဠိတော်ဗာလဝဂ်

ပုတ္တာ အတ္ထိ ဓနံ အတ္ထိ ဣတိ ဗာလော ဝိဟညတိ၊
အတ္တာဟိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တော၊ ကုတော ဓနံ။ ။

မေ-ငါ၏၊ ပုတ္တာ-အတွင်းသားဟု တအားပြုဘို့ အမှုကြီးဆီး သားသမီးတို့သည်၊ အတ္ထိသန္တိ-ငယ်ငယ်, ကြီးကြီး, ညာဘယ်မှီး၍ အနီးမှာ အုံရှိကြပါကုန်၏။

ဓနံ-မပျက်, မဆုံး တသက် သုံးဘို့ ဇုက်ဖုံး သိုကာ ရတနာသည်၊ အတ္ထိသန္တိစ္စတိ-မျက်ကွယ်အနီး လက်ဝယ်မှီး၍ အပြီးတစေ ရှိပါချေ၏၊ ဣတိဝေ-ဤသို့တင်စား အမြင် မှားခြင်းကြောင့် သာလျှင်၊ ဗာလော-ဘိဇ္ဇနသဘော အရူဝေါကို, မစောမကြံ ပုထုဇာန်သည်၊ ဝိဟညတိ-စောင့်ရ ရှောက်ရ အကြောင့်ကျနှင့် တောင့်တန္တမ်းခွေ ပင်ပမ်းလေ၏၊ အတ္တာဟိ-ထိုသို့ တမ်းတ ပင်ပမ်းရသော်လည်း၊ အတ္တနော အတ္တာဟိ-အခိုင်, အပိုင် ငါဆိုနိုင်ဘို့, မယိုင်မပြို မိမိကိုယ်မှ သော်လည်း၊ နတ္ထိ-အရေ, အနှစ် ရှာဖွေစစ်က အမြစ်အခြေ မရှိပေ၊ ပုတ္တော-ငါ့သား, ငါ့မြေး,ငါ့ရင်သွေးဟု အရေးပြီးစီး သား,သမီးတို့သည်၊ ကုတောအတ္ထိ-ဘယ်မှာ စိုးစိ ခေါ်ဘို့ရာ ရှိချေတော့အံ့နည်း၊ ဓနံ-ငါ့ငွေ, ငါ့ရွှေ, ငါ့လယ်မြေဟု ခေါ်စေဘို့ရာ ရတနာသည်၊ ကုတောအတ္ထိ-ဘယ်မှာ စိုးစိ ဆိုဘို့ရာရှိချေတော့အံ့နည်း။

(သုံးဆယ်မြို့ ပါဠိဆရာမ ဒေါ်ခွေး၏ နိဗ္ဗိန္ဒဂါထာ)

# မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရားအမှတ်စဉ်—၅

## နိဒါန်း

(၃) ဆရာတော်ကြီးသည် သားရေး၊ သမီးရေး၊ စီးပွားရေးနှင့် တဏှာခိုင်းသမျှ တဏှာကျွန်အဖြစ်နှင့် အချိန်တွေ ဖြုန်းတီး နေခြင်းကို အထူး ကဲ့ရဲ့ မတော် မူခဲ့ပါသည်၊ ဆုံးမတော် မူခဲ့ပါသည်၊ သားမယား ခြေရင်း တဏှာကျွန်အဖြစ်နဲ့ ခေါင်းစင်းပြီး သေတာလောက် အရုပ်ဆိုးတာမရှိဘူးကွ။

---

(၉၃)။ ။ကိုင်း…. ဒါဖြင့် ဝိပဿနာ အလုပ်သက်သက် ကိုဟောကြစို့။

(၉၄)။ ။သတ္တဝါအစ အဝိဇ္ဇာ တဏှာက၊ "အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ အဝိဇ္ဇာနီဝရဏာနံ တဏှာသံယောဇနာနံ"ဆိုတဲ့အတိုင်း အဝိဇ္ဇာနဲ့ တဏှာကြောင့် ခန္ဓာငါးပါးမဖြစ်ဘူးလား မသိတာကအဝိဇ္ဇာ၊ ဖြစ်ပျက်မှန်းမသိတဲ့ အခါကျတော့ သူ့ဘဲကျန်းမာဘို့ ကျုပ်မေတ္တာပို့ပြီး သကာလ သူ့ဘဲအားကိုးနေရတယ်ဆိုတော့ ဒိဋ္ဌိတဏှာမလာဘူးလား….။

(၉၅)။ ။လူသာဓုခေါ် နတ်သာဓုခေါ် ဆိုတာကတော့ အမည်ကြည့်ပြီး ခေါ်ချင်ခေါ်တာ…. အဝတ်ကလေး နီနီဝတ် တံဘက်ကလေးတင်ပြီးသွားယင် ဩော် သာဓု….သာဓု တရားနာသွားတယ် ဒါပေမဲ့ သူတို့ဝမ်းထဲမှာ ကိလေသာတောထချင် ထလာတာမဟုတ်ဘူးလား….အဲဒီလူသာဓုခေါ်နတ်သာဓုခေါ် ကိုတော့ ခင်ဗျားတို့အလိုမရှိနဲ့၊ ကိုယ့်ကိုယ် ကိုယ်သာဓုခေါ်နိုင် အောင်လုပ်စမ်းပါ။

(၉၆)။ ။သူများသာခုခေါ်ဘို့ကျတော့ ရေအိုးစင်တည်-ခေါ်တယ်ခင်ဗျားတို့ကိုစိတ်သာချ....(မှန်ပါ့) မခေါ်ဘူးလား၊ ခေါ်မလား····(ခေါ်ပါတယ်ဘုရား)၊ ရေအိုးစင်သာခေါ်တာ ကိုးဗျ၊ ခင်ဗျားတို့က နောက်ဘဝ ရေလိုအေးပြီး ပန်းလိုလန်း ပါစေဆိုတော့ သွားရောပေါ့···· လှပါရစေ-ပပါရစေ ဆိုတဲ့ အဓိပ္ပါယ် ပြန်ရောက်တယ်····ဘာသစ္စာ ပြန်တောင်း သလဲ (ဒုက္ခသစ္စာ ပြန်တောင်းပါတယ် ဘုရား) ဘေးက ပုဂ္ဂိုလ်က အင်း....သာခု သာခု ဆိုတော့ အင်း-ကန့်လန့်ကြီး ဒီအဓိပ္ပါယ် မရောက်ဘူးလား အင်မတန် ဆိုးမနေဘူးလား....။

(၉၇)။ ။ဒုက္ခရှိလျက်နဲ့ (ဒုက္ခရှာတယ်)အခု ရေအိုးစင် တည်တဲ့ခန္ဓာကဘာသစ္စာလဲ(ဒုက္ခသစ္စာပါဘုရား)နောက်ရမှာ ကကော····(ဒုက္ခသစ္စာပါဘဲ ဘုရား)၊ အိုဒါဖြင့် ဒုက္ခရှာတာ၊ ဒီနိဗ္ဗာန်ရှာလို့ရှိယင်ဘယ်လောက်ဘဲရှာရှာအင်မတန်ကောင်း တယ် အခုတော့ ဒုက္ခရှိလျက်နဲ့ ဒုက္ခရှာနေတော့ မျက်စိလည် သွားတယ်၊ အဲဒီလိုမလည်ကြပါနဲ့တဲ့၊ နေ့စဉ်လှူဒါန်းပေးကမ်း ပါ၊ ဒုက္ခဝဋ်မှ ကျွတ်ရပါလို၏လို့ ဆုတောင်းပါ၊ ဒီဒုက္ခမလာ အောင် ရိပ်မိပလား····။

ကိုင်းဒါဖြင့် ဝိပဿနာ အလုပ်ကို လုပ်ကြပါစို့ ဆိုတော့ ဒီအထဲမှာခန္ဓာငါးပါးရှိတယ်နော်....ချုံးလိုက်တဲ့အခါကျတော့ သိတဲ့အတိုင်း ရုပ်နာမ်ဘဲရှိတယ်၊ ဒီထက် ချုံးလိုက် ပြန်တော့ ဖြစ်ပျက်ဘဲရှိတော့တယ်၊ ဒီထက်ချုံးလိုက်တဲ့အခါ.... (အပျက် ဘဲရှိတယ်)။ ဒါဖြင့်ဒီအထဲက အပျက်မိအောင် ရှုနိုင်လို့ရှိယင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်သွားဖြစ်တယ်....။

(၉၈)။ ။သောမနဿ တအိမ်လုံး ပြီးနေတဲ့ အခါများ ကော မသိသေးတော့ သဘောကျသပေါ့ဗျာ—ရာဇ ရဟန်းက

မေးလိုက်တယ်၊ သံယုတ် ပါဠိတော်မှာ "မာရော မာရောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာနုခေါ ဘန္တေမာရောတိဝုစ္စတိ။

(၉၉)။ ။သူသတ်ယောကျ်ား သူသတ်ယောကျ်ားဆိုတာ အရှင်ဘုရား တပည့်တော်မသိလို့ သူသတ်ယောကျ်ား ဆိုတာ အဓိပ္ပါယ်ရှိပါအရှင်ဘုရား၊ ရာဓရဟန်းကမေးတယ်....။

ဘုရားကဖြေလိုက်တယ်၊ ဖြေပြီ ဝေဒနာ မာရော၊ဝေဒနာ= ဝေဒနာသည်၊ မာရော=သူသတ် ယောကျ်ားကွ.... ဟော.... ခင်ဗျားတို့ထဲမှာ ရှိတဲ့ ဝေဒနာက္ခန္ဓာဟာ ပေါ်ပလား ဘယ် ဝေဒနာမဆို သူသတ် ယောကျ်ားချည်း မှတ်လိုက် စမ်းပါ (မှန်ပါ့)၊ မယုံယင် ဘယ်မသာသွားမေးမေး ဘာဝေဒနာတုံး မေးရမှာ ကောန်။

မသာတွေကို ခင်ဗျားတို့ပို့ဘူးပါတယ်၊ စုံပါရေ့မယ်၊ စုံဘူး တဲ့အခါကျလို့ရှိယင် ဟိုလူလက်တို့-ဒီလူလက်တို့ပြီးဒီမသာဟာ ဘာမသာတုံးဗျမေးခဲ့သော် ခင်ဗျားတို့က ယောကျ်ားမိန်းမလို့ ထင်နေမယ်၊ စင်စစ်တော့ မဟုတ်ဘူး ဝေဒနာ သတ်လိုက်တဲ့ မသာ၊ ယောကျ်ားမသာ, မိန်းမမသာမရှိဘူး ရှင်းကြပလား။

(၁၀၀)။ ။အစားလွန်လို့သုခဝေဒနာသတ်ချလိုက်တာ၊ အစားမှားလို့ ဒေါမနဿဝေဒနာသတ်လိုက်တာကောဒိုမသိ လို့စား သေတယ် ဥပေက္ခာဝေဒနာ သတ်ချလိုက်တာ၊ ဒါဖြင့် ဝေဒနာသုံးပါးလုံးဘယ့်နယ်ဆိုကြမတုံး(သူသတ်ယောကျ်ားပါ ဘုရား)၊ဒါဖြင့် ဒီဝေဒနာက္ခန္ဓာကြီးနဲ့ နတ်ပြည်သွားလဲ သေပါ လိမ့်ဦးမယ် ဗြဟ္မာပြည် သွားလဲ ( သေမှာပါဘဲ ဘုရား )၊ ဘာကြောင့်တုံး (ဝေဒနာကြောင့်ပါ)၊ ဝေဒနာတွေ ပါသွား တယ်၊ ဝေဒနာတွေကဘာတွေပါလိမ့်(သူသတ်ယောကျ်ားတွေ ပါဘုရား)။

(၁၀၁)။ ။သုခဝေဒနာက ပြုံးပြုံးနဲ့သတ်တာ (မှန်ပါ့)၊ ဒုက္ခ ဝေဒနာကတော့ မျက်နှာထားနဲ့ သတ်တာ (မှန်ပါ့)၊ ဥပေက္ခာ ဝေဒနာကတော့ ဘိန်းစားများ သတ်သလိုပေါ့ဗျာ (မှန်ပါ့)၊ဒါဖြင့် ယခုခန္ဓာကိုယ်ထဲမှာဘာတွေနဲ့ နေကြပါလိမ့်၊ (သူသတ်ယောက်ျားတွေနဲ့ နေတာပါဘုရား)၊ ဝေဒနာတွေနဲ့ နေကြသပေါ့ဗျာ (မှန်ပါ့)။

(၁၀၂)။ ။နတ်တွေကျတော့····ပျော်လို့ သုခ ဝေဒနာ သတ်ချလိုက်တာ၊ တခါတည်း အတွဲလိုက် အပြုံလိုက် အစီစီ ကျတယ် ဘယ်လောက်ကြောက်စရာ ကောင်းသလဲ။

(၁၀၃)။ ။ပဉ္စမဈာန်ဗြဟ္မာတွေကျတော့ဥပေက္ခာဝေဒနာ သတ်ချတယ်····မိန်းမောပြီး သကာလ တခါတည်း ဖြစ်ပျက် တွေဘာတွေဆိုယင် ဘာမှ နှလုံးမသွင်းဘဲနဲ့ နောက်ကျတော့ ဗြဟ္မာပြည်ကနေဆင်းပြီးသကာလ ဝက်စားကျင်းတောင်ရောက် တယ်၊ ဘယ်လောက် ကြောက်စရာကောင်းသလဲ···· ခြောက် ပေါ်နေတာလား····အမှန်လား····(အမှန်ပါဘုရား)။

(၁၀၄)။ ။ဝေဒနာဟာ သူ့ကို ကိုယ်က ဉာဏ်နဲ့ သတ် နိုင်ယင်သတ် မြွေပွေး ဆုတ်ခါလျက်ဆိုတဲ့ အဓိပ္ပါယ် မရောက် သေးဘူးလား....မသတ်ယင် (သူက သတ်ပါလိမ့်မယ် ဘုရား)၊ ဒါဖြင့် ဒီသင်္ချိုင်းတော်တို့၊ ရဟိုင်းသင်္ချိုင်းတို့သွားကြည့်၊ဆင်ဖြူ ကန်သင်္ချိုင်းတို့ သွားကြည့်၊ အမျိုးမျိုးသော သင်္ချိုင်းတွေသွား ကြည့်တာပေါ့ဗျာ....နေ့တိုင်းလိုလိုဘဲအသုဘသွားကြတာတွေ ဒါတွေဟာ ဘယ်သူ သတ်လိုက်တာ ဘာလိမ့်····ဝေဒနာက သတ်တာ (မှန်ပါ့) ရိပ်မိပလား....။

(၁၀၅)။ ။ဒါကြောင့် နိဗ္ဗာန်သည် အမတ နိဗ္ဗာန် မသေရာနိဗ္ဗာန်ဆိုတာ သူမရှိလို့…. သူရှိယင် သတ်ဦးမှာ…. ရှိမိကြပလား…. (ရှိပ်မိပါပြီ)၊ ဒါဖြင့် ငွေရှာကြ ငွေရှာကြ၊ အမျိုးမျိုး အိမ်-တိုက်-ကားရှာကြ၊ ဘာဖြစ်ချင်လို့တုံးလို့မေး လို့ရှိယင် ဝေဒနာရှာတာ….(မှန်ပါ့ဘုရား)။

(၁၀၆)။ ။နေ့တိုင်းလိုက်ရှာနေကြတာ ဘာရှာကြတာ တုံး…. ဩော်သူသတ်ယောက်ျားရှာနေကြတာ…. သေခဲ့ရတာ အားမရလို့ပေါ့ဗျာ…. ဒီ-အဓိပ္ပါယ်ကောမရောက်ဘူးလား…. ရောက်သလား…. ကိုင်း….ဒါဖြင့် ဒီလောက်ဖြစ်အောင် ကျုပ် တို့မှာလဲ မသိဘဲဖြစ်နေတာပေါ့ကြပလား…. ရှင်းကြပလား…. ဒါဖြင့် ကိုယ်ကသတ်ရလိမ့်မယ်ထိုတာ ရိတ်မိပလား….(ရိပ်မိ ပါပြီ)။

(၁၅၀)။ ။အဲဒီတော့ သူတို့က မဦးခင် အူက်ကက ဦး အောင် လုပ်ကြပါ၊ ရှုတဲ့ပုဂ္ဂိုလ်က သူ့ကို ပြန်သတ်ပါတဲ့၊ ဒါဖြင့် ဒါကသတ်လို့ ကျုပ်တို့သေမလား၊ သူ့ကိုကျုပ်တို့က သတ်မလား….၊ အပြောကတော့ လွမ်းလောက်ပါရဲ့၊ ရှုမှ သေမှာနော်….သို့သော် သတ်ကောင်းတယ်လို့ သိတဲ့တလုံးဘဲ ဘုန်းကြီးသည် အင်မတန် ဝမ်းသာပါပြီ၊ ဘဝများစွာ သံသရာ က ဘယ်သူကချည်း သတ်ခဲ့သတုံး…. ဝေဒနာ သတ်ခဲ့လို့ရှိယင် သေမင်း….

(၁၅၁)။ ။အောင်ပွဲယူတဲ့ မသေရာမှန် - ပြည်နိဗ္ဗာန် ရောက်မှာပေါ့၊ အခုတော့ သူကချည်းသတ်နေတယ်။ ဝေဒနာ တွေကို ဖြစ်ပျက်မြင်အောင်ရှုပြီး မှန်းနေအောင်လဲ နိဗ္ဗိန္ဒဉာဏ် တက်အောင်ရှုချ၊ ဝေဒနာသည် ဖြစ်တာလဲ ဒုက္ခသစ္စာ၊ ပျက် တာလဲ ဒုက္ခသစ္စာလို့ သိအောင်ရှုပါ။ အဲ….ဒီကဲ့သို့ ပိုင်ပိုင်

နိုင်နိုင်သိသွားလို့ရှိယင် ဝေဒနာတွေ အကုန်ချုပ်မယ်။ ဝေဒနာ ချုပ်တော့ ဝေဒနာနဲ့ သဟဇာတ-

(၁၅၂)။ ။ဖြစ်တဲ့ သညာသင်္ခါရတွေကော.... ရုပ်တရား တွေကော····အဲဒီကျတော့"နာမရူပနိရောဓာ ဝိညာဏ နိရော ဓော" သွားဖြစ်တယ်၊ နာမ်ရုပ်ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ် တယ်။ ကဲ-နာမ်ရုပ် ချုပ်လို့ရှိယင်ဖြင့် သံယုတ် ပါဠိတော်မှာ သေသေချာဟောပါတယ်၊"ဝိညာဏ နိရောဓာ နာမရူပနိရော ဓော၊ နာမရူပနိရောဓာ ဝိညာဏနိရောဓော" တခုချုပ်-အကုန် ချုပ်တာဘဲလို့ မပြောဘူးလား၊ ခန္ဓာငါးပါးမစုံလား၊ ခန္ဓာ ငါးပါးဟာ ဘာသစ္စာတရားလဲ····အဲ····ဒုက္ခသစ္စာချုပ်သွား တယ်ဆိုကတည်းကိုက၊ ဒုက္ခဝဋ်မှမကျွတ်လား····၊မျက်စိ,နား, နှာခေါင်း, လျှာမှာလဲ ဥပေက္ခာ ဝေဒနာပေါ်တိုင်း လိုက်ပါ နော်···· တကိုယ်လုံးမှာ သုခဝေဒနာ ပေါ်လဲ···· ဖြစ်ပျက် ရှုပေးပါနော်···· ဝမ်းထဲမှာ

(၁၅၃)။ ။စည်းစိမ်ဥစ္စာ ရတနာလို့ သောမနဿပေါ် ကော....ဒေါမနဿ ပေါ်ယင်လဲ....(ဖြစ်ပျက်ရှုရပါတယ်)။

(၁၅၄)။ ။သဘာဝဓမ္မ - အနိစ္စတရားကြီးကို ကျုပ်တို့ က အနိစ္စဉာဏ်နဲ့ မှန်မှန်မြင်ဘို့ အရေးကြီးပါတယ်။

(၄၀၁)။ ။ဝိပဿနာနဲ့ ခန္ဓာကိုမြင်အောင်လုပ်၊ မြင်တဲ့ အခါ မမုန်းပါနဲ့ဆိုလို့မရဘူး····၊နိဗ္ဗိန္ဒဉာဏ် တက်လာမယ်.... မုန်းလာတဲ့ တနေ့ကျတော့ ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာအစစ်မှန်း သိသွားတော့ လိုချင်ပါဦးမလား····။

(၄၀၂)။ ။အထူး မှတ်စရာကလေးက၊ သံယုတ်ပါဠိ တော်ဘဲ ထည့်ပေးပါ့မယ်၊ သမထမပါဘဲနဲ့ နိဗ္ဗာန်ရောက်တဲ့

နည်းပြောမယ်၊ ငါ့ဘုရား သာသနာဟာ.... သမထကြောင့် နိဗ္ဗာန်ရောက်တာ မဟုတ်ဘူးကွ၊ ဘုရားက ဖွင့်ဟောတယ်.... ဝိပဿနာမဂ်ကြောင့် နိဗ္ဗာန်ရောက်တာကွတဲ့ သေသေ ချာချာ ဟောတာနော်.... စင်စစ်ဝိပဿနာ ရှေ့သွားဆိုတာ မှတ်ရမယ်နော်....။

(၄၀၅)။ ။သုသိမပရိဗိုဇ်က အရှင်အာနန္ဒာဆီဝင်လိုက်တယ်၊ အရှင်အာနန္ဒာကတော့ အဲဒီအချိန်မှာ သောတာပန်သာ ဖြစ်နေတော့ ပြော်....တိတ္ထိ ခေါင်းဆောင်ကြီးက ဘုရားသာသနာ ကြည်ညိုပါတယ် ဆိုတဲ့ဥစ္စာ-

(၄၀၆)။ ။ရိုးမှရိုးရဲ့လား.... ဟုတ်မှဟုတ်ကဲ့လား၊ အိုငါတော့ အကဲမခတ်တတ်ဘူး၊ အဲ-အရှင်အာနန္ဒာက ဘုရားဆီခေါ်သွားတယ်၊ တပည့်တော်တို့ သာသနာတော်ကြီး ကြည်ညိုလွန်းလို့ သယ်န်းဝတ်ပြီး ပညာ သင်ချင်ပါသတဲ့ ဘုရား။ ။ အဲဒီတွင်မှ ဘုရားသခင်က ပြော်....

(၄၀၇)။ ။အဆန်းဘဲ၊ တရားခိုးမလို့လာတာ ဘုရားက သိပြီ၊ ဒီအသိတွင်မကသေးဘူး ဟိုဘက် တချက်ထပ်ပြီးသိတယ်၊ တရားခိုးရင်း ရဟန္တာဖြစ်လိမ့်မယ်.... အဲဒါ သွားမြင်တော့ ညီတော်အာနန္ဒာ....ဒီသုသိမကို ရဟန်းခံပေးလိုက်ကွာ၊ ဘုရားက ခွင့်ပြုလိုက်တယ်။

(၄၀၈)။ ။ငါ့ဘုရားသာသနာတော်မှာ သမထကြောင့် နိဗ္ဗာန်ရတာမဟုတ်ဘူး။ သမထကတော့ ကောင်းကင်ပျံ-မြေလျှိုး သူတပါးစိတ်တွေ သိပေါ့ဗျာ....၊အင်း....ဟင်....ဘယ်နေရာဘာရှိဆိုတာ အမြင်အထင်တွေ ပေါက်ပေါ့ဗျာ၊ ဒါဟာ သူ့သတ္တိပါ၊ ဒီခန္ဓာထဲမှာ အဝိဇ္ဇာထုကို ဖေါက်ဘို့ ကျတော့ ဝိပဿနာမဂ်မှဖေါက်တယ်....ခန္ဓာထဲမှာရှိတဲ့ ဖြစ်ပျက်ကလေး

တွေ မြင်ဘို့ရာကျတော့ သမထက ဖေါက်လို့ကိုပရဘူး ရသေး ရဲ့လား....

(၄၀၉)။ ။သူက သမာဓိလမ်း ဆုံးနေတာကိုး....ပညာ ကမှ ဖေါက်နိုင်တယ်။ ခန္ဓာကိုယ်ကြည့်လိုက်တဲ့အခါ စိုက်သာ ကြည့်....၊ အနိစ္စအချက် ဒုက္ခအချက်အနတ္တအချက်တွေပေါ်မှာ ပေါ့ဗျာ....တနေရာမှာတွေ့လိုက်လို့ရှိယင်ဖြင့် စောင့်သာကြည့်နေ တကိုယ်လုံးဟာ အနိစ္စအချက်တွေ ပြောတော့မှာဘဲ။

(၄၁၀)။ ။တနေရာတွေ့ဘို့ အရေးကြီးတယ်၊ တနေရာ တွေ့ယင်ဘဲ ဒီဟာ သဲလွန်စရလို့ လိုက်သွားသလို ပေါ့ဗျာ၊ အကုန် မတွေ့ပေဘူးလား....၊ အဲဒီလို တွေ့တဲ့အခါ ဩော်.... အနိစ္စချည်းပါလား၊ အနိစ္စဆိုတာ ဒုက္ခသစ္စာပါ ကလား....၊ အနိစ္စဟာ ဒုက္ခသစ္စာဘဲ ဘာမှပြင်းမနေနဲ့....ခင်ဗျားတို့ ခန္ဓာ ထဲမှာရှိလျက်နဲ့ တွေ့အောင်သာ ရှာပေတော့.... အဲဒီ မတွေ့ တာကတော့ မဂ္ဂင်ငါးပါးနဲ့ ကြည့်ပါဆိုတဲ့ဉာဏ်၊ အဲဒီဉာဏ် ရှေ့မှာ အဝိဇ္ဇာက တချက်ခံတယ်၊ အဝိဇ္ဇာရှေ့နားက တခါ ခန္ဓာက တချက်ခံတယ်၊ ဒါကြောင့် ဟောဒီနိဗ္ဗာန်-

(၄၁၁)။ ။မပေါ်လာတာ အဝိဇ္ဇာက တချက် ကွယ် ထားတယ်၊ အဝိဇ္ဇာဖယ်မှ ခန္ဓာကိုတွေ့မယ်....၊ ဒီခန္ဓာဒုက္ခသစ္စာ တွေ့မယ်၊ အဲဒီ ခန္ဓာ ဒုက္ခသစ္စာ ဖယ်နိုင်မှ ဒီဘက်က နိဗ္ဗာန် သွားတွေ့မယ်၊ ဒါနှစ်ချက် ဖယ် လိုက် ယင် ရပါတယ်။ ။ [၄၄၇-၄၆၃၊ သုသိမဝတ္ထု။]

(၅၀၄)။ ။ဝေဒနာဖြင့် ဝေဒနာ တပါးတည်း ကြည့်၊ စိတ်ဖြင့်ဝိညာဏက္ခန္ဓာ တပါးတည်း ကွက်ကြည့်.... ဒီလိုကြည့် လိုက်တဲ့ အခါကျတော့ ဝိဇ္ဇာဆိုတာသည် ပညာပါဘဲ....၊ မြင်

လိုက်တဲ့အခါကျတော့ ဒီခန္ဓာကြီးကို လိုချင်သေးရဲ့လား….၊ မလိုချင်တဲ့အခါကျတော့….တဏှာ မဆိတ်ဘူးလား….ဥပါဒါန်ကော….ကံကော နောက်ဘဝ လာဦးမှာလား….၊ ဪ….ဘယ့်နှယ်ကြောင့် မလာပါလိမ့်မလဲဆိုတော့ အသုဘဒုက္ခသစ္စာသိလို့…. အဲခင်ဗျားတို့ သိတာကတော့ ပုတ်ညှီနေမှ အသုဘဟုတ်လား….၊ အင်း….ဟင်….နာလှချီရဲ့လို့ အော်နေမှ ဒုက္ခသစ္စာ၊ ဒီလိုမယူပါနဲ့ တရားဓမ္မကလေးတခု ဖြစ်လိုက်ပျက်လိုက်ဆိုယင်-

(၅၀၅)။ ။အသုဘ ဒုက္ခသစ္စာဘဲ၊ အဲဒီတော့ ခန္ဓာထဲမှာ စိတ်ပေါ်ယင် စိတ်ရှု၊ ဝေဒနာပေါ်ယင် ရှုလိုက်တဲ့အခါကျတော့ ဒါက အသုဘ ဒုက္ခသစ္စာ၊ မြင်တာက (မဂ္ဂသစ္စာပါဘုရား)၊ လိုချင်သေးရဲ့လား….၊မလိုချင်တော့ တဏှာဥပါဒါန်တွေ မချုပ်ဘူးလား….၊ တဏှာ ဥပါဒါန်တွေ ချုပ်တယ်ဆိုကတည်းက ဟိုဘက် ဇာတိဇရာ မရဏ ဘယ့်နှယ်နေသတုံး….၊မလာယင် နိရောဓသစ္စာ ဖြစ်ရတော့မယ် ဆိုတော့ဟိုဘက်မှာ ထမ်းစရာ ခန္ဓာပေါ်သေးရဲ့လား။ ကိုင်းဒီထမ်းတဲ့ခန္ဓာကြီးကို အသုဘဒုက္ခသစ္စာသိယင် နောက်ထမ်းတဲ့ ခန္ဓာမပေါ်ဘူး….ဝိဇ္ဇာပညာနဲ့ဒိကိလေသာမှ လွတ်မသွားဘူးလားရှင်းပလား….(ရှင်းပါပြီ)။

ဒါဖြင့် မနေ့ကဝတ္ထုကို နည်းနည်းပြန်ဆက်လိုက်(မှန်ပါ) သုသိမပရိဗိုဇ်ကမေးတော့ ရဟန္တာတွေက ဘယ်လို ဖြေလိုက်သလဲ…. ပညာနဲ့ ဒိ့ကိလေသာမှ လွတ်လာတာ…. (မှန်ပါဘုရား)။

(၅၁၁/၅၁၂)။ ။ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အဓိပတိသုံးပါးလို့ တိကနိပါတ်အင်္ဂုတ္တိုရ်မှာ ဟောတော်မူတဲ့

အတွက် (၁) မိမိကိုယ်ကို အဓိပတိထား၍ တရားအားထုတ်ခြင်း၊ (၂)လောကကြီးကို အဓိပတိထား၍ တရားအားထုတ်ခြင်း၊ (၃) တရားတော်ကို အဓိပတိထား၍ တရားအားထုတ်ခြင်း။

(၅၁၃)။ ။ဒီအဓိပတိသုံးပါးကို ညီညွတ်အောင် အားထုတ်မယ်ဆိုလို့ရှိယင်ဖြင့်....တဲ့၊ ဝီရိယ ပြင်းထန်ပြီး သကာလ မဂ်ဉာဏ်-ဖိုလ်ဉာဏ် မရမရှိ ပါဘူးလို့ သေသေချာချာ ဟောထားပြန်တော့ ဒို့တာဝန်လိုတာ ဒို့ဖြည့်မယ်ဆိုပြီး ကြိုးစားပါလို့ဆရာဘုန်းကြီးက တဆင့် တိုက်တွန်းတယ်နော်.... အိမ်မှာဘုရားရှေ့မှာဖြစ်စေ-အိပ်ရာထဲမှာဖြစ်စေ-မီးဖိုချောင်ထဲမှာဖြစ်စေ-တရား အားထုတ်ပြီးသကာလ နေကြတယ်၊ လွတ်လပ်တဲ့အချိန် အားထုတ်ကြတာပေါ့ဗျာ....။

(၅၁၄)။ ။အဲဒီကဲ့သို့အားထုတ်တဲ့အချိန်ကျလို့ရှိယင်ဖြင့် မိမိကိုယ်ကို မြှောက်လိုက်ပါတဲ့၊ ငါသည် စားစရာမရှိလို့ တရားအားထုတ်တာလဲမဟုတ်ဘူး၊ ဝတ်စရာမရှိလို့ တရားအားထုတ်တာလဲမဟုတ်၊ နေစရာထိုင်စရာမရှိလို့ တရားအားထုတ်တာလဲမဟုတ်၊ ဆေးဝါးအလိုရှိလို့ တရားအားထုတ်တာလဲမဟုတ်ဘူး၊ သံသရာကြီး အိုဘေးနာဘေးသေဘေးတွေကို ရှုံလွန်းမုန်းလွန်းလို့ တရားအားထုတ်တာဆိုတော့ ကိုယ့်ကိုယ်-ကိုယ်မြှောက်ရာမရောက်ဘူးလား.... ငါဟာ.... သာမညပုဂ္ဂိုလ် မဟုတ်ဘူး၊ အိုဘေး-နာဘေး-သေဘေးတခုကိုသာ လွတ်ချင်လို့တရားအားထုတ်ပါတယ်လို့ ဝီရိယ ပြင်းထန် ပေးလိုက်စမ်းပါ.... ခန္ဓာ၏ ဖြစ်-ပျက်ကို တခါတည်း။

(၅၁၆)။ ။မြင်လာ လိမ့်မယ်.... ဖြစ်-ပျက် အနိစ္စတွေမြင်ရမယ်....ဖြစ်ပျက်အဆုံး နိဗ္ဗာန်ကို မြင်ရမယ် ဆိုပြီး

အဓိပတိ ၃ ပါးတွင်၊ ၁ နံပါတ် မိမိကိုယ်ကို အဓိပတိထား ပြီးတော့ ကြိုးစားစမ်းပါ၊ ရ-ရမယ်နော်.... ကိုင်း-ဒါဖြင့် ၂ နံပါတ်က သတိထားလိုက်ပါဦး၊ တရားတော့ အားထုတ်တာ ဘဲ၊ တရားအားထုတ်ရင်း ရွှေလိုချင်တဲ့ စိတ်-ငွေလိုချင်တဲ့စိတ်-သားခင်တွယ်တဲ့စိတ်-သမီးခင်တွယ်တဲ့စိတ်တွေ လာလို့ရှိယင်ဖြင့် လောကကို အဓိပတိထား။ ။မင်းဟာ တရား အားထုတ်နေ တယ်လဲဆိုရဲ့၊ မင်းသန္တာန်ရှိတဲ့ ကာမဝိတက် ဆိုတဲ့ လောဘ၊ ဗျာပါဒဝိတက်ဆိုတဲ့ ဒေါသ ကလေးတွေက၊ ဝိဟိံသဝိတက် ဆိုတဲ့ သူတပါးညှဉ်းဆဲချင်တာကလေးတွေက ဝင်လာတော့။

(၅၁၇)။ ။မင်းဟာ-မင်းက တရားအားထုတ်နေတယ် ဆိုပြီး မင်းစိတ်ကို မင်းကိုယ်စောင့်နတ်ကလဲ သိတယ်၊ မင်း မရှက်ဘူးလား....၊ ကိုယ့်ကိုယ်ကိုယ် မေးရမယ်နော်.... မင်းဟာ သူတော်ကောင်းယောင် ဆောင်နေတာ၊ ဘေးကတောစောင့် နတ်၊ တောင်စောင့်နတ်တွေကကော....အဘိညာဏ်ရတဲ့ပုဂ္ဂိုလ် တွေကကော.... (သိပါတယ် ဘုရား)၊ အဲဒီတော့ ဘေးက လောကကြီးက မင်းကိုအကုန်သိနေတယ်၊ မင်းမရှက် ဘူးလား၊ မင်းမကြောက်ဘူးလား၊ အိမ်စောင့်

(၅၁၈)။ ။နတ် တွေ က ကော.... တိုက် စောင့် နတ် ကကော (သိပါတယ်ဘုရား)။ အဲဒီတော့ မင်းလောကကြီးကို ရှက်ပါဦး၊ ရှက်ပြီး မင်းပိုကြိုးစားလိုက်ပါ။ ဒါက ဘယ့်နှယ် ကြောင့် ဘုရားက မှာရသတုံး ဆိုတော့၊ တရား အားထုတ်မှ အဖျက်သမားတွေက လာတတ်တယ်၊(မှန်ပါ) ဒါဟာ ကိလေ သာမာရ်နတ်တွေ့လို့ ဟောလိုက်တာဘဲ....၊ ကိုင်းဒါဖြင့် တရား အားထုတ်ရင်းနဲ့ အိမ်ပြန်ခြင်တဲ့ စိတ်ကလေး လာလိုက်တယ်၊ ဟုတ်လား....၊စိတ်မချတဲ့စိတ်ကလေး လာလိုက်တယ်၊အရောင်း

အဝယ်စိတ်ကလေးက ကြားထိုး ဝင်လိုက်တယ်ဆိုယင် မင်း-မရှက်ဘူးလား မေးပါ····(မှန်ပါ့ဘုရား)။

(၅၁၉)။ ။မင်းက တရား အားထုတ်တဲ့ ပုံသဏ္ဍာန် ဟန်ပန်နဲ့နေပြီး မင်းစိတ်တွေကတော့ဖြင့် မဟုတ်တာတွေချည်း လာနေတယ်၊ လောကကြီးလဲ မင်းမရှက်ဘဲကိုးလို့ ကိုယ့်ကိုယ်ကိုယ်ဆုံးမပါ····၊ဆုံးမပြီးသကာလ ရှက်တဲ့အခါ ကျတော့မှ ကဲ....ဝီရိယစိုက်လိုက်....၊ကိုင်းအခုနံပါတ် ၃ ကိုပြောပါဦးမယ် နော်....၊ ၃ နံပါတ်က ဘာပါလိမ့်မလဲ ဆိုတော့ ဘုရားက-သွက္ခာတော ဘဂဝတာဓမ္မော၊ ဘဂဝတာ=မြတ်စွာ ဘုရား သခင်သည်၊ ဓမ္မော=တရားကို၊ သွက္ခာတော=ကောင်း စွာ ဟောထားတာ၊ မင်းခန္ဓာကိုယ်ထဲအနိစ္စရှိတယ်လို့ ဟောမထား ဘူးလား···၊တကယ်ရှိလို့ တကယ်သိပြီးဟောထားတဲ့တရား....၊ (မှန်ပါ့ဘုရား)။

(၅၂၀)။ ။သန္ဒိဋ္ဌိကော=မင်း ကိုယ် တိုင် မြင် ရ မည့် တရား၊ အကာလိကော=အခါမလင့် အကျိုးပေးမည့်တရား.... မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။မင်းက မမြင်ဘူးလို့ ဆိုတော့ မင်းကိုက တရားကို လာဖျက်နေတာ၊ တရားကို မင်း သေသေ ချာချာ ကြည်ညို လေးစားတဲ့ သဘော-ယုံကြည်တဲ့ သဘောမရှိသောကြောင့် မင်းဖြစ်-ပျက်တွေမမြင်တာ ဘယ်သူ့ ဆုံးမရမယ်···· (ကိုယ့်ကိုယ်ကိုယ် ဆုံးမရမယ်)၊ ကိုယ့်ကိုယ်-ကိုယ် တရားတော်ဂုဏ်ကို ကိုးစားပြီး သကာလ ကိုယ့်ကိုယ်-ကိုယ် ဝီရိယပြင်းထန်အောင်လုပ်ပါ....၊ ရှင်းပလား····

(၅၂၃)။ ။(ရှင်းပါပြီ)။ ဘုရား ကိုယ်တော် မြတ်ကြီး လဲ ပရိနိဗ္ဗာန် စံသွားတော့ ဓမ္မက္ခန္ဓာတွေက ဆရာတွေက

ဖြစ်နေလို့ ဓမ္မက္ခန္ဓာတွေက သူ့စာအုပ်ထဲ သူနေပြန် တော့လဲ၊ သူကလဲ လာပြီးမဆုံးမဘူးနော်။

အဲဒီ ဓမ္မက္ခန္ဓာတွေ ဘုန်းကြီးများက ကြည့်ပြီး သကာလ၊ တခါဆုံးမရပြန်တော့ အနိစ္စမရှိလို့ အနိစ္စမသိတာလား....၊ အနိစ္စရှိလျက်နဲ့ အနိစ္စမသိကြတာလား....။

(၅၂၅)၊ ။အဲဒီသုံးချက်လိုနေတယ်။ ဒီအဓိပတိသုံးပါး ကို တပါးပါးထားပြီးကြိုးစား၊

(၅၂၈)။ ၊သေသေချာချာရတယ်။ ၁ နံပါတ်က မိမိ ခန္ဓာကြီးကို ကြည့်လိုက်တယ်၊ ဝေဒနာကြည့်လိုက်လဲ ဝေဒနာ ဖြစ်ပျက်မြင်တယ်၊ စိတ်ကြည့်လိုက်လဲ စိတ်ဖြစ်ပျက်မြင်တယ်၊ ရုပ်ကြည့်လိုက်လဲ ရုပ်ဖြစ်ပျက်မြင်တယ်၊ မြင်ချင်တာမြင် ဒီ ၁- နံပါတ် ဉာဏ်ကတော့ ဖြစ်ပျက်ချည်း မြင်တယ်၊ ကဲ....ဒါဖြင့် ဖြစ်ပျက်မြင်လို့ရှိယင် အဓိပတိ သုံးပါး တပါးပါးနဲ့ မညီသေး ဘူးလား (ညီပါတယ်ဘုရား)။

၁ နံပါတ်ဉာဏ်....ဒီဉာဏ်ရင့်လာတဲ့ အခါကျတော့ ဖြစ်-ပျက်တွေမြင်ဖန်များလာတော့ ဖြစ်ပျက်ကလေးဟာ ဆတ်ကနဲ ရှုရင်း မတ္တ ပျောက်သွားတယ်....၊ ဒါဖြင့် ဖြစ်ပျက် ကလေး ဆုံးမသွား ဘူးလား....၊ ဆုံးသွားလို့ရှိယင် ဒီဉာဏ် လာလို့ ဒီဉာဏ်က အဆုံးကိုမြင်တာဘဲ.... ဒါသောတာပတ္တိမဂ်ဉာဏ် ခေါ်တယ်....အပါယ်လေးပါး တခါးပိတ်တဲ့ဉာဏ်။

(၅၃၄ မှ ၅၅၇) သုသိမ (အဆက်)။ ။ရဟန္တာ ဖြစ် ပြီးတော့မှ မင်းကောင်းကင် ပျံနိုင်သလား၊ မြေလျှိုး နိုင်သလား ဆိုတာ ဖွတ်မီးနဲ့ ဖွတ်ချည်ပါ လိမ့်ဦးမယ်....။

(၅၅၄)။ ။သင်္ခါရတရားကို အနိစ္စ, ဒုက္ခ, အနတ္တလို့ မြင်တာက ဝိပဿနာဉာဏ်၊ အဲဝိပဿနာဉာဏ်လဲဆုံးပါရော နိဗ္ဗာန် မဂ္ဂဿဆိုတော့ ဝိပဿနာ ပါသေးရဲ့လား....၊ နိဗ္ဗာန် မဂ္ဂဿ အာရမ္မဏ ပစ္စယေန ပစ္စယောလို့-ဟောလိုက်ပြန်တော့ စကားလဲ အင်မတန်ကြီးပါတယ်၊ မှန်တာကလဲ ပဋ္ဌာန်း ပါဠိ တော်ဖြစ်နေလို့ အင်မတန်မှန်၊ သံယုတ်ပါဠိတော်နဲ့ ပဋ္ဌာန်းနဲ့ တထပ်ထဲသွားနေတယ်။

အဲသင်္ခါရ ဒုက္ခမြင်တာက ဝိပဿနာဉာဏ်၊ ဒုက္ခအဆုံး နိဗ္ဗာန်မြင်တာက....မဂ်ဆိုတာ သေချာကြပလား....။

(၅၆၅)။ ။ဩော်....ဒါဖြင့် နားက ဘုန်းကြီး တရားကို နာပါ၊ ဉာဏ်ကခန္ဓာထဲလှည့်ပါ၊ လှည့်ဖန်များ ဉာဏ်ထက်လို့ ရှိယင် ဒုက္ခအဆုံးမြင်ပါတယ်။

(၅၆၀)။ ။အနာထပိဏ် သူဌေးကြီးရဲ့သား အေး.... ကာလဆိုတဲ့ သားရှိတယ်နော်....၊ဒါကလေး နည်းနည်း နား ထောင်ပါဦး၊ ပြီးတော့မှ သုသိမကို ပြောတာပေါ့....၊ အနာ ထပိဏ်သူဌေးကြီးရဲ့သားဘယ်သူပါလိမ့်....(ကာလပါဘုရား)။ အနာထပိဏ် သူဌေးကြီး ကတော့ သောတာပန် တည် ပြီး သကာလ နေတော့တယ်၊ အင်း....သားကတေလေ-

(၅၆၉)။ ။ဖြစ်နေတော့ အဖေဆိုတော့ ရင်သွေးဖြစ်တဲ့ သားကို ဘယ်နည်းနှင့်မှ အပါယ်သွားတာ မကြည့်နိုင်ဘူး.... (မှန်ပါ့)။ ကွာ....ကာလတို့များ မိုက်လိုက်တာ ငါ့မှာ သံဃာ ငါးရာနေ့တိုင်း ဖျာတွေခင်း ယာဂုတွေကပ် ဆွမ်းချိန် ဆွမ်းကပ် လို့ ဒီလောက် သာသနာတော်ကြီး ငါချီးမြှောက်ပြီး နေတာ ကူဖေါ်လောင်ဖေါ်မရ၊ တရားနာဖေါ်မရ၊ နေ့တိုင်း အနှမော

ဒနာပြုတာလဲ ဒီအိမ်ပေါ်မှာ ဒီတိုက်ပေါ်မှာ ဒါလဲ အနမော ဒနာပြုဖော်မရဘူး၊ ဒီကောင် အပါယ်သွားတာတော့ မကြည့် နိုင်ဘူး ဆိုပြီးသကာလ၊ ကာလ-ရေ.... အနာထပိဏ် သူဌေး ကြီးက ခေါ်လိုက်တယ်၊ မင်းကွာ ဘုရားကျောင်းတော်မှာ မင်း နဲ့လဲ အင်မတန်

(၅၇၀)။ ။အကျွမ်းဝင်တဲ့ သံဃာတွေဟာ အကုန်ရှိနေ တာဘဲ၊ တနေ့တလေများ....မင်း တနေ့တည်း ဥပုသ်စောင့်ပြန် လာယင် ငွေတရာပေးမယ်ဆိုတော့ ကဲ....ကောင်းပြီ ဘုရား ကျောင်းတော်သွားပြီး သကာလ ဥပုသ်စောင့်သလိုလို ဘာလို လိုနဲ့ အိပ်ပြီးပြန်ခဲ့တာပေါ့....သူသည် ငွေရဘို့ဘဲ အရေးကြီး-

(၅၇၁)။ ။နေတယ်၊ မနက် ကျတော့ ဘုရားနဲ့ အတူ သံဃာငါးရာကလဲ အိမ်ကြွလာတဲ့အခါ၊ သူကနောက်က လိုက် လာတာပေါ့ဗျာ....၊အဖေလုပ်တဲ့ပုဂ္ဂိုလ်ကအိမ်ပြူတင်းပေါက် ကနေပြီး ထွက်ကြည့်လိုက်တယ်၊ ဩော်.... ငါ့သားဖြင့် ညစာ တောင် မစားဘဲ ဥပုသ် စောင့်လာတဲ့ဥစ္စာ၊ အစေခံတွေကို ယာဂုတို့ဘာတို့ ပြင်ထားကြပါကွာ၊ ကာလဟာ ဥပုသ်စောင့် လာတယ်ဟေ့ သူလဲဆာလာတယ်ကွ မင်းတို့က မြန်မြန် ပြင်ပြီး ဆင်ပြီးကျွေးကြမွေးကြကွဆိုတော့ ဘုရားနဲ့ သံဃာတွေကတော့ ဘုန်းပေး နေပြီ၊ ကာလက ဇွန်းတောင် မကိုင်ဘူးတဲ့ ယာဂု သောက်ဘို့ငွေမရယင် မသောက်ဘူးတဲ့အခက်ကြီးပါလားဗျ....၊ ဟင်....

(၅၇၂)။ ။အဲဒီလိုဖြစ်ပြီးသကာလနေတော့ သူ့သားဆီ လာရရှာတာပေါ့၊ သမုဒယကတော့ သောတာပန်ပေမဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာသာ ပယ်သေးတာကိုး....၊ သမုဒယ ၄ ပိုင်း ၁ ပိုင်း သာ ဆိုတော့ ၄ ပိုင်း ၃ ပိုင်းက ကျန်နေသေးတယ်....၊ ကဲဒါနဲ့

ဟာ····ဘယ့်နှယ်ကြောင့် မသောက်တာတုံး၊ အို····ငွေပေးမယ် ဆိုတာ၊ ငွေတရာရမှ သောက်မယ်၊ အံမာလေးဗျာ···· ယာဂု သောက်ဘို့ကို ငွေတရာ ပေးရဦးမယ်တဲ့····လွယ်ရဲ့လား၊ သဒ္ဓါ ဆိုတာပါရဲ့လား····၊ အဲဒီတော့ သဒ္ဓါဆိုတာမပါဘဲ အဖေ ဆိုတော့ ကြည့်မနေနိုင်ဘူးပေါ့ ဒါနဲ့ ငွေတရာယူပြီး

(၅၇၃)။ ။ပေးတော့မှ ယာဂုကို သောက်ပါတယ်၊ သို့သော် အဖေမို့ ယဉ်းသွင်းရတဲ့ အဓိပ္ပါယ်ပေါ့ဗျာ····၊ ခင်ဗျားတို့သားတွေ သမီးတွေလဲ ဒီလိုဘဲဟာ····၊ သံဃာတော် တွေ ဝတ်ချကြဟာ၊ ဆွမ်းကပ်ချေပါဟာ၊ ကျောင်းသွား ဘာ ကလေး ပို့ချေပါဟာ၊ ဒီလိုယဉ်းသွင်းကြရတာဘဲ····။ ဒါနဲ့ ငွေ တရာရတော့မှ၊ ယာဂုသောက်ပြီးသကာလ ငွေတရားသုံးဖြုန်း ကုန်တာဘဲ····၊ ဒါနဲ့ ငွေတရာနဲ့ ကျောင်းတော်တခေါက်သွား ဖေါ်ရပြီကွတော်ပြီ၊ နောက် ၄-၅ ရက်ကျတော့ ကာလ လာပါ ဦးကွ၊ ကျောင်းသွားတယ် ဆိုကတည်းက နည်းနည်းတော့ အဘိုးတန် လာပြီ···· ဒါနဲ့ကာလရေ···· ဒီတခါ တော့ ကွာ တထောင်ဟော့····ဈေးတက်သွားတယ်၊ ဒီတခါတော့ ကျောင်း သွားပြီး တရားကလေး တပုဒ်တည်းမှတ်၊ မှတ်လို့ရှိယင် တထောင်ပေးမယ်ကွ····တဲ့၊ ဟုတ်ပါမလားတဲ့ အို....မင်းအရင် တရာ တုန်းက သေချာပြီးသားဘဲ၊ သွားသာ သွား၊ ဂါထာ ၄ ပါဒရှိတဲ့အနက်က၊ ရှစ်လုံးလောက် -

(၅၇၄)။ ။မှတ်မိယင်ဘဲ၊ သူက တထောင် ပေးတော့ မယ်····ဒီတော့ ဘုရားတရားကို နာရှာတာဘဲ၊ နားကနာလိုက် ဉာဏ်ကခန္ဓာကိုယ်ထဲမလွှတ်တော့ ပျောက်ပျောက်သွားတယ်.... နားကတွင် မှတ်လို့တော့မဖြစ်ဘူး၊ ခန္ဓာထဲမှတ်မှရမှာ ပေါ် လာတယ်····၊အေး····ခင်ဗျားတို့လဲကာလ အမျိုးတွေမို့ ဟော

နေရတယ်နော်….၊ ရိပ်မိကြပလား၊ ခင်ဗျားတို့လဲ တော်တော် ကြာ အိမ်ကျတော့ ဘုန်းကြီး ဘာဟောလိုက်ပါလိမ့်။ အို…. ခလုပ် တိုက်တာနဲ့ မေ့လိုမေ့၊ စိတ်က ရွတ်တာနဲ့ မေ့လိုမေ့ ကိုယ်နဲ့ ကာလနဲ့-

(၅၇၅)။ ။အတူတူဘဲ မကျဘူးလား၊ ဒါနဲ့ ဘုရားက၊ သဗ္ဗေသင်္ခါရာ အနိစ္စတွေ-ဒုက္ခတွေ ဟောလိုက်၊ ကာလ နားကတော့ကြားပါရဲ့ ဘယ်ဟာအနိစ္စ၊ ဘယ်ဟာဒုက္ခရယ်လို့ သူမသိဘူး၊ဒါနဲ့မဖြစ်ပါဘူးဆိုပြီး ခန္ဓာကိုယ်ထဲလှည့်လိုက်တယ်၊ ခန္ဓာကိုယ်က ဖျတ်ဖျတ်-ဖျတ်ဖျတ်နဲ့ ပျက်စီးနေတာ ကလေး မြင်တော့ ဩော်ဒါအနိစ္စပါကလား၊ဩော်-ဒါဒုက္ခပါကလား၊ ဩော်….ဒါအနတ္တဘဲဆိုတော့၊ ဩော်….ဒီ့ပြင်ဘာမှ မဟော ဘူး….ဒီလိုသူနာတာပေါ့ဗျာ….ခန္ဓာကြည့်နာရင်းနဲ့ ဉာဏ်က အလွန် ကြီးကျယ် မြင့်မြတ်တဲ့ ဉာဏ်ကြီး ဖြစ်လာတယ်….၊ နာရင်းမတ္တ ခန္ဓာကိုယ်ထဲ ဉာဏ်-

(၅၇၆)။ ။လွှတ်လိုက်တာ သောတာပန် တည်သွား တယ်….၊ အဲဒါ ဓမ္မပဒမှာ လာပါတယ်၊ နားက ပဉ္စဒွါရ ဖြစ်နေတော့ နိဗ္ဗာန် မရောက်နိုင်ဘူး၊ ဉာဏ်က မနောဒွါရ ဖြစ်နေတော့ ပဋိစ္စ-

(၅၈၂)။ ။သမုပ္ပါဒ် ပြတ်တဲ့ မဂ်ဉာဏ် ဖြစ်နိုင်တယ်၊ တေလေ သောတာပန် ဖြစ်သွားတာ မြင်လိုက်ကဲ့လား။

(၅၈၃)။ ။ဒါနဲ့မနက်မိုးလင်းယင် သောတာပန်တည် ပြီး၊ ညက သူကောင်းကောင်း မှန်မှန် အိပ်လို့ တရားဓမ္မတွေ နှလုံးသွင်းလို့ မနက်ကျလာတော့ သံဃာငါးရာ ဘုရားကရှေ့က နေပြီးသကာလ အနာထပိဏ် သူဌေးကြီးအိမ်ဘဲ ထုံးစံအတိုင်း ကြွလာခဲ့တယ်၊ ကြွလာတော့ အဖလုပ်တဲ့ ပုဂ္ဂိုလ်ကတော့

ကရုဏာက မကင်းဘဲကိုး…. အပြင်ဘက် ပြူတင်းပေါက်က သူ့သား ကာလ အရေးတကြီး ထားကြည့်-

(၅၈၄)။ ။တာပါ….ရိပ်မိပလား၊အို….ကာလအရင်နဲ့ မတူပါကလား….၊ အရင်တုန်းကတော့ ငွေရတော့ မှာဘဲ ဆိုပြီး ပြုံးခါရွှင်ခါနဲ့ လာခဲ့တယ်၊ အခုတခါဖြင့် ကာလဟာ ဇွဲလျှော့ သိပ်ကောင်းပါကလား။ ။စက္ကူဇွဲလျှော့ အောက်ချလို့၊ နေပုံထိုင်ပုံလဲ သပ်သပ်ရပ်ရပ်၊ ကာလတော့ဖြင့် နေရာကျလာပြီထင်တယ်၊ သူ့အဖေက အကဲခတ်တယ်….၊ အရင်တုန်းကတော့ ယာဂုတောင် မသောက်တဲ့လူ…. ကာလ ငွေယူတော့မလားဆိုတဲ့ အသံ

(၅၈၅)။ ။ကြားရမှာ သိပ်ကြောက်တယ်….၊ မထူးဘူးလားဗျာ….ဒိဋ္ဌိစိက္ခတ္တ ကလေးပယ်လိုက်ကာ-

(၅၈၆)။ ။ရှိသေးတယ်၊ဟိရိဩတ္တပ္ပတွေကပ်လာတယ်၊ ဒါကြောင့် အဝတ်တွေဖုံးလွှမ်းပြီးနေတာ၊ ဟိရိဩတ္တပ္ပရှိတယ်လို့ ဆိုတာ မဟုတ်ဘူး….၊ သူတော်ကောင်း အလုပ်တွေ၊ မကြိုက်တဲ့ပြောသံဆိုသံတွေ ကိုယ်ကပြောမိဆိုမိမှာသိပ်ကြောက်တယ်၊ သောတာပန်တည်မှ အကြောက် အရှက် ဇာတ်သိမ်းမယ်၊ ရှင်းပြီးနေ၁်….ကဲ-ဒါဖြင့် ကာလလဲ နောက်ကလိုက်လာ၊ ဘုရားကလဲ ရှေ့ကကြွလာ-အဖေလုပ်တဲ့ ပုဂ္ဂိုလ်ကလဲ ကာလ ငွေပေးချင်လို့ မျှော်နေတာနဲ့ဆိုတော့ ကာလနဲ့ သူ့အဖေနဲ့ ကန့်လန့်ဖြစ်ပြီ။

(၅၈၇)။ ။အရင်တုန်းကတော့ မပေးလို့ကန့်လန့် အခုဟာတော့ ပေးမှာကြောင့် (ကန့်လန့်ပါဘုရား) ဘယ့်နှယ်မထူးခြားဘူးလားဗျာ…. ကာလ ထူးခြားလာတယ်ဘုရား-အင်း-ဒီကလဲ သောတာပန်ကိုးဗျ- ဘယ့်နှယ်ထူးသတုံး တကာကြီးရ

ပြောစမ်းပါဦး- အရင်တုန်းကတော့ဘုရား ယာဂုတွေဘာတွေ တိုက်တဲ့အခါ သောက်ကိုမသောက်ဘူးဘုရား-ဘာလို့မသောက် သတုံးမေးတော့ငွေတရာမပေးလို့ကျုပ်မသောက်ဘူး၊အခုတော့ သူ့ဟာသူ မြိန်ရေ ရှက်ရေသောက်ပြီးသကာလ နေလိုက်တာ ငွေအကြောင်း စကားကိုမပြောတော့ဘူး။

ဟာ-တကာကြီးဘာပြောမတုံး သောတာပန် တည်ယင် ဒိဋ္ဌိစိတ်ပေါ်တယ်။

(၅၈၈)။ ။ဆိုတဲ့ဂါထာ ရွတ်ပြလိုက်တယ်၊ ပထဗျာ= မြေတပြင်လုံးကို အစိုးရတဲ့ လေးကျွန်းသနင်း စကြာမင်းဖြစ်တဲ့ အဖြစ်ဆိုတဲ့ အကျိုးပေးတွေ ရှိတယ်တဲ့···· လေးကျွန်းသနင်း စကြာမင်းအဖြစ်ဟာ အဲဒါ တော်တော် မြတ်တယ်လို့ ထား တာဘဲ၊ အခုသူရထားတဲ့ သောတာပတ္တိဖိုလ်လောက် မမြတ် ဘူး တကာကြီးရ-တဲ့၊ ငွေတထောင်လောက်တော့ မဖြုံလောက် တော့ဘူးတဲ့····(မှန်ပါဘုရား)။

(၅၈၉)။ ။ပထဗျာ ကေရဇ္ဇေန=မြေတပြင်လုံး အစိုး ရတဲ့ စကြာမင်း စည်းစိမ်ထက်လဲ သောတာပတ္တိမဂ်ကမြတ် တယ်.... (မှန်ပါ)၊ စကြာဝတေးမင်းက အခုစကြာဝတေးမင်း နက်ဖြန် ဒယ်အိုးထဲ ရောက်နိုင်တယ်၊ နိစ္စသီလရပလား (မရ သေးပါ ဘုရား) အနိစ္စသီလ ရှိပါသေးတယ်၊ အဲ့ဒီ စည်းစိမ် ထက်လဲ အများကြီးသာပါတယ်ဆိုတာ ပေါ်ကြပတား····ဟို ဟာတွေက နတ်ပြည်ကနေပြီး နတ်သမီးငါးရာနဲ့ ဒယ်အိုးထဲ ထိုးကျတယ်····မကျဘူးလား၊ ဗြဟ္မာကြီးတွေကကော ဝက်ဖြစ် ရတာတွေကော မရှိဘူးလား···· ရှင်းကြပလား····။

(၅၉၀)။ ။တရားနာတဲ့ နိသျည်းမှာ ကာလ နည်းကို လိုက်ရမယ်။

(၅၉၃)။ ။ငါတို့မှာ ဈာန်မပါ-ပါဘူးကွ၊ ဈာန်ချောက်ပြီးသကာလ ဝိပဿနာနဲ့ ကိလေသာမှလွတ်တဲ့ နိဗ္ဗာန်မြင်ရပါတယ်၊ ဈာန်မပါဘူးလို့ သေသေချာချာဖြေတာဘဲ။

အဲဒီတော့ ဈာန်မပါဘူး ဆိုငြားသော်လဲ မဂ္ဂင် ၅ ပါးကို ဘုန်းကြီး နည်းနည်း ရှင်းပြလိုက်တော့ သေချာပါတယ်နော်.... သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ-က ပညာမဂ္ဂင်၊ ဝီရိယ သတိသမာဓိက သမ္မာဓိမဂ္ဂင်....သို့သော် တွဲဘက် အဖြစ်သာ ပါ,ပါတယ်တဲ့၊ သူတို့မပြဋ္ဌာန်းပါဘူး၊ ဖြစ်ပျက်ရှုတဲ့အခါမှာ.... သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပကသာ ပြဋ္ဌာန်းတယ်....ကောင်းကင်ပုံ-မြေလျှိုးတဲ့ ဈာန်မဟုတ်ပါဘူး၊သမာဓိတည်ကာမျှ ဥပစာရသမာဓိလောက်နဲ့ ဖြစ်ပါတယ်၊ ရှင်းပြီနော်....။

(၆၀၃)။ ။ဒီသုသီမပရိဗိုဇ်သည် ဘုရားကိုက ၁-နဲ့ဟောလိမ့်ဦးမယ် သူ့ကို.... ၁ ဉာဏ်အရင်ပေးပြီး ပြဦးမယ်၊ ပြတဲ့အခါ ၂ ဉာဏ်သူ့ဟာသူပေါ်ဦးမယ်....ခိုးရင်းမတ္တနဲ့ ကိုပေါ်ဦးမယ်.... အဲဒီဥစ္စာသေချာတော့ တရားသူခိုးတောင် မဂ်ရသေးတာဘဲ၊ ဒို့ဟာတရားလိုချင်လို့ ရအောင်လုပ်တဲ့ ပုဂ္ဂိုလ် ဘယ်မှာမရဘဲရှိမလဲ.... (မှန်ပါ့)၊ ခိုးတဲ့လူတောင် ရဟန္တာဖြစ်သေးတယ်၊ တကယ်လိုချင်တဲ့လူ ကိုယ့်ကိစ္စ ကိုယ့်ဉာဏ်နဲ့ စေလွှတ်ယင် မပြီးဘဲရှိပါ့မလား....(မရှိပါဘုရား)။

မော်လမြိုင်မြို့
ပဒါနိကာရုံကျောင်း တန်ဆောင်း ကမ္ဘည်းကျောက်စာမှ

## နိဗ္ဗိန္ဒကဗျာ

ချမ်းသာတခု၊ မက်မော မှုကြောင့်၊ ပုပုရွရွ၊ ကြိုးပန်းကြလည်း၊ **ဒုက္ခ** ပင်လယ်၊ ကျယ်ထက် ကျယ်သည်၊ ရွယ်တိုင်းမရောက်ပါတကား။ ။

ချမ်းသာနိုးနိုး၊ စိတ်အားကိုးနှင့်၊ အကျိုးငံ့မျှော်၊ စောင့်ပါသော်လည်း၊ သွေ့ချော်တိမ်းပါး၊ ထင်ချက်မှားသည်၊ ထင်စားကြိုး မနပ်ပါတကား။ ။

ဆန္ဒအာသာ၊ လိုဇ္ဇာစွာနှင့်၊ တဏှာလောင်မီး၊ ထိန်ထိန်ညီး၍၊ **ကြီးပွားလေလေ၊ ရှာဖွေကြံရေး၊ မှုရှုပ်ထွေး၏၊**အေးခွင့်မရှင်း၊ နောက်ဆံတင်းသည်၊ ထန်ပြင်း **ဒုက္ခ** ဝန်ပါတကား။

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**

**ဓမ္မဒါနံ** = ရှင်ပင်ဘုရား အမြင်အားဖြင့် ထင်ရှားမြွက်ဖော်တရားတော်အလှူသည်

**သဗ္ဗဒါနံ**= သင်္ဘော် သင်္ကန် မရေသာအောင် ထွေရာ ပေါင်းစုံအကြောင်းပြုသည့် ကောင်းမှုဖုံဖုံ အလုံးစုံသော အလှူမျိုးကို

**ဇိနာတိ**= အောင်နိုင်၏။

## မိုကုတ်ဝိပဿနာ လုပ်ငန်းစဉ် တရား အမှတ်စဉ် ၄

(၁၉၂)။ ။အာသဝ-မျက်စိမွဲတယ်၊ ခါးကိုင်းတယ်၊ နား ထိုင်းတယ်၊ သားဆိုး,သမီးဆိုးနှိပ်စက်ခံရတယ်၊ ရေ- မီး- မင်း ခိုးသူ-မချစ်မနှစ်သက်သောသူတို့က နှိပ်စက်နေတယ်၊ ဘယ်သူ လုပ်သတုံး···· (အာသဝေါတရား လုပ်ထားတာပါ ဘုရား)၊ အဲ-ဒါကို ပြီးပြီးတော့များ ဩော်···· ကံမကောင်း အကြောင်း မ(လှ)လို့ ခံရလေခြင်းလို့ဆိုမလား....၊ဒီကံကိုမချပါနဲ့၊ ကံပေါ် မှာ ဘယ်သူ အုပ်ချုပ်နေသတုံး....(တဏှာဥပဒါန် အုပ်ချုပ်နေ ပါတယ် ဘုရား)။ ဒါ-အာသဝလုပ်တာ။

"အနေကဇာတိသံသာရံ"ဘုရားအနေကဇာ တင်တဲ့အခါ သံဃာတွေ ပင့်တင်ပြီး မရွတ်ကြ ဘူးလား····၊ ရွတ်တဲ့အခါ ကျတော့ဟော့····

(၁၉၃)။ ။တဏှာယောက်ျား လက်သမား····မင်း···· ခန္ဓာအိမ် ဆောက်ရတော့မယ်လို့ မအောက်မေ့နဲ့ ဆိုတော့ ကံ ပြောသလား····၊ တဏှာယောက်ျား လက်သမားကို ပြော သလား····၊ အာသဝပြောနေသလား။

အဲ- ဘဝများစွာ သံသရာပတ်လုံး ခန္ဓာအိမ်တွေ ဆောက် ခဲ့တာ မင်းချည်းဘဲတဲ့၊ ဒီတခါ မင်း- ခန္ဓာအိမ် ဆောက်ရ လိမ့်မယ်လို့မအောက်မေ့ နဲ့တော့ ဆိုတော့ ငါ-အာသဝေါ ကုန်ပြီလို့ပြောတာ····ဒါဖြင့်အာသဝေါကုန်ချင်ယင် မဂ်အလုပ် လုပ်ရလိမ့်မယ် ဆိုတာကော လေးလေး နက်နက် သဘောကျ ပလား····၊ ရှင်းပြီနော်····

(၁၉၄)။ ။အဲ-ဒီလို သိပြီးသကာလ သဿတ ဥစ္ဆေဒ တွေ ဒိပ္ပိုစ္စသမုပ္ပါဒ်ထဲ ဝင်နိုင်သေး ရဲ့လား····၊မဝင်နိုင်တဲ့

အချိန်ကျတော့မှ ဝိပဿနာရှုပါလို့ဆိုတာဟာ ဗလဝဝိပဿနာ ဖြစ်အောင်လို့....ဒုဗ္ဗလဝိပဿနာဆိုတာအားနည်းတဲ့ဝိပဿနာ ဟာ ဒိဋ္ဌိ မခွာနိုင်ဘူးတဲ့၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို နားမလည်ဘဲနဲ့ ဒိဋ္ဌိ တန်းလန်းနဲ့ ရှုနေလို့ မဂ်မရနိုင်ဘူး။ သဿတ သဘော နဲ့ကော ခိုင်တယ်၊ မြဲတယ်လို့ ယူသေးရဲ့လား၊ ဥစ္ဆေဒသဘောနဲ့ ကော ပြတ်တယ်လို့ မယူဘဲနဲ့ ရှုလို့ရှိယင် ဗလဝ ဝိပဿနာ ဖြစ်မယ်။

(၂၄၅)။ ကိုယ့်ခန္ဓာနဲ့အတူသာ နေကြတယ်၊ ခန္ဓာငါး ပါးတွေကြရဲ့လား၊ မြေးနဲ့အတူ

(၂၄၆)။ ။တူနေတယ်၊ သမီးနဲ့အတူတူနေတယ်၊ခန္ဓာနဲ့ အတူတူနေတယ်(လို့) ပြောဘူးကြရဲ့လား၊ ဟော....ယားတယ် ဆိုလို့ရှိယင် ဝိညာဏက္ခန္ဓာနဲ့ နေတာဗျ၊ ကောင်းတယ်ဆိုလို့ ရှိယင်လဲ ကောင်းတဲ့ ဝေဒနာက္ခန္ဓာနဲ့နေတာ၊ မြင်တယ်ဆိုတာ မြင်စိတ်နဲ့နေတာ။

(၂၄၇)။ ။ဒိဋ္ဌိ လှည့်စား သလိုသာ ခံနေကြတယ်.... အဲ....ပေါ်တိုင်းပေါ်တိုင်း ဒုက္ခသစ္စာနဲ့ဉာဏ်ထဲအတူ နေလိုက် စမ်းပါ။

(၂၄၈)။ ။ဒုက္ခသစ္စာနဲ့ အတူနေမှသာလျှင်၊ ဒုက္ခအဆုံး တွေ့မှာကိုး၊ ကိုင်း-ဒါဖြင့် နိဗ္ဗာန်လိုချင်ယင် အဖုံးသုံးချက်ဖွင့် ရလိမ့်မယ်၊ သား၊ မြေး၊ မြစ်လဲ မရှိစေရဘူး....၊ ကိုယ့်ဉာဏ်ထဲက ပေါ်ဗျာ၊ သူ့ဟာသူ ပင်ကိုယ်ရှိတာတော့ ရှိပါစေ၊ ကိုယ့်ဉာဏ် ထဲတော့ဖြုတ်ပစ်ကြပါ၊ ဒိဋ္ဌိ တချက်ဖွင့် အဝိဇ္ဇာ တချက်ဖွင့်မှ ဝိဇ္ဇာကလေးပေါ်တော့ ဝိဇ္ဇာနဲ့ခန္ဓာနဲ့ သွားတော့မှ နိဗ္ဗာန်နဲ့ တွေ့မှာ၊ အဲဒါက ကာယဝိညာဏ်ကို ဝိပဿနာရှုတာ။ သုခ-

ဒုက္ခ ကာယဝိညာဏ်ကို ဖြစ်ပျက်ရှုပါဆိုတာ အဓိကထားတာ ပါဘဲ။ (ဇိနတ္ထပကာသနီကျမ်း၊ စာမျက်နှာ (၂၆)။ ဇာတိရှိက ဇရာရ၍၊ ဒုက္ခဗျာဓိ ပရိဒေဝ၊ မရဏာသဘောရောက်သော အခါ၀မှတာ၊ ဤအရာကို၊ သူငါမလွတ်၊ တွေ့တတ်ရကား၊ ရှင်မင်းဖျားလည်း၊ မရှားရှောင်သာ၊ ဤခန္ဓာသည်၊ အိုပါမည် ဆက်ဆက်ပင် ဘုရားဟု ရထားမှူး (မြင်းမြီးဆွဲ)မောင်ဆန်က လျှောက်ထားသော သာဓကအရ၊ ဖွားဘက်တော် မောင်ဆန် ခေါ် (အရှင်ဆန္နသည်၊ လေးဆယ့်ငါး၀ါပတ်လုံး တရားအား ထုတ်သော်လဲ တရားထူးတရားမြတ်မရဘဲ၊ အရှင် အာနန္ဒာဆီကျမှ ရဟန်းကိစ္စပြီးတဲ့ အရှင်ဆန္နဝတ္ထု။)

(၂၄၉)။ ။ဆန္နကိုဘဲ ပြန်ကောက်ကြစို့ ···· တဲ့ ဆန္နသည်ကားလို့ဆိုယင် မနေ့က သာဝတ္ထိ

(၂၅၀)။ ။ပြည်ကနေပြီး သကာလ အရှင် အာနန္ဒာဆီဒီ-ကိုယ်တော်တွေ ဟောလို့ မကျွတ်နိုင်လို့ အရှင် အာနန္ဒာကလဲ ကောသမ္ဗီပြည်မှာ ရှိနေလို့ သူကဗျာကရာ ပရိက္ခရာတွေ ယူပြီး အဲဒီကိုမသွားလားဗျာ···· အရှင် အာနန္ဒာနဲ့ဘဲ သွားတွေ့ပါတယ်၊ ဖွားဘက်တော်ချင်း ဖြစ်ပြီး၊ သူကဘဲ ဆီးနှုတ်ဆက်တယ်၊ ညီတော် အာနန္ဒာ····တဲ့ တပည့်တော်ကို ကူညီဦးမှဘဲ တရားထူးတရားမြတ်တွေ့ သိပ်ရချင်နေပြီ···· သာဝတ္ထိပြည်မှာရှိတဲ့ ပုဂ္ဂိုလ်တွေ အဟောခိုင်းပြန်တော့လဲ နိဗ္ဗာန်မတွေ့ ပါဘူးတဲ့၊ မပြောဘူးလားဗျာ···· နိဗ္ဗာန်တွေ့ရဲ့လား···· ဘာတွေမတုံး၊ ပဋိစ္စသမုပ္ပါဒ် တန်းနေတဲ့ သဘောကြီးကို၊ ဟောမှ မဟောဘဲ သူကလဲနှလုံးမသွင်းဘူး၊ အဲဒီတော့ ဒိဋ္ဌိ ခံ-မခံ စဉ်းစားစမ်း၊ ပဋိစ္စသမုပ္ပါဒ်တခုဖြစ်ပြီး တခုချုပ်တာ မမြင်လို့ရှိယင် ဘာခံမယ် ထင်ကြသတုံး၊

(၂၅၁)။ ။(ဒိဋ္ဌိသာခံပါတယ်ဘုရား)အဲဒီတော့ အရှင်ဆန္ဒ ရှုနေတာ သည်ဖြစ်ပျက် မမြင်လို့လား ဒိဋ္ဌိမကွာလို့လား သာ အကဲခတ်ကြပေတော့….နိဗ္ဗာန်တော့ ဘယ်တွေ့မဟုံး…. တဲ့ ဒီကိုယ်တော်က ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ ပစ္စယပရိဂ္ဂဟဉာဏ် မပါဘဲနဲ့ ဝိပဿနာ ရှုနေတာ

(၂၅၅)။ ။အဲ…. ကိုယ့်သန္တာန်မှာ ဟောဒါက ရှေ့ဖြစ်တာ၊ ဟောဒါက နောက်ဖြစ်တာ၊ အင်း….ဒါက ဒိထက် နောက်ကျအောင်ဖြစ်တယ်ဆိုတာ ဒီစိတ်စဉ်ကလေးတွေ,ရုပ်စဉ် ကလေးတွေ တန်းနေတာကိုသိမှလျှင်လဲ တခုပြီးတခု သိမှသာ လျှင်လဲ ပုဂ္ဂိုလ်သတ္တဝါပျောက်မှာကိုးဗျ။ စိတ်စဉ်သာရှိတယ်၊ ရုပ်စဉ်သာရှိတယ်၊ ယောကျ်ား မိန်းမ မရှိဘူးဆိုတာ မပေါ်လာ သေးဘူးလား….(ပေါ်လာပါတယ်ဘုရား)။ အဲဒီအခါကျတော့ ဗလဝ ဝိပဿနာ ဖြစ်ပါပြီတဲ့၊ အဲဒီအချိန်ကျမှ ရှုလို့ရှိယင် နိဗ္ဗာန်ရပါတယ်တဲ့။

(၂၅၆)။ ။ရှင်သွားတဲ့အချိန်ကျတော့မှ ဒိဋ္ဌိဖြုတ်ခဏ်း ကို ဟောတာ၊ ဝိပဿနာကို မဟောဘူး။

(၂၅၇)။ ။အရှင်အာနန္ဒာကပိဋကတ်သုံးပုံမှာရှာလိုက် တဲ့အခါ၊ဒီပုဂ္ဂိုလ်ဟာပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ဒိဋ္ဌိခွာနည်းနိသျှည်းကို မရဘဲနဲ့ ဝိပဿနာရှုလာတဲ့အတွက် သူ့မှာဖြင့် နိဗ္ဗာန်ဆိုတာ မပေါ်လာ၊ ဒိဋ္ဌိဖြုတ်ခဏ်း ကစ္စာယနအနွယ်ဖြစ်တဲ့ ရဟန်းကို ဟောတဲ့ တရားကို ဟောမှ ရမယ်၊ ငါ့ရှင်မပူနဲ့၊ ဒီတရားဟာ ပိဋကတ်သုံးပုံထဲမှာ သင်နဲ့အတော်ဆုံးဘဲ၊ ဒိဋ္ဌိဖြုတ်တဲ့တရား။

(၂၆၂)။ ။နိဗ္ဗာန်ကို လိုချင်ယင် ကိုယ့် ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ကြ။ အဲ….ကိုယ့်ဒုက္ခကို ကိုယ်မြင်ပြီဆိုမှဖြင့် နောက်

ဒုက္ခတွေ အတွဲလိုက်အပြုံလိုက်ပြတ်တော့တယ်ဆိုတာ မှတ်လိုက်စမ်းပါ။

(၂၆၃)။ ။မနောအကြည်မှန်ဆိုတာရှိတယ်၊ ဝမ်းထဲမှာ ဟဒယဝတ္ထုအကြည်မှန်ဆိုတာရှိတယ်နော်....သားကလေးဘက်တည့်ပေးလိုက်....သမီးဆီ လှည့်လိုက်.... ပစ္စည်းဘက် လှည့်လိုက်.... သန္တာန်မှာဖြင့် အလုပ် အများဆုံးလို့ မှတ်လိုက်စမ်းပါ။

(၂၆၄)။ ။မနောအလုပ်က မအိပ်မခြင်းဘဲ နဖူးပေါ်လက်တင်ပြီး သကာလ သားဘက်....သမီးဘက်.... အရောင်းအဝယ်ဘက် လှည့်လိုက်လို့ ချမ်းသာတဲ့ စိတ်ကလေး ကလဲ အကြည်မှန်ပေါ်ပေါ်လာတာဘဲ၊ တွေးလုံးနဲ့ လှည့်တာဟူသ၍ ကိုဖြင့် မနောစိတ်လို့မှတ်လိုက်ကြစမ်းပါ။

မနဋ္ဌ= ခင် ဗျားတို့ သ န္တာ န် ၌ ဘဝင်အကြည်မှန်ကိုလည်းကောင်း၊ ဓမ္မေစ= တွေးနေရတဲ့ ဓမ္မာရုံကို လည်းကောင်း၊ ပဋိစ္စ= စွဲ၍၊ မနောဝိညာဏံ= မနောဝိညာဏ်စိတ်သည်၊ (ဝါ) ခင်စိတ်, မင်စိတ်, ကြင်နာစိတ်, စိုးရိမ်စိတ်, ကြောင့်ကြစိတ်သည်၊ ဥပ္ပဇ္ဇတိ=တပြုံကြီးပေါ်ကြ၏။

(၂၇၀)။ ။အကြံကောင်းတော့ မဂ္ဂင်ပေါ်တယ်။ အကြံဆိုးတော့ ပဋိစ္စသမုပ္ပါဒ်ပေါ်တယ်၊ တသံသရာလုံးဒုက္ခစက်ကြီးလည်ကြပေတော့။

(၂၇၁)။ ။နှစ်ခွန်းသော စကားကို မပြောတတ် သောကြောင့် ဘုရား၊ တခွန်းနဲ့ အမှန်ကို ပြောတတ်သောကြောင့်လဲ ဘုရား၊ မင်းတို့ မှန်ထောင်ချင် ထောင်ပါ၊ ခန္ဓာဘက်ကို လှည့်ထောင်ပါ။

(၂၉၉)။ ။"သံခိတ္တေန ပဥ္စ ပါဒါနက္ခန္ဓာပိဒုက္ခသစ္စာ" လို့ ဟောထားတော့ ဒုက္ခသစ္စာသာသိတဲ့ မဂ္ဂင်ဘဲပေါ်ရမယ်။

(၃၀၁)။ ။မဂ်ပေါ်တယ်ဆိုတာလဲ ယောနိသော မနသိကာရ ပါဘဲ။

(၃၀၇)။ ။မဗ္ဗစကြာတွေရွတ်ပြီး သစ္စဉာဏ် ရချင်လိုက်တာလွန်လို့၊ ဓမ္မစကြာထဲမှာ သစ္စဉာဏ်,ကိစ္စဉာဏ်,ကတဉာဏ်လို့ မလာဘူးလား....လာတော့ မှန်ထောင်တည့်ယင် သစ္စဉာဏ် ပေါ်ပါတယ်။

(ငရဲကျမည့်ဆဲဆဲ တောမိုဆိုး၊ ရဟန္တာကယ်၍ အနာဂါမ်တည်တဲ့ ပုံဝတ္ထု)။

(၃၂၀)။ ။ငရဲကို တခါတည်းပြလိုက်လို့ ကိုယ်တိုင်မြင်၊ ကိုယ့်ဆွေမျိုးတွေနဲ့တကွ အမျိုးမျိုးသော ငရဲသားတွေ မြင်ရ၊ အဲဒါတောင်မှမဂ်တရားဖိုလ်တရားရအောင်ကြိုးစားလိုက်တော့ ရပ်စဲသွားတယ်ဆိုတာ ဘုန်းကြီး ခဏခဏ မပြောဘူးလား.... ဒါကြောင့် မိလက္ခလမ်းတိုကို နည်းနည်းထောက်ကြည့်ပါနော်၊ မိလက္ခရဟန်းဆိုတာ ရဟန်းမဖြစ်ခင်က၊ တောထဲ မုဆိုးကြီးလုပ်သက်ကရှည်တော့၊ လူစင်စစ်ကဘဲ ပြိတ္တာဖြစ်တဲ့ဘုံ ရောက်သွားတယ်၊ သူသည် တောထဲမှာ သားကောင်တွေ ပစ်စားပြီး၊ ရေဆာတာနဲ့ရဟန္တာတပါးရှိတဲ့ကျောင်းကိုသွားလိုက်ပါတယ်၊ ရဟန္တာမထေရ်က မနက်စောစောကြီး ရေတွေခပ်ထားတာပေါ့။

(၃၂၂)။ ။ရေသောက်မလို့ ရေအိုးနားက ရေခွက်နဲ့နှိုက်လိုက်တဲ့ အခါ၊ ရေအိုးမှာ ရေမရှိ၊ ရဟန္တာက မနက်အစောကြီး ရေခပ်ထားတယ်၊ ရေက သူသွားသောက်တဲ့အခါ ပျောက်နေပြီ၊ အိုးသံသာ ထွက်တယ်၊ လူစင်စစ်က ပြိတ္တာဖြစ်နေတယ်။

(၃၂၃)။ ။ဒါနဲ့ သူက ဪ….ရဟန်းများမှာ ရှာထဲ ဆွမ်းခံစား၊ ကိုယ့်ကျောင်း သေနာသန ဆိုတဲ့ ရေကလေးမှ ပြည့်အောင် ခပ်မထားဘူးလို့ဆိုပြီး သူက ညည်းလုံးထုတ်လိုက်တော့၊ ရဟန္တာကဘေးနားမှာ သက်နှီးချုပ်နေတာနဲ့ ဘယ့်နှယ်လူပါလိမ့်၊ မနက်ကဘဲ ရေအိုးတွေ အပြည့် ခပ်ထားတယ်၊ ငါ သွားဦးမယ်ဆိုပြီး သွားကြည့်တဲ့အခါ၊ ရေအိုးအပြည့်ဘဲ၊ မုဆိုး လုပ်ထားတဲ့ အကုသိုလ်တွေကြောင့် ဖရက ပျောက်နေတယ်၊ ကိလေသာသတ္တိပေါ်ကြပလား။

(၃၂၄)။ ။ဒါနဲ့ ရဟန္တာက ဟော့- တကာ လာလာ ဆိုပြီး ရေခွက်နဲ့ရေကော်ခပ်ပေးလိုက်တော့ မုဆိုးရေသောက်ရ ရှာတယ်ခနော်….သူ့ဟာသူ သံဝေဂရပြီး ဒါ ပိတ်ပင်ဆီးတား နိုင်တဲ့ တရားထူး တရားမြတ်များရှိပါရဲ့လားတဲ့။

(၃၂၅)။ ။ဟ– တကာ ရှိတာပေါ့၊ ဒါဖြင့်….မင်း- သက်နှီး ဝတ်မလားလို့ ရဟန္တာက မေးလိုက်တယ်၊ ဝတ် ပါမယ်ဘုရား ဆိုတော့ ဝတ်ပြီးသကာလ တရားအားထုတ် ခိုင်းလိုက်တယ်၊ တရားတွေ မပေါ်လာ၊ ကုက္ကုစ္စတွေသာ ပေါ် လာတယ်။

(၃၂၇)။ ။ပြုအပ်ပြီးသော ဒုစရိုက်၊ မပြုလိုက်ရသေး သော သုစရိုက်တွေကို အဖန်တလဲလဲ ပူပန်နေတာ ကုက္ကုစ္စလို့ မှတ်လိုက်ကြစမ်းပါခနော်။

(၃၂၈)။ ။တရားထူး မရတော့ လူထွက် ချင် တဲ့ စိတ် ဖြစ်တယ်၊ ရဟန္တာကတော့ မထွက်နဲ့ကွ-ဆိုပြီး လှည်းနှစ်စီး သုံးစီးတိုက် သဖန်းသားပုံပြီးလျှင် သူ့ကို မီးစကလေး ပေး၍ ခထွက်ခင် မီးလောင်အောင် ရှို့စမ်းကွာ၊မတောက်နိုင်ဘူးဆိုတာ ရဟန္တာကလဲသိတယ်။

(၃၂၉)။ ။အရှင်ဘုရား၊ မိးရှို့လို့မလောင်နိုင်ဘူးဘုရား၊ ဒီအစိုတွေက သိပ်ခက်တယ်။ အေးအေး….ခဏနေဦးကွာ…. ငါလာခဲ့မယ်ဆိုပြီး ဒီရဟန္တာက မြေနှစ်ခြမ်းခွဲကာ၊ အောက်မှာ ငရဲအိုးတွေ၊ ငရဲထိန်းတွေ၊ ငရဲခံပုံတွေ သူပါမြင်အောင် အဘိညာဏ်နဲ့ ပြလိုက်ပါတယ်နော်….သူ့ရှေ့တွင်ဘဲ ငရဲမီးကလေး ပိုးစုန်းကြူးကလေးလောက် လက်ညှိုးနဲ့လက်မနဲ့ညှပ်ပြီး သွားယူလိုက်တယ်၊ ကြည့်ကြည့် ဆိုပြီး ပြ၍ သဖန်းသားပုံထဲ ထည့်လိုက်တာ ကျတာနဲ့တပြိုင်နက် အကုန်ပြာဖြစ်သွားတယ်။

(၃၃၁)။ ။ထိုကဲ့သို့ ကြောက်လာတဲ့ အချိန်ကျတော့မှ၊ အရှင်ဘုရား-အင်မတန် ကြောက်ပါပြီ၊ ကယ်နိုင်တဲ့တရားရှိယင် ကြိုးစားပါမယ် ဆိုတော့၊ ဟ-ဝိပဿနာဉာဏ် ရှေ့သွားပြုပြီး မဂ်တရားဖိုလ်တရားကြိုးစားယင်သေသေချာချာပျောက်တယ်ကွ၊ မင်းမသွားရဘူး သူသွားမည့်လမ်းကိုပြပြီးသား ရှင်းကြပလား။

(၃၃၂)။ ။ရဟန္တာကပြောတဲ့အတိုင်းခန္ဓာကိုယ်ဖြစ်ပျက် ရှုပြီးသကာလ၊ အိပ်ငိုက်မှာစိုးလို့ ကောက်ရိုးမျက်ခွံကြီးများ ရေဆွတ်ပြီးသကာလ ခေါင်းပေါ်တင်လိုက်သေးတယ်၊ တချက် တချက်ကျယင် ငိုက်မျည်းတဲ့ ထိနမိဒ္ဓမလာပါစေနဲ့လို့….ခြေ ထောက်ပါဂုံအိပ်ကြီးစည်းပြီး ရေဆွတ်ထားတယ်၊ ရေဆွတ်ပြီး အေးနေတော့ ငိုက် တဲ့စိတ် လာ နိုင် ပါ့ မ လား…. အဲ့ ဒီ လို တခါတည်း

(၃၃၃)။ ။အားထုတ်လိုက်တာဖြစ်ပျက်မြင်၊ဖြစ်ပျက်မုံး၊ ဖြစ်ပျက်ဆုံးဆိုတဲ့ သကဒါဂါမ် - အနာဂါမ်တည်တော့ တခါ တည်း အင်မတန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးသကာလ၊ သူ့ အတွက် ငရဲမီးနဲ့ငရဲအိုးတွေအကုန်ပျောက်ရတယ်….ဒါ့ကြောင့် တရား၏ တန်ခိုးဟာ၊ ငရဲအိုးတွေ သေချာပြီးသား၊ ငရဲမီး

တဟုန်းဟုန်း တောက်ပြီး သားတွေ၊ ဒီကနေ ငြိမ်းလိုက်တာ ရတယ်ဆိုတာ သူ့ဝတ္ထုကဘဲ.... (မှန်ပါ့ဘုရား)။ ။[အရှင်ဆန္ဒဝတ္ထုအဆက်]။

(၃၄၆)။ ။သတ္တဝါအစ၊ အဝိဇ္ဇာတဏှာက၊ မသိတဲ့ အဝိဇ္ဇာကြောင့် ပြုမှုသင်္ခါရကြောင့်

(၃၄၇)။ ။သင်္ခါရ ပစ္စယာ ဝိညာဏံ ဆိုတော့ ပဋိသန္ဓေ ခန္ဓာငါးပါးကြီးပေါ်လာတယ်။

(၃၉၂)။ ။သုဘနိမိတ္တ သုခနိမိတ္တ ရှေ့သွားပြုလျက် သားနဲ့ အသုဘတွေဆက်ပြီးသကာလ ဒီဘဝစုတိမနေ သေလွန် ရလို့ရှိယင် နတ်ဖြစ်ရပါလို၏၊ ဗြဟ္မာဖြစ်ရပါလို၏ ဆိုတော့ ဟယ်.... နတ်ခန္ဓာလဲ အသုဘဘဲ။ ဗြဟ္မာ့ခန္ဓာလဲ အသုဘဘဲ။

(၃၉၄)။ ။အဒိုက အနာကိုမရောက်ခင်ကလေး ဒီနေရာတွေမှာ ဝိပဿနာအလုပ် လုပ်ပါ။

(၃၉၈)။ ။ဝိညာဏ်နာမ်ရုပ်သဠာယတန ဖဿ ဝေဒနာ တွေဟာ၊ စာဆိုတွင်တန်းငြားသော်လဲ

(၃၉၉)။ ။ခန္ဓာ ဖြစ်စဉ်မှာ တပေါင်းတည်း ဖြစ်လာတယ်၊ ယောကျ်ား မိန်းမ နဂိုကပါ-ပါရဲ့လား သို့သော်ငြားလဲ၊ ပြင်ဘက် ( ၂ လာ တဲ့ အခါ အမေ အဖေက၊ ဟောဒါ– ယောကျ်ား၊ ဟောဒါ မိန်းမဆိုတဲ့ အမှတ်ကလေးကြောင့် ယောကျ်ားမိန်းမ တကယ်ထင်ပြီး သကာလနေတယ်၊ ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ဘက်က ထိုင်ကြပါ၊ လုပ်ပေးတဲ့အစဉ်ကို အမှန် ယူကြပါတော့....။

(၄၀၀)။ ။သမုတိသစ္စာက မှုသားမတွေ့ရိုတွင် မှန်ပါတယ်၊ ပရမတ္ထ သစ္စာကသာ နိဗ္ဗာန်ရောက်သည် တိုင်အောင်

မှန်ပါတယ်၊ ဝိပဿနာ အလုပ်-လုပ်တော့မယ် ဆိုတော့ ပရမတ္ထသစ္စာလိုက်ရပါတယ်။

(၄၁၂)။ ။ဒါဖြင့် ဩော်….ဖြတ်လမ်းတွေပြီ…. ဒီအသေ…. သေပြီးယင် နောက်အသေ ခန္ဓာလာသေးရဲ့လား…. ဒါဖြင့် အသေသေပြီးသကာလ ဒီနေ့တရားစလိုက်ကတည်းက သေရာကို ပြေးသေလိုက်၊ သေပြီး ခန္ဓာပြောင်းပြီး ထမ်းပြီး ပြေးလိုက် သေလိုက်၊ အဲဒီဇာတ်တွေ အကုန်သိမ်းပါတယ်။

(၄၂၇)။ ။ခန္ဓာကိုယ်ထဲ ပေါ်တာက ဖြစ်စဉ်အတိုင်းတော့ တန်းပြီးသကာလ ပြခြင်းကြောင့် ဩော်….အတန်းပေါ်တယ်ဆိုတာ မအောက်မေ့ဘဲနဲ့ တခုချုပ်ပြီးမှ တခုဖြစ်တာကို သေသေချာချာသိလို့ရှိယင် ဒီကနေမဂ်နဲ့ရှုလိုက်ပြီဆိုမှဖြင့် မဂ္ဂင်ငါးပါးနဲ့ ရှုလိုက်တဲ့အခါမှာ နှစ်ခုပူးတွေ့မလား တခုဘဲတွေ့မလား၊ (တခုဘဲတွေ့ပါမည်ဘုရား) ဒါဖြင့် "ကောဓမ္မော" တခုတည်းရှုရမှာကွ။

(၄၃၂)။ ။ကိုယ့်ခန္ဓာက အနိစ္စ, ကိုယ့်ဉာဏ်က မဂ္ဂ အဲဒီလိုသွားလိုက်တော့ ပဋိစ္စသမုပ္ပါဒ်ကြီးဟာ ပေါ်ချင်သ၍ ပေါ်၊ ဉာဏ်နဲ့နောက်ကလိုက်၊ ပဋိစ္စသမုပ္ပါဒ် ခန္ဓာကြီးကတော့ သူဘယ်အခါမဆို အိပ်နေလဲ တစိတ်ပြီး တစိတ် ဖြစ်နေမှာဘဲ။ တရုပ်ပြီး တရုပ် ဖြစ်နေမှာဘဲဆိုတာ သေချာပလား…. အဲဒါ ဉာဏ်ခမိလိုက်လို့ရှိယင် ပဋိစ္စသမုပ္ပါဒ်ဆက်တယ်။

(၄၃၄)။ ။အဲဒါကြောင့် ဝိပဿနာအလုပ်သည် ဒုက္ခကို ကုန်ဆုံးအောင်လုပ်တဲ့ အလုပ်။ မြန်မြန်သိမ်းတာ ကောင်းလို့ရှိယင်ဖြင့် သိတဲ့ဘာမှ သိမ်းလိုက်ကြ။ နည်းနည်းက လေးမှ ဒီမဂ်မဝင်လိုက်လို့ရှိယင်ဖြင့် ဝေဒနာပစ္စယာတဏှာဟာ ဘယ်နည်းနှင့်မှ ဖြတ်လို့မရပါဘူး။

(၄၃၅)။ ။တဏှာပစ္စယာဥပါဒါန်ကော…. ဥပါဒါန ပစ္စယာ ကမ္မဘဝေါ…. ကမ္မဘဝပစ္စယာ နောက်ဘဝဇာတိ ကော…. ဒါဖြင့် ဒုက္ခဖြစ်ပေးမည့် တရားက ဘယ်တရားတုံး ဆိုတော့ ဝိပဿနာမဂ်….

(၄၃၇)။ ။ခန္ဓာကိုယ်ထဲမှာ ယားတဲ့ဝေဒနာကလေး၊ နာတဲ့ဝေဒနာကလေးဖြစ်ထိုက်လို့ဖြစ်တယ်၊ ပျက်ထိုက်လို့ပျက် တယ်ဆိုကတည်းကိုက၊ လောကကြီးထဲမှာ ခိုင်တဲ့တရားလဲမရှိ ဘူး၊ မြဲတဲ့တရားလဲမရှိဘူး၊ ဒီအကြောင်း ချုပ်သွားယင်လဲ ဒီ အကျိုး ချုပ်သွားမှာဘဲဆိုတာ သိသဖြင့်လဲခိုင်တယ် မြဲတယ် ဆိုတာယူလို့ရသေးရဲ့လား….။

(၄၃၈)။ ။အဲဒီကတည်းကိုက၊ သဿတဒိဋ္ဌိလွတ်ပါပြီ၊ ဒီအကြောင်းဖြစ်၍ ဒီအကျိုးဖြစ်တယ်ဆိုတော့ ဒီကြားမှာပြတ် သွားသေးသလား၊ ပြတ်မသွားသည်ကို သိလိုက် သ ဖြင့် တဲ့ ဥစ္ဆေဒဒိဋ္ဌိ လွတ်သွားတယ်၊ ဒါအရှင်အာနန္ဒာက အရှင်ဆန္န ကို ဟောနေတယ်လို့ မှတ်လိုက်စမ်းပါ။

(၄၄၀)။ ။ဒီနှစ်လုံးဟာ တသံသရာလုံးက ပါလာတဲ့ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိကို အကြီးအကျယ် ဖြတ်တဲ့နေ့ဘဲလို့ ဆုံဖြတ်ချက် ချပါတယ်။ ဒါဖြတ်ပြီးမှ ဝိပဿနာ ရှုလို့ရှိယင် မဂ်မဆိုက်တဲ့ပုဂ္ဂိုလ်မရှိဘူး၊ (မှန်ပါ့ဘုရား)။

အေး သေသေချာချာမှတ်ပါ မဂ်ဉာဏ် ဖိုလ်ဉာဏ် ကေန် ပိုင်ပိုင်ရ-ရမယ်ဆိုတဲ့ ဥစ္စာဘာမှ သံသယမရှိနဲ့နော်….

(၄၄၃)။ ။ဟိုဘုံမှာ ပဋိသန္ဓေနေရ၊ ဒီဘုံမှာ ပဋိသန္ဓေ နေရဆိုတာ ဒီ-ဥပါဒါန် မပြတ်တဲ့အတွက်၊ ဒီကံပေါ်-ပေါ်နေ တာ….အဲဒီတော့ ကံကနေပြီး ပဋိသန္ဓေပစ်ချလိုက်တာဘဲ။

(၄၄၅)။ ။ဥပါဒါန်ချုပ်မှ ကံချုပ်မယ် သိသဖြင့် သဿတဒိဋ္ဌိစင်-ဥပါဒါန်ဖြစ်လို့ ကံဖြစ်တယ်လို့သိယင် ဥစ္ဆေဒ ဒိဋ္ဌိစင်ပါတယ်။ နေရာကျပါပြီ၊ ပေါ်ရာရှုတော့ ကိုက်ပြီ၊ ဝိပဿနာရှုနည်း သင်တော့မယ်၊ သဿတ ဥစ္ဆေဒဖြုတ်ပြီးပြီ၊ ဒါဖြုတ် ကတည်းက သက္ကာယဒိဋ္ဌိ အလိုလို ပါသွားပြီ၊ သက္ကာယ မရှိတော့ပါဘူးဆိုတာ မှတ်လိုက်ပါတော့၊ အခု သညာနဲ့ သာတပရိညာ ဖြုတ်ပြီးပါပြီ····တဲ့။

(၄၄၆)။ ။ပွားမှုနဲ့ ဖြုတ်ပါဦးမယ်၊ ပွားမှုနဲ့ အလုပ် ဟာလဲ ဖြုတ်တဲ့အလုပ်ဘဲ ဆိုတာ မှတ်ထားလိုက် တာပေါ့၊ ဒါ ဘုန်းကြီးဟောနေတယ်လို့ မအောက်မေ့ ပါနဲ့၊ အရှင် အာနန္ဒာက အရှင်ဆန္နကို ဟောနေတယ်လို့သာ မှတ်ပါနော်.... ဒါသူ့ဝတ္ထုကို ထုတ်ပြနေတာ····(မှန်ပါ့)။

(၄၄၇)။ ။ချုပ်သွားတာကလေးက ဘာပါလိမ့်(စိတ္တ ပါ) စိတ္တ၊ ဒီကရှုတာက- (အနုပဿနာပါ)။ အဲ····စိတ္တနဲ့ အနုပဿနာနဲ့ပေါင်းလိုက်တော့ စိတ္တာနုပဿနာ အဲဒီတော့ ဒီစိတ်ဖြစ်ပျက်တာကို ဒီကမသိဘဲနေလို့ရှိယင် စိတ္တာနုပဿနာ မဟုတ်တော့ဘူး····ပဋိစ္စသမုပ္ပါဒ် ဆက်သွားပြီ···· ဆက်သွား တော့ မြင်တယ်၊ လိုချင်တယ်၊ စွဲလမ်းတယ် ဒီဘက် ဆက်သွား ပြန်တာဘဲ။

(၄၄၈)။ ။အဲဒါ အင်မတန် ကြောက်စရာ မကောင်း ဘူးလား....(ကောင်းပါတယ်ဘုရား) အေး....ဒါကြောင့် စိတ္တာ နုပဿနာဖြစ်အောင်လုပ်ပါ၊ ချုပ်ပျက်သွားတာက (စိတ္တပါ ဘုရား) ရှုတာက···· (မဂ္ဂပါဘုရား) ချုပ်ပျက်သွားတဲ့ စိတ် ကလေးက····(စိတ္တပါ) အင်း···· ဟင်···· ရှုတဲ့ဉာဏ်ကလေး က···· (မဂ္ဂပါဘုရား)။ ဉာဏ်ဆိုတာက ဘယ်အချိန် ရှုရှု၊

ဒီငါးပါးပါ ပါတယ်နော်.... ဖြစ်ပျက်သာ မြင်လို့ရှိယင် ဒီငါး ပါးက မြင်တာချည်းဘဲမှတ်၊ ပုဂ္ဂိုလ်သတ္တဝါကမြင်တာ ဟုတ် သေးရဲ့လား.... (မဟုတ်ပါဘူး) ကောင်းပြီ အပြင်ဩဠသည် ဘယ်နှစ်ယောက်ပါလိမ့်....(ခြောက်ယောက်ပါဘုရား)။ ဒါ- တခါတည်း နည်းယူထားကြပါ။

(၄၄၉)။ ။တခါတလေ **လောဘ** ကလေး ဝမ်းထဲ မပေါ်ဘူးလား....တခါတလေ **ဒေါသ** ကလေးကော....တခါ တလေ သံသယရှိတဲ့ ဝိစိကိစ္ဆာတို့ ဥဒ္ဓစ္စတို့ကော.... မပေါ်ဘူး လား.... ဝိစိကိစ္ဆာနဲ့ ဥဒ္ဓစ္စကို **မောဟ** ခေါ်တာဘဲ၊ တခါ တလေကျတော့ လှူချင် တန်းချင်တဲ့ **အလောဘ** ကော.... တခါတလေ မေတ္တာပို့တဲ့ **အဒေါသ** ကော ဒီဥစ္စာက ဝမ်းထဲမှာ ပေါ်တဲ့တရား အတွင်းဩဠသည် ဘယ်နှစ်ယောက် .... (ငါး ယောက်ပါဘုရား)။ ကောင်းပြီ ဒီငါးယောက်က တပြိုင်နက် ပေါ်သလား....(တခုဘဲပေါ်ပါတယ်)။

(၄၅၀)။ ။တခုဘဲ ပေါ်မယ်ဆိုတော့ တခုကိုဘဲ သဲသဲ မဲမဲ စူးစူးစိုက်စိုက် ရှုပေးပါ ဆိုလို့ရှိယင်၊ ပဋိစ္စသမုပ္ပါဒ် ပြတ် တာချည်းဘဲမှတ်ပါ။ ကောင်းပြီ၊ အိမ်သည် နှစ်ယောက်လို့ မသင်ခဲ့ဘူးလား....အိမ်သည် နှစ်ယောက်ဆိုတာ သက်စောင့် စိတ်ကလေးပေါ့ဗျာ လေဝင်အောင် အားထုတ်တဲ့စိတ်၊ လေ ထွက်အောင် အားထုတ်တဲ့စိတ်မရှိဘူးလား....၊အိပ်နေတောင် သူတို့နှစ်ခုက စောင့်ရှောက်နေတာ၊ ခင်ဗျားတို့ မပုတ်အောင် မသိုးအောင် ဒီ့ပြင် ခင်ဗျားတို့ စားမှု သောက်မှု

(၄၅၁)။ ။မရှိဘူး ဆိုတော့ အားတဲ့ အချိန်တိုင်းမှာ သူတို့နှစ်ခုနဲ့ နေတာဘဲ၊ တပြိုင်နက်တည်း ပေါ်သလား.... တခုစီဘဲလား.... (တခုစီပါဘုရား)။ ဒီ တဆယ့်သုံးကိုသာ

မဂ္ဂင်ငါးပါးနဲ့ပေါ်ရာသာလိုက်ရှုပါတော့လို့ ဆရာဘုန်းကြီးက နည်းပေးလိုက်ပါတယ်....၊ တခုတည်းကို မဂ်နဲ့လိုက်နေလို့ ရှိယင်ဖြင့် တခုက ဖြစ်ပျက်-ရှုတာက-မဂ်(မှန်ပါ့)။

(၄၅၆)။ ။အားကိုးရာအစစ် ဝိပဿနာ မဂ်နော်.... သူကကြီးရင့်လာယင် လောကုတ္တရာမဂ်ဖြစ်ရမယ်၊ လူဆိုတဲ့ခန္ဓာ ငါးပါး တကိုယ်လုံးပေါ့ဗျာ .... ရုပ်ရော နာမ်ရော အဲဒါ တခုမှ အားမကိုးပါနဲ့၊ ဘာဖြစ်လို့ အားမကိုးပါနဲ့လို့ တိုက်တွန်းရပါတုံးဆိုတော့ အို....သဗ္ဗေသင်္ခါရာ အနိစ္စာမို့ မင်းပြုတ်ကျလိမ့်မယ်ဗျာ။

(၄၅၇)။ ။အရှုခံရတဲ့တရားက၊(တဆယ့်သုံးပါးဘုရား) ရှုဉာဏ်က (ငါးပါးပါဘုရား) ငါးပါးသည် လောကီမဂ်သာ ဖြစ်ပါသေးသည်၊ ဒီဟာကလေး ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်နဲ့ရှုပါနော်.... လောကီမဂ်သာဆိုတယ် သူမပါဘဲနဲ့လဲ လောကုတ္တရာမဂ်ဖြစ်သွားတာ ဘယ်သူမှမရှိဘူး နိဗ္ဗာန်ဝင်တဲ့ ပုဂ္ဂိုလ်တိုင်း မရှိဘူးလို့ ဆုံးဖြတ်ချက်ချစမ်းပါ....၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယမ, သမ္မာသတိ, သမ္မာသမာဓိ ဒါ ဘာမဂ်ပါလိမ့် (လောကီမဂ်ပါ) လောကုတ္တရာမဂ် ကျတော့ ဒီအထဲ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ထည့်လိုက်တော့ ရှစ်ပါးမနေဘူးလား....(မှန်ပါ့)။

(၄၅၈)။ ။ငါးပါးက ရှစ်ပါးဖြစ်ယင် သောတာပန် နော်.... ကိုင်း ဒါဖြင့် အရှင်ဆန္နရေ သင် သဃတ (လဲကွာပြီတဲ့)ဥစ္ဆေဒ(လဲကွာပြီတဲ့)ဒါတွေ ဒီအတိုင်းရှုစမ်းပါလို့ အရှင်အာနန္ဒာက နည်းပေးတာကိုး.... အဲဒီကျတော့မှ ဝိပဿနာ ငါးခုကို အရှုခိုင်းတယ်လို့ မှတ်လိုက်စမ်းပါနော် .... ရှုရင်း

ရှုရင်း သိပါပြီ၊ ရှုစရာတွေလဲ သိတဲ့အခါကျတော့ တခုဘဲ ရှုရမယ် ဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

(၄၆၀)။ ။တခုရှုရတော့မယ်ဆိုတော့ စိတ်ကြိုက်စိတ်ရှု၊ ဝေဒနာကြိုက်ယင်....ဝေဒနာရှု၊ ရုပ်ကြိုက်ယင် ရုပ်ရှု၊ သစ္စာကြိုက်ယင်....သစ္စာရှုတယ်ဆိုတော့ သတိပဋ္ဌာန်လေးပါးထဲက တပါးပါး ကြိုက်ရာရှုပါ၊ (ရှင်းကြပြီနော်) ကိုင်းဒါဖြင့် ဘုန်းကြီးက စိတ်ကိုဘဲ သာမန်ပြောနေတဲ့အတွက် ရှုပါ့မယ်ဆိုပြီး ရှုလိုက်တဲ့ အခါကျတော့ ဘယ်စိတ်ပေါ်ပေါ် ရှုပေး၊ မဂ္ဂင်ငါးပါးနဲ့ ရှုပေးလိုက်၊ ပေါ်လိုက် ပျက်လိုက် နောက်မဂ်နဲ့ဆိုတော့ ပဋိစ္စသမုပ္ပါဒ်ပြတ်-ပြတ်မသွားဘူးသား....၊ သူပြတ်တာလား၊ ငါပြတ်တာလား၊ အဲသူပြတ်-ငါပြတ်လို့ မထည့်နဲ့နော်၊ ဒုက္ခပြတ်တယ်၊ ဘယ်နှယ်ကြောင့်ဒုက္ခပြတ်ပါလိမ့်မတုံးအို....ဒုက္ခမြင်လို့ ဒီဒုက္ခကိုမြင်လို့ နောက်ဒုက္ခပြတ်တယ်၊ ဒုက္ခမြင်တဲ့ပုဂ္ဂိုလ်မှ ဒုက္ခပြတ်တယ်။

(၄၆၁)။ ။အေး- အင်မတန် အရေးကြီးပါတယ်၊ ဒုက္ခမြင်မှဆိုတော့ ဒုက္ခသစ္စာ ပိုင်ပိုင် နိုင်နိုင် သိမှ သမုဒယသစ္စာနောက်က ပြတ်တာကိုး‌ဗျ၊ ကိုင်းဒါဖြင့် သမုဒယကို အားထုတ်ဖြတ်ရမှာလား ဒုက္ခမြင်မှုတခု ကျုပ်တို့ အလုပ်လား.... ဒုက္ခမြင်မှု အလုပ်သာလျှင် ကျုပ်တို့ အလုပ်ဆိုတာ ကျေနပ်ပါပြီနော်....

ဒါဖြင့် ဘယ်ဟာလာလာ ဒုက္ခသစ္စာချည်းမှတ်၊ ဒါဖြင့် ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ် ပွားနိုင်လလောက် ပွားစမ်းပါ.... နောက်ကမြင်တဲ့စိတ်ကို....(မဂ္ဂပါဘုရား)။ ရှေ့ကပျက်တဲ့စိတ်က....(အနိစ္စပါ) နောက်ကမြင်တာက (မဂ္ဂပါဘုရား)၊ဒီလိုချည်း ပွားနေ-ပွားနေ-ပွားနေ။

(၄၆၂)။ ။အဲဒီလို ရှုဖန်များပြီး ဒီကပဋိစ္စသမုပ္ပါဒ်က နောက်က ပြတ်ပြတ်နေတယ်ဆိုတာ သချာသနော်....ဒါရှုလို့ ပြတ်တာနော်....မရှုယင်....(မပြတ်ပါဘူး)၊ကိုင်းဒါဖြင့် ရှုဖန်များလာတော့ ဒီစိတ်ကလေးတွေက ဖြစ်ပျက်-ဖြစ်ပျက်-ဖြစ်ပျက်နဲ့ ရှေ့ကဘယ်စိတ်ကယ်လို့မဟုတ်တော့ဘူး၊ ကိုယ့်သန္တာန်ပေါ်တဲ့စိတ်တွေက စိတ်ရယ်လို့ မပြောတော့ဘူး၊ ဖြစ်ပျက် ဒုက္ခသစ္စာချည်း ပြောတော့တယ်.... အဲဒါကြောင့် ဘုန်းကြီးက ခင်ဗျားတို့မမေ့အောင်လို့ ခင်ဗျားတို့ရထားတဲ့ ပါဠိကလေးနဲ့ ခဏခဏ ပြောတာနော်.... သူက-ဟေိပဿိကော= လာပါ ရှုပါလို့ ခေါ်တယ်လို့ မပြောဘူးလား....။

(၄၆၃)။ ။ပေါ်တဲ့စိတ်က ဟေိ=လာခဲ့၊ ပဿ= ရှုပါလို့ ခေါ်တယ်။ ဘယ်သူပါလိမ့်ဗျာ....(ပေါ်တဲ့စိတ်ကပါ ဘုရား) ပေါ်တဲ့စိတ်က ဘယ်လိုများ ခေါ်လေ့ရှိပါလိမ့်.... (ဟေိပဿိကောလို့ ခေါ်ပါတယ်)လာ-ရှုပါ(မှန်ပါ့)မြန်မာလိုပြန်တော့ (လာ-ရှုပါ) (ဒီလို)သူက မခေါ်ဘူးလား.... (ခေါ်ပါတယ်ဘုရား)။ အဲဒါကို ခင်ဗျားတို့ကို သူက လာ-ရှုပါလို့ ဆိုယင်၊ ခင်ဗျားတို့က သွားဖြစ်အောင် သွားပါ၊ အရမ်းမသွားနဲ့၊ ဩော်....ဘာပါလိမ့်မတုံး၊ ဘယ်လိုဖြစ်နေတာပါလိမ့်မတုံးလို့ ကိုယ်တိုင်မြင်အောင်သွားပါ၊ဒါကြောင့်သန္ဒိဋ္ဌိကောနဲ့ လိုက်ပါ၊ သန္ဒိဋ္ဌိကော=သာမံပဿတိ တဗ္ဗော ဆိုတဲ့အတိုင်း၊ ကိုယ်တိုင်မြင်အောင်လိုက် ပါ၊ ကိုယ် တိုင်.... မရှိ ဒုက္ခ သ စ္စာ တွေ့လိမ့်မယ်။

(၄၆၄)။ ။လိုက်တဲ့အခါ ကျတော့မှ၊ သူက ခေါ်သာ ခေါ်တယ်၊ ခေါ်ရင်းဆုတ်သွားတယ်။ (မှန်ပါ့) မဆုတ်ဘူးလား (ဆုတ်ပါတယ်ဘုရား)။ ဒါဖြင့် အနိစ္စကခေါ်တာ၊ ဒုက္ခ

-က ခေါ်တာ၊ အနတ္တက ခေါ်တယ်ဆိုတာ မသေချာဘူးလား၊ သေချာတော့ ဒီကလိုက်တဲ့တခါကျတော့ အနိစ္စတွေ့တယ်၊ ဒုက္ခတွေ့တယ်၊ အနတ္တတွေ့တယ်၊ **ဒုက္ခသစ္စာတွေ့တယ်ဆိုတာဖြစ်ရ** တော့မယ်....မဖြစ်ပါနဲ့ဆိုလို့ရသေးရဲ့လား(မရပါဘူးဘုရား) ဒါဖြင့် ခင်ဗျားတို့ကို အင်မတန်ဘဲ စေတနာကြီးကြီးနဲ့ ဆရာဘုန်းကြီးက ဟောနေတယ် ဆိုတာလဲ ခင်ဗျားတို့ သိလောက်ပါပြီ.... (မှန်ပါ့ဘုရား)။

ခေါ်တဲ့အချိန်ကတော့ (အမြဲရှိပါတယ်)အချိန်တိုင်း ခေါ်မှာဘဲ၊ တစိတ်ပြီး တစိတ်ခေါ်မှာဘဲ၊ ခင်ဗျားတို့က ဘာဖြစ်နေကြသလဲ.... (မလိုက်မိပါဘူး)။

(၄၆၅) မလိုက်မိမှာ အင်မတန် စိုးရိမ်တယ် ဥာဏ်က မလိုက်မိတော့ တဏှာက ချောင်းနေတာ၊ တဏှာအရင် လိုက်သွားလိမ့်မယ်၊ တဏှာအဖေါ် ဥပါဒါန်က ကျုပ်လဲလိုက်ခဲ့ဦးမယ်-ကံကကောလိုက်ဦးမယ်ဆိုပြီးလိုက်လို့ရှိယင်၊ခင်ဗျားတို့ သေမည်သာပြင်ပေတော့ ဇာတိဇရာမရဏာလမ်းသွားလိမ့်မယ်။

(၄၆၆) သန္တိဋ္ဌိကောနဲ့ လိုက်တဲ့အခါကျတော့ ဘယ်လိုများ အကျိုးပေးပါလိမ့်မလဲဆိုတာမေးဘို့မလိုဘူးလား။ အကာလိကော—

(၄၆၇)။ ။အခါမလင့် အကျိုးပေးတယ် ဆိုသဖြင့် တဏှာဥပါဒါန် ကံတွေချုပ်တယ်၊ မရှုတဲ့ပုဂ္ဂိုလ်မှာ အကာလိကောကို လာရဲ့လား၊ ရှုဖန်များလာတော့ ဒါကလေးက ရှုစရာကို ရှိသေးရဲ့လား.... ဟော.... သံသရာဒုက္ခတွေ ချုပ်သွားတယ်။

(၄၆၈)။ ။ဟိုက သခ်ါရ ဒုက္ခလဲချုပ်ပါရော၊ ဒီကမဂ္ဂင် ရှင်ပါး ဖြစ်ပါတယ်၊ သခ်ါရချုပ်ရာ ကုန်ရာကို ဒီမဂ္ဂင်က သွား မြင်တယ်၊ သခ်ါရဖြစ်ပျက် မြင်သေးရဲ့လား.... အဲ သူ့အရင် ရှုနေတုန်းကတဲ့ သခ်ါရတို့၏ ကုန်ရာကို ဘယ်တော့မှ မမြင်ဘူး ဘူး၊ ဒိဋ္ဌိခွါပြီးမှ ရှုတဲ့အတွက် နိဗ္ဗာန်ပေါ်လာတယ်၊

(၄၆၉)။ ။ဒါဖြင့် ဇာတိဇရာမရဏ ချုပ်ရာ နိဗ္ဗာန်ဟာ တခါဘည်း အသက်ရှင်တိုး ဒီဘက်လာပေါ်တယ်။ ဒါဖြင့်-

"နိဗ္ဗာနံ မဂ္ဂသ အာရမ္မဏ ပစ္စယေန ပစ္စယော"

နိဗ္ဗာနံ= နိဗ္ဗာန်သည်၊ မဂ္ဂဿ= မဂ်စိတ်အား၊ **အာရမ္မဏ** ပစ္စယေန=မွေ့လျော်ဘွယ် အာရမ္မဏ ပစ္စယသတ္တိဖြင့်၊ ပစ္စယော=ကျေးဇူးပြု၏။

ဒါနဲ့ အရှင်ဆန္န ရဟန္တာဖြစ်တယ်။ ဒိဋ္ဌိခွါပြီးမှရှုတဲ့အတွက် (မှန်ပါ) ရိပ်မိကြပလား။

(အလှကြိုက် ပန်းတိမ်သည်ကလေး၊ **အရုပ်ဆိုးအသုဘ**ကမ္မဋ္ဌာန်း အပေးလွဲတဲ့အတွက်၊ ရက်ကိုးဆယ် တရားအားထုတ်တာ တရားထူး မရ။ ဘုရားထံတရက်မျှနဲ့ ရဟန္တာဖြစ်ပုံဝတ္ထု)။

(၅၉၉)။ ။အရှင်သာရိပုတ္တရာကြီးက ဆွမ်းခံနေတဲ့အိမ် မှာ ပန်းတိမ်သည် တယောက်ရှိတယ်၊ သူ့ ဆွမ်း ခံ အိမ် က ပန်းတိမ်သည်ဖြစ်နေတယ်၊ တနေ့တလုံးပြော နှစ်လုံးပြောနဲ့ ပန်းတိမ်သည်ကလေးက သက်န်းဝတ်ချင်တယ် တရားဓမ္မတွေ သက်ဝင်ပြီး ဝတ်တာပေါ့ကွာဆို၍ ကမ္မဋ္ဌာန်း ပေးလိုက်တယ် နော်.... ပန်းတိမ်သည်ဆိုတာက သူ့မျက်လုံးထဲမှာ အမြဲတန်း

လှဘို့ပဘို့ရာသာသူစိတ်ကူးရှိတဲ့ပုဂ္ဂိုလ်ဆိုတာလဲငြင်းဘို့လိုသေး သလား…. အဲဒါသူက အသုဘကမ္မဋ္ဌာန်းကြီး ပေးထားတော့၊ ဝါတွင်းသုံးလတွင် ငါ့ရှင်- ငါပေးထားတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသ ဘယ့်နှယ်နေသတုံးကွတဲ့ အနုလောမ-ပဋိလောမ လုပ်ရတယ်နော်…. နိမိတ်ကလေးဘာကလေးများ မထင်သေးဘူးလား သမာဓိပညာကလေး မထက်သေးဘူးလား ကွတဲ့။

(၆၀၀)။ ။ဒုတိယလလဲ ကြီးစားခိုင်းပြန်တယ်၊ ငါ့ရှင် ဘယ့်နှယ် နေသတုံး ဟေ့-ဟ…. ဒီအကောင်း ဘယ်နှယ် ဖြစ်နေပါလိမ့်…. နောက်သီတင်းသာ ကျွတ်သွားတယ် သုံးလ သာစေ့သွားတယ် ဘာနိမိတ်မှမထင်လာဘူး အဲဒီတွင်မှ မင်းဟာ ငါချွတ်လို့ရမည့် ပုဂ္ဂိုလ်မဟုတ်ပါဘူး။ ဘုရားချွတ်မှဆိုပြီး သကာလ၊ဘုရားသခင်ကိုယ်တော်မြတ်ကြီးဆီကိုဒီပန်းတိမ်သည်

(၆၀၁)။ ။ရဟန်းကလေးကို ခေါ်သွားတယ်နော်…. ဘုရားကသူတို့ လာခါရှိသေးတယ် မင်း-တပည့် လာအပ်တာလားကွလို့ ဘုရားက ဆီးမေး လိုက်တယ်…. ဘုရားက သိပြီ…. အရှင်သာရိပုတ္တရာကြီးဟာ ပန်းတိမ်သည် အသုဘ ပေးလို့ရှိယင်ဖြင့် ခြေချော်တာမှ အကြီးအကျယ်ဘဲ ဆိုတာသိပြီ…. အလှကြိုက် အရုပ်ဆိုးပေးထားတော့ မွေ့လျော်ပါ့မလား…. ဒီကမ္မဋ္ဌာန်းနဲ့….

အေးအေး….ဒါဖြင့်ထားပစ်ခဲ့တာပေါ့၊မင်းညနေကျတော့ တခေါက်လာခဲ့ဦးတဲ့၊ ညနေကျွတ်တမ်းဝင်မှာ....

(၆၀၂)။ ။ဒါနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက၊ သဲပုံကြီးတခုဖန်ဆင်းပြီးသကာလ ပဒုမ္မာကြာပွင့်ကြီးစိုက်ပြီး၊ငါ့ရှင် ကြည့်ဟေ့.... ဟိုကလှည့်ကြည့် ဒီကလှည့်ကြည့်နဲ့.... သူက

အလှကြိုက်ကိုး.... ကြည့်ရင်းကြည့်ရင်းနဲ့ နေကလေးကတွက် လာတဲ့အခါ ရွက်ချပ်ကလေးတွေက ကော့ပြီးလာ။

(၆၀၄)။ ။နေကလေးကပြင်းလာတော့ ဖြတ်ခနဲပြုတ်ကျ နောက်အချပ်ကလေးတွေက ဖျတ်ခနဲပြုတ်ကျ၊ ဩော်.... လှရာ ကလဲ့ပြုတ်ကျပါကလားဆိုတာ ပေါ်လာတယ်၊ အလှဟူသ၍လဲ ပျက်တာဘဲ အဆိုင်ဟူသ၍လဲ ပျက်တာဘဲ၊ ဒီတွင်မှ ဘုရား သခင် ကိုယ်တော် မြတ်ကြီးက၊ မင်း- ဒါကလေး ခင်တာတွေ စွန့်ရမှာကွ.... ဒီကနေဟောလိုက်တယ်၊ မင်းခန္ဓာလဲ သေသေ ချာချာကြည့်ကွ နဂိုရ်ကတော့ လှသလိုလိုဘဲ အခု သေသေ ချာချာကြည့်စမ်း ဖျတ်ဖျတ် ဖျတ်ဖျတ်နဲ့ ပြုတ်ကျနေတယ်။ အခု တော့ အနိစ္စတွေဖြစ်နေပြီကွ၊ ဒီခင်မှုဖြတ်လိုက်ဆိုပြီး ကျောင်း တော်ကနေ(၍) သူ့အနား ကပ်ဟောလိုက်သလို ဟောလိုက် တော့ဗဟိဒ္ဓကနေပြီး အဇ္ဈတ္တပြန်လှည့်လိုက်တယ်....

(၆၀၅)။ ။ပဒုမ္မာကြာပန်းလိုဘဲ ခန္ဓာကိုယ် ကြီးဟာ လှပြားသော်လဲ အင်း···· ဟင်···· ဖြစ်ပျက်နဲ့ ပြုတ်ကျနေပါ ကလား···· ''ဟုတ္ဝာ အဘာဝဋ္ဌေနအနိစ္စံ''ဆိုတဲ့ အတိုင်းရှု လိုက်တော့ ဖြစ်ပျက်မြင်-ဖြစ်ပျက်မုံး-ဖြစ်ပျက်ဆုံးတာပေါ်ဗျာ အဲဒီတွင် တခါတည်း သောတာပန်တည်၊ လေးခါလောက်ကျ တော့ တခါတည်း ရဟန္တာဖြစ်တယ်···· ညနေမင်းတခေါက် လာခဲ့ဦးဆိုလို့ ရှင်သာရိပုတ္တရာကြီးကြွလာတော့ ဒီမှာရဟန္တာ ဖြစ်နေပြီ တရက်နဲ့ ရဟန္တာဖြစ်တယ်နော်....ဟိုမှာရက်ပေါင်း ကိုးဆယ်နဲ့ ဘာမှ ခရီးမ ပေါက်ဘူး···· အဲ ဒါ စရိုက် နဲ့ ကမ္မဋ္ဌာန်းလွဲလို့····တဏှာများများနဲ့ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ် ဝေဒနာရှု···· ဒိဋ္ဌိ များများနဲ့ ဉာဏ် တိမ် တဲ့ ပုဂ္ဂိုလ် စိတ္တာ နုပဿနာရှု။

# အဂ္ဂမဟာပဏ္ဍိတ သက်တော်ရှည် ကျေးဇူးရှင်
# **မိုးညှင်းတောရ ဆရာတော်ဘုရားကြီး၏**
# အရိယာမဂ်အကျဉ်းချုပ် အလုပ်ပြ တရားစာအုပ်

(၅၂) စိတ်သည်ရုပ်ထက်သဘောအားဖြင့်နက်နဲ၏အဖြစ်အပျက်လဲမြန်၏၊ ထို့ကြောင့် နာမ်ကို ထင်မြင်ခဲသည်၊ နာမ်၏အဖြစ်ကိုလဲသိနိုင်ခဲသောကြောင့်နာမ်စိတ်၌သတ္တဝါတွေအခင်စွဲအတွယ်မြဲသည်ဟု နိဒါနဝဂ္ဂသံယုတ်၌ ဘုရားဟောလေသည်။

(၅၃) ရှုသော ဝိပဿနာစိတ်သည် ဗဟိဒ္ဓ အာရုံထဲသို့လဲ လိုက်ရ ခန္ဓာကိုယ်အတွင်း၌ဖြစ်သော ဝိညာဏ်ကို ငါသိသည် ငါမြင်သည် စသဖြင့်မစွဲရ၊ ဤသို့ရှုက ဝိညာဏ်ကိုသိကြ၍ ဝဋ်ဒုက္ခမှ မုချကျွတ်လွတ်နိုင်သည်ဟု ဟော၏။

(၅၆) မြင်သိဝိညာဏ်ကိုငါသိသည် ငါမြင်သည် ဟူသော ဥပါဒါန်အစွဲနှင့်လဲ မရှုလေနှင့်၊ ရှုကထိုဝိညာဏ်ကို ပိုင်းခြား၍ မမြင်သည့်အတွက် ဝဋ်ဒုက္ခစက်တွင်းသို့သာ ဇွတ်ဆင်းနေသည် မည်၏ဟုမှတ်။

(၅၇) ဤအမြဲ ပျက်ပျက် နေကြသော သင်္ခါရတို့အတွက် ကြောင့်ကြခြင်း တောင့်တခြင်းစသည်မပြု လျစ်လျူရှု၍နေသော ဉာဏ်ကို(သင်္ခါရုပေက္ခာဉာဏ်)ဟုဆိုအပ်၏၊ ဤဉာဏ်ကိုရ,မရ သိလိုကြပါမူ ဘုံသုံးပါးရှိ ချမ်းသာတို့နှင့်တွေ့ဆဲ တွေ့လတံ့တို့၌ မိမိစိတ်နောက်သို့ တွန့်ဆုတ်ခြင်းစသည်ဖြစ်မှုရင်း၊ ဝါ-ထိုချမ်း သာစသည်ကြောင့်သံသရာလည်သွားမည်ကို ကြောက်မှုရင်းဖြစ်

( ၁၁၂ )

ကြပါမူမိမိ၌ဉာဏ်တည်ပြီဟုသိ၍ဝမ်းမြောက်လေ၊တွန့်ဆုတ်ဆိုသည်ကား အပြစ်မြင်၍ တကျော့နှင့်မသာယာ မလိုချင်မှုဟုသိပါ၊ မတည်သေးမူ တည်လာအောင်အားထုတ်ကြပါလေ။

## သစ္စာလေးပါး

**(လယ်တီ)**အဓွန့်ရှည်စွာ၊ ဘယ်မျှကြာလည်း၊ တခါတဖန်၊ မဖေါက်ပြန်ဘဲ၊ အစဉ်မြဲကို၊ သစ္စာဆို၏၊ ထိုသစ္စာကား၊ လေးထွေပြား၏၊ လေးပါးသရုပ်၊ အမှန်ထုတ်သော်၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ၊ ခန္ဓာငါးလီ၊ ဘုံလောကီကို၊ ဒုက္ခဆိုလေ့။ ထိုဒုက္ခပေါင်း၊ ပွားကြောင်းအမှု၊ လောဘစုမှာ၊ သမုဒယ၊ အမည်ရ၏၊ လောကခပင်း၊ အကြွင်းမရှိ၊ ချုပ်ငြိမ်းဘိသည်၊ သန္တိသဘော၊ အစဉ်ချောကို၊ နိရောဓဟူ၊ ရှစ်ဆူသီးသီး၊ မဂ္ဂင်ကြီးကို၊ မဂ္ဂဆို၏။ သိ, ပယ်, ဆိုက်, ပွား၊ ထိုလေးပါးဟူသည့် လယ်တီမူနှင့်အညီ၊ ဒုက္ခသစ္စာကိုသိ၍, သမုဒယ သစ္စာကိုပယ်, နိရောဓသစ္စာဆိုက်အောင် မဂ္ဂသစ္စာကို ဘာဝနာဉာဏ် တဆဲ့ခြောက်တန်၏ ဉာဏ်အာရုံအလိုက် အခိုက်အတန့် ကျစွာပွားရာ၏။

**မိုးညှင်းအာဒီနဝဉာဏ်(၅၄ / ၆)အသီဝိသောပမသုတ်**

ခန္ဓာ ငါးရပ်ဟူသည်၊ ရန်သူ-သူသတ်နှင့်တူ၏။

## တရားဂုဏ်တော် ၆ ပါး ပါဠိအနက်

ဘဂဝတာ - မြတ်စွာဘုရားသည်၊ ဓမ္မော-တရားတော်ကို၊ သွာက္ခာတော - ကောင်း စွာ ဟော တော် မူ၏။ သန္ဒိဋ္ဌိကော-ချီးမွမ်းအပ်သော မဂ်ပညာဖြင့် ကိလေသာကို အောင်၏။ ။ အကာလိကော- အခါမလင့် အကျိုးကိုပေး၏။

(မိုးကုတ်) (၄၇၅)
**သစ္စာလေးပါး**
**တရားတော်**
**အမှတ်စဉ် (၂)**

ဧဟိပဿိကော-ဧဟိသမိပဿိတဗ္ဗော-ကိုယ်တိုင်မြင်အောင်လိုက်ကြည့်၊တဏှာ ဥပါဒါန်ကံ သေ သွား သော ကြောင့်၊ အခါမလင့် အကျိုးကို ပေးပစ်လိုက်၏။

ဩပါနေယျကော-မိမိ၏စိတ်၌ကပ်၍ဆောင်ခြင်းငှါ ထိုက်၏။ ။ဝိညူဟိ- ပညာရှိတို့သည်၊ ပစ္စတ္တံ- အသီးအသီး မိမိ၏စိတ်၌၊ ဝေဒိတဗ္ဗော- သိအပ် ခံစားအပ်၏။

## ဝိသုဒ္ဓိမဂ်-အရှင်မဟာဝိ၏ ပဋိပတ္တိ သာသနာပြုကျမ်း

(၁၀) အတီတံ နန္ဝာဂမေယျ, နပဋိကင်္ခေ အနာဂတံ၊
ယဒတီတံ ပဟီနံတံ, အပတ္တဉ္စ အနာဂတံ။ ။
ပစ္စုပ္ပန္နဉ္စ ယံဓမ္မံ, တတ္ထ တတ္ထ ဝိပဿတိ၊
အသံဟိရံ အသံကုပ္ပံ, တံ ဝိဒ္ဓါ မနုဗြူဟယေ။ ။
[ဥပရိပဏ္ဏာသ, ဘဒ္ဒေကရတ္တသုတ်, နေတ္တိလာဂါထာများ။]

[ဆောင်]အသစ်ကို မကြိုလင့်, အဟောင်းကိုမပြန်လင့်, ဖြစ်အောင်မပြုလင့်, ပျက်အောင်မပြုလင့်, ဖြစ်တိုင်းပျက်တိုင်း မြင်အောင်ရှု၊ ဖြစ်အောင်ပြုလောဘ၊ ပျက်အောင်ပြု ဒေါသ၊ ဖြစ်တိုင်း, ပျက်တိုင်းမသိ မောဟ။

(၁၂၀) **ကာလ, ဌာန, အာရုံကိုမှတ်၍ ကန်ပြားပုံ။** ၁၆ ပါးသော ယုံမှားခြင်းကင်း၏၊ ၈ ပါးသော ယုံမှားခြင်းကင်း၏၊ ၆၂ ပါးသော ဒိဋ္ဌိကွာ၏ဟု ဆိုသော **စကား**ရပ်၌ အတိတ်၌ ယုံမှားခြင်း ၅ ပါး၊ အနာဂတ်၌ ယုံမှားခြင်း ၅ပါး၊ ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆ ပါးဟု "ကာလကို" မှတ်သော အားဖြင့် ယုံမှားခြင်း ၁၆ ပါးပြား၏။

(၁၂၉) ကာလကို မှတ်သောအားဖြင့် ယုံမှားခြင်း ၁၆ ပါး ပြားသော်လည်း ဘုရား၌ယုံမှားခြင်း၊ တရား၌ယုံမှားခြင်း သံဃာ၌ယုံမှားခြင်း၊ အကျင့်၌ယုံမှားခြင်း၊ အတိတ်၌ယုံမှားခြင်း

**အနာဂတ်၌ယုံမှားခြင်း၊ ပစ္စုပ္ပန်၌ ယုံမှားခြင်း၊ ပဋိစ္စသမုပ္ပါဒ်၌** ယုံမှားခြင်းဟု "ဌာနကို" မှတ်သောအားဖြင့် ယုံမှားခြင်း ၈ ပါးပြား၏။ ဌာနကို မှတ်သောအားဖြင့် ယုံမှားခြင်း ၈ ပါး ပြားသော်လည်း နာမ်ရုပ်၌ယုံမှားခြင်း၊ နာမ်ရုပ်၏အကြောင်း၌ ယုံမှားခြင်းဟု"အာရုံကို"မှတ်သောအားဖြင့်ယုံမှားခြင်း ၂ပါး သာဖြစ်၏။ အာရုံကိုမှတ်သောအားဖြင့် ယုံမှားခြင်း ၂ ပါးသာ ပြားသော်လည်း"**ယုံမှားသော အခြင်းအရာ တရားကိုယ်ကို**" မှတ်သောအားဖြင့် ဝိစိကိစ္ဆာတပါးသာဖြစ်၏။

**ဝါဒ, ခန္ဓာ, ဝဋ်မြစ်ကိုမှတ်၍ ဒိဋ္ဌိပြားပုံ။** ။ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈ ပါး, အပရန္တာနုဒိဋ္ဌိ ၄၄ ပါးဟု "ဝါဒကို" မှတ်သော အားဖြင့် ဒိဋ္ဌိ ၆၂ ပါးပြား၏။ ဝါဒကို မှတ်သောအားဖြင့် ဒိဋ္ဌိ ၆၂ ပါး ပြားသော်လည်း "ခန္ဓာကို" မှတ်သော အားဖြင့် သက္ကာယဒိဋ္ဌိ ၂၀ သာ ဖြစ်၏။ ခန္ဓာကို မှတ်သောအားဖြင့် သက္ကာယဒိဋ္ဌိ ၂၀ ပြားသော်လည်း "အဝိဇ္ဇာနှင့် ဘဝတဏှာကို" မှတ်သောအားဖြင့် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ၂ ပါးသာ ဖြစ်၏၊ အဝိဇ္ဇာနှင့် ဘဝတဏှာ (ဝဋ်မြစ်) ကို မှတ်သော အားဖြင့် သဿတ-ဥစ္ဆေဒဒိဋ္ဌိ ၂ ပါး ပြားသော်လည်း "**ယူမှားသော အခြင်းအရာ တရားကိုယ်ကို**" မှတ်သောအားဖြင့် အတ္တဒိဋ္ဌိ ၁ ပါးသာ ဖြစ်၏။

(၁၃၀) **အရင်းလက၊ အဖျားထင်းဖြစ်သကဲ့သို့။** ။ခဏ ခဏ ဖြစ်တိုင်း ဖြစ်တိုင်း တကြိမ်တကြိမ် နာမ်ရုပ်ကိုမပိုင်းခြား၊ နာမ်ရုပ်၏ အကြောင်းကို မပိုင်းခြားသည်ရှိသော် "မပိုင်းခြားသောနာမ်ရုပ်၊ မပိုင်းခြားသော နာမ်ရုပ်၏ အကြောင်း၌" **ယုံမှားသောအခြင်းအရာ ဝိစိကိစ္ဆာ** ဖြစ်၏။ ဝိစိကိစ္ဆာ ဖြစ်သော် သဟဇာတ၌ **အယူမှားသော အခြင်းအရာဒိဋ္ဌိ** ဖြစ်၏။

သိမှတ် ပိုင်းခြားအပ်သော နာမ်ရုပ် သိမှတ် ပိုင်းခြားအပ်သော နာမ်ရုပ်၏ အကြောင်း၌ ယုံမှားသော အခြင်းအရာ ဝိစိကိစ္ဆာ မဖြစ်၊ ဝိစိကိစ္ဆာ မဖြစ်သည်ရှိသော် "ပဟာနေကဋ္ဌ" အားဖြင့် ယှဉ်မှားသောဒိဋ္ဌိမဖြစ်၊ ထို့ကြောင့် ယုံမှားသော အခြင်းအရာ ဝိစိကိစ္ဆာတရားကိုယ် အရင်းကင်းသဖြင့် **"အရင်းလဲ အဖျားထင်းဖြစ် သကဲ့သို့"** "သဿတ ဥစ္ဆေဒဒိဋ္ဌိ ၂ ပါး ကွာ၏၊ သက္ကာယဒိဋ္ဌိ ၂၀ ကွာ၏၊ ၆၂ ပါးသောဒိဋ္ဌိ ကွာ၏" ဟု သိမှတ်လေ။

[သဟဇေကဋ္ဌ = သဟ + ဇ + ဧက + အဋ္ဌ။ သဟ = အတူ + ဇ = ဖြစ်ခြင်း + ဧက = တပေါင်းတည်း + အဋ္ဌ = သဘော။ တပေါင်းတည်း အတူတကွ ဖြစ်သော သဘောကို သဟဇေကဋ္ဌဟု တပေါင်းတည်း အတူတကွ ပျောက် (ပယ်) သော သဘောကို ပဟာနေကဋ္ဌဟု သုံးစွဲရိုးရှိ၏။]

(၁၃၁) ဩလီယန္တပုဂ္ဂိုလ်, အတိဓာဝန္တပုဂ္ဂိုလ်, စက္ခုမန္တပုဂ္ဂိုလ် ၃ ယောက်ကို (ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌) ဟောတော်မူ၏။ **ဩလီယန္တပုဂ္ဂိုလ်။** ။ဘဝ၌ မွေ့လျော် ပျော်ရွှင် "ဖြစ်သောနာမ်ရုပ်ကိုမြင် ငါဟူသော သတ္တဝါထင်မှတ်သဖြင့်" မကျင့်ဘဲနေသောသူသည် "ဩလီယန္တ ကျန်ရစ်သူ" မည်၏။

(၁၃၂) **အတိဓာဝန္တပုဂ္ဂိုလ်။** ။ဘဝ၌ ပြင်းရိငြီးငွေ့ မမွေ့မလျော်မပျော်မရွှင် **"ဖြစ်သောနာမ်ရုပ်ကိုမြင်, ငါဟူသော သတ္တဝါသေသည့်နောက် မဖြစ်ဟု ထင်မှတ်သဖြင့်"** ဘဝကင်းပြတ်ခြင်းကို နှစ်သက်ယုံကြည်သူသည် "အတိဓာဝန္တ လွန်ပြေးသောသူ" မည်၏။

(၁၃၄) **စက္ခုမန္တပုဂ္ဂိုလ်**။ ။ခဏခဏ ဖြစ်တိုင်း ဖြစ်တိုင်း တကြိမ်တကြိမ်သိမှတ်ပိုင်းခြားအပ်သော နာမ်ရုပ် သိမှတ်ပိုင်းခြားအပ်သော နာမ်ရုပ်၏ အကြောင်း၌ ဝိပဿနာအကျိုး ၄ါ, မဂ်အကျိုး, ဖိုလ်အကျိုး, နိဗ္ဗာန် အကျိုး၄ါ ယုံကြည်သဖြင့် ကျင့်သောသူသည်“**စက္ခုမန္တ ပညာမျက်စိအမြင်ရှိသူ**” မည်၏။

(သထုံမူလမင်းကွန်း ဇေတဝန်)

## မိုးကုတ် ဝိပဿနာလုပ်ငန်းစဉ်တရား
## အမှတ်စဉ် (၃)

(၂၂) ဇာသာစိတ်ကလေးဟာ ဟဒယဝတ္ထုပေါ်မှာ ဝမ်းထဲမှာပေါ်တယ်လို့ မှတ်လိုက်တာပေါ့၊ အဲဒီဝမ်းထဲပေါ်ပြီး ဉာဏ်ကလေးက ဝမ်းထဲမှာ လှည့်ပေး၊ သူတပါး ပြုစုတဲ့ စိတ်ကလေးပေါ်ရာ ဒီပေါ်တဲ့စိတ်ကိုဘဲ မြန်မြန်ရှုပေး၊ ပစ္စုပ္ပန် အန္တရာယ်လဲ မကင်းပေဘူးလား၊ အပါယ် ဘေးကော…. (ကင်းပါတယ်ဘုရား)။ ဒါဖြင့် ကျုပ်တို့၏ အားကိုးရာ အားထားရာ အဖြစ်က— ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ….။ ဘိက္ခဝေ=ငါ၏ချစ်သား တပည့်များတို့၊ ဈာယထ= ဝိပဿနာ ရှုလိုက်ကြ။ လာတဲ့တရား ဝိပဿနာရှုလိုက်၊ ဇာသာလာယင် ဇာသာကို ဝိပဿနာရှုလိုက်၊ မစ္ဆရိယ လာယင်ကော အဲ…. သူ့ရှုလိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ဒီဇောတွေနဲ့ သေနိုင်သေးရဲ့လား၊ မသေနိုင်တော့ ကမ္မဋ္ဌာန်းခွင်ထိုင်မှ ရှုရမည့်တရား မဟုတ်ဘူးနော် အိမ်မှာ-

(၂၃) သားရေး သမီးရေး စီးပွားရေးလုပ်ရင်း ရှုရမည့် တရား…. ဒီ့ပြင် အချိန်လာတာ ဟုတ်ရဲ့လား….။ ဆိုင်ထိုင်နေရင်း ဟိုဆိုင်က ရောင်းရတယ်၊ ကိုယ့်ဆိုင်က ထိုင်နေရတယ် ဆိုလို့ရှိယင် ဇာသာ မရှိပေဘူးလား….၊ ပေါ်တာနဲ့ တပြိုင်နက်တည်း ဖြစ်ပျက်အနိစ္စ ရှုဖြစ်အောင်ရှုပါ၊ မရှုယင် ဒေါသ၏ သဟဇာတ ပစ္စည်းတွေ ဖြစ်သောကြောင့် ဒေါသ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အဝိဇ္ဇာ သင်္ခါရဆိုပြီး နှစ်ဘဝမဆက်ပေဘူးလား။

သူ့ကို ရှုပစ်လို့ရှိယင်ဖြင့် ပစ္စုပ္ပန် အန္တရာယ်လဲကင်း သံသရာဘေးလဲရှင်း မစ္ဆရိယလာယင်လဲ ဒီအတိုင်းဘဲ လုပ်ရမယ်။

(၃၂) လူတွေ နတ်တွေ ဗြဟ္မာတွေမှာ အန္တရာယ်မကင်းဘေးမရှင်းဖြစ်တာ ဘယ့်နှယ်ကြောင့်ပါလိမ့်၊ ဩော်....ဣဿာ မစ္ဆရိယကြောင့် ဒီနှစ်ခုမှတ်လိုက်စမ်းပါနော်။

(၄၂၇) တရားရှာ ခန္ဓာထဲမှာတွေ့ရမယ် ဆိုတဲ့အတိုင်း ခန္ဓာထဲမှာကြည့်ပါလို့ သတိပေးလိုက်တယ်။

(၄၂၈) မျက်လုံးကလေး ဖွင့်လိုက်ယင် မြင်စိတ် ပေါ်သည်နဲ့ တံပြိုင်နက် စောင့်နေတဲ့ သတိ သမာဓိ ပညာက ချက်ချင်းလိုက်ပါ။ ဩော်.... မြင်စိတ်ကလေးပေါ်ပြီ၊ မြင်စိတ်ကလေး မရှိဘူးဆိုတာ ချက်ချင်းလိုက်ပါ။

(၄၂၉) "စက္ခုဝိညာဏံ အနိစ္စံ" ရှုတာက ဝိပဿနာမဂ်ဖြစ်နေတော့ ဒီဟာတွေသည် စောင့်ကြည့်နေပြီး ပေါ်တဲ့ ဓမ္မတွေကို မလိုက်တော့ပါဘူးလို့ ခပ်ပေပေ နေကြမယ် ဆိုလို့ ရှိယင်ဖြင့် မြင်ယင်လိုချင်တယ်၊ မလာဘူးလား....၊ လိုချင်တယ်ဆိုတော့(တဏှာပါ)၊ စွဲလမ်းတယ်ဆိုတော့.... (ဥပါဒါန်ပါ)။

(၄၃၀) အားထုတ်တယ်ဆိုတော့ (ကံပါ)၊ ပေါ်ရာကို အနိစ္စရှုပါ၊ (ဝါ) ဖြစ်ပျက်ရှုပါ။

(၄၃၁) အာရုံဒွါရ တိုက်ဆိုင်လို့ ပေါ်လာတာကလေးကို၊ ငါလဲမထင်ပါနဲ့ သူလဲမထင်ပါနဲ့ အနိစ္စကလေးလို့သာလျှင် မထင် ထင်အောင်လိုက်ပါ၊ အနိစ္စမို့-အနိစ္စသိအောင်လုပ်ပါလို့ဆိုတာ။

(၅၂၇) လမ်းသုံးလမ်းရှိသည့် အနက်က၊ သဿတလမ်းကိုလဲ ရှောင်သွားပါတယ်၊ ဥစ္ဆေဒဒိဋ္ဌိလမ်းကိုလဲ ရှောင်သွားပါတယ်၊ မဇ္ဈိမပဋိပဒါမဂ္ဂင်လမ်းဆိုတဲ့ အလယ်လမ်းကို လိုက်သွားသောကြောင့် ဘုရားအဖြစ်သို့ ရောက်သွားပြီး သကာလ၊ ယခုအခါ၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်း တဏှာဘုံဇာတ်တွေသိမ်းတဲ့ နိဗ္ဗာန်ကြီးကိုဖြင့် ရ-ရောက်နေပြီ ဆိုတာ တကာကတာမတွေ သိပြီးသားပါဘဲ။

(၅၂၈) ကျုပ်တို့ ကိုယ်တိုင်က သဿတဒိဋ္ဌိ အယူရှိပြီး သကာလ နေလို့ ကျန်ရစ်ခဲ့ကြတာလား ကိုယ့်သား ကိုယ့်သမီး ကိုယ့်မြေး ကိုယ့်မြစ်နဲ့ ဘုံဘဝတွေစုံပြီးသကာလ သုခ ဝေဒနာ နှိပ်စက်တာနဲ့ ကျန်ရစ်နေရတာ၊ သုခယောင်ဆောင်လျက် နှိပ်စက်လိုက်တာနဲ့ ကျန်နေရစ်ရတယ်နော်။

(၅၃၀) ဘုံဘဝဆိုတာ သိပြီးသားအတိုင်းပါဘဲ၊ ဘယ်ဘုံနေနေ အိုနာသေဘေး ရှိတာဘဲ ဆိုတာ ငြင်းဘို့ လိုသေးသလား····အဲဒီဘုံဘဝတွေထဲမှာဘဲ ကိုယ့်ဘဝကလေးနဲ့ကိုယ် အောင်းနေရစ် ရောက်ရာဘဝ ခင်တွယ်ပြီး အောင်းနေရစ်တဲ့ အတွက်၊ သဿတဝါဒီရှိတဲ့ ပုဂ္ဂိုလ်များဟာ ဘုရားနဲ့ဘုရား၏ တပည့်သားနဲ့ တွေ့ပြားသော်လဲ၊ အပြစ်သာသေးတယ် ကျွတ်ခဲတယ်။ သဿတဒိဋ္ဌိဟာ တယ်ကြောက်စရာ ကောင်းပါ ကလား....ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ကတော့ အပြစ်တော့ အတော်ကြီးတယ်၊ ဘာပြတ်ပြီးသားဘဲ ဘာကိစ္စရှိသတုံးဆိုပြီး ကုသိုလ် လဲမပြုဘူး

(၅၃၂) အကုသိုလ်လဲ နင်းကန်လုပ်တာဘဲ ဘုံဘဝလဲ သူမခင်ဘူး။ မခင်ပေမဲ့ နိဗ္ဗာန်ရှိတယ်လို့ အယူ-ယူတဲ့သဘောက

သူ့ကို ရှုပ်လို့ရှိယင်ဖြင့် ပစ္စုပ္ပန် အန္တရာယ်လဲကင်း သံသရာဘေးလဲရှင်း မဏ္ဍရိယလာယင်လဲ ဒီအတိုင်းဘဲ လုပ်ရမယ်။

(၃၂) လူတွေ နတ်တွေ ပြဟ္မာတွေမှာ အန္တရာယ်မကင်း ဘေးမရှင်းဖြစ်တာ ဘယ့်နှယ်ကြောင့်ပါလိမ့်၊ ဩော်....ဣဿာ မစ္ဆရိယကြောင့် ဒီနှစ်ခုမှတ်လိုက်စမ်းပါနော်။

(၄၂၇) တရားရှာ ခန္ဓာထဲမှာတွေ့ရမယ် ဆိုတဲ့အတိုင်း ခန္ဓာထဲမှာကြည့်ပါလို့ သတိပေးလိုက်တယ်။

(၄၂၈) မျက်လုံးကလေး ဖွင့်လိုက်ယင် မြင်စိတ် ပေါ် သည်နဲ့ တံပြိုင်နက် စောင့်နေတဲ့ သတိ သမာဓိ ပညာက ချက်ချင်းလိုက်ပါ။ ဩော်.... မြင်စိတ်ကလေးပေါ်ပြီ၊ မြင်စိတ် ကလေး မရှိဘူးဆိုတာ ချက်ချင်းလိုက်ပါ။

(၄၂၉) "စက္ခုဝိညာဏံ အနိစ္စံ" ရှုတာက ဝိပဿနာမဂ် ဖြစ်နေတော့ ဒီဟာတွေသည် စောင့်ကြည့်နေပြီး ပေါ်တဲ့ ဓမ္မ တွေကို မလိုက်တော့ပါဘူးလို့ ခပ်ပေပေ နေကြမယ် ဆိုလို့ ရှိယင်ဖြင့် မြင်ယင်လိုချင်တယ်၊ မလာဘူးလား....၊ လိုချင်တယ် ဆိုတော့(တဏှာပါ)၊ စွဲလမ်းတယ်ဆိုတော့.... (ဥပါဒါန်ပါ)။

(၄၃၀) အားထုတ်တယ်ဆိုတော့ (ကံပါ)၊ ပေါ်ရာကို အနိစ္စရှုပါ၊ (ဝါ) ဖြစ်ပျက်ရှုပါ။

(၄၃၁) အာရုံဒွါရ တိုက်ဆိုင်လို့ ပေါ်လာတာကလေး ကို၊ ငါလဲမထင်ပါနဲ့ သူလဲမထင်ပါနဲ့ အနိစ္စကလေးလို့သာ လျှင် မထင် ထင်အောင်လိုက်ပါ၊ အနိစ္စမို့-အနိစ္စသိအောင် လုပ်ပါလို့ဆိုတာ။

တော့ရေအိုးစင်တည်လဲဖြစ်တာဘဲတံမြက်စည်းရှောက်လှဲနေလဲ့ ဖြစ်ပါတယ်။ဒိဋ္ဌိမကွာလို့ရှိယင်ဖြင့်တဲ့ ကုသိုလ်ကသုဂတိအကျိုး ပေးပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ကန့်ကွက်တဲ့ဒိဋ္ဌိက ပါနေ ပြန်လို့ရှိယင်လဲ နိဗ္ဗာနမဂ်ဖိုလ်ကြတော့ မတားပေဘူးလား၊ အဲဒါကြောင့် ခန္ဓာပဋိစ္စသမုပ္ပါဒ်ဆိုတာ ကိုယ်တိုင်သိအပ်တဲ့ ဒိဋ္ဌိခွါတဲ့အလုပ်လို့မှတ်ပါ။

(၅၃၉) ဒိဋ္ဌိမခွါဘဲနဲ့ ရကိုမရတဲ့ ကိစ္စဆိုတာ သေသေ ချာချာမှတ်ပါ။ ရှင်ဆန္ဒမရတာသေချာပလား။

(၅၄၀) ဝိညာဏ်ဖြစ်လဲ ဖြစ်ပြီးချုပ်သွားတဲ့အခါ ဖဿ ပေါ်စေတယ်နော်၊ ဖဿပေါ်ပြီး ဖဿကလဲ အနိစ္စ တရားမို့ ချုပ်ပျောက်ရမယ်၊ ချုပ်ပျောက်ပင် ချုပ်ပျောက်ငြားသော်လဲ ဝေဒနာကို သူကျေးဇူးပြုတယ်၊ ဝေဒနာပေါ်ခွင့်ကို ကျေးဇူးပြု ခဲ့ရမယ်၊ ဒါကြောင့် ဖဿ ပစ္စယာ.... (ဝေဒနာပါဘုရား)၊ အဲဒါဖြင့် ဖဿဟာ ဖြစ်လဲဖြစ်တယ်၊ ချုပ်လဲချုပ်တယ်။

(၅၄၂) ဒါဖြင့် နောက်စိတ်ပေါ်အောင် ကျေးဇူးပြုခဲ့ပြန် တော့ကို ဥစ္ဆေဒ ဖြစ်သေးရဲ့လား၊ မဖြစ်တော့ဘူးတဲ့ သူ့အ ကြောင်း သူ့အကျိုးဖြစ်တယ်၊ ဒါကလေးကလဲ ပျက်သွား တော့ ပျောက်သွားတဲ့ သဘောကလေး မြင်လိုက်တော့ ခိုင် တယ် မြဲတယ်ဆိုတဲ့ သဿတကော ရှိသေးရဲ့လား၊ ကျေးဇူး ပြုတာ မြင်လိုက်တော့ ဥစ္ဆေဒဖြစ်သေးရဲ့လား၊ ဒီလိုပြောတဲ့ သဿတ ဥစ္ဆေဒက၊ သေသေချာချာ စိတ်စဉ် ကိုင်ပြောနေ သောကြောင့် လေးလေးစားစား မှတ်ရမယ်။

(၅၄၃) နောက်ဝေဒနာပေါ်ခွင့်ကော ပေးခဲ့တော့ ပျက် တာကို မြင်သဖြင့် သဿတကျန်သေးသလား...သေသေချာချာ မှတ်ပါ၊ ပျက်တာမြင်သဖြင့် (သဿတ စင်ပါတယ်ဘုရား)၊

နေရာပေးခဲ့တာမြင်သဖြင့်(ဥစ္စာဒစင်ပါတယ်ဘုရား)၊ဥစ္စာဒစင်တယ်၊ ပြတ်မှ မပြတ်တော့ဘဲ ပျက်လဲပျက်တယ် အကြောင်းအကျိုးလဲ ပြတ်ကဲ့လား၊ (မပြတ်ပါဘူးဘုရား)၊ ဒါကိုဂရုစိုက်ပါ၊ အားလုံး တရားတပွဲလုံး ဒီအရေးမသေးဘူး၊ အင်မတန်အရေးကြီးပါတယ်။

(၅၄၄) ဆက်တာ မြင်သဖြင့်လဲ ဥစ္စာဒိဋ္ဌိ စင်သွားတယ်၊ သုက ပျက်သွားတာ မြင်သဖြင့်လဲ သဿတစင်တယ်။

## မိုးကုတ်သစ္စာလေးပါးတရားတော် အမှတ်စဉ်(၂)

(၁၅) ကမ္မဿကတဉာဏ် နေရာမှာ ဝိပဿနာဉာဏ်နှင့် သစ္စာမြင်တဲ့ဉာဏ် ကူပေးရုံဘဲ၊ ကူလိုက်လို့ရှိရင် ခင်ဗျားတို့ ရွှေတိဂုံဘုရားကြီးကို ရွှေအချပ်ပေါင်း ဘယ်လောက်ချမတုံး။ ဘုန်းကြီးများက သာဓုခေါ်ပါတယ်။

(၂၀) ကာမဂုဏ်တို့၏အပြစ်ကို အမဲရိုးပစ်လိုက်တဲ့အခါ ခွေးတကောင် အသားမပါဘဲနှင့် လျှာနှင့် လျှက်ရုံနှင့် ဝပါ့ မလား၊ အေး.... ကာမဂုဏ်ငါးပါးဆိုတာ မဝနိုင်တဲ့အလုပ်၊ ဘာမှအသုံးမကျဘူးဆိုပြီးတော့ ဖျက်ပစ်လိုက်တယ်၊ စိတ်ထဲမှာ ဖြူစင်လာတဲ့အချိန်မှာ သစ္စာ ကောက်ဟောတယ်၊ ဒါ ဘုရားဟောစဉ်။

(၂၂) သစ္စာဟာ သူ့အချိန်သူဟောရတယ်ဆိုတာ မှတ်လိုက်ကြစမ်းပါ။

(၂၅) မြင်စိတ်ကလေးဟာ မြင်ရုံပင် မြင်တတ်တယ်၊ မြင်လို့ လိုချင်တာ, မြင်လို့ဒေါသဖြစ်တာ။

(၂၆) ဒိဋ္ဌိမြင်စိတ်, အာရုံဒွါရတိုက်တဲ့အခါပေါ်, ပျောက်၊ ပေါ်လဲ ဒုက္ခသစ္စာ၊ ပျောက်လဲ ဒုက္ခသစ္စာ ခန္ဓာကိုယ်ထဲမှာ ဒုက္ခသစ္စာဘဲ ပေါ်ရမယ်။

(၂၇) ဖြစ်ဆင်းရဲ, ပျက်ဆင်းရဲ ဒုက္ခသစ္စာ။

(၂၈) မြင်တာက မဂ္ဂသစ္စာ။

(၂၉) မြင်လို့ လိုချင်လောဘ, ဒေါသဖြစ်တာ ဒုက္ခသစ္စာ လို့မသိတဲ့ အဝိဇ္ဇာ(မောဟ) လာသေးရဲ့လား၊ ပဋိစ္စသမုပ္ပါဒ် သုံးချက်စလုံး ပြတ်တယ်။

(၃၇) ဖြစ်ဒုက္ခ, ပျက်ဒုက္ခ ဉာဏ်နှင့်လိုက်၊ တဏှာ, ဥပါဒါန်ကံလဲ ချက်ခြင်းသေတယ်။ အို.... ဝိပဿနာမဂ်က ပယ်ချလိုက်တာ၊ ဝိပဿနာမဂ်နည်းတဲ့သတ္တဝါ မဟုတ်ဘူး၊ ဒါ မလုပ်ဘဲနှင့် အပါယ်လွတ်လိမ့်မယ်လို့ ဘယ်ဘုရားမှ မဟော ဘူး၊ ဒါနလဲမလွတ်ဘူး။

(၃၈) ဝိပဿနာအလုပ် သန်သန်ဟောတာကို ဘယ် ဆရာက ဘယ်လို သင်ထားတယ် မပြောတတ်ဘူး။ အရေးရှိမှ မိုယ်းကြိုးပစ်မှ ရွတ်တယ်။

(၃၉) ဘုရားသခင်က သစ္စာမသိလို့ရှိရင် ဒုက္ခကင်းငြိမ်း မယ်လို့ ငါလဲမဟောဘူး။

(၄၀) ငါ့နောင်တော် ဘုရားတွေလဲ မဟောဘူး၊ နိဗ္ဗာန် သေသေချာချာမှတ်။ မြို့ကြီးလား, ပြကြီးလား, ဒုက္ခတွေ မလာ တာ ဆိုတာလား၊ မြင်စိတ်ကလေးဟာ မြင်ပြီးပျက်သွားတာကို ပျက်သွားတဲ့ မမြဲက ဘာနဲ့လိုက်မတုံး။

(၄၁) ဉာဏ်နဲ့လိုက်။ တဏှာ, ဥပါဒါန်ကံ၊ ချက်ခြင်း မချုပ်ဘူးလား။ အခါမလင့် အကျိုးပေးဆိုက်နေတော့ ရက်

ဆိုင်းသေးသလား။ ပြီးတော့ ဘုန်းကြီးဆီမှာ တရားနာကြ တယ်၊ ကုသိုလ်ဖြစ်အောင်မနာနဲ့၊ ရှေးထုံးကို ဖြတ်လိုက်ပါ။

(၄၂) သစ္စာသိချင်ယင်တော့နာ၊ ကုသိုလ် ဖြစ်ချင်ယင် ရေအိုးစင်သွားတယ်ဗျ၊ ဟိုနားသွား တံမြက်စီးလှဲတာပေါ့ဗျာ၊ အဝင်ပေါက် နံနက် ဘုန်းကြီးတွေထွက်ဦးမှာဘဲ၊ ဝေဿန္တရာ မင်း လက်ထက်မှာ တိုင်းပြည်လှူပါတယ်။ အဲဒီကံတွေအကျိုး ပေးမှာစိုးလို့ပေါ့ ဗောဓိပင်နှင့် ရွှေပလ္လင်မှာ မဂ်အလုပ် လုပ်ရတယ်။ ကုသလာ ကုသလံ ဇဟံ၊ သူ လူဆိုးကြီး ဘဝတုံး က လုပ်ခဲ့တဲ့ အကုသိုလ်တွေလဲ ဒီမှာဘဲ အကုန်ပြတ်တယ်။ ကံဖြတ်လို့ ဘုရားဖြစ်တာ၊ ခင်ဗျားတို့က ငါးချည်းလွှတ်နေ၊ ကံဆက်နေတယ်။

(၄၄) တေဝိဇ္ဇ-ဝစ္ဆ ဂေါတ္တသုတ်။

(၅၂) ဘုရားကဖြေ- မှတ်လိုက်စမ်းပါ။ လူဟာ လူ့ သံယောဇဉ် မစွန့်ဘဲနဲ့ ဒုက္ခ၏ ဆုံးရာ နိဗ္ဗာန် ဘယ်တော့မှ မရောက်ဘူးကွ။

(၅၃) အို…. သံယောဇဉ် ပြတ်နေတဲ့ အချိန် ကြတော့ ရတယ်၊ အားရှိစရာပါ-ပါသေးတယ်။

(၅၄) ဖြစ်ပြီး ပျက်နေတယ်ဆိုတော့ ဒီသံယောဇဉ် လာ သေးရဲ့လား၊ အမြဲတမ်း နေတဲ့တရားလား၊ အကြောင်း တိုက် ဆိုင်မှ ပေါ်တဲ့တရားဆိုတာလဲ မေးပါဦး။ အဲ…. မတိုက်ဆိုင် အောင်လုပ်တော့မယ်။ စိတ်ကြိုက် စိတ်, ဖဿကြိုက် ဖဿ, ဝေဒနာကြိုက် ဝေဒနာ ဒါကျုပ်တို့ရှုမယ်၊ မရှုနိုင်ဘူးလား၊ ဒီအချိန်အလုပ်သာလုပ်ရမယ်။

(၉၅) အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်မှာ အနုသယသဘောနှင့် အမြဲကိန်းနေတယ်။ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်ကြတော့ အာရုံကြောင့် ပေါ်နိုင်သေးရဲ့လား။

(၉၃) မဂ္ဂနှင့် နိရောဓကိုယ်တိုင် ဖြတ်လို့ရတာ၊ သားကယ်နိုင် သမီးကယ်နိုင်တဲ့တရားလား။

(၉၃) အရေးရှိယင် သမီးကလေးက ချေချေလည်လည်ရှိတယ်၊ အဲဒီချေချေလည်လည်ကြောင့်လဲ အပါယ်ကျချက် နာတာဘဲ၊ သားကလေးက ချေချေလည်လည် ရှိတယ်ဆိုလို့ရှိယင်။

(၉၄) ခင်ဗျားတို့က ပြီးများ နေလိုက်သေးတယ်၊ အဲဒါ အပါယ်ရောက်ဘို့ပြီးတာ၊ ပြီးစေချင်လို့ သတိပေးလိုက်ပါတယ်၊ ဒါဖြတ်တဲ့အချိန်ပြီးပါ။ ဒါပြတ်အောင်လုပ်နေတော့ပြီးရမယ်၊ သံသရာစခန်းသတ်ပြီကွ။

(၁၀၆) ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရဆိုတဲ့ ညာခြေ, ဘယ်ခြေနဲ့သွားလိုက်တဲ့အတွက် ဗိုချော်လဲတာဘဲ။

(၁၀၇) စုံလုံးကန်း လမ်းသွား တာဘဲ၊ ဘုရားက ငါလဲ သစ္စာမသိလို့ သံသရာရှည်ခဲ့တယ်ကွ။

(၁၀၈) သစ္စာ မသိတော အရင်းကျကျ အတွင်း ဗုဒ္ဓဘာသာမဟုတ်ဘူး။

(၁၀၉) တရား စစ်ကို ဟောတော့ နည်းနည်းမှ မငွဲ့နိုင်ဘူး။

(၁၁၀) အမှန်တရားကွယ်ရင် သံသရာရှည်တော့မယ်။

(၁၁၁) သစ္စာ နှစ်ပါးကွယ်နေတယ်။

(၁၂၀) စက္ခုံ-ပညာမျက်စိသည်။ ဥဒပါဒိ-ဒုက္ခသစ္စာကို သိမြင်ခြင်းဖြစ်၏။

(၁၂၁) ဒုက္ခသစ္စာဆိုတာ ခါးကိုက်၊ လည်နာ, ရင်ကြပ်မှ မဟုတ် ပါဘူး။ ပေါ်တဲ့ စိတ်ဟူသ၍ ဒုက္ခသစ္စာ၊ ပေါ်တဲ့ ဝေဒနာ ဟူသ၍။

(၁၂၂) ဒါဖြင့် နည်းပေးနေတဲ့ ဆရာနဲ့တွေ့တော့ ငါတို့ ဖြင့်သေပျော်ပြီဟေ့, သိပြီ၊ သေတာ အယင်တုန်းက မသိလို့, မသိတာက အဝိဇ္ဇာ။

(၁၂၃) ဒီဖြစ်,ပျက်မြင်မှ ဝိဇ္ဇာ ဥဒပါဒိဖြစ်မှာ။

(၁၂၄) သတိပဋ္ဌာန မဂ်ချည်း မှတ်ပါ၊ ရင့် သွားယင် လောကုတ္တရာမဂ်။

(၁၂၅) သစ္စာဉာဏ်ပေါ်လာပြီ။

(၁၂၆) သစ္စာနှင့် ဉာဏ်နဲ့ပေါင်းတော့ သစ္စဉာဏ်။

(၁၃၀) ဖြစ်ပြီး,ပျက်တဲ့ကိစ္စဟာ ရုပ်,နာမ်တို့၏ ကိစ္စလို့ မှတ်လိုက်။ သူ့ကိစ္စကို သိတဲ့ဉာဏ်-ကိစ္စဉာဏ်။

(၁၃၁) သစ္စာ မသိ သေးသ၍ ကာလပတ်လုံး နိဗ္ဗာန် မရောက်သေးဆိုတာ တထစ်ချ ဆုံးဖြတ်ချက်ချပါ။

(၁၃၂) ခန္ဓာငါးပါး။

(၁၃၃) ဘယ်အပုံ ကြည့်ကြည့် ဒုက္ခ သစ္စာချည်း မှတ်လိုက်။

(၁၃၄) သစ္စာ၏ကိစ္စကို သိတဲ့ဉာဏ် ဓမ္မစကြာက လာတယ်လို့မှတ်ပါ။ စက္ခုံဥဒပါဒိက ထောက်ခံချက်၊ စက္ခုံ-ဉာဏ် မျက်စိသည်။ ဥဒပါဒိ-ဖြစ်ပေါ် လာမလို့ကွ ဆိုတော့ ရွတ်ဘို့

ဘတ်ဘို့လား။ ကိုယ်ခန္ဓာ သစ္စာကို မြင်အောင် ကြည့်ပါလို့ ပြောတာလား။ ဓမ္မစကြာရွတ်ဟော့ အနတ္တလက္ခဏာ ကင်းသဟ ဆို တော့ လိမ်းဆေးလုပ်နေပြန်ပြီ၊ ဆေးက သောက်ဆေးပါလား ဒကာ, ဒကာမတို့။

(၂၀၆) ဟေပယသိကော-ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက် နေယင် ဒါ ဝိပဿနာဘဲ။ ဟ····ဘုန်းကြီးက ဆန်းလှချည့် ကလားလို့ ဆိုချင်သလား၊ မဆန်းပါဘူး၊ ဆန်း ဟောယင် ဘုန်းကြီးအပါယ်ရောက်မှာပေါ့၊ မသိတာ ဖေါ်ပြော နေတယ် လို့မှတ်ပါ။

(၂၀၇) ငါ့ရှိခိုးလို့ ဆိုသလား၊ မင်းတို့ခန္ဓာ မင်းတို့ရှုလို့ ပြောသလား။ နို့ ဘာဖြစ်လို့ ဘုရားရှိခိုးနေတုံး၊ အို····လူကြီး တွေက ဒီလိုဘဲဘုရား၊ လူကြီးတွေကိုင်ပေါက်မှာဘဲ၊ ဘုန်းကြီး က ဘုရား ပယ်တယ်လို့ မယူလိုက် ပါနဲ့နော်။ ။ဘုရားရှိခိုး ယင် သမထ၊ ခေါ်ရာလိုက်ယင် ဝိပဿနာ။

(၂၀၈) တောင်းတော့ နိဗ္ဗာန်, ရွတ်တော့ သမထ၊ လို ချင်တာက နိဗ္ဗာန်၊ အခုဘုရားရှိခိုး အဆုံးသွားကြည့် နိဗ္ဗာန်ရ, ရပါလို၏မပါဘူးလား၊ သမထက နိဗ္ဗာန် ရောက်ပါရဲ့လား၊ ဝေးသော အကြောင်းသာ ဖြစ်တယ်၊ ဒါဖြင့် ဘုရား ရှိခိုးပြီး သကာလ အချိန် ကုန်ရတာနဲ့ ဟေပယသိကော - ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်ရတာနဲ့ ဘယ်ဟာက မြတ်သတုံး။ လော ဘစိတ်က ခေါ်လို့ရှိယင်တဲ့ လောဘစိတ်နောက်လိုက်၊ သန္ဒိဋ္ဌိ ကော-ဉာဏ်နဲ့လိုက်။

(၂၀၉) တွေ့တာက အနိစ္စဖြစ်လို့ရှိယင်ဖြင့်တွေ့တဲ့ဉာဏ် က မဂ္ဂသွားဖြစ်တယ်။

(၂၁၂) ဖြစ်, ပျက် (မဂ်)။ ခင်ဗျား တို့က ပူဇော်မှုနဲ့ လမ်းဆုံးနေတယ်။ ဆေးအသုံးလွဲပေါ့၊ သောက်ဆေးကို လိမ်း ဆေးလုပ်ပဟာ....။

(၂၁၃) လိမ်းချင်လို့ရှိယင် ခဏဘဲဘုရားရှေ့သွားပူဇော် လိုက်တာပေါ့၊ လိမ်းဆေးကို ပခေါနု မထားပါနဲ့၊ သောက် ဆေး ပခေါနုထားရမယ်ဆိုတာ ရိပ်မိပလား၊ ပါဠိ နားမလည် လို့ ဟော်-လာခဲ့ပါ၊ ပဿ-ရှုပါဆိုတော့ ရှိခိုးပါခိုင်းသလား။ ကဲ....သောက်ဆေး ဟုတ်မဟုတ်။ (ဟုတ်ပါတယ်ဘုရား)။

(၂၁၄) လိမ်းဆေးဟာ အနာငြိမ်ရုံဘဲ၊ အနာမပျောက် ဘူး၊ သမထကိုးဗျ။

(၂၁၅) လျှော့ချေးလား၊ အမှန်အတိုင်းလား၊ တင်းချေး လား၊ သစ္စာကိုင်ဟောတဲ့ အတွက် မဇ္ဈိမ ပဋိပဒါ လမ်းအမှန် ဆေးလို့မှတ်ပါ။

(၂၁၆) ဝိပဿနာလုပ်စဉ် တရားဂုဏ်တော်ခြောက်ပါး မှာ ဟောခဲ့တယ်။

(၂၁၇) နိဗ္ဗာန်ရောက်မည့်တရားကို ခင်ဗျားတို့က ဖြဟ္မာ ပြည် ရောက်ကြောင်းတရားလုပ်ပြီး သုံးတယ်။

(၂၁၈) ဘုရား ဂုဏ်တော် ရှိခိုးယင်၊ သုဂတိ ကုသိုလ် ရမယ်။

(၂၁၉) နိဗ္ဗာန်ရချင်ယင် သူဟောတဲ့အတိုင်းကျင့်မှ။

(၂၂၀) ပညာရှိမှ မဂ်ရမယ်ပြောတာ။

(၂၂၂) အမျှပေးလို့ မရတဲ့ ကုသိုလ်ဟာ မဂ်ကုသိုလ်၊ ပေါ်ပြီလား၊ (ပေါ်ပါပြီ) မြတ်တဲ့ ကုသိုလ်ရမှ အပါယ် ၄ ပါး တံခါးပိတ်မယ်။

(၂၂၅) ဘာလှူလှူ ဘာတန်းတန်း ဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်လှူဒါ ဖြင့် နိဗ္ဗာန်မရပါဘူး။

(၂၃၄) သမုတိသစ္စာမို့ ပုံသဏ္ဌာန်နဲ့ ခွဲပြီးလှူရယ်, ကျွဲ ရယ်, နွားရယ်လို့ခွဲတာ။ လာပုံခြင်းကတော့ အတူတူပါဘဲ၊ ရပုံခြင်းကတော့ အတူတူဘဲ။

(၂၃၅) အတိတ်အကြောင်းနဲ့, ပစ္စုပ္ပန် အကျိုး ဆက် တယ်။ ဘယ်သူမှ ဖန်ဆင်းတာမဟုတ်။

(၂၃၉) ဒီအကြောင်းနဲ့, ဒီအကျိုးဆက်တာသိယင် ဝိစိ ကိစ္ဆာသေတယ်။ အကျိုးထဲမှာ ပုဂ္ဂိုလ်သတ္တဝါ မပါတာ သိ ယင် ဒိဋ္ဌိသေတယ်။

(၂၅၂) ရှေးလူကြီးတွေကလဲ သတ္တဝါတယောက်သေလို့ ရှိယင်၊ ရောက်ချင်သလိုရောက်တာဘဲဟေ့....လို့ ဟောထား တဲ့ ဒီအယူကို မစွန့်တော့ဘူးဆိုလို့ရှိယင်ဖြင့် နိဗ္ဗာန်ကိုခင်ဗျား တို့တခါတည်း ရွှေစေတီ,ရွှေဘုရား, ရွှေတိဂုံကြီးကို တပေပတ် လည် ရွှေတွေခတ်၊ ငါးကျပ်သား, ငါးကျပ်သားကပ်၊ ကုန် အောင်ကပ် နိဗ္ဗာန်မရဘူး။ ဒိဒိဋ္ဌိအယူခံနေယင် ဒိဋ္ဌိကနိဗ္ဗာန် ကန့်ကွက်တာ၊ ဘယ်လောက် ကြောက်စရာ ကောင်းသလဲ၊ ဒါဖြင့် ခင်ဗျားတို့ အလှူကို နောက်ထား, ဒိဋ္ဌိခွါတာ ရှေ့လုပ် ပါ၊ ဒိဋ္ဌိခွါပြီးမှ လှူပါ၊ ကျုပ်တို့ဗမာတွေ။

(၂၅၃) ဗုဒ္ဓဘာသာတွေမှာ ကဲ....ဆရာကောင်း မတွေ့ တော့ ခင်ဗျားတို့ ဘယ်လောက် နာတယ်ဆိုတာ ပေါ်ပလား။ သတ္တဝါ ဒီအထဲပါရဲ့လား၊ သတ္တဝါကလေး ရည်မှန်းပြီး လှူ လိုက် ရဦးမယ် ဆိုတော့ ဘာအယူနဲ့ လှူလိုက် တာထုံး။ ဒိဋ္ဌိ အယူနဲ့လှူလိုက်တာပါ နိဗ္ဗာန်မရဘူး စိဘ်ချ။ နတ်ရွာသုဂတိ ရောက် တဲ့ကုသိုလ်တော့ ဖြစ်ပါရဲ့တဲ့။

(၂၅၄) တခွန်းနဲ့ အမှန်ပြောလေ့ရှိတာ ငါဘုရား၏ ဝတ္တရားတဲ့။

(၂၅၅) အဂ္ဂိဝစ္ဆပုဏ္ဏားကို တပည့်တော် မေးလာတာ တွေ အင်မတန်များပါပြီကွဲ့၊ အရှင်ဘုရား အယူသာပြောပါ တော့၊ ငါ့အယူကတော့ကွာတဲ့။ ဟော.... ရုပ်တရား (ဖြစ်, ပျက်)၊ ဝေဒနာတရား (ဖြစ်,ပျက်)၊ စိတ်တရား (ဖြစ်ပျက်)၊ အင်း.... ဖဿတရား (ဖြစ်, ပျက်) ငါက ဖြစ်,ပျက် အယူရှိ သကွ။ အကုန်ဖြစ်ပြီး ပျက်တာချည်းဘဲ။ ကောင်းပြီ ဒါဖြင့် ရှင်ကြီးဂေါတမ ဒီအယူ-ယူတော့ကို ဘာဖြစ်သတုံး၊ တခါ သူတက်လာတယ်။

(၂၅၆) ဟော.... ဒီ ဖြစ်,ပျက်ကိုတဲ့ သိတဲ့အယူ-ယူလို့ ရှိယင်၊ တဏှာ, မာန, ဒိဋ္ဌိချုပ်တဲ့ အယူဟာ ငါ့အယူကွ။ တဏှာ, မာန, ဒိဋ္ဌိချုပ်သကွ။ တဏှာ, မာန, ဒိဋ္ဌိစွဲဦးစီးတဲ့ ကံ တွေကောမချုပ်ဘူးလား၊ ဒါဖြင့် ပပဉ္စချုပ်တယ်။

(၂၅၇) သံသရာချဲ့တဲ့ ပပဉ္စတရားရှိသေးရဲ့လား။

(၂၅၈) ဒါဖြင့် ဒီသုံးခု ရောခေါ်လိုက်တော့ ပပဉ္စချုပ်တဲ့ ဝါဒ-ငါ့ဝါဒကွ။

(၂၅၉) အရှင်ဘုရား ဒီလိုယူတော့ ဘာကျေးဇူးရှိသလဲ၊ ပုဏ္ဏားကမေးလိုက်တယ်။ ပပဉ္စချုပ်တယ်ဆိုတော့ နိဗ္ဗာန်မပါ သေးဘူးလား။

(၂၆၀) ဒါဖြင့် နိပ္ပပဉ္စဆိုတာ နိဗ္ဗာန်ကိုခေါ်တာ။

(၂၆၁) လောင်စာသိမ်း၍ မီးငြိမ်းရာနိဗ္ဗာန်။

(၂၆၂) နိဗ္ဗာန်ကိုအားလုံးဘဲ ယုံမှားသံသယရှိကြတယ်။

(၂၆၃) နိဗ္ဗာန် ရွှေပြည်မြတ်ကြီးသို့လို့ ဟောထားတော့ တကယ်ရွှေဘုံရွှေနန်းတွေနဲ့ အဓိပ္ပါယ် ရောက်ပါတယ်၊ ဒီလို ယူလိုက်ပြန်တော့လဲ သဿတဒိဋ္ဌိ။

(၂၆၄) နိဗ္ဗာန်သဘောမကျဘဲနဲ့ ဝိပဿနာ အားထုတ်ယင် မရဘူးလို့ ဆုံးဖြတ်ချက်ချကြပါ။

(၂၆၅) ဒီ ဒိဋ္ဌိနှစ်ခု ခန္ဓာထဲမှာ-တခုခုရှိနေယင် ဘယ်လို ဉာဏ်စဉ် တက်ငြားသော်လဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရနိုင်ဘူး။

(၂၆၆) ပဋိစ္စသမုပ္ပါဒ် နားမလည်ခဲ့သော် နိဗ္ဗာန်ကိုလဲ သဘောမကျဘူး။

(၂၆၇) အဂ္ဂိဝစ္ဆပုဏ္ဏားက ဆက်မေးတယ်။

(၂၆၈) သဿတ, ဥစ္ဆေဒ, ဧကစ္စသဿတ, အမရာဝိက္ခေပ ဒီ ဒိဋ္ဌိ ၄ ချက် မေးနေတယ်ဆိုတာလဲ မှတ်လိုက်တာပေါ့ဗျာ····ခန္ဓာငါးပါးသာရှိတာဘဲ၊ ဘယ်သတ္တဝါမှမပါဘဲ။

(၂၆၉) သတ္တဝါနဲ့ မေးကတည်းက ဖြေစရာ ရှိရဲ့လား။ ပရမတ္ထဉာဏ်မှာ သတ္တဝါများ ရှိရဲ့လား၊ ယခုတရားနာနေတာ သတ္တဝါတယောက်မျှမပါဘူး။

(၂၇၀) ပဋိစ္စသမုပ္ပါဒ် အကြောင်း, အကျိုးတွေ တရားနာနေကြတာ။ သြော်···· ပဋိစ္စသမုပ္ပါဒ် နားလည်ထားတဲ့ စွမ်းရည်သတ္တိဟာ သတ္တဝါပျောက်ပါလားဆိုတာ ပေါ်လာတယ်။

(၂၇၁) သတ္တဝါမပါလို့ သေစရာလဲ မရှိဘူး၊ ဖြစ်စရာလဲ မရှိဘူးဆိုတာ ရှင်းသွားတယ်။

(၂၇၂) ဒိဋ္ဌိ ၄ ချက် မရှိလို့ရှိယင် ဘုန်းကြီးက ခင်ဗျား တို့ကို **နိဗ္ဗာန်ဟောနိုင်ပြီ။**

(၂၇၃) ဒါကြောင့် ဒိဋ္ဌိတည်းဟူသော ခရီးခဲ၊ ဒိဋ္ဌိတည်းဟူသော ဆူးငြောင့်၊ ဒိဋ္ဌိတည်းဟူသော ကန္တာရခရီးကြီး၊ ဒိဋ္ဌိတည်းဟူသော ဥပါဒါန်တရား၊ ဒိဋ္ဌိတည်းဟူသော ငြောင့်တံသင်း တရားမို့ ငါသည် ဒီအယူမယူဘူး၊ ဒီ ဒိဋ္ဌိလေးမျိုး တခုခု ရှိနေတတ်တယ် ဗုဒ္ဓဘာသာဝင်တွေမှာပင် မရှိတတ်ဘူးလား။

(၂၇၄) ဒိဋ္ဌိမခွါဘဲနဲ့ နိဗ္ဗာန်ဟောခဲ့သည်ရှိသော် ဘယ်နည်းနှင့်မှ နိဗ္ဗာန်မရပါဘူးတဲ့။

(၂၇၅) အဲဒီ ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ အနိစ္စ ဒုက္ခ, အနတ္တတွေ နင်းပြီးကြိုးစား၊ ရကို-မရဘူး။

(၂၇၆) အို.... အနတ္တမြင် နိဗ္ဗာန်ပေါက်တာဘဲလို့ ဒီလိုပြောချင်ပြောကြမယ်၊ ဟုတ်ကို မဟုတ်ပါဘူးတဲ့ သွားကြည့်ပါ၊ သံယုတ်ပါဠိတော်မှာနော်။

(၂၇၈) နားမလည်ဘဲနဲ့ အနိစ္စ,ဒုက္ခ,အနတ္တ အားထုတ်ယင် မရနိုင်။

(၂၈၀) ဘုန်းကြီးက ဆန်းလိုက်တာလို့ မဆိုကြပါနဲ့၊ ဒိဋ္ဌိဟာ ခရီးခဲနော်။

(၂၈၁) အရှင်ဘုရားပြောတော့ အရှင်ဘုရားယူတဲ့ သီးသန့် အယူ ရှိလိမ့်မယ်။ အဲဒီ သီးသန့်အယူ သိပါရစေ။

(၂၈၂) ခန္ဓာသိမ်း နိဗ္ဗာန်၊ တဏှာငြိမ်း နိဗ္ဗာန်ဆိုတာ မပေါ်သေးဘူးလား၊ ဘုရားရှိခိုးနေလို့ ပေါ်ပမလား၊ ဆုတောင်းနေလို့ကော ?။

(၂၈၃) တပည့်တော်ကျေနပ်ပါတယ်တဲ့၊ အရှင်ဘုရားကဖြစ်,ပျက် အယူရှိတဲ့ ပုဂ္ဂိုလ်ကိုး။

(၂၉၄) ဒါဖြင့် ရှင်ကြီးဂေါတမ၊ လျှာရှည်တယ် မအောက်မေ့နဲ့ ဆက်မေးဦးမယ်တဲ့၊ တဏှာ,မာန,ဒိဋ္ဌိချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်မှာမသွားတော့ဘူးလားတဲ့။

(၂၉၅) အဲဒီခတော့ဘုရားက ဖြေလိုက်တယ်၊ အဲဒီတဏှာ, မာန, ဒိဋ္ဌိချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားတယ်လို့ ငါမဖြေဘူးကွ။

(၂၉၆) ဒိဋ္ဌိနဲ့မေးလို့မဖြေတာ၊ ဒိဋ္ဌိနဲ့နိဗ္ဗာန်က သိပ်ရှုပ်တာဗျ။

(၂၉၇) ဒီလေးချက် မဖြေလို့ မကျေနပ်တဲ့ပြင် မေးစရာကုန်လို့ ဉာဏ်တုံးသွားပြီတဲ့၊ ပုဏ္ဏားက။

(၂၉၈) သာမညဆရာနဲ့ ဒီမင်းမေးတဲ့ ၄ ချက်ကို ဘယ်သူမှ မဖြေနိုင်ဘူးတဲ့။

(၂၉၉) ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ ဆရာရှာပြီး မင်းသင်မှသာလျှင် တဏှာ, မာန, ဒိဋ္ဌိချုပ်တဲ့ပုဂ္ဂိုလ် နိဗ္ဗာန်ရောက်တယ်ဆိုတာ မင်းသဘောကျမယ်။

(၃၀၀) လောင်စာနဲ့ မီးတွဲလျက်ကြီး။

(၃၀၁) ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာတွဲနေတယ်။

(၃၀၂) လောင်စာသိမ်း၍ မီးငြိမ်းတာကနိဗ္ဗာန်။

(၃၀၃/၄) ဟေ့ပုဏ္ဏား၊ လောင်စာကုန်တော့ မီးရှိသေးရဲ့လားကွ၊

(၃၀၅) အေးချမ်းတာသည် သန္တိလက္ခဏာရှိတဲ့ နိဗ္ဗာန်ပေါ်ပလား၊ အဲဒါနိဗ္ဗာန်။ နိရောဓသစ္စာ= အေးချမ်းတဲ့ နေရာကလေးသည်၊ သန္တိလက္ခဏံ=ငြိမ်ငြိမ်သက်သက် သဘောသတ္တိရှိ၏။

(၃၀၆) မီးလောင်နေတဲ့ နေရာက ဒုက္ခ, သမုဒယ၊ မီးငြိမ်းတဲ့ နေရာက နိရောဓ၊ မြင်တာက မဂ္ဂ။

(၃၀၇) ဟော့ ···· ပုဏ္ဏား မီးလဲကုန်ပြီကွာ၊ လောင်စာ ကုန်သွားပြီကွ၊ အဲဒီငြိမ်းတဲ့မီး ဘယ်သွားတုံး မင်းပြောစမ်း၊ ဘုရားက မေးပြီ။ တပည့်တော် ဖြေစရာမရှိဘူးတဲ့၊ လောင်စာ သိမ်း၍ မီးငြိမ်းလို့ အေးချမ်းသွားတယ်လို့ဘဲ ဆိုရမှာဘဲ၊ ဒါဖြင့် အေးချမ်းတာက နိဗ္ဗာန်၊ အေးချမ်းတာ သိတာက မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ ဒါဖြင့် နိဗ္ဗာန် ရှိ-မရှိ။

(၃၀၈) မီးရှိလို့ရှိယင် မီးငြိမ်းရာရှိတယ်၊ မီးရှိတာက ဒုက္ခသစ္စာ၊ မီးငြိမ်းတာက နိရောဓသစ္စာ၊ အကောင်အထည် ဒြပ်သဘောနဲ့ ရှိသလား၊ ငြိမ်းအေးတဲ့ သဘောဘဲ ရှိသလား။

(၃၀၉) ငြိမ်းအေးတဲ့သဘောက နိဗ္ဗာန်၊ သိတာက မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာ ဉာဏ်ဆိုတာ ကြေနပ်ပလား၊ အဲဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ပုဏ္ဏားကလျှောက်တယ်။ အရှင်ဘုရားတဲ့၊ ဤမြို့နားမှာ အင်ကြင်းပင်ကြီး တပင်ရှိတယ်ဘုရား၊ အင်ကြင်းပင်ကြီးက လဲသွားတယ်၊ သုံးနှစ်လောက်နေတော့ အခွံတွေရော, အကာတွေရောပျောက်ပြီးကျောက်ချည်း ကျန်ရစ်နေတာကိုဘုရား၊ အင်ကြင်းပင်က ကျောက်ဖြစ်တယ်။ အရှင်ဘုရားဟောတဲ့တရားဟာ နောက်ဆုံးပိတ်ကျတော့ အနှစ်ချည်း ကျန်နေရစ်တာကိုးလို့ သူကသေသေချာချာချီးမွမ်းတယ်။ အဲဒါ ခန္ဓာကိုယ်ကြီးကို မီးလောင်သိမ်းအောင် လုပ်ပစ်လိုက်ပါ၊ ဒီတော့ ဒီနေရာမှာဘဲ နိဗ္ဗာန်မလာပေဘူးလား။

(၃၁၀) ဘယ်သွားသေးတုံး၊ ဒါဖြင့် တဏှာ, မာန, ဒိဋ္ဌိ ချုပ်တဲ့ပုဂ္ဂိုလ်ဘယ်သွားတုံး မေးတော့ မီးသေတာဘဲ လောင်စာမရှိယင် မီးငြိမ်းတာကို နိဗ္ဗာန်၊ ဒါဖြင့် သမုဒယသိမ်း၍

ဒုက္ခမလာတာနိဗ္ဗာန်၊ ပဋိစ္စ သမုပ္ပါဒ် နားလည်မှ နိဗ္ဗာန်နား လည်မယ်၊ သို့မဟုတ်ယင် နားလည်စရာ ရှိသေးရဲ့လား။

(၃၂၁) ဘုံဘဝ ရောက်စေတတ်တဲ့ ကုသိုလ်တွေမပြု ဘူးလား၊ ဆုတောင်းမတောင်းဘူးလား၊ ဒီအထဲမှာ ကုသိုလ်လဲ ပါတယ်၊ ဆုတောင်းတဲ့ တဏှာလဲပါတယ်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာပါ၊ ဒါဖြင့် အကန်းလမ်းသွားပြီ။

(၃၂၂) ညာခြေဆိုတဲ့ကုသိုလ်နဲ့ ဘယ်ခြေဆိုတဲ့အကုသိုလ် နဲ့လမ်းသွားနေတယ်၊ကိုယ်ကျိုးနဲ့ပြီ၊သမုဒယသစ္စာလုပ်တာကိုး၊ ကုသိုလ်လဲ သမုဒယဘဲ၊ ဘုံဘဝ တောင့်တလုပ်တာကိုး၊ မျက်စိ ကန်းလမ်းသွားတော့ ချိုင့်ဟာလဲ သူလဲစရာချိုင့်ဘဲ၊ ကျင်းဟာလဲ သူကျစရာကျင်းဘဲ၊ ခလုပ်ဟာလဲ သူတိုက်စရာ ခလုပ်ဘဲဆိုယင် လွဲပါ့မလား။

(၃၂၃) မျက်စိဖွင့်ပြီး သွားရလို့ရှိယင်ဖြင့် လဲစရာရှိသေး ရဲ့လား။ ဩော်....ဆရာသမား အရေးဟာက တယ်ကြီးပါက လား၊ ကိုင်း ဒါဖြင့် သစ္စာမသိတဲ့ အဝိဇ္ဇာကြောင့် ပြုချင်သလို ပြုတဲ့၊ ကုသိုလ် သင်္ခါရနဲ့ အကုသိုလ် သင်္ခါရ လုပ်ခဲ့ကြတယ်။

(၃၂၄) ဒါဖြင့် ဒီတရားနာ လာကြတာ တကယ့် ဒုက္ခ သယ်တွေ၊ ဒုက္ခရောက်ပြီ၊ ဒါကြောင့် အကန်း လမ်းသွားလို့ ချော်လဲတယ်၊ အကန်းလမ်းသွားတာက သမုဒယသစ္စာ၊ ချော် လဲတာက ဒုက္ခသစ္စာ။

(၃၂၅) ဝိညာဏ ပစ္စယာ နာမ ရုပ်ဆိုတော့ ဝိညာဏ်, နာမ်, ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဆိုတာချော်လဲတာ ရယ်၊ အနာရတာရယ်၊ ပြည်တည်တာရယ်၊ ဆူးထိုး မိတာရယ်၊ ဝေဒနာ ပြင်းထန် လာတာရယ် မပေါ်သေးဘူးလား၊ ဒါဖြင့် ဒီငါးခု ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

(၃၂၆) အခု တရားနာ လာကြတာ ဒီငါးခုမှ တပါး အခြားပါသေးရဲ့လား၊ ခင်ဗျားတို့ သိမှုနှင့် ပြောယင် ခန္ဓာ ငါးပါး။

(၃၂၇) ဒုက္ခနဲ့ တရားနာ နေကြတယ်ဆိုတာ ဩော်.... ယောက်ျားတွေ, မိန်းမတွေ ဆရာဘုန်းကြီး လာလို့ ဝိုင်းလာကြ တာလား၊ ဒုက္ခသစ္စာတွေ စုနေကြ တာလား၊ သေသေ ချာချာ ဉာဏ်နားနဲ့ထောင်ကြည့်ပါ။ လူ့ဘဝအရ တော်နေတာလား၊ ဒုက္ခ သိမ်းပိုက်နေရတာလား၊ ကောင်းပြီ အနာရတဲ့ ဒကာ, ဒကာမတွေ ဆေးရှာတယ်။

(၃၂၈) ဆေးရှာတာသည် တဏှာဘဲ၊ ဆေးကို မရ ရအောင် သိမ်းပိုက်တာက ဥပါဒါန်၊ နောက်ဝဋ်ဘဝ ရောက် စေတတ်တဲ့ ဒါနကံ, သီလကံ, အကုသိုလ်ကံတွေ လုပ်ပြန်တော့ ကိုတဲ့ဆေး လိမ်းမှားပြန်တယ်၊ နောက် အနာပြန်ရ မလား၊ ဇာတိ, ဇရာ, မရဏ ဒါဖြင့် ဘာသစ္စာတုံး ( ဒုက္ခသစ္စာပါ ဘုရား)၊ ဆေးရှာတာက (သမုဒယသစ္စာပါ ဘုရား)၊ သွားပြီ ခင်ဗျားတို့ လေးကွက် မပြည့်သေးဘူးလား၊ တစ်, နှစ်, သုံး, လေး။

(၃၂၉) ဒါဖြင့်ပတ်မိသွားပြီ၊ (ဤနေရာ၌ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကို ထောက်ပြသည်)။ ဩော်.... ဒါဖြင့် ဒကာ, ဒကာမတွေမှာ ဒုက္ခနဲ့သမုဒယသာလှည့်နေတာဘဲ၊ အကောင်း, ပါသေးရဲ့လား၊ သမုဒယသစ္စာက မီး၊ ဒုက္ခသစ္စာက ထင်း ထင်းနဲ့မီးအဖြစ် လှည့်နေရတယ်၊ ဒါဖြင့် တပည့်တော်တို့ဘုရား၊ နောက်ဘဝများစွာမှာ စကြာဝတေး, မန္တတ်, သူဌေး,သူကြွယ် တွေ သိကြား, ဗြဟ္မာတွေ ဖြစ်ခဲ့သလား ဆိုတော့ အဲဒါမပြော တတ်ဘူး၊ ဒီသစ္စာနှစ်မျိုး လှည့်နေတာ။

(၃၂၉) အတိတ်ဘဝက သမုဒယသစ္စာ၊ ပစ္စုပ္ပန်ဘဝမှာ ဒုက္ခသစ္စာ ခန္ဓာငါးပါးပေါ့ဗျာ။

(၃၃၀) မိုက်ကြောင်းရယ်၊ မိုက်ကျိုးရယ်၊ သကြား, ပြဟ္မာဖြစ်ခဲ့ရသလား။

(၃၃၁) သံသရာကြီးထဲမှာ ခင်ဗျားတို့ နေမှုထိုင်မှုကဖြင့် ကောင်းခဲ့လေသလား၊ ဆိုးခဲ့လေသလားဆိုတာ သံသယ မရှိနဲ့နော်၊ ဒီခန္ဓာငါးပါးကို သစ္စာရယ်လို့ မသိပြန်တော့ တဏှာ ဥပါဒါန်ကံနဲ့ မနေဘူးလား။

(၃၃၂) ကိုယ့်ခန္ဓာခင်တယ်၊ ကိုယ့်ခန္ဓာ စွဲလန်းတယ်၊ နောက်ဘဝ ကောင်းစားရေးဖြစ်စေ၊ မကောင်းစားရေးဖြစ်စေ ကမ္မဘဝ မလုပ်ဘူးလား။

(၃၃၃) တရားနာလာတာလား၊ ကိုယ့်အပိုင်းပြေး ဇာတ်သိမ်းချင်လို့ လာကြတာလား၊ ဘုန်းကြီးရှေ့မို့သာ ပြောကြတယ်၊ ပြေးလို့ ကောင်းတုန်းများ ဖြစ်နေယင်တော့ ခက်ပါသေးရဲ့၊ သမုဒယသစ္စာဆိုတာမီး၊ ဒုက္ခသစ္စာဆိုတာထင်း၊ ထင်းနဲ့မီး လောင်ပြီး လှည့်နေတယ်။ သမုဒယသစ္စာဆိုတာ ကိလေသာမီး ဒါခန္ဓာ ငါးပါးရတော့ ထင်းမဖြစ်ဘူးလား၊ မီးနဲ့ ထင်းနဲ့ လောင်ပြီးလှည့်နေတာ ခင်ဗျားတို့ ဖြစ်စဉ်ပေါ့ကြပလား။

(၃၃၄) ဒီအထဲမှာ မီးငြိမ်းရာ နိရောဓသစ္စာ ပါပလား။ မီးငြိမ်းတဲ့ မဂ္ဂသစ္စာကော၊ ဒါဖြင့် ခင်ဗျားတို တသံသရာလုံး မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာ သပိတ်မှောက်ထားတာ ပေါ့ကြပလား၊ ထွက်ပေါက် ရှာရမယ်နော်။

(၃၃၅) ဆရာကောင်း သမားကောင်း သာသနာတွင်း ဒီ ပရိယတ် အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ ဒါတွေက ဆောင်တော့မှ သူတို့ဆောင်လာတဲ့သဘောနဲ့ ဘုန်းကြီးတို့ကလဲ

ပရိယတ်သမားဖြစ်နေတော့။ ဟ···· ဒါဖြင့် ဒို့ ဒကာ-ဒကာမ တွေ ဖြတ်လမ်းပြမှတော်မယ်။ ဒါပရိယတ်ကလာတာ၊ ရိပ်မိကြပလား၊ ပရိယတ်ကို အားပေးမလျှော့ကြပါနဲ့၊ လျှော့လိုက်လို့ ရှိယင်ဖြင့် ခင်ဗျားတို့ကျင့်စရာ လမ်းပေါက်ကိုဟောမည့်ပုဂ္ဂိုလ် ရှိသေးရဲ့လား။ ဒီပရိယတ်သာ ကွယ်သွားယင် ဒီအတိုင်းလာမှာ ဘဲ၊ ပရိယတ်က

(၃၃၇) အခြေခံပဋိပတ်က အညွှန့်ချူးပြီး စကားပြောတာ ရိပ်မိကြပလား၊ ဒါကြောင့် ကိုယ့်ကန်ဘောင်ကြီး ကိုယ်မချိုးကြ ပါနဲ့လို့ ခုနက ဆရာတော်တွေကို ချီးမြှောက်ရသေးတယ်နော်၊ မိုက်တာ မိုက်မှန်းသိယင် လူလိမ္မာ၊ မိုက်တာကို လူလိမ္မာ ထင်နေယင် မိုက်သထက် မိုက်တယ်လို့ ဓမ္မပဒပါဠိတော်မှာ သေသေချာချာလာတယ်။

(၃၃၈) ဘယ်သွားဦးမယ် သမီးအိသွားဦးမယ်၊ သားအိ သွားဦးမယ် လောင်ရင်းသွားတာ၊အိမ်စိတ်မချလို့ပြန်လာတော့ ဒို....စိတ်မချလို့ ပြန်ပါတယ်ဆိုတော့ ဒေါသမီးလောင်ပြန်တာ၊ ဟိုလူနဲ့ တွေ့ချင်တယ်

(၃၃၉) လို့ သွားတာကဖြင့် လောဘမီးလောင်ပြီး သွား တာ၊ အဲဒီတော့ မီးမပါလို့ရှိယင်လဲ ဒီအကြောင်းအကျိုးဟာ မလည်လို့ခဏရပ်ထားတယ်နော်၊ ဩော်···· ဒါဖြင့် ပေါ်ရာကို သိအောင်လုပ်ရလိမ့်မယ်၊ သောတာပန်တည်မှ အပါယ်လေး ပါး တံခါးပိတ်မယ်၊ သောတာပန်မတည်ဘဲနဲ့လဲ သကဒါဂါမ်, အနာဂါမ် ဖြစ်နိုင်ကြပါ့မလား၊ ဒါဖြင့် သောတာပန်တည်ချင် ယင် စိတ္တာနုပဿနာရှုပါ၊ ဒကာ-ဒကာမတို့···· ဆုံးမလိုက် ပြီ၊ သောတာပန်ဆိုတာ ဒိဋ္ဌိသတ်တာ၊ ဒိဋ္ဌိသတ်မှ သောတာ ပန် ဖြစ်နိုင်တယ်ဆိုတာပေါ်ကြပလား။

(၃၄၀) ဒိဋ္ဌိကိုသတ်ရမယ်၊ တဏှာကိုသတ်ဖို့ မလိုသေးပါဘူး၊ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာမှာ ဒီအတိုင်းလာပါတယ်၊ ဒါဖြင့် စိတ်ပေါ်မှာ ဒိဋ္ဌိအများဆုံး ရှင်းကြပလား၊ စဉ်းစားကြည့်ပါ၊ ငါကြားတယ်ဆိုတော့ ကြားစိတ်ကို၊ ငါမစွဲဘူးလား၊ ဒါဖြင့် ဒိဋ္ဌိဘဲ၊ ငါစားနေတယ်ဆိုတော့ စားစိတ်ကို ငါမထင်ဘူးလား၊ ဒါဖြင့် စားတဲ့စိတ်ကို ငါထင်သောကြောင့် စိတ်ပေါ်မှာ ဒိဋ္ဌိများတယ်၊ ငါမြင်တယ်ဆိုတော့ မြင်စိတ်ပေါ်မှာ ငါမပါဘူးလား၊ မြင်စိတ်ကို ငါစွဲယင် ဒိဋ္ဌိဘဲဆိုတာ သေချာပလား၊ ငါ့အကြံအစည် ဆိုပြန်တော့ကော၊ ကြံစည်တဲ့စိတ်တွေကို ဝိတက်နဲ့တကွ သဟဇာတဖြစ်တဲ့ စိတ်တွေကို ငါမစွဲကြဘူးလား၊ ဒါဖြင့် သောတာပန်ဖြစ်ခြင်း အကြောင်းမှာ ဒိဋ္ဌိချုပ်မှ ဖြစ်ပါတယ်။ စိတ်ကြောင့် ဒိဋ္ဌိဖြစ်တော့ စိတ်ကို ဝိပဿနာရှုရ လိမ့်မယ်။

(၃၄၁) ခင်ဗျားတို့ပုထုဇန်တွေဖြစ်သောကြောင့် ခင်ဗျားတို့သန္တာန်မှာ လောဘ ဒေါသ မောဟဆိုတဲ့ စိတ်သုံးခုဟာမရှိဘူးလား၊ မြင်စိတ်, ကြားစိတ်, နံ့စိတ်, စားစိတ်, ယားစိတ်, နာစိတ်တွေကော မရှိဘူးလား၊ အလောဘ ဆိုတဲ့ ပေးချင်မှု ကမ်းချင်မှုကော၊ အဒေါသ ဆိုတဲ့ မေတ္တာ စိတ် တွေ ကော၊ အမောဟဆိုတဲ့ တခါ တလေ သိတဲ့ ပညာ ကလေး တွေကော၊ ရှုတဲ့စိတ် ရှိက်တဲ့စိတ်ကော အဲဒီစိတ်တွေကို ရှုတော့၊ ဒီပြင်ဟာ ဘာမှ မရှုနဲ့။ဘာ့ကြောင့် ဒါကလေးပြောရပါလိမ့်မလဲလို့မေးတဲ့ အခါကျတော့ ဟိုစိတ္တာနုပဿနာ သတိပဋ္ဌာန်မှာ ဘုရားဟောထားတာက အရိယာတွေပါ ဟောထားတာ ဒီအထဲ အရိယာများပါသလား၊ ရိုးရိုးပြောပါ၊ ခင်ဗျား တို့က လေပြော့နေတာ အရိယာ ပါသလိုလို ဘာလိုလိုနဲ့ ပါကြရဲ့လား၊ မပါတော့

ပုထုဇန်တွေပေါ့ဗျာ၊ အဲပုထုဇန်ဖြင့် ပုထုဇန်စိတ်ဘဲ ရှိရမယ်၊ သောတာပန် သန္တာန် ဖြစ်တဲ့ စိတ်နဲ့ မရှိနဲ့၊ သကဒါဂါမိ သန္တာန်ဖြစ်တဲ့စိတ်ကော,ရဟန္တာ သန္တာန်ဖြစ်တဲ့ စိကော,မရှိရပါ၊ ဒါဖြင့်ကိုယ့်စိတ်ကိုယ်ရှု၊ ကိုယ့်စိတ်ကို ကိုယ်မရှုလို့နိဗ္ဗာန်မရောက်တာ။ အဲဒီတော့ ခင်ဗျားတို့ သန္တာန် ဖြစ်တဲ့စိတ်ကလဲ ပုဂ္ဂိုလ်စိတ်ရဆိုလို့ရှိယင်ဖြင့် ၄၅ ပါးပိုမဖြစ်ပါဘူး၊ ဒီအရွယ်ခေါင်းဖြူစွယ်ကျိုးမှသဂြိုဟ်သာတက်နေရဦးမယ်ဟုတ်ပါလား၊ အဲဒီတော့ တပည့်တော်တို့ ဘုရား မြန် မြန် သာ ပို့ပါတော့ ဆိုတော့ ကိုယ့်စိတ်ကိုယ်ရှု။လောဘလာလို့ရှိယင်လဲ လောဘကိုဖြစ်ပျက်ရှု၊ ဒေါသ လာယင်ကော၊ မောဟ လာယင်ကော၊ လှူချင် တန်းချင်တဲ့စိတ်ကလေးလာယင်ကော၊ မေတ္တာထားတဲ့စိတ်ကလေးလာယင်ကော၊ ခင်ဗျားတို့ မေတ္တာ ထားပါတယ်တော့ ပြောတတ်တယ်၊ မေတ္တာစိတ်ကလေး ဖြစ်ပျက် ရှုပါဆိုတော့ကို မေတ္တာ ပျက်သွားမှာ စိုးလို့ မရှုတော့ ဘူးလား၊ တော်တော်ဆိုးတဲ့ ဒကာဒကာမတွေနော်၊ ကိုင်းဒါဖြင့် မနာယတန ဆိုတာ စိတ်ပါဘဲနော်၊ မြင်တဲ့စိတ်ပေါ်ယင်လဲ ဒီကနေကြည့်၊ မြင်တဲ့စိတ်ကို ဖြစ်ပြီး ပျက်တယ်လို့ ဉာဏ်ကလေးနဲ့ သိပေးစမ်း၊ မြင်စိတ်က ဖြစ်ပျက်ဆိုတော့ သိတာကမဂ်။

(၃၄၃) ဒါ စာမို့ရေးထားတာ သူတို့က ဝေဒနာရယ်, ဖဿရယ်, စိတ်ကယ် တပြိုင်နက်ဖြစ်တာ သဟဇာတတွေနော်၊ သေတာက သမုဒယ၊ ဒီသမုဒယသစ္စာ လာသေးရဲ့လား၊ ဒီဒုက္ခသစ္စာကော ဒါဖြင့် တဏှာနိရောဓော နိဗ္ဗာနံ သမုဒယချုပ်တာလဲ နိဗ္ဗာန်ဘဲ၊ ရှင်းပလား။ ဒုက္ခသစ္စာချုပ်တာကော၊ ဟာ.... ဘယ့်နှယ်ကြောင့် ရပါလိမ့်မတုံးဆိုတော့ ဒီမှာ မဂ်ဝင် လိုက်လို့ဘဲ။

(၃၄၄) မဂ်စစ်လား မေးတော့ ပွားတဲ့ ဝိပဿနာမဂ်ဘဲ ရှိသေးတယ်၊ နောက်ကျတော့ မဂ္ဂါဘိညာသကိ°မတာ ဆိုတာ သူရင့်လာလို့ရှိယင်လောကုတ္တရာမဂ်လာမယ်။ ဇရာမရဏာရှိတဲ့ ပုဂ္ဂိုလ်ဟာ သေခါနီးမှာ သောက ပရိဒေဝ မလာဘူးလား အာသဝဆိုပါတယ်၊ အာသဝ သမုဒယာ အဝိဇ္ဇာ သမုဒယော ဆိုတော့ ပတ်မသွားသေးဘူးလား။ ဒါဖြင့် စိတ်က ဖြစ်ပျက်၊ ရှုတာကမဂ်။

(၃၄၅) အဲဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ကြည့်၊ သေတာက သမုဒယ၊ နောက်ထပ်မလာတာက (ဒုက္ခသိမ်းတာ)။ ဒါဖြင့် တဏှာသိမ်း နိဗ္ဗာန် ဒုက္ခ ငြိမ်းတော (နိဗ္ဗာန်ပါ)၊ ဩော်…. နိဗ္ဗာန်က ဒီနှစ်ကွက်ပြတ်သွားယင် ပြီးတာဘဲ။

(၃၄၆) စိတ္တနိရောဓာ တဏှာနိရောဓော ဖြစ်လို့ရှိယင် ပဋိစ္စသမုပ္ပါဒ်ထွက်လာမ်း၊ စိတ်ချုပ်တာမြင်ယင် ထွက်လမ်းဘဲ။ စိတ်ချုပ်တာက ဒုက္ခသစ္စာ မြင်တာက မဂ္ဂသစ္စာ ဒါဖြင့် ဒီနေရာ မဂ်ပေါ်တော့ ဒီမဂ်က ဖြတ်ပေးတယ်။ မြင်စိတ်ကလေးလာယင် ဖြစ်,ပျက် ရှုပေးနော်၊ ဥဒယဗ္ဗယကို မိအောင်ရှုပါ။ လောကီမဂ္ဂင် ငါးပါးနဲ့ ရှုလိုက်စမ်းပါ။ သမ္မာဒိဋ္ဌိ, သမ္မာ သင်္ကပ္ပ, သမ္မာဝါယမ, သမ္မာသတိ, သမ္မာသမာဓိဆိုတဲ့ စာမှာ လာတဲ့ အတိုင်းပေါ့ဗျာ။ သမာဓိမဂ္ဂင်နဲ့ ပညာမဂ္ဂင်နှစ်ခု ပေါင်းပြီး ရှုလိုက်စမ်းပါ။

(၃၄၇) ဒါဖြင့် ကြားစိတ်ကလေး လာယင်လဲ ဖြစ်ပျက် မဂ် နံ့စိတ်က လေးလာယင်ကော ဖြစ်,ပျက်မဂ် ကဲ…. ဒါဖြင့် စားစိတ်ကလေး လျှာပေါ်မှာပေါ်ပြီ၊ မလွယ်ဘူးလား။ မလုပ် ဖြစ်မှာဘဲ စိုးရိမ်တယ်။ တရားကတော့ ကောန်လွယ်တယ်၊ ဘယ့် နှယ်ကြောင့် မလုပ်ဖြစ်ပါလိမ့်မလဲလို့ မေးလို့ရှိယင်၊ အဝိုင်းပြေး

ချင်လို့သာ မှတ်ပေတော့။ ခင်ဗျားတို့က ပရွက်ဆိတ်ကလေး တကောင်သည် လင်ပန်းပေါ် အဝိုင်းပြေးနေတဲ့အခါ ကျတော့ ဩော်…. တိရစ္ဆာန်များ တယ်မိုက်ပါကလား၊ အဝိုင်းသာ လှည့်ပြေးနေတာဘဲ၊ဆင်းတာမှမဟုတ်ဘဲ၊ထွက်တာမှမဟုတ်ဘဲ ဆိုပြီး မသနားကြဘူးလား၊ ကဲ့ကော-မကဲ့ရဲ့ဘူးလား၊ တိရစ္ဆာန် ကိုး မသိရှာဘူး၊ ခင်ဗျားတို့ကော ဘယ်နေကြပါလိမ့် အဝိုင်း ကော မပြေးဘူးလား။

(၃၄၈) ကိုင်း ငါသည် လူ့တိရစ္ဆာန်တော့ မဖြစ်ပါရ စေနဲ့ ဆိုတဲ့ဥစ္စာကို၊ ထွက်ရပ်လမ်းရှာပါ၊ ဒီကနေထွက်ပါ။ ဝေဒနာက တဏှာစပ်လို့ရှိယင် ဟော…. ဒီဘက်မှာတဲ့ ပဋိစ္စ သမုပ္ပါဒ်လည်လမ်း။ ဒီကနေ ဒီပြန်ဆက်လို့ရှိယင် ဖြတ်လမ်း ဒကာ ဒကာမတို့။ ဘုရားသည် ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဖြစ် သလား၊ ဝေဒနာနဲ့ တဏှာကြားမှာ ဖြစ်သလား။ ဒါဖြင့် ဗုဒ္ဓဂယာသွားဘို့မလိုပါဘူး။ ဒီနေရာတွင်ဖူး ရိပ်မိပလား။ ဟိုဟာ က ပညတ်ပြောနေတာ။ ပရမတ်က ဒီနေရာဖြစ်တာ ဒီနေရာမှာ မဂ်ဉာဏ်ရတယ်။

(၃၄၉) ခင်ဗျားတို့က ဗုဒ္ဓဂယာသွားပြီး ဘုရားဖူးနေလို့ ခက်တယ်။ ကိုယ့်သန္တာန် သောတာပန်ဖြစ်ချင်ယင် ဒီနေရာမှာ မဂ်ပေါ်ရမယ် ရိပ်မိပလား၊ ဝေဒနာနဲ့ တဏှာကြား ပေါ်ရမှာ လား၊ အဲဝေဒနာနဲ့ တဏှာ မဆက်လို့ရှိယင်မဂ်။ ပဋိစ္စ သမုပ္ပါဒ် ထွက်လမ်းဆိုတာ နိဗ္ဗာန်ရောက်တာ ပြောပါတယ်။

(၃၅၀) ဒီက ဟဒယဝတ္ထုပေါ်က နေပြီးမဂ်နဲ့ရှုပါ၊ ခင်ဗျားတို့ကဝင့်ဘဝ

(၃၅၁) တိုတိုနဲ့ မဂ်ဖိုလ်ရ-ရပါလို၏ဘုရားလို့ ဘုရား ရှေ့ လက်အုပ်ကလေးချီကာ အသနားခံနေကြတယ်။ ကိုယ့်

ဟာကိုယ် ရှုရမှာလား၊ ဘုရားကပေးမှာလား၊ နို့-ဘာပြုလို့ သွားတောင်းနေသလဲ၊ ကိုယ့်ပါးစပ်ကတော့ဖြင့် ဝဋ်ဘဝ တိုတိုနဲ့ မဂ်ဖိုလ်ရ-ရပါလို၏ဘုရားဆိုပြီး ဆုတောင်းပြည့်ဘုရား မသွားဘူးလား၊ ဘုရားက ယူတော့လို့ပေးလို့ နိဗ္ဗာန်ရပါ့ရဲ့ လား၊ ကိုယ့်ဟာကိုယ် ပဋိစ္စသမုပ္ပါဒ်ပြတ်မှ မဂ်ဉာဏ်ပေါ်မှ နိဗ္ဗာန်မြင်တယ်၊ ဒါဖြင့် တောင်းယူရမှာလား လုပ်ယူရမှာ လား၊ ဒီကရှေ့ပြင်ကြပါဦး၊ ဒကာ-ဒကာမတို့။ ဘုရားတွေတိုင်း ခင်ဗျားတို့က နိဗ္ဗာန်သနားတော်မူပါ၊ နိဗ္ဗာန်ပေးတော်မူပါ ပြောဆိုတောင်းကြတဲ့အတွက် ပေးနိုင်ရဲ့လား။ ပေးနိုင်ယင် ရာဟုလာကို ထမ်းခေါ်သွားတယ် နိဗ္ဗာန်ကို ရာဟုလောဝါဒ သုတ်လို့ ဟောဘို့မလိုဘူး လိုသေးရဲ့လား။

(၃၅၂) ဒါဖြင့် ဘုရားက နိဗ္ဗာန်ပေးနိုင်သလား၊ နည်း သာပေးနိုင်သလား၊ ဒါဖြင့်ဘုန်းကြီးတို့ ဘုရားအမွေခံပြီး နည်း ပေးနေပြီ၊ ခင်ဗျားတို့က ဒီအတိုင်းလုပ်ရုံဘဲ ရှင်းပလား။ ဖြစ် ပျက်နဲ့ မဂ်နဲ့ ကိုက်သွားလို့ရှိယင် နိဗ္ဗာန်မရ-မရှိ။

(၃၅၃) ဒါဖြင့် ဒကာ- ဒကာမတို့ဝမ်းထဲမှာ ရှုစိတ် ကလေး ပေါ်လာယင်လဲ ရှုစိတ်ကလေးရှုပြီး ပျက်တာဘဲလို့ ဗမ္မာရုံမို့ မနောဒွါရနဲ့ရှု။ တဏှာနိရောဓော နိဗ္ဗာနံ၊ ဒုက္ခ နိရောဓော နိဗ္ဗာနံ ဟုတ်-မဟုတ်။

(၃၅၅) နောက်စိတ်နဲ့ အသေကိုအရှင်နဲ့ကြည့်ပါ။ စိတ် သေတိုင်းသေတိုင်း အရှင်နဲ့ ကြည့်ရမယ်ဆိုလို့ရှိယင်၊ ဒီသံသရာ ပြတ်-မပြတ်။

(၃၅၆) ကိုယ့်အသေကိုယ်မြင်တဲ့ပုဂ္ဂိုလ်ဟာဖြင့်တဲ့ နောက် လူ့ဘဝ နတ်ဘဝ ဆုတောင်းပါဦးမလား၊ဒီလိုချည်းဘဲ သေနေ မှာဘဲဆိုတာမသိဘူးလား၊ ကိုယ့်အသေကိုယ်မြင်တာက ယထာ

ဘူတညာဏ်၊ မြင်ဖန်များလို့ ငြီးငွေ့လာတာက နိဗ္ဗိန္ဒညာဏ်။ နောက်ရှုဖန်များတော့ ကိုယ့်အသေကြီး ကိုယ်လိုချင်သေးရဲ့လား။ မလိုချင်တာက မဂ်ညာဏ်။

(၃၅၇) အဲဒီအချိန် ကျတော့ ဒိခန္ဓာငါးပါး အကုန်ပျောက်တယ်။ အသေဇာတ်မသိမ်းဘူးလား၊ နောက် မဂ်ရင့်လာတဲ့အခါ၊ သီလမဂ္ဂင်ပါ တိုးလာတဲ့အခါ၊ ဒီက နိရောဓသစ္စာ၊ ဒီကမဂ္ဂသစ္စာ ဒါကြောင့် နိဗ္ဗာနသဃေဝသန္တိကေလို့ သံယုတ် ပါဠိတော်ကြီးမှာ ဟောထားတယ်၊ နိဗ္ဗာန် အနီးကလေးကွ၊ ဘယ်နှာကြောင့် မရောက်ပါလိမ့်မတုံး၊ ကွေ့သွားနေလို့ ရိပ်မိပလား။ အဝိုင်းပြေးနေလို့ ရောက်နိုင်ပါ့မလား။ ဒါဖြင့် လောဘစိတ်လာလဲ ဖြစ်ပျက်ရှု ဒေါသစိတ်လာကော ဖြစ်ပျက်ရှု၊ မောဟစိတ်လာကော ဖြစ်ပျက်ရှုရပါမယ်။

(၃၅၈) ကုသိုလ်စိတ်လဲ ဖြစ်ပျက်ရှု၊ နို့မို့ ကိုယ့်ကုသိုလ်ကလေး ကိုယ်သာယာနေလို့ရှိယင်ဖြင့် တဏှာဖြစ်သွားဦးမယ်။

(၃၅၉) ဘုန်းကြီးသတိပေးလိုက်မယ်၊ ကိလေသာကလေး ကဝင်လာတယ်၊ ထမင်းစားချင်တဲ့ စိတ်ကလေးပေါ်လာတယ်၊ ဒါကိလေသာစိတ် ဝင်တာဘဲ မဟုတ်လား၊ အဲဒီ စားချင်တဲ့ စိတ်ကို ဖြစ်ပျက်ရှုပါ၊ ဒီပြင်စိတ် ဝင်နိုင် သေးရဲ့လား ဟင်၊ သူများကို နှုတ်ခမ်းစူချင်တဲ့ ဒေါသ စိတ်ကလေးကော မလာတတ်ဘူးလား၊ အဲဒီလို ဒေါသဖြစ်လာယင် ဖြစ်ပျက် ရှုရပါမယ်၊ ဒါဖြင့် လောဘလာလဲ ဖြစ်ပျက်ရှု၊ ဒေါသလာလဲ ဖြစ်ပျက်ရှု၊ ဒါဖြင့် ဖြစ်ပျက်မဂ် မကိုက်ဘူးလား၊ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ အင်းရှုတာက(မဂ်ပါဘုရား) သေတာက (သမုဒယ သစ္စာပါ

ဘုရား) နောက် ဒုက္ခမပေါ်တာက နိရောဓသစ္စာ (မှန်ပါ့)၊ ဒုက္ခနိရောဓေါ နိဗ္ဗာန်ကိုး(မှန်ပါ့)၊ သဘောပါပလား (ပါ-ပါတယ် ဘုရား)။

(၃၆၁) အဝိဇ္ဇာ ဘာခေါ်ကြမယ်၊ သစ္စာ လေးပါးလုံး မသိတဲ့တရားလို့ သေသေချာချာမှတ်ပါ။

(၃၆၂) မသိတာက အဝိဇ္ဇာ၊ ပြုလုပ်တာ က သင်္ခါရ၊ သမုဒယသစ္စာ လုပ်ယင်တော့ ဒုက္ခသစ္စာလာရတော့မယ်။

(၃၆၃) ခင်ဗျားတို့ အမှန်ကို မတွေ့ရသေးသ၍ ကာလ ပတ်လုံးဟာဖြင့် အမြောက် တရားနဲ့ အချောက် တရားဆိုယင် သွားပြီ၊ အချောက်တရားက အပါယ်နဲ့ချောက်တာ၊ အမြောက် တရားက နတ်ရွာသုဂတိနဲ့မြောက်တာ၊ သစ္စာမသိလို့ မြောက် တာ၊ တပည့်တော်တို့ကဘုရာ့ အင်မတန်အကြောင်း ညီညွတ် နေတာဘုရာ့။

(၃၆၄) စီးပွားရေးရော၊ သားရေး မယားရေးရော၊အို.... ဒုက္ခတွေ ဝိုင်းနေတယ်ဆိုတာ အကြောင်း ညီညွတ်တယ် ဆိုတာ ဒီ အဝိဇ္ဇာဘက်က မမြင်လို့ပြောနေတာ။

(၃၇၁) ခင်ဗျားတို့က ကုသိုလ် ဆိုလို့ရှိယင် အကောင်း ချည်းဘဲ၊ ပုညာဘိ သင်္ခါရဆိုတာ အကောင်းချည်းဘဲ ဆိုယင်၊ ဒီဇာတိဒုက္ခ ဖြစ်ပါ့မလား၊ကုသိုလ်မှာလဲ ဒုက္ခရောက်တဲ့ကုသိုလ်၊ ဒုက္ခလွတ်တဲ့ ကုသိုလ်ရှိသေးတယ်၊ နှစ်မျိုးရှိတာမဝေဘန်ဘူး၊ နည်းရောင်းများရောင်း တောင်းပြည့် ပြီးရောပေါ့၊ ကုသိုလ်ဆို တာ အကောင်းချည်းပေါ့ကွ၊ ခင်ဗျားတို့ ပါးစပ်ကနတ်တက် ရနေတယ်။

(၃၇၂) ခင်ဗျားတို့က လင်ပန်းခေါ်မှာ ဈျောက်နေတဲ့ ပုရွက်ဆိတ်လိုဖြစ်နေတယ်။

(၃၇၃) အဝိုင်းကြီးလမ်း ရှာနေတော့ အပိုပေါ့ ထွက်လမ်းတွေ့နိုင်ရဲ့လား။

(၃၇၇) စိတ်ပေါ်မှာ ဒိဋ္ဌိအများဆုံးဖြစ်နေတယ်၊ အဲဒီတော့ ပဋ္ဌမတရားမှာ ဒိဋ္ဌိမပြုတ်ဘဲနဲ့ သောတာပန် ဘယ်သူမှ မတည်နိုင်ဘူး။ အဲဒါကြောင့် သမ္မောဟ ဝိနောဒနီအဋ္ဌကထာ ဆရာက ရော "ကွာတဲ့-သတ္တဝါတွေ သနားလို့ရှိယင် စိတ္တာ နုပဿနာပေးပါ၊ ပြီးတော့မှ ဝေဒနာနုပဿနာကို အထက် မဂ်ကျမှပေးပါတဲ့။"

(၃၇၈) လှည့်ခေါ် နေတာ ၄၅ ခုဟာဘုရား၊ အရှင်ဘုရားတို့က စာသံပေသံ ပါလှတယ်။ အေး····စာသံ ပေသံ ပါတာမကောင်းဘူးကွ။ ဘာကြောင့်တုံး ဆိုတော့ ကိုယ့်ဘာသာမဟုတ်ဘူး၊ နိုင်ငံခြား ဘာသာဖြစ်နေတယ်၊ ပါဠိဘာသာကိုး၊ ခင်ဗျားတို့မှာ မြင်တတ်တဲ့စိတ်ကလေးမရှိဘူးလား၊ အဲဒါ ခင်ဗျား တို့သန္တာန်မှာ အမြဲ ပေါ်တဲ့စိတ်၊ အာရုံ, ဒွါရ တိုက်တိုင်း တိုက်တိုင်းပေါ်တဲ့စိတ်။

(၃၇၉) ကြားတဲ့စိတ်ကလေးကော၊ နှာခေါင်းထဲနံတယ်, ပုတ်တယ်, ညှီတယ်လို့ ရှူတဲ့ရှိုက်လိုက်တဲ့ စိတ်ကလေး ကော၊ လျှာပေါ်မှာ ချိုတယ်, ချဉ်တယ်,ဖန်ဘယ်,ငန်တယ်, စပ်တယ်၊ ခါးတယ်ကို သိတဲ့စိတ်ကလေးကော၊ ကိုယ်ပေါ်မှာ ယားတယ် ကောင်းတယ်ဆိုတဲ့စိတ်ကလေးကော ဒါဖြင့် အဲဒီစိတ် ၅ ခုကို အပြင်ဧည့်သည်စိတ် ၅ ခုလို့ မှတ်လိုက်စမ်းပါ။

(၃၀၀) ဒီငါးခုလာတိုင်း၊ လာတိုင်း ဒါသဠာယတနခေါ်တာဘဲ၊ သဠာယတနထဲက မနာယတန ခေါ်တယ်၊ မြင်စိတ်ပေါ်လဲ ဒီကနေပြီး သကာလ ဉာဏ်ကလေး ထားပြီးတော့ "ဩော်....ဖြစ်ပြီး ပျက်တဲ့ အနိစ္စဘဲလို့" ဒီနေရာက ရှုပေးရတယ်။

(၃၀၁) ဘုန်းကြီးတို့ အကျိုးက ဓမ္မဒေသနာ ကုသိုလ်ဘဲရပါတယ်။ ခင်ဗျားတို့ဝင်ငွေပြတ်ပါတယ်။ အတွင်း ဩေ့သည်ကတော့ ခင်ဗျားတို့မိုးလင်းလာယင် ရှေးဦးစွာ ဆွမ်းခံမလာခင်လာတဲ့စိတ်ကိုမှတ်ပါ၊ လောဘစိတ် ဆွမ်းတော်ထက် စောတယ်လို့အောက်မေ့ပါ၊ အိပ်ရာကထလို့ရှိယင် ဒီစိတ်က အယင်လာတာ၊ ရိပ်မိပလား။ ဒါဖြင့် ဒီစိတ်သည် လောဘစိတ်ယင်လဲလာမယ်၊ ခလေးက ဆူနေလို့ရှိယင်လဲ "အို....အိပ်ရာကထ,ထချင်း စိတ်ကိုပျက်ပါပြီ၊ ဆူလိုက်တာ" ဆိုတော့ ဒေါသစိတ်ယင်လဲအယင်လာမယ်၊ အတွင်း ဩေ့သည်နော်၊ အဲဒါက ဟဒယဝတ္ထုပေါ်မှာ ပေါ်သောကြောင့် လောဘ, ဒေါသ အတွင်းဩေ့သည်လို့ မှတ်လိုက်ပါ၊ အိပ်နေတုံးက မရှိဘူး၊ ခုမှပေါ်တာဒါကြောင့် သူ့ကိုဩေ့သည်လိုဘဲမှတ်ပါ။ ကြည့်လိုက်တဲ့ အခါကြတော့ ခြင်ထောင်သိမ်းဘို့, ကုဋိ, အိမ်သာသွားဘို့ ဒါတွေကို ဒုက္ခပါလားလို့ မသိတော့ အဝိဇ္ဇာကလဲ

(၃၀၂) လာပြန်တယ် မသိတာက အဝိဇ္ဇာမောဟပေါ့။ ဩေ့သည်က တော်တော်ကြာ ခင်ဗျားတို့ကို အပယ်ပို့မှာစိုးလို့ ဩေ့သည်ကိုလဲ သိအောင်လုပ်နေရသေးတယ်။ တခါတလေကျလာပြန်တော့လဲ ခင်ဗျားတို့က အလောဘဆိုတဲ့ မိုးလင်းလာပြီလေ၊ ဆွမ်းတော်ကလေး ဘာကလေး တင်ဦးမှ ဘုရားရှေ့ပန်းကလေး ဘာကလေးလဲ တင်ဦးမှဆိုတဲ့ အလောဘ ဆိုတဲ့

ကုသိုလ်ကလေးလဲ လာတတ် ပါတယ်၊ ဒါလဲ ဈေ့်သည်ဘဲ၊ အဒေါသဆိုတဲ့ "သဗ္ဗေသတ္တာ အဝေရာဟောန္တု၊" ဆိုပြီး သကာလ မေတ္တာကလေးပို့တဲ့ ဈေ့်သည်လဲ လာတတ် ပါတယ်။ ဒါဖြင့်အတွင်းဈေ့်သည်ကလောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ ၅ ခု ဘဲ ထား လိုက် ပါ တော့၊ အိမ် သည် ၂ ယောက်က လေကို ထုတ်တဲ့စိတ်၊ လေကို ပြန်ရှိုက်တဲ့စိတ်၊ သူကတော့ သက်စောင့် ဖြစ်သောကြောင့် အိမ်သည် စိတ်တဲ့ ရှင်းကြပလား။

(၃၈၃) အဲဒီ ၁၂ မှာအမြဲတမ်းရှုရမှာကထွက်တဲ့စိတ်နဲ့ ဝင်တဲ့စိတ်ကို အမြဲတမ်းရှု၊ ဈေ့်သည်က ပေါ်မှ သာရှု၊ အိမ်သည်ပေါ်ယင် အိမ်သည်လိုက်ပါ၊ ဈေ့်သည်ပေါ်ယင် ဈေ့်သည်လိုက်တော့ကို ဟောဒီနေရာက နေပြီး သူလိုက် တာဘဲ၊ သူ့ဟာဒယ ဝတ္ထုဘဲ၊ ဟာဒယ ဝတ္ထုပေါ်က နေပြီးသကာလ အနိစ္စသိတဲ့ပညာကလေးနှင့် မြင်စိတ်ပေါ်လဲ မြင်စိတ်က ဖြစ်, ပျက်၊ ရှုတာကမဂ်။ ကြားစိတ် ပေါ်လဲ ကြားစိတ်က ဖြစ်ပြီး ပျက်တာဘဲ၊ ရှုတာက မဂ်။ ကူးသေးရဲ့လား။ နံ့စိတ် ပေါ်လို့ရှိယင်လဲ အရှုခံရတာက ဖြစ်,ပျက်၊ ရှုတာကမဂ်။ ဒီလိုဆိုတော့ စဉ်းစားရမယ်၊ ကူးသေးရဲ့လား (မကူး ပါဘူးဘုရား)။ မကူးတော့ သမုဒယသစ္စာ နောက်ထပ် ဖြစ်သေး ရဲ့လား (မဖြစ်ပါဘူးဘုရား)၊) မဖြစ်ယင် ဒီဒုက္ခသစ္စာက (မဖြစ်ပါဘူးဘုရား) ဒါဖြင့် သူမဖြစ်ကတည်းကနိဗ္ဗာန်ရောက်နေပြီ။

(၃၈၄) ကြည့် "တဏှာ နိရောဓော နိဗ္ဗာနံ" သံယုတ်ပါဠိတော်မှာ မဟောဘူးလား။

(၃၈၅) အဲဒါ ခင်ဗျားတို့က ဘုရားရှေ့ လက်အုပ်ချီပြီး ဝဋ္ဋဘဝတိုတိုနဲ့ မဂ်ဖိုလ်ရ, ရပါလို၏လို့ လုပ်မနေနဲ့၊

ဘုရားက ဖြတ်မပေးနိုင်ဘူး၊ မင်းတို့ဟာ မင်းတို့ဆက်တာ ငါမ တတ်နိုင်ဘူး၊ ခင်ဗျားတို့ကို ပြောလိုက်ပါလိမ့်မယ်။ ဒါဖြင့် ဒီမဂ္ဂသစ္စာဟာ အဖြစ်,အပျက်ကိုရှုတဲ့ မဂ်ကို မဂ္ဂသစ္စာလို့မှတ် လိုက်စမ်းပါ။ သူက"ကော ယနော အယံဘိက္ခဝေ မဂ္ဂေါ''ကိုး တကြောင်းတည်းနဲ့ ငါနိဗ္ဗာန်ပို့မယ်ဆိုတာ သူဘဲရှိတယ်၊ ဒီဝဋ် ကျွတ်ယင် ကိလေသာဝဋ် ကျွတ်ပြီ၊ ကိလေသာဝဋ် ကျွတ်ယင် ကမ္မဝဋ်က ငါ့ချည်း လုပ်မယ်ဆိုလို့ရသလား၊ ကိလေသာ

(၃၀၆) အုပ်ချုပ်နေမှ ကာမဝဋ်ဖြစ်တာ သဘောကျရဲ့ လား။ ကမ္မဝဋ်မရှိတဲ့ပုဂ္ဂိုလ်၊ ကံဘဲ မရှိတဲ့ပုဂ္ဂိုလ်၊ ဝိပါကဝဋ် ဆိုတဲ့ သူတို့ရှစ်ပါးလာပါဦးမလား။

(၃၀၇) တပည့်တော်တို့ကောင်းမှုပြုထားတယ်၊ ကျောင်း လဲ ဆောက် ထား ကယ်၊ ဘုရားလဲ တည် တယ်၊ အို.... မင်း ကျောင်းဆောက်, ဘုရား တည် တာ က ကွာ တနေ့ ဖြစ် တဲ့ အကုသိုလ်တွေနဲ့ စာစမ်းပါ၊ ဟင်.... ယှဉ်သာရဲ့လား၊ မကယ် ဘူးကွ ပြီးရော-သွားရော၊ မကယ်ဘူးကွ၊ ဘာကြောင့် ဆိုတော့ ဟိုဒ္ဓါရ ခြောက်ပေါက်က ဒီက ခုဒင်က အတွင်းညှော်သည်လာ လဲမရှုမိ၊ အပြင်က ညှော်သည်လာကော(မရှုမိ)အိမ်သည် ၂ ခု လာကော(မရှုမိ)။

(၃၀၈) မရှုမိတော့ မဂ်က ဘယ်တော့ ပေါ်သေးတုံး၊ ဒါဖြင့် ကံဖြတ် မဂ်ကလာသေးရဲ့လား၊ မလာတော့ ခင်ဗျားတို့ တဏှာ ဥပါဒါန်ကံ ဒါတွေချည်း လုပ်နေတယ်။ ဘုရားက တဏှာဥပါဒါန် ကံဖယ်ပြီး သားတော်ရာဟုလာကို ဆွဲတင်လို့ မရဘူး။ ပဋိစ္စသမုပ္ပါဒ်က ဘုရားမပွင့်ခင် ကတည်းက ရှိတာ ကိုးဗျ။

(၃၇၉) ကမ္မဝဋ်လာယင် ဝိပါကဝဋ် မလာပေဘူးလား။ ဝိပါက ဝဋ်ထဲက ဘာပေါက်ပွားမလဲ၊ ဟော-ကိလေသဝဋ် ပေါက်ပွားပြီ၊ ကဲ....ဒကာ, ဒကာမတို့ ခင်ဗျားတို့ဟာ ဘယ်မှာ ထွက်လမ်း ပါသေးရဲ့လား၊ အချိန်ကလေး မှီလိုက်ရုံကလေး ရှိတယ်နော်၊ မြန်မြန်လုပ်ကြပါ။

(၃၇၉)) ရက်ရွှေယင်မှားပြီ၊ သာမညကုသိုလ်ကိုခင်ဗျား တို့က ရွှေတိဂုံ ရွှေအပြည့် ချနိုင်တာနဲ့ တော်လောက်ပြီလို့ အောက်မေ့ချင် အောက်မေ့နေမှာ၊ မဟုတ်သေးပါဘူးတဲ့ ခင်ဗျားတို့ သစ္စာမသိလို့ရှိယင်၊ သင်္ခါရပစ္စယာ ဝိညာဏံတဲ့ လာမယ်၊ ကမ္မဘဝ ပစ္စယာ ဇာတိဘဲလာမယ်၊ သို့သော် ဇာတိ မှာ ခင်ဗျားတို့ အထင်ကတော့ အထက်တန်း ကျတယ်လို့ ထင်လိမ့်မယ်၊ ဩော်.... တပည့်တော် သုဂတိ ဇာတိဘဲလို့ ထင်ချင်ထင်ကြလိမ့်မပေါ့ဗျာ။ သုဂတိ ဇာတိကို သစ္စာဖွဲ့ကြည့် တော့ ဟောဒီက. သက်သေခံတယ်၊ ဒုက္ခသစ္စာ။

(၃၉၁) အင်း ဘာထူးသေးတုံးဗျ၊ သစ္စာဖွဲ့တော့ ဒုက္ခ သစ္စာချည်းဘဲ။

(၃၉၅) လမ်းကလဲ ၉၆ ပါး လမ်းကြမ်းထဲမှာ၊ ဒကာ, ဒကာမတွေ သွားနေတယ်၊ သားဝန်, သမီးဝန်, ဆွေဝန်, မျိုးဝန်းတွေ

(၃၉၆) စိတ်မချလက်မချ ထမ်းပြီးသွားနေတယ်၊ လမ်း ကလဲ လမ်းကြမ်း ဝန်ကလဲ ဝန်လေး၊ ပြေးတော့ လမ်းမှာ ဟတ်ထိုး လဲသေကြတယ်၊ နောက်ဘဝ ယလာပြန်တော့လဲ ဒီဟတ်ထိုးလဲနဲ့ဘဲ သေတာဘဲ၊ ဘယ်သူကများ ခင်ဗျားတို့ထူ ပေးမည့်သူ-မ,ပေးမည့်သူရှိသတုံး အဲဒီမဂ်ဘဲ အကူ အညီကို

ရတယ်၊ ဘုရားဟာ ရာဟုလာ သူ့သားဟုတ်လား သူ့ဟာသူ ထမ်းခေါ်နိုင်ရဲ့လား၊နိဗ္ဗာန်ကို ရာဟုလောဝါဒသုတ် ရာဟုလာ ဆုံးမတဲ့သုတ် ဆိုပြီးဟောရပြန်တယ်။

(၃၉၇) ဘုရားမှ မခေါ်နိုင်ဘဲနဲ့ ဘုန်းကြီးတို့က ဘယ် ခေါ်နိုင်ပါ့မလဲ။

(၄၀၉) ခင်ဗျားတို့ အဖော်က တဏှာ ဒုတိယော ပုရိသော-တဏှာအဖော်လုပ်နေတာ နိဗ္ဗာန်တော့ဝေးပါသေး တယ်၊ မြတ်စွာဘုရားရှင်က သဒ္ဓါဒုတိယာ ပုရိသဿဟောတိ ပညာစေတံ ပသာသတိ ဆိုပြီး သဒ္ဓါနှင့် ပညာ အဖော်လုပ် ပါကွာ။

(၄၁၀) ထမင်းစားတာ ခြိုးခြံရုံနဲ့ သက်သတ်လွတ် စား ရုံနဲ့ မရပါဘူး၊ ဒါတွေအပိုတွေပါ၊ ဒါတွေက ဖြစ်ကိုမဖြစ် ပါဘူး ရိပ်မိပလား။

(၄၁၁) ဒီခန္ဓာငါးပါးကို ဘုန်းကြီးက သဠာယတနကို ဟောနေတယ်၊ မနာယတန- စိတ္တာ နုပဿနာကို ရှုပါလို့ ဆိုတော့ ဒီနေရာမှာ စိတ်ကလေး၏ ဖြစ်မှု ပျက်မှုလာတိုင်း လာတိုင်း ဉာဏ်ကလေးက ရှုပေးပါနော်၊ ဉာဏ်နဲ့ ရှုတဲ့အခါ ကျတော့ စိတ်သေတာ မမြင်ပေဘူးလား၊ ဒါဖြင့် ကိုယ့်အသေ ကိုယ်မြင်တဲ့တရားဟာ ဝိပဿနာ၊ ဝိပဿနာတရားဆိုတာ ရှုရ မည့်တရားလား၊ ကိုယ့်အသေကိုယ်ကြည့်တဲ့တရားလား၊ တော် တော် အရေးကြီး ပါတယ်၊ ဒါဝိပဿနာ ပင်ရင်းကိုပြော နေတာ ကြော်- ကျုပ်တော့ ကုသိုလ်ရအောင် ဝိပဿနာရှုအုံး မယ်ဆိုယင် ရှုကိုမရှုနဲ့၊ ကုသိုလ် ရချင်လို့ရှိယင်၊ ရေအိုးစင် တည်လို့ပြောထားတယ်၊ ကိုယ့်အသေ ကိုယ်မြင်မှသာလျှင် ဒီအသေကြီးကို နောက်ထပ် မလိုချင်တဲ့ဉာဏ်လာမယ်။

(၄၁၂) ပဋ္ဌမစိတ်ဖြစ်ပေါ်နေတုံးနောက်စိတ်မလာယင် ဘယ့်နှယ်ဆိုကြမလဲ၊ သေပြီဆိုတာ ဆုံးဖြတ်ချက် မချရဘူးလား၊ လက်ဖျစ် တတွက်မရှည်ဘူး သက်တမ်းက ဒီ အထဲမှာ ခင်ဗျား တို့က ကပ်ကပ်သတ်သတ် သြဇာသီး ဝါစရာမရှိလို့ ဘုတွေ ဒစ်တွေကြားထဲက ဝါသလိုဖြစ်ပြီး ခင်ဗျားတို့က ပျော်နေတာ ကိုး၊ မဆိုးကြဘူးလား။

(၄၁၅) လောကွတ်ဟာ လောကွတ်သာမှတ်ပါ။ (ချစ် ပါတယ် ခင်ပါတယ်ဆိုတာ) လွမ်းအောင် ပြောနေတာ။

(၄၃၄) ခင်ဗျားတို့ တကိုယ်လုံးထဲမှာ ဘယ်စိတ် လာလာ သေမှာ, သေတာနှစ်ခုမှ တပါးရှိသေးရဲ့လား။

(၄၃၆) တချို့ပုဂ္ဂိုလ်တွေက "မင်းတို့ဆရာတော် ဦးဝိ မလက ဟောနေတာ စာတော့တတ်ပါရဲ့ကွာ၊ ဒို့လဲဘဲ သူ့ဆီ ဘဲ မှီခိုခဲ့ရတာဘဲ၊ အခုတော့ ဝိထိမပါဘူး" လို့ ပြောချင်ပြော မယ်၊ ဝိထိက ဘုရားမှမြင်တာ။

(၄၃၇) ခန္ဓာကိုယ်လည်း အများမကြည့်နှင့် စိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာ တလုံးတည်းကြည့် အကုန်ပါသွားတာဘဲ၊ နောက်စိတ် မလာယင်သေတယ်၊ အယင်စိတ်နှင့် အသက် ရှင်တယ်။

(၄၃၈) နောက်စိတ် လာမယ်လို့ နောက်စိတ် တွေက တာဝန်ခံထားသလား၊ မြန်မြန်လုပ် သေလိမ့်မယ်၊ သေသွား မှာ စိုးရတယ်။

(၄၄၀) သစ္စာလေးချက်ကို တပြိုင်နက်ထင်မှ နိဗ္ဗာန် ရမယ်။

(၄၄၁) မရှိတာ (အနိစ္စ) သိတာ (မဂ္ဂ)သေတာ (သမုဒယ) ဒုက္ခမလာတာ (နိရောဓ) ဖြစ်ပျက်ရှုလိုက်တာနဲ့ လေးချက် ပေါ်တာဘဲ။

(၄၆၆) ပဌမစိတ်က အသေပါ၊ ဒုတိယစိတ်က ရှင်ဆဲပါ၊ အသေကို ရှင်တဲ့စိတ်နဲ့ရှု၊ အဲဒါမှ ဝိပဿနာအစစ်။

(၄၆၇) အသေကို အရှင်နဲ့ကြည့် ဒါ-ထိပ်သံမှိုနဲ့စွဲသလို မှတ်ပါ၊ အရှင်အရှင်ချင်း ကြည့်လို့ ဖြစ်မဖြစ်၊ ဘယ်နည်းနဲ့မှ မဖြစ်ဘူးဆိုတော့ ဝိပဿနာ ဖြစ်သေးရဲ့လား။

(၄၆၈) ဒုက္ခသစ္စာဆိုတာ ကိုယ့်စိတ်ကလေး သေတာကို ဟောနေတယ်လို့ ဆုံးဖြတ်ချက်ချပါ။

(၄၆၉) ဟေိ- လာခဲ့၊ ပဿ- ကျုပ်ကိုရှုပါ၊ အရှင်နဲ့ ရှုပေးပါ။

(၄၇၁) လာခဲ့ရှုပါ၊ အဲဒီလိုဉာဏ်နဲ့ သွားလိုက်လို့ ရှိယင်၊ အသေ= ဒုက္ခသစ္စာ၊ အသိ= မဂ္ဂသစ္စာ။

(၄၇၅) ဟေိပဿိကော-ခေါ်ရာကို၊ သန္ဒိဋ္ဌိကော- သာမံ ပဿိတဗ္ဗော၊ ကိုယ်တိုင်မြင်အောင် ကြည့်လိုက်တဲ့အခါ ဒီတဏှာ ဉပါဒါန်ကံ လာသေးရဲ့လား၊ အခါမလင့် အကျိုးပေး ပစ်လိုက်တယ်။

(၄၈၂) သစ္စာသိဘို့ အရေးကြီးတယ်ဆိုတာ လေးစားစွာနဲ့ မှတ်ပါနော်။

(၄၈၃) ဘုရားသခင်က သစ္စသံယုတ်မှာ ဟောခဲ့တယ်၊ သစ္စာမသိဘဲနဲ့ နိဗ္ဗာန်ဝင်ခဲ့တယ်ဆိုယင် အိမ်ဆောက်ရင် တိုင်မပါဘဲနဲ့ ဒိုင်းတင်ခဲ့တယ်ပြောတာ မယုံသလို မယုံနဲ့တဲ့။

(၄၇၇) ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကိုကြည့်ပါ၊ အရမ်း သင်နေတယ်လို့ အောက်မေ့မနေကြပါနဲ့၊ ဒီသစ္စာ ၄ ပါး မသိတာဟာ အဝိဇ္ဇာ။

(၄၇၈) ဒါနသီလသမထ ပြုတာကကုသိုလ်၊ ဆုတောင်း တာက ဘဝတဏှာ ဖြစ်လေသောကြောင့် အပုညာဘိသင်္ခါရ၊ ကုသိုလ်ပြုတာက ပုညာဘိသင်္ခါရ စာလိုသုံးယင် ဒီကုသိုလ် ပြုပြီး လူဖြစ်ချင်, နတ်ဖြစ်ချင် ဆုတောင်း ပါလိမ့်၊ မသိလို့ တောင်းတာ၊ သိလို့ကုသိုလ်ပြုယင် ဘုန်းကြီးက ခန္ဓာကိုယ် ပေါင်လှူလို့ ဟောလိုက်တယ်၊ ဒါနပယ်တာမဟုတ်ဘူး။

(၄၇၉) အဝိဇ္ဇာအုပ်ချုပ်တဲ့ကုသိုလ်ပေါ်ကြပလား၊ မသိ လို့ တောင်းတဲ့ဆု။

(၄၈၀) သုပ္ပဗုဒ္ဓကို သကြားက ဟော့ အင်မတန်မွဲတယ် ကွ၊ သုပ္ပဗုဒ္ဓက သောတာပန် တည်သွားပြီ၊ မင်းအိမ် ရွှေတွေ ငွေတွေ လှည်းနဲ့

(၄၈၁) တိုက်ပို့မယ်ကွ၊ ဘုရားကို ဘုရား မဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ်ကို ပဋိစ္စသမုပ္ပါဒ် မဟုတ်ဘူးလို့ မင်းပြောလို့ရှိယင် ငါသည် ရွှေတွေ ငွေတွေ မင်း မွဲနေတဲ့အတွက် လှည်းနဲ့တိုက်ပြီးပို့မယ်လို့ သကြားက မပြော ဘူးလား၊ အိုမင်းက ငါ့ကို လူမွဲထင်သလားတဲ့၊ ငါ လူချမ်း သာ၊ သူတော်ကောင်း ရတနာတွေ ငါ့မှာ အကုန်ရှိတယ်၊ ရိပ်မိပလား၊ အဲဒီတော့ အမွဲအမွဲချင်းဖြင့် နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ပါနဲ့ဆိုတာကိုလဲ ဆုံးမပါတယ်၊ ဒုက္ခနဲ့နေရတာ အမွဲ ချည်းပေါ့ဗျာ။

(၄၉၉) ဖိနပ်ရင်း မတ်တတ်ဘဲ ချွေးတွေ ထွက်လာတယ်၊ လိမ်းရင်း မတ်တတ်နဲ့ဘဲ အိုတတ်တာတွေ မလာဘူးလား၊ အတွင်းက မီးလောင်တော့ တခါတည်း ချွေးတွေက ဆူထွက်လာတယ်၊ ပြင်လို့ဆင်လို့များ ပြီးကြသေးရဲ့လား၊ ပြင်တိုင်း ဆင်တိုင်းကို မပျက်ဘူးလား၊ အဲဒီကတည်းက နှိပ်စက်တဲ့ အနှိပ်စက် ခံရခြင်းကြောင့် ဒုက္ခသစ္စာ ပေါ်ကြပလား။

(၅၁၄) ကိစ္စဉာဏ်သည် ပွားများရမည့် ဉာဏ်ဆိုတာ သေသေချာချာမှတ်ပါ၊ ဒီကကိစ္စပေါ်တိုင်း ဒီကသိပေးရမယ်။ အသိပေါင်း အများကြီးဖြစ်လို့ရှိယင် ကတ ရောက်တော့မယ်။

(၅၁၅) တရားဦးမှ ပုဂ္ဂိုလ် အတ္တဝါမငဲ့တာ၊ တရားလည်တွေ ကျတော့ငဲ့။

(၅၁၆) ဟောရတာ ပါလာတယ်၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံလို့ ဒါရုစိရိယကို ဟောတယ်၊ ဒါရုစိရိယကို ဟောတာ ခင်ဗျားတို့က သွားမလုပ်နဲ့၊ ဒါရုစိရိယ တယောက်တည်းရတာ။ ဒါရုစိရိယ ဟောတဲ့တရားကို အရှင်စူဠပန် သွားဟောယင် ရပါ့မလား၊ အများနဲ့ ဆက်ဆံတဲ့တရားလိုက်ပါ၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် ပုဂ္ဂိုလ် လိုက်သေးရဲ့လား။

(၅၁၇) ဘယ်ပုဂ္ဂိုယ်မဆို သစ္စာဟောရမှာကိုးဗျ။

(၅၁၈) သစ္စဉာဏ် ရှေ့ဦးစွာ အားထားပါ။ နောက် ကိစ္စဉာဏ်၊ နောက် ကတဉာဏ်၊ လှေခါးသုံးထစ်နဲ့ နိဗ္ဗာန်ကို ရောက်တယ်။ ဆယ့်ခြောက်ထစ်မှ တက်ချင်တယ် ဆိုယင်တော့ လမ်းတွင် အမောဆိုက်မယ်။

(၅၂၀) ကုသိုလ်ကို ဉာဏ်နဲ့ ယှဉ်ပြုလဲ....၊ (ဖြစ်,ပျက်ရှု)။ ငါကုသိုလ် ဖြစ်နေပြီလို့ ပွားနေမှာ ခင်ဗျားတို့က လူစုက။

(၅၂၂) အဲဒါ သမထ၊ စာဂါ နုဿတိ ခေါ်တယ်။ အနုဿတိဆယ်ပါးဟာ သမထလား၊ ဝိပဿနာလား(သမထပါ)၊ သမထ ဒါဖြင့် အခုဟောနေတာက သစ္စဉာဏ်ဆိုတော့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ဟောနေတာ။ ကာယာနုပဿနာ သတိပဋ္ဌာန်ဟာလဲ ဓမ္မာနုပဿနာ သတိပဋ္ဌာန်မှာ လာပေါင်းရတယ်။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကလဲ (ဓမ္မာနုပဿနာ သတိပဋ္ဌာန်မှာ)သစ္စာမှာ လာဆုံတာကိုး၊ သစ္စာမှာလာဆုံတယ်ဆိုတော့ ဓမ္မာနုပဿနာ (သတိပဋ္ဌာန်)မှာ လာလာဆုံတယ်ဆိုတာ ကြေနပ်ကြပလား။ စိတ္တာနုပဿနာ အရှုခိုင်းငြားသော်လဲ ဓမ္မာနုပဿနာ ပြန်ရောက်တယ်၊ လောဘစိတ်ကလေးပေါ်ယင်(ဒုက္ခသစ္စာ)၊ ဒေါသစိတ်ပေါ်လာယင် (ဒုက္ခသစ္စာ) ဖြစ်,ပျက်ကိုယှူ။ လောဘကလေး သာယာတဲ့အချိန်ကို ယှူလိုက်ယင် သမုဒယသစ္စာ (မှန်ပါ) ဖြစ်,ပျက် ယှူလိုက်ယင် (ဒုက္ခသစ္စာ) ရိပ်မိပလား၊ ဒါမှ သဗ္ဗေသင်္ခါရာ ဒုက္ခာနဲ့ကိုက်မှာပေါ့၊ ရှင်းပလား။

(၅၂၃) သဂြိုဟ်နဲ့ခွဲယူနော်၊ သဂြိုဟ်က လောဘဟာ သမုဒယသစ္စာ၊ ပေါ်နေတုံးဆိုတာ၊ ဖြစ်ပြီးပျက်တော့ ဘာသစ္စာဖြစ်သွားတုံး၊ (ဒုက္ခသစ္စာဖြစ်ပါတယ်)၊ ဒါဖြင့် ဖြစ်ပျက်က ဘာသစ္စာတုံး၊(ဒုက္ခသစ္စာပါ)။ ။ဝိပရိဏာမံ လက္ခဏံ ဒုက္ခသစ္စံ၊ သူဖေါက်ပြန်သလား၊ ပျက်စီးတယ် မဟုတ်လား၊ ဘာသစ္စာဖွဲ့မလဲ(ဒုက္ခသစ္စာဖွဲ့ပါတယ်)၊အဲဒီလိုမှတ်သားရမယ်။ဒါကြောင့် ဘုရားက လောဘစိတ်လာလဲ ဖြစ်,ပျက်ရှု မဆိုဘူးလား၊ဒေါသလာယင်ကော၊ မောဟလာယင်ကော၊ ကုသိုလ်စိတ် လာယင်ကော၊ **ကုသိုလ်စိတ်လို့ အအားမနေလိုက်ပါနဲ့ ဖြစ်, ပျက်ရှုပါ။** မရှုလို့ရှိယင် ဓမ္မာနုပဿနာ ဖြစ်ပါ့မလား၊ ဒါကြောင့်ဘုရားက

ဝိတရာဂံဝါစိတ္တံ ဝိတရာဂံစိတ္တန္တိ ပဇာနာတိတဲ့၊ လောဘ ကင်းတဲ့ ကုသိုလ်စိတ်လဲ ဖြစ်,ပျက်တာရှုတဲ့၊ မဟောဘူးလား၊ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါ)၊ သိတာက (မဂ္ဂသစ္စာပါဘုရား) ဒါဖြင့် ဘာဖြစ်လို့ ဖြစ်, ပျက် ပါလိမ့်မတုံး၊ ဇရာ, မရဏာ

(၅၂၄) ဒဏ်ချက်ကြောင့် အသက်ထွက်သွားတာ၊ ဖြစ်ပြီး ပျက်သွားရတာ။ စိတ်ကလေးတခုမှာ ဘာကိစ္စရှိပါလိမ့်၊ (အနိုင်စက် ခံခြင်း ကိစ္စရှိပါတယ်)၊ အဲဒီကိစ္စ ပေါ်တိုင်း ပေါ်တိုင်း သိပေးပါ။

(၅၂၅) သင်္ဂြိုဟ် သရုပ်မှ နားမလည်တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်မရောက်ရတော့ဘူးဆိုရာရောက်နေတယ်၊ အင်မတန်မနာ ဘူးလား၊ အင်မတန်နာတော့ အရှင်သာရိပုတ္တရာက ဒီပုဂ္ဂိုလ် တွေ နာလိမ့်မယ်တဲ့၊ သင်္ဂြိုဟ်မတတ်ဘဲနဲ့ နိဗ္ဗာန်ရောက်အောင် ငါဟောဘို့ လိုသေးတယ်၊ ရိပ်မိပလား။ အရှင်သာရိပုတ္တရာ ဟာ ကျေးဇူးရှင်ကြီးဆိုတာ ပေါ်ပလား၊ စာသမားတွေနဲ့တော့ ကန့်လန့်ကြီး ဖြစ်လိမ့်မယ် ထင်တယ်နော်၊ မဖြစ်ပါဘူး။ ခန္ဓာက ရှေ့, စာကနောက်ပါ။ ဟိုက ငွေယူလာတော့မှ တဆယ်ပေး မယ်ဆိုမှ တဆယ်နောက်က မှတ်တာငွေက အရင်လား၊ မှတ် တာက အရင်လား၊ ဒါဖြင့် ငွေကိုကြည့် မှတ်တမ်းမကြည့်နဲ့၊ ကိုယ့်စိတ်ထဲ လောဘပါလဲ

(၅၂၆) လောဘ ဖြစ်,ပျက်ရှု၊ ဒေါသပါယင်....၊ အိပ် ချင်တဲ့ သံခိတ္တစိတ်လာယင်....၊ ပြန့်လွင့်တဲ့ စိတ်လာယင်....၊ ဒါတွေအစုံပေါ်ခဲ့လို့ရှိယင် ကိုယ့်စိတ် ကိုယ်ရှု၊ ကမ္မဋ္ဌာန်း ရှာ စရာ လိုသေးသလား၊ ခင်ဗျားတို့သန္တာန်အရိယာ စိတ်များ ပေါ်ဦးမှာလား။

(၅၂၇) ရှုဖြစ်အောင်ရှု၊ မေးပေါ့တာ ရှည်မနေနဲ့၊ မျက်စောင်းထိုးချင်တဲ့ စိတ်ကလေး လာယင်ကော....၊ ဖြစ်, ပျက်ရှုတာက မဂ်ဆိုတော့ ကိစ္စညက်မရဘူးလား။ရှုဖန်များလာတော့ သူများ အသေလား၊ ကိုယ့်အသေလား၊ ကိုယ့်စိတ် သေတာကိုး ဗျ။ ဒါဖြင့် အသေကို အရှင်နဲ့ကြည့် အဲဒါ ဝိပဿနာခေါ်တယ်။ အဲဒါ ကိစ္စဉာဏ်ခေါ်တယ်။

(၅၂၈) စိတ်ကလေးတခု ပေါ်ပြန်ပြီ၊ ကိုယ်တယောက်သေပြန်ပြီ၊ ကိုယ့်အသေ ကိုယ်မြင်တော့ မုန်းမလား, မမုန်းဘူးလား၊ ဒါဖြင့် နိဗ္ဗိန္ဒတက်တာဘဲ၊ ဒီအသေမျိုး မလိုချင်တော့ပါဘူးဆိုတဲ့ ဉာဏ်လာမလာ။ လာလို့ရှိယင် အသေပျောက်ပြီး သကာလ မဂ်ပေါ်လာတယ်၊ အသေဟာ ဒုက္ခအစစ်မို့ မလိုချင်တော့ပါဘူးလို့ လာလိုက်သည်နှင့်

(၅၂၉) တပြိုင်နက်ထဲ ဒီခန္ဓာငါးပါး အကုန်ပျောက်တယ်။ ဘာသစ္စာပျောက်သွားတာတုံး၊ (ဒုက္ခသစ္စာ) ဒါဖြင့် ဒုက္ခတွေ ပျောက်တော့ ဒီနေရာမှာ ဒုက္ခမရှိတဲ့နေရာလို့ ဆိုနိုင်မဆိုနိုင်၊ အဲဒုက္ခ မရှိတဲ့ နေရာကို ဒီဉာဏ်က သိပြန်လို့ရှိယင် ကတဉာဏ်ပေါ်ကြပလား၊ ရိပ်မိပလား။

(၅၃၀) သမုဒယသစ္စာ ကံအမိ ကံအဖ အားကိုးတဲ့အတွက် ဒုက္ခသစ္စာဆိုတဲ့ ဇာတိဇရာ မရဏရပါတယ်၊ အားကိုးတော့ လွဲနေပြီလို့ ဘုန်းကြီးက စွဲချက်တင်လိုက်ပါတယ်။

(၅၃၁) ပဋိစ္စသမုပ္ပါဒ်နဲ့ သေသေချာချာ ပြပြန်တော့လဲ အရှင်းသားဘဲ၊ တပည့်တော်တို့ ရိုးရာကလဲ ဒါဘဲ အားကိုးနေတယ်။ ကောင်းသော အကျိုး ပေးပါတယ်တဲ့၊ လူဇာတိ နတ်ဇာတိ ဗြဟ္မာဇာတိ ပေးပါတယ်၊ လူဇာတိ နတ်ဇာတိတွေ

သေသေ ချာချာ ပေးပါတယ်။ ပေးပင် ပေးငြားသော်လဲ သစ္စာ ဉာဏ်နဲ့ ကြည့်လိုက်တော့ (ဒုက္ခသစ္စာ)၊ ဒါဖြင့် ခင်ဗျားတို့ ကံအမိ ကံအဖ အားကိုးယင်၊ ဒုက္ခသစ္စာရမယ်၊ ကံအမိ ကံအဖ ဘဲဘုရား၊ မွေးလာကတည်းက ကံခေါင်းဆောင် မွေးလာတာ ဘုရင့်၊ သူ့ဘဲကိုးစားရာ အားထားရာရှိတော့တယ်ဘုရားလို့

(၅၃၂) ဆိုပြီး တတစ်ချ မှတ်ထားတာကို၊ ဒါ သာမည ဆရာသမား

(၅၃၃) ဆိုလို့ရှိယင်ဖြင့်တဲ့၊ မင်းတို့ကွာ ကံတော့ယုံကြည် ကြကွ၊ ကံ ကံ၏အကျိုးဆိုတာ ဘုရားဟောခဲ့တယ်ကွ၊ သေသေ ချာချာ ပြောနေကြတာဘဲ၊ အဘိဓာ္ဘာသုတ်များမှာ ကမ္မဇန္တု၊ ကမ္မပဋိသရဏာနဲ့ သေသေချာချာ ဟောထားတာမရှိဘူးလား ဒါထွက်ရပ်လမ်း ဟောတာလား၊ ပစ္စုပ္ပန် နေမှု ထိုင်မှု ဟော တာလားဆိုတာလဲ ဝေဘန်ရမယ်။

(၅၃၄) ဗုဒ္ဓဘာသာ ဝင်တွေမှာ ကံမှာ လမ်းမဆုံး ဘူးလား၊ ဒီတွင်ဆုံးလို့ရှိယင် သမုဒယသစ္စာ လမ်းဆုံးပြီး သကာလ ဒုက္ခရောက်ဘို့မှတပါး ဘာမျှလမ်းမမြင်ဘူးဆိုတာ သေသေချာချာမှတ်ပါ။

(၅၃၆) ဆရာကောင်း သမားကောင်း သိပ် လိုတယ် ဆိုတာ အောက်တန်းတရားနဲ့ အထက်တန်းတရား မခွဲလို့ရှိယင် ရကိုမရဘူး၊ ကမ္မဿကတာ္တဝိဘဇ္ဇတိ ဆိုတာက အောက်တန်း တရားကို ဘုရားကဟောတာ။

(၅၄၀) ဘုန်းကြီးက ပြင်ပေးချင်လို့ စတာဆိုတာ ရိပ်မိ ပလား၊ တပည့်တော်တို့ကလဲ ရန်ဖြစ်ရဖြစ်ရ မပြင်နိုင်ဘူး၊ ဘယ်ဆရာတော်မဆို ဘယ်စာအုပ် ကြည့်လိုက် ကြည့်လိုက်၊

ကံသာလျှင် အမိ - ကံသာလျှင် အဖ ဟောထားတော့ တပည့်တော်တို့ အရေးရှိလို့ရှိယင် ကံဘဲဆက်နေရတယ် မဆိုကြဘူးလား၊ ငါးလွှတ်တဲ့အခါ၊ စာကလေး လွှတ်တော့ကော ဒါဖြင့် ကံဆက်တော့ ဒုက္ခရှည်မလား မရှည်ဘူးလား။

(၅၄၁) ဒုက္ခရှည်ချင်လို့ အမှန်ပြောတော့ ဒါဘဲပြောရမယ်။

(၅၆၁) **မကြိုက်ထိုက်ဘူး**၊အဖြူကံနော်၊ ခင်ဗျားတို့လုပ်တဲ့ ဘုံဘဝတောင်းတတဲ့ ကုသိုလ်ကို ဆိုပါတယ်၊ နိဗ္ဗာန်တောင်းတတဲ့ ကုသိုလ်ကို ကံမဆိုပါဘူး၊ ရှင်းရှင်းမှတ်ပါ၊ အဖြူကံပေမဲ့ နိဗ္ဗာန်ကို တောင်းတတဲ့ ကံမျိုးကို ဘုန်းကြီး ဟောနေတယ်လို့ မဆိုနဲ့၊ လူချမ်းသာ နတ်ချမ်းသာ တောင်းတလုပ်တဲ့ အဖြူကံကို ဆိုပါတယ်၊ ခင်ဗျားကိုက ချမ်းသာချင်တယ်၊ ရတော့ ဆင်းရဲ၊ ချမ်းသာချင်တာကလဲ ဉာဏ်နဲ့လား သမုဒယနဲ့လား၊ (သမုဒယနဲ့)၊ ဟာ.... ဒါဖြင့် မျက်လုံးမှားကြီးနဲ့ ကြည့်ပြီး သကာလ ဆုတောင်းလို့ လုပ်လို့ မဟုတ်တာကြီး ရတာပါလား၊ မျက်လုံးကလဲ သမုဒယမျက်လုံး ဉာဏ်မျက်လုံးဟုတ်ကဲ့လား။

(၅၆၅) အဖြူကံကိုလဲ ဘုံဘဝတောင်းတတဲ့ကံ စွန့်ကြပါ၊ ယနေ့ကစပြီး ဘုံဘဝ တောင်းတပြီး မလှူပါနဲ့ မတမ်းပါနဲ့ မပေးပါနဲ့ မကမ်းပါနဲ့၊ **လာလတံ့ ဒုက္ခသစ္စာကြီးကို** မလိုချင်လို့ ယခု ဒုက္ခသစ္စာကြီးကိုလဲ မကြိုက်လို့ ဒုက္ခလွတ်ရာ ရည်မှန်း၍ လှူဒါန်းပါတယ်လုပ်ပါ။

(၅၇၂) အကုသိုလ်လုပ်လဲမကောင်းဘူး၊ ဘုံဘဝတောင်းတ လုပ်တဲ့ကုသိုလ်လဲ မကောင်းဘူး၊ အမဲအဖြူရောတဲ့ ကံသည် အမဲအဖြူကို အကျိုးပေးမယ်ဆိုတာ၊ သေနိယ,ပုဏ္ဏတို့ကို ဟော

နေသောကြောင့် သစ္စာလေးပါးမသိဘဲနဲ့ ကုသိုလ်လုပ်ပြီး သကာလ ဘုံဘဝဆုတောင်းတယ်၊ သစ္စာလေးပါး မသိဘဲနဲ့ အမဲအဖြူရောတဲ့ကံဆိုတာ ဒါနကံ သီလကံ ဘုံဘဝ လိုချင်တဲ့ကံ ၎င်းနောက်ကနေပြီး ဆုတောင်းဆိုတဲ့ တဏှာကမလာဘူးလား။ အမဲအဖြူရောတဲ့ အကျိုးပေးပါတယ်တဲ့၊ ဒါဘာတုံးမေးတော့ ခန္ဓာပါဘဲ၊ ခန္ဓာပေမဲ့ ဆင်ဖြူတော် ခန္ဓာလို့ မှတ်လိုက်။

(၅၇၃) နဂါးမင်းကြီး ခန္ဓာလို့မှတ်လိုက်၊ တခါ မသိတဲ့ ပုဂ္ဂိုလ်က ဒါနသီလတွေ လုပ်ပြန်ပါတယ်၊ ဘုံဘဝလိုချင်တဲ့ ကုသိုလ်လုပ်ပြန်တော့ မသိလို့ အဖြူကံလုပ်ပြန်တယ်၊ လူနတ် ခန္ဓာမဖြစ်ဘူးလား။

(၅၇၄) ဘာသစ္စာရသတုံး (ဒုက္ခသစ္စာရပါတယ်ဘုရား) အားကိုးရမဲ့ကံ တကံဘဲကျန်တော့တယ်၊အမဲအဖြူမရောတဲ့ကံ။

(၅၇၅) အကျိုးပေးမည့်ကံသည် မဂ်ကနေဖြတ်လိုက်တဲ့ အတွက် တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စတွေကော မချုပ်ဘူးလား၊ သံသရာချဲ့မည့်ဒုက္ခသစ္စာတွေ လာသေးရဲ့လား၊ ကံပြတ်တရားက ပပဉ္စချုပ်တယ်၊ ဒုက္ခသိမ်းတယ်။

(၅၇၆) မဂ်ဟာ အမဲအဖြူမရောတဲ့ကံဘဲ၊ မဂ်နှင့်ရောတဲ့ စေတနာသည် အမဲအဖြူမရောတဲ့ကံဘဲ၊ ဘုရားသည် ဘယ်ကံကြောင့် ဘုရားဖြစ်သွားပါလိမ့်မလဲ မေးကြစမ်း....၊ သောတာပန် ဘယ်ကံကြောင့် ဒိဋ္ဌိ ဒိဋ္ဌုပါဒါန်ချုပ်ပါလိမ့်မလဲ....၊ သကဒါဂါမ်သည် ရုန့်ရင်းတဲ့ လောဘ ဒေါသတွေ ဘယ့်နှယ်ကြောင့် ချုပ်ပါလိမ့်မလဲ....၊ အမဲအဖြူ မရောတဲ့ကံသည် သစ္စာသိတဲ့ ဉာဏ်တို့ ကံတို့ကို ဆိုပါတယ်၊ ရဟန္တာ ဖြစ်ချင်တဲ့ ပုဂ္ဂိုလ်ဟာလဲ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ ရှုလိုက်ပါတယ်၊ မဂ်ကံဟာ အားကိုးထိုက်တယ်။

(၅၇၇) အမဲအဖြူမရောတဲ့ ကံသည်တဲ့ ဒကာ,ဒကာမတို့ နိဗ္ဗာန်အကျိုးပေးတယ်၊ ကံကောင်းတာ သဘောကျပလား၊ ကံပြတ်တာ သဘောကျပလား၊ ဘုန်းကြီးရှေ့မို့ ပြောလိုက်တာ ဘုရား့နော်၊ တပည့်တော်တို့က ကံကောင်းစောင့်နေတာ။

(၅၇၈) သမုဒယနဲ့ ဒုက္ခဖြစ်တဲ့ကံဟာမင်္ဂကံ၊ ဒါဘယ်သူ့ကို ဟောပါလိမ့်မတုံးဆိုတော့ မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ သေနိယနဲ့, ပုဏ္ဏတို့ကို ဟောပါတယ်။ ခင်ဗျားတို့အကြိုက်နဲ့ ဘုရားဟောစဉ်နဲ့ တခြားစီ ဖြစ်နေတယ်၊ ဟော့.... စင်စင်ကြယ် ကြယ် ဖြူဖြူစင်စင်လုပ်ကွ၊ ဒါမှ ဖြူဖြူစင်စင် အကျိုးပေးမယ်၊ လူဖြူကလေး, နတ်ဖြူကလေးပေါ့ဗျာ၊ ရိပ်မိကြပလား။

(၅၁၁) သားရှင်ပြုတော့မယ်၊ သမီးမင်္ဂလာ အခမ်း အနားမှာ ဆွမ်းကွမ်းကျွေးမယ်၊ သံဃာများ သက်န်းကပ်မည် ဆိုလို့ရှိယင်လဲ အမေမိဘက ဒီဒုက္ခဝဋ်မှ ကျွတ်ချင်လို့ လုပ်ပါ တယ်ဆိုပြီး၊ လှူလိုက်လို့ရှိယင်ဖြင့် ဒုက္ခက ဒုက္ခသစ္စာ၊ ကျွတ်ချင် တာက မဂ္ဂသစ္စာ၊ ကံပြတ်မလာဘူးလား၊ သား ရှင်ပြုတတ် ပလားမေးယင် ဘယ့်နှယ်ဖြေပါ့မလဲ၊ (ပြုတတ်ပါပြီဘုရား ၊ ဘာတုံး···· သက်န်း ဝါဝါ့ဝတ်မှာဘဲလား၊ ဝါဝါဝတ်ယင် တော့ အလွယ်ကလေးပေါ့ဗျာ။

(၅၈၂) ဒါကိုဆိုသည် မဟုတ်ပါဘူး ဒကာ, ဒကာမတို့ နော်၊ သစ္စာသိပြီးလုပ်ပါ။

(၅၈၄) တချို့က ယူထားသေးတယ်၊ ဝိပဿနာ အား ထုတ်တော့ အန္တရာယ်ကင်း သက္ကာ ဆိုတော့၊ ခန္ဓာကိုယ် အန္တရာယ် ကင်းတာ သဘောကျနေတယ်။

(၅၈၅) ခင်ဗျားတို့က ကံများ ပြတ်သွားမယ် ဆိုယင်၊ ကံကုန်သွားယင် ခက်ချီရဲ့လို့ အောက်မေ့တယ်၊ ဘုန်းကြီးများ

က အသိဉာဏ်ကျယ်ကျယ်နဲ့ ဘုရားဟောတာ ဟောရတော့ ကံကုန်ယင် နိဗ္ဗာန်ရောက်ပဟော့၊ ရိုးရိုးပြောပါခင်ဗျားတို့ ဟိုရေကန်နားက ငါးလွှတ်ပါဦး၊ ကံကလေးများ ဆက်ပါဦး၊ တကောင် ဘယ်လောက်တုံး ဆိုပြီးသကာလ ငါ့တခါလွှတ် နင့်ဆယ်ခါလွှတ်၊ နင့်တခါလွှတ်ယင် ငါ့ဆယ်ခါလွှတ်ဆိုတော့ ငါလဲ ထောင်ကျဦးမယ်ဆိုတာ ကိုယ့်ဟာကိုယ် ဗျာဒိတ်ပေးနေတာ ရိပ်မိပလား။

(၅၇၆) မင်းတို့ခန္ဓာဝန်ဒုက္ခဝဋ်မှ ကျဉ်းမြောင်းတဲ့ နေရာဌာနမှ လွတ်မြောက်တဲ့ နေရာဌာန ငါတို့ပို့ရတဲ့အတွက် မင်းတို့ ဒုက္ခကျွတ်သလို၊ ငါလဲ ခန္ဓာဝန်ဒုက္ခဝဋ်မှ ကျွတ်ရပါလို၏ ဆိုယင် ဒကာ, ဒကာမတို့ ပင်လယ်ထဲက ငါးတွေအကုန်ဖမ်းပြီး လွှတ်ပါ၊ ကျေးဇူးရှိတယ်။ နင့်တခါလွှတ် ငါ့ဆယ်ခါလွှတ်ဆိုတော့ သူ့တခါထဲလွှတ်ရတယ်၊ ကိုယ်ကတောင် ဆယ်ခါကျမှာ၊ မကျဘူးလား, ကျမလား အင်မတန်မဆိုးဝါးဘူးလား၊ လွှတ်လဲ လွှတ်ရသေး ဆယ်ခါလည်းထောင်ကျရပါလို၏။ မပါဘူးလား ပါသလား, သူများပါးစပ် လမ်းဆုံးနေတာ သိပ်ကြောက်စရာကောင်းတယ်။

(၅၇၇) ဘုရားက ကမ္မက္ခယာယတဲ့ အမဲ အဖြူ မရောတဲ့ ကံသည်၊ ကံကိုဖြတ်တယ်ကွ၊ ငါကံဖြတ်လို့ နိဗ္ဗာန်ရောက်လာတယ်။

(၅၇၈) ယနေ့ ဒါဖြင့် ဉာဏ် အမိ, ဉာဏ် အဖပြောင်း၊ ဝေဒနာကလေးက ဖြစ်ပြီးပျက်တယ်လို့ ဉာဏ်နဲ့သိပေးလိုက်စမ်း၊ ဖြစ်ပြီးပျက်တော့ (ဒုက္ခသစ္စာ)၊ သိတာက (မဂ္ဂသစ္စာ)၊ ဒီမဂ္ဂသစ္စာဟာ ဉာဏ်ဘဲ၊ ဉာဏ်အမိ, ဉာဏ်အဖ အားကိုးလိုက်တော့ တဏှာလာသေးရဲ့လား။

(၅၇၉) ဒီဘုန်းကြီးက ကံဆိုယင် မလုပ်နဲ့လို့ ပြောသလားတဲ့၊ ဒုက္ခသစ္စာသိတဲ့ ကံမျိုးလုပ်ပါ။

(၅၈၂) ပဋိစ္စသမုပ္ပါဒ်ကပ်တွေ ပူဇော်ဘိုလား၊ ကိုယ့်အဖြစ်ဆိုးကို ဒီနေ့က စပြင်ဆိုတဲ့ သတိပေးတာလား၊ အိမ်မှာ မှန်ဘောင်သွင်းပြီး ဘုရားခန်းသွားမချိပ်ပါနဲ့။

(၅၈၃) ခင်ဗျားတို့က သံသရာဈေးသည်တွေဖြစ်နေတော့ မရောင်းတတ် မဝယ်တတ်ဖြစ်နေတော့၊ဒီချိန်ခွင်ကို ရှေ့ကထား၊ ရှုပ်တယ်လို့လဲ လွှင့်မပစ်ကြနဲ့နော်၊ ဒါဘယ်သူ့ကို ဟောပါလိမ့်မတုံးလို့ မေးတဲ့အခါ ကျတော့မှ၊ သေနိယနဲ့ ပုဏ္ဏကို ဟောတယ်။ သေနိယက အိန္ဒိယမှာ ရှိပါတယ်၊ လူလိုကျင့်ရတာ တယ်အကုသိုလ်များတယ်၊ ခွေးလိုနေရတာကောင်းတယ်၊ ခွေးဆိုတာ မြေပေါ်မှာ သူကျွေးတာကလေးစားလိုက်၊ အဲဒီ ခွေးလိုကျင့်ရလို့ရှိယင်ဖြင့် အကုသိုလ်နည်းတယ်ဆိုပြီး သူက ခွေးလို တသက်လုံးကျင့်တယ် ခြေသလုံးများ သွားပွတ်တယ်၊ လေးဘက်သွားတယ် ဒီအကျင့်ဟာ နိဗ္ဗာန် ရောက် တယ် လို့ ယူထားတာကိုး။ပုဏ္ဏကတော့ နွားလိုကျင့်တယ်၊ ခေါင်းမှာချိုတပ်။

(၅၈၄) နောက်က အမြီးတတ်တယ်၊ နွားချင်း တွေ့လို့ရှိယင် သူက ဓွန်ပြတယ်၊ ဒါနဲ့ ဘုရား နဲ့ သွား တွေ့ တယ်၊ သာဝတ္ထိပြည်မှာ ဆွမ်းခံရင်း အရှင်ဘုရားတဲ့ တပည့်တော်သူငယ်ချင်းကခွေးလိုကျင့်တယ်၊ တပည့်တော်ကနွားလိုကျင့်တယ်၊ ဒါတပည့်တော်တို့ ဆရာတွေက ထွက်ရပ်လမ်းလို့ ဟောထားပါတယ်၊ ဒီအကျင့်ဟာ ဘယ်များရောက်မတုံး။ ဟ....သေနိယတို့ပုဏ္ဏတို့ မမေးနဲ့ကွာ ဘုရားက ပြောရှာတယ်၊ မမေးပါနဲ့လို့တောင်းပန်တယ်၊ နောက်သုံးခါတိတိ အရှင်ဘုရား ဖြေသာ ဖြေပါဘုရား၊ သိချင်လို့မေးတာ ဖြေပါဆိုတော့ ခွေးလိုကျင့်တဲ့

အကျင့်သည် ဒီအယူဝါဒအတိုင်း မစွန့်ဘဲနဲ့ ခွေးအယူဟာ ကောင်းတယ်လို့ ယူလို့ရှိယင် သေယင်ခွေးဖြစ်တယ်ကွ၊ ဒီအယူနဲ့နတ်ရွာသုဂတိ နိဗ္ဗာန်ရောက်တယ်လို့ ယူလိုက်လို့ ရှိယင်ဖြင့် ငရဲနဲ့ တိရစ္ဆာန်ဖြစ်ရတယ်။ ကောင်းသေးရဲ့လား၊ ဒီတွင်မှ

(၅၉၅) တယောက်က ငိုတာပေါ့ဗျ၊ ဒီအတိုင်းဘဲ တယောက်ကလဲ ငိုပြန်တာဘဲ၊ ၂ယောက်စလုံး ငိုပွဲဆင်ရတယ်ဆိုတာ ရိပ်မိပလား၊ အမဲကံဆိုတဲ့ အကုသိုလ်ကံကလဲ တိရစ္ဆာန်ပြိတ္တာ မဖြစ်ဘူးလား၊ အမဲအဖြူရောတဲ့ကံ ခင်ဗျားတို့က လိမ်လည် ကောက်ကျစ်ပြီးရတဲ့ ပစ္စည်းလေးနဲ့ သားကလေးကြီးတော့ ရှင်ပြုလိုက်တယ်၊ ကောက်ကျစ်တာက အကုသိုလ်၊ ရှင်ပြုတာက ကုသိုလ်ဆိုတော့ အမဲအဖြူ မရောဘူးလား။

(၅၉၆) ရွှေနဂါးကြီးတို့, ပြိတ္တာမင်းကြီးတို့,ငရဲမင်းကြီးတို့ နေ့စံ-ညခံပေါ့ဗျာ။

(၅၉၇) ရောသွားတော့ ရွှေနဂါးကြီး၊ ဆင်ဖြူတော်ကြီးသွားဖြစ်လိမ့်မယ်၊ တော်တော်ကြာ တိရစ္ဆာန်ရုံထဲရောက်နေခက်လိမ့်မယ်။ ဆင်ဖြူတော်ဆိုတော့ သူများဆင်နဲ့တော့ မထူးဘူးလား။

(၅၉၈) ရွှေဇလုံကြီးတွေနဲ့ စားရတာ နန်းတော်ထဲမှာ မစားချင်ဘူးလား၊ တခါ ခင်ဗျားတို့က ဆွမ်းကျွေးပြန်တော့လဲ မရောရ မပြီးဘူး၊ ဆွမ်းခံကြွလာတဲ့သံဃာ ကျွေးလိုက်လို့ မပြီးဘူးလား၊ မဟုတ်သေးဘူးကွ၊ ဒို့ကျေးဇူးများတဲ့ ကိုယ်တော်က ရှိသေးတယ် ဒို့နဲ့သိပ်ခင်တာ၊ ရောပြီ, မရော သေးဘူးလား၊ အဲဒါ တဈာက သွားခင်တာကိုးဗျ၊ ဟာ.... ဒီကိုယ်တော်လဲ ပါပေစေဦးကွ၊ ဒီပြင် သံဃာလဲပင့်တာပေါ့ကွာ၊ ဒီပြင်သံဃာ ပင့်တာက အဖြူ ဒီကိုယ်တော်ပါလာတာက အမဲရောပြီ၊ ဖြူဖြူ

စင်စင်ရှိရဲ့လား၊ ဘာအကျိုးပေးမတုံး၊ ဆင်ဖြူတော်, ရွှေနဂါး ဖြစ်ချင်ကြရဲ့လား(မဖြစ်ချင်ပါဘူးဘုရား)၊တဏှာနဲ့ မရောစေနဲ့ ကုသိုလ်ကံကအဖြူ ရောတာက အမဲ၊ ရောပြီးလုပ်တဲ့ ကံသည် ငရဲမင်းကြီး မဖြစ်ပေဘူးလား၊ နေ့တော့ စံရတယ် ကုသိုလ်ကံကြောင့်၊ ညခံရတယ် အကုသိုလ်ကံကြောင့်။

(၅၉၉) အမဲအဖြူမရောတဲ့ကံသည် သစ္စာသိပြီး ဒါနပြုတယ်။ သီလဆောက်တည်တယ်၊ ဝိပဿနာရှုတယ်၊ အမဲအဖြူ ရောသေးရဲ့လား။ ဥာဏ်သက်သက် မနေဘူးလား၊ ဒါဖြင့် ဒီကံတွေ မဖြတ်ဘူးလား။

(၆၀၁) အမေလက်ထဲမှာ အဖေ့လက်ထဲမှာ ကြီးလာခဲ့ရတော့

(၆၀၂) ဟာ···· နင်ဟာ ဆွမ်းတော်တင်ဘို့ ပုဂံအဆေး ခိုင်းတာ ဖြူဖြူစင်စင်လုပ်တာ မဟုတ်ဘူး၊ အမေက မြည်လိုက်တယ်၊ ခလေးက တော်အောင် ရော်အောင် ဆေးလာလို့ရှိယင်၊ နင် နောက်ဘဝကျ ဒီထက် အရုပ်ဆိုးမှာပေါ့၊ ဖြူဖြူလုပ် ဆိုတော့ ကံဖြူလုပ် ဒါမှ နင်ဒုက္ခရောက်မယ်၊ ရိပ်မိပလား။ သို့သော် အမေကလဲ သူသိသလောက် သင်ရတာ၊ အမေကို အပြစ်မတင်ပါနဲ့ ရှင်းပလား။ သူက နောက်ဘဝ ဒုက္ခသစ္စာမသိတော့ နင် နောက်ဘဝ ဖြူဖြူဖြစ်မယ်ပြောတာ ဖြူဖြူလား၊ ဒုက္ခသစ္စာလား၊ ရှင်းပလား။ ဒီကောင်ကလေးဟာ တယ်ဆိုးတယ်၊ မောင်နဲ့နှမတောင် မသနားဘူး၊ လက်သီးနဲ့ထိုး, ဒုတ်နဲ့ရိုက်နဲ့၊ နင်လား နောက်ဘဝကျလို့ရှိယင်၊ သူနောက်ဘဝ ထည့်ထည့် ပြောတယ်၊ ဒါရှေ့ဘဝ, ဒါနောက်ဘဝ ဘာသစ္စာတုံး (ဒုက္ခ သစ္စာပါဘုရား)၊ နောက်ဘဝကို မထည့်ရယင် အမေကလဲ စိတ်ကို မကျေဘူး၊ ဒီကောင်ကလေး ကြည့်ရတာ တခါတလေလဲ

ကောင်းတယ်၊ တခါတလေလဲ မကောင်းဘူး၊ နှင့်အကျိုးပေး နောက်ဘဝ ခက်ပါသေးရဲ့၊ စီးပွားရေး အကျိုးပေးလိုက် ပျက်သွားလိုက်၊ အဲဒီတော့ နှင်

(၆၀၃) နောက်ဘဝ ခက်လိမ့်မယ်၊ နောက်ဘဝဘဲ လာတယ်၊ အခုဒါကြောင့် အာစရိယဂုဏော အနန္တောဆိုတာ ပေါ်ပြီလား။

(၆၀၉) ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးတရားတော်။ ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတော့၊ မသိတဲ့ပုဂ္ဂိုလ်လုပ်တာ သည် သင်္ခါရဖြစ်ပါတယ်။ ပြုပြင်တတ်တဲ့တရားကို သင်္ခါရလို့ ခေါ်ပါတယ်။

(၆၁၂) ဒကာ-ဒကာမတို့သန္တာန်၌ သင်္ခါရနဲ့ အနိစ္စဘဲ ရှိတယ် ပေါ်လာတာ သင်္ခါရ၊ ပျက်တာအနိစ္စ။

(၆၁၃) စားစိတ်ကလေး လျှာအလယ်မှာ ပေါ်လို့ရှိယင် လဲ ဩော်.... ပေါ်လာပြန်ပြီ၊ သင်္ခါရတရားကလေး ပျက်သွားပြန်ပြီဆိုတော့ ဩော်.... သင်္ခါရဟာ အနိစ္စလမ်း ဆုံးပါကလား၊ အလုပ်ကျန်ရစ်မှသာလျှင် ထွက်ရပ်လမ်းပေါက်မှာပါ၊ ဝတ= စင်စစ်၊ သင်္ခါရာ= ပြုပြင်လို့ ပေါ်လာတဲ့ တရားတို့သည်၊ အနိစ္စာ= ပျက်ကြကုန်၏ ဆိုတော့ သန္တာန်မှာ ပေါ်လေသမျှ သင်္ခါရ၊ ပျက်လေသမျှအနိစ္စ၊ မည်သူမည်ဝါတွေလဲ သင်္ခါရ တရားတွေ အနိစ္စတရားတွေဘဲဆိုယင် လွဲပါ့မလား....၊ (မလွဲပါ ဘုရား)။

(၆၁၄) ဒီအထဲမှာ ယောကျ်ားတွေ.... မိန်းမတွေ ပါသေးသလား....၊ သင်္ခါရ အနိစ္စချည်းဘဲလား....၊ ဒါဖြင့် တကိုယ်လုံး ရုပ်ရော နာမ်ရောဟာ ပေါ်လာတာ သင်္ခါရ၊ ပျက်တာ အနိစ္စမှတ်....၊ အနိစ္စာဝတသင်္ခါရာကို ဘုရားက မသိမှာ

စိုးတဲ့အတွက်တဲ့ကွာ၊ မင်းတို့လျှာရှည်မနေပါနဲ့တော့ ဥပ္ပါဒနဲ့ ဝယပါဘဲ၊ မပြောဘူးလား.... (ပြောပါတယ်)။

ဥပ္ပါဒဝယ ဓမ္မိနောလို့ မလာဘူးလား....၊ ဓမ္မိနော= ဒီတရားသဘောကို ပြောရမှာဖြင့်၊ ဥပ္ပါဒဝယော=ဖြစ်မှု ပျက်မှု သာရှိတယ်။

(၆၁၅) ဥပ္ပါဒနဲ့ ဝယဘဲရှိတယ်၊ တနည်းအားဖြင့် ဖြစ်ပျက်သာရှိတယ်။ ဒီပါဠိ နှစ်ခုက အ တူ တူ ဘဲလို့ မှတ်လိုက်စမ်းပါ။

(၆၁၆) ဥပ္ပဇ္ဇတ္တွာ=နိရုဇ္ဈန္တိကကော- (ဖြစ်ပျက်ပါဘဲဘုရား)။

ဩော်.... ဖြစ်ပျက်ကို အရေးကြီးတယ်လို့ သုံးခါထပ်ပြောတယ်။

(၆၁၉) သုံးခါ ထပ်ဟော တာတော့ ခင်ဗျားတို့က ဆင်ခြေလဲမနေနဲ့တော့-ယောကျာ်းရှိတယ်,မိန်းမရှိတယ်,နာမ်ရှိတယ်, ရုပ်ရှိတယ်လုပ်မနေနဲ့၊ အခေါ်သာရှိတယ်၊ သေသေချာချာကြည့်တော့ ဖြစ်ပျက်ဘဲရှိတယ်။

(၆၂၀) တေသံ=ထိုဖြစ်ပျက်တို့၏၊ ဝူပသမော=ချုပ်ခြင်းသည်၊ သုခေါ=နိဗ္ဗာန်ဘဲဆိုတော့ ဒီဘက်မှာ နိဗ္ဗာန်နေတယ်၊ သုခေါ=ချမ်းသာ၏။

(၆၂၁) ဖြစ်ပျက်နဲ့ မဂ်နဲ့ ကြားထဲမှာ တပါးသော ကိလေသာမခြားစေနဲ့။ ကြားမခြားစေနဲ့နော် ဖြစ်ပျက်နဲ့မဂ်နဲ့ ကြားထဲ

(၆၂၂) မှာ လောဘ-ဒေါသ-မောဟ-ဣဿာ မစ္ဆရိယ မာန-ဆိုတဲ့ အကုသိုလ်တရားတွေ ကြားမခိုစေနဲ့။ ရှုနည်းကို

ဘုန်းကြီးက အစုံအလင်သင်ပေးပါတယ်၊ ဖြစ်ပျက်မင်္ဂကို ကိုက်အောင်လုပ်၊ ပဌမတော့ သင်္ခါရတရားတွေဖြစ်ပြီးပျက်နေတယ်။

(၆၂၃) ရှုဖန်များလာတဲ့အခါကျတော့ လိုချင်တဲ့စိတ်လာသေးသလား၊ ဖြစ်ပျက်တွေဟာ ချုပ်သွားတယ်။

(၆၂၄) ခန္ဓာရှိတုန်းသဥပါဒိသေသနိဗ္ဗာန်၊ မရှိတော့မှ အနုပါဒိသေသနိဗ္ဗာန်။

(၆၂၆) မြင်ပြီးသေမှမြဲတယ်။

(၆၃၄) ခန္ဓာရှိတုန်း တွေ့ရတဲ့နိဗ္ဗာန်ဆိုတော့၊ ကိုယ်စိတ်ချရတဲ့နိဗ္ဗာန်၊ မျက်မှောက်ပြုပြီ။ သင်္ခါရအနိစ္စနဲ့ ဝိပဿနာမဂ္ဂနဲ့ တွဲလိုက်၊ အသင်္ခတနိစ္စနဲ့ လောကုတ္တရာမဂ္ဂနဲ့တွဲလိုက်၊ ဟော့.... သုသိမ ရှေ့ပိုင်းက ဝိပဿနာဉာဏ်၊ နောက်ပိုင်းမင်္ဂဉာဏ်သာမှတ်ကွာ။

(၆၅၂)ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်။

ဖြစ်ပျက်မှုပင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်။

ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်။

ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မင်္ဂဟုမှတ်။

## လယ်တီဆရာတော် ဝိပဿနာလက်စွဲကျမ်း စာမျက်နှာ (၁၅၉)

လွန်ခဲ့သည့် ၅၇ ခုနှစ်က စီရင်အပ်သော ဝိပဿနာကဗျာ သုံးဆယ် ဝါလယ်တော်သလင်း, လအတွင်းဝယ် ပြီးမြောက် အောင်မြင်သော ဆောင်ပုဒ်များမှ စာမျက်နှာနှင့်တကွ ဘော် ပြပါသည်။

၁။ ဝေနေယျအား၊ မြင်လုံးထွားအောင်၊ ဝိပဿနာတရား ဟောကြားနိုင်သော၊ စောထွတ်ရတနာ၊ မြတ်ဗုဒ္ဓါကို၊ သဒ္ဓါ ညွတ်ကျိုး၊ လက်စုံမိုး၍၊ ရှိလျှင်ခိုးသည်၊ ဤတွင် အစ ပဏာမ တည်း။

၂။ ပထဝီ, အာပေါ, တေဇော, ဝါယော၊ ဓာတ်သဘော မှာ၊ ခက်မာ, ဖွဲ့စေး၊ ပူအေး, ထောက်ကန်၊ လေးတန်လက္ခဏာ၊ သိကြောင်းပြသည်၊ လေးဝဓာတ်ရင်း သဘောတည်း။

**မှတ်ချက်**— [သဘောကား ဓာတ်၏ အစွမ်းတည်း၊ အမှု အရာကား သဘော၏ ဖြစ်မှုပျက်မှုတည်း။]

၃။ ဓာတ်ကြီးလေးပါး၊ ဖြစ်လာငြားက၊ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ၊ ဤလေးဖြာ၊ မြဲစွာပါမြဲတည်း။

**မှတ်ချက်**— [ဝဏ္ဏကား အဆင်း၊ ဂန္ဓကား အနံ့၊ ရသကား အရသာ၊ ဩဇာကား ဓာတ်ဆီ။]

၄။ ထိုဓာတ် ရှစ်ပါး၊ မပြားမကွဲ၊ တသားထဲမှတ်၊ အဋ္ဌက လာပ်၊ ဓာတ်ခဲတခု၊ ခေါ်ရိုးပြုကြ၊ နှိုင်းတုစရာ၊ ပမာမရ၊ သေးငယ် လှသော၊ သဘောမျှသာတည်း။

၅။ အဠကလာပ်၊ ဓာတ်ခဲအပေါင်း၊ ထောင်သောင်းမက၊ အနန္တများစွာ၊ ပေါင်းစုလာသော်၊ အမာ အပြော့၊ အပေါ့ အလေး၊ အသေး အကြီး၊ အနည်းနည်း အထွေထွေ၊ ပွေပွေ လီလီ၊ အရည် အဖတ်၊ ဒြပ် သဏ္ဌာန်၊ ပေါ်လာပြန်သည်၊ မှား ရန် အကြောင်း နိမိတ်တည်း။

၆။ သဏ္ဌာန်ဒြပ်၊ ဖြစ်ပေါ်လတ်က၊ ဓာတ်လေးပါးအနက်၊ ပထဝီထက်လျှင်၊မာမြဲပင်၊နို့လျှင်ပြော့လေ၏၊အာပေါထက်လျှင်၊ အရည်ပင်၊ နို့လျှင်ခဲလေ၏၊ တေဇောထက်လျှင်၊ ပူအေးပင်၊ နို့လျှင်မျှတ၏၊ ဝါယောနို့က၊ ငြိမ်ဝပ်စွ၊ လွန်က လှုပ်ရှား၊ ပြေးလွင့်သွားသည်၊ လေးပါးဓာတ်ရင်း သဘောတည်း။

၇။ ကံ,စိတ်, ဥတု၊ အာဟာရဟု၊ အကြောင်းလေးခု၊ ကျေး ဇူးပြု၍၊လူ၏ကိုယ်မှာ၊အမြန်ခဏ၊ဖြစ်ကပျက်ပြန်၊မီးလျှံအသွင်၊ ရေအယဉ်ပမာ၊ ရုပ်ခန္ဓာသည်၊ ဘယ်ခါမစဲ ဖြစ်ပျက်မြဲတည်း။

၈။ ရေ, မြေ, သစ်ပင်၊ မြင်မြင်သမျှ၊ ဗဟိဒ္ဓမှာ၊ လုံးဝဥဿုံ၊ အကုန်ပေါင်းစု၊ ရုပ်ဖြစ်မှုသည်၊ ဥတု-တေဇော အကြောင်း တည်း။

၉။ သမူဟ, ဥပါဒါန်၊ သဏ္ဌာန်, သန္တတိ၊ စသည့်အပြား၊ လူအများသည်၊ ခေါ်ဝေါ်မှတ်သား၊ ပညတ်ထားသတည်း။

၁၀။ ပညတ်, ပရမတ်၊ အတတ်မြင်သိ၊ ဉာဏ်နှင့် ကြည့်မှ၊ အနိစ္စကို၊ ဒိဋ္ဌမှန်စွာ၊မြင်နိုင်ရာသည်၊ပညာအချက် စခန်းတည်း။

**ရုပ်အခန်း ပြီး၏။**

၁၁။ စက္ခု-သောတ၊ ဃာန-ဇိဝှါ၊ ကာယ ငါးလီ၊ ရုပ်အကြည်တည့်၊ တလီမှတ်လော၊ မနောအကြည်၊ ဘဝင်စိတ်ပေတည်း။

၁၂။ အဆင်းရူပ၊ သဒ္ဒ-အသံ၊ အနံ့-ဂန္ဓ၊ ရသ-အရသာ၊ အတွေ့-ဖောဋ္ဌဗ္ဗာ၊ ငါးဖြာအစုံ၊ ရုပ်အာရုံပင်၊ မနောဝိညာဉ်၊ ဆင်ခြင်တိုက၊ သိသမျှအကုန်၊ ဓမ္မာရုံပေတည်း။

၁၃။ အကြည်ခြောက်စုံ၊ အာရုံခြောက်ပါး၊ ထိခိုက်ငြားက၊ ခြောက်ပါးဝိညာဉ်၊ အစဉ်ပပြတ်၊ လျှပ်ရောင်ပမာ၊ နာမ်ခန္ဓာသည်၊ ဆိုင်ရာအသီးသီး၊ ဖြစ်ပျက်ကြသတည်း။

၁၄။ စက္ခု-ရူပါရုံ၊နှစ်ပါးဆုံလျှင်၊စက္ခုဝိညာဉ်၊ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၅။ သောတ-သဒ္ဒါရုံ၊ နှစ်ပါးဆုံလျှင်၊ သောတဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၆။ ဃာန-ဂန္ဓာရုံ၊ နှစ်ပါးဆုံလျှင်၊ ဃာန ဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၇။ ဇိဝှါ-ရသာရုံ၊ နှစ်ပါးဆုံးလျှင်၊ ဇိဝှါဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၈။ ကာယ-ဖောဋ္ဌဗ္ဗာရုံ၊ နှစ်ပါးဆုံလျှင်၊ ကာယဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၉။ မနော-ဓမ္မာရုံ၊ နှစ်ပါးဆုံလျှင်၊ မနောဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၂၀။ ဝိညာဉ်ငါးဝ၊ ကြွင်းသမျှကို၊ မနောဝိညာဉ်ဆို၏။ ထိုစိတ်ခြောက်ပါး၊ တခြားစီသာ ဖြစ်ကြရာသတည်း။

**နာမ်အခန်း ပြီး၏။**

၂၁။ နာမ်, ရုပ်မှတပါး၊ ယောကျ်ား-မိန်းမ၊ အတ္တ-ဇီဝ၊ ဘာမျှမရှိ၊ ဉာဏ်နှင့်ကြည့်သော်၊ဓာတ်အတိသာရှိချေ၏တကား။

၂၂။ နာမ်,ရုပ် နှစ်တန်၊ သူ့ဖြစ်ဟန်ကို၊ အမှန်ဒိဋ္ဌိ၊မသိကြ၍၊ ငါထ-ငါထိုင်၊ ငါကိုင်-ငါသွား၊ ငါကြား-ငါကြည့်၊ ငါသိ-ငါမြင်၊ ဓာတ်ဖြစ်အင်ကို၊ ငါပင်မုချ၊မှတ်ထင်ကြသည်၊ သက္ကာယဒိဋ္ဌိစွဲလမ်းမှုကြီးပါတကား။

၂၃။ ဒိဋ္ဌိသက္ကာယ၊မကွာသမျှ၊ လေး၀အပါယ်၊ရောက်ဦးမယ်၊ နင်၀ယ်သတိထား၊ သို့အလားကြောင့်၊ မြတ်ဘုရားက၊ ရင်၀မှာလှံစူး၊ ထိပ်ဦးမီးလောင်၊ မရှောင်အဟုတ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်ရန်သဘောကို၊"သတ္တိယာ ဝိယသြမဋ္ဌော" ဟု ဟောကြားတော်မူခဲ့ပြီတကား။

၂၄။ နာမ်-ရုပ် နှစ်ခု၊ နှစ်ဘို့ပြု၍၊ ရုပ်စု-နာမ်စု၊ တခုခု၌၊ ကြံဘန်စေ့ငု၊ စိုက်၍ရှုမှ၊ ဓာတ်ရင်းမူလ၊သဘာ၀ကို၊ ဒိဋ္ဌမသွေ မြင်နိုင်ချေမည်တကား။

၂၅။ သဏ္ဍာန်- အဆင်း၊ ခုခံလျှင်းက၊ ဉာဏ်နှင့်ရှင်း၍၊ အတင်းရှုမှ၊ အနိစ္စကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကား။

၂၆။ အကြည်ခြောက်စုံ၊အာရုံဆိုက်က၊ခြောက်၀ဝိညာဉ်၊ အစဉ်ဖြစ်မှု၊ ဖမ်းယူရှုမှ၊ အနိစ္စကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည် တကား။

၂၇။ နာမ်-ရုပ် ဓမ္မ၊ အနိစ္စကို၊ ဒိဋ္ဌမြင်က၊ အနတ္တကို၊ မုချမြင်၍၊ ငါပင်မဟုတ်၊ နာမ်-ရုပ်နှစ်ခု၊ ဓာတ်အစုသာ၊ ဖြစ်ပါတကား၊ မြင်လုံးထွားသဖြင့်၊ သက္ကာယတရား၊ လွင့်စင်ရှားလေ၏တကား။

၂၇။ ဒိဋ္ဌိသက္ကာယ၊ တဒင်္ဂပဟာန်၊ ကွာပြန်မူက၊ စူဠ သောတာပန်၊ သမုစ္ဆေဒပဟာန်၊ ကွာပြန်ငြားက၊ အပါယ်လေးပါး၊ တံခါးပိတ်၍၊ နိဗ္ဗာန်အဝင်၊ ဘုံစဉ်စံ ပုဂ္ဂိုလ်၊ ဝိသာခါလို၊ ငါတို့ဖြစ်ရချေ၏ တကား။

၂၉။ မကွေ့မယောင့်၊ လမ်းဖြောင့်တရား၊ တွေ့ပါသားနှင့်၊ အများမူးတိုင်း၊ နှင်မရှုးနှင့်၊ ထူးသည့်အခါ၊ ဝိပဿနာကို၊ ခါခါ ပွားမှ၊ သွားမည့်သံသရာ၊ အစဉ်ပါမည်၊ နှင်သာသတိထား။

၃၀။ သဲဖြူ-လယ်တီ၊ တောရမှီသည့်၊ မထေရ်ငါသည်၊ စီရင်အပ်သော ဝိပဿနာ၊ ကဗျာသုံးဆယ်၊ ဝါလယ်တော်သလင်း၊ လ,အတွင်းဝယ်၊ ခုနှစ်ဆယ်ပြည့်၊ ၌တွင်ရွှေ့လျှင်၊ ပြီးအောင်မြင်၏ တကား။

ဝိပဿနာ လက်စွဲဆောင်ပုဒ် ပြီးပြီ။

လွန်ခဲ့သည့် ၅၇ နှစ်က စီရင်အပ်သော ဝေနေယျအား မြင်လုံးထွားအောင် ဝိပဿနာတရား ဟောကြားနိုင်သော စောထွတ်ရတနာ မြတ်ဗုဒ္ဓါကို၊ သဒ္ဓါညွှတ်ကျိုး ရှိလျှင်ခိုးသည်၊

ဤတွင်အစ ပဏ္ဏာမဘည်းဟု

အစချီသော

လယ်တီဆရာတော် ဝိပဿနာလက်စွဲကျမ်း။

ဦးသံဒိုင် နိဒါန်းပျိုးသော မိုးကုတ်ဆရာတော်ဝိပဿနာလုပ်ငန်း

အမှတ်စဉ် ၆-၅-၄-၃-၂။

သထုံမှုလမင်းကွန်း ဇေတဝန်ဆရာတော် ဉာဏ်စဉ်ကျမ်း။

ဝိသုဒ္ဓိမဂ်-အရှင်မေဓါဝီ-ပဋိပတ္တိ သာသနာပြုကျမ်း။

မိုးညှင်းတောရ ဆရာတော်-အရိယာမဂ် အကျဉ်းချုပ်-အလုပ်ပြတရားစာအုပ်။

ညောင်လေးပင်တောရကြီးဆရာတော်-သတိပဋ္ဌာန် အရသာကျမ်း။

သက်ဆိုင်ရာ စာမျက်နှာများကို၊ လက်သည်းကွင်းပြလျက်၊ ကောင်းနိုးရာရာ ကောက်နုတ်ချက်များကို၊ အတိုကောက်ဘော် ပြထားသဖြင့်၊ လွယ်လင့်တကူ ထိုထိုစာအုပ်များတွင် အကျယ်ကိုရှာဖွေအားထုတ်ကြပါကုန်။


<u>ပုံနှိပ်ထုတ်ဝေသူ</u>

ဦးဘကျော်၊ မှတ်ပုံတင်အမှတ် (၀၀၂၂ နှင့် ၀၀၂၀) ကုသလဝတီပုံနှိပ်တိုက်၊

၆၀၊ [illegible]လမ်း၊ ရန်ကုန်မြို့။



ကမ္ဘာ့ ဗုဒ္ဓ တက္ကသိုလ်
စာကြည့်တိုက်

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ၊
၁၆ ၇ ၆၈ သဗ္ဗရတိံ ဓမ္မရတိံ ဇိနာတိ၊
တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

## အနက်များမှာ

ခပ်သိမ်းကုန်သော အလှူတို့ထက်၊ တရားတည်း ဟူသော အလှူသည် ဖြတ်၏။ အောင်၏။ ခပ်သိမ်းကုန်သော အရသာတို့ထက် တရားတည်း ဟူသော အရသာသည် ဖြတ်၏။ အောင်၏။ ခပ်သိမ်းသော မွေ့လျော်ခြင်းတို့ထက် တရားနှင့် မွေ့လျော်ခြင်းသည် ဖြတ်၏။ အောင်၏။

တဏှာ၏ ကုန်ခမ်းခြင်းသည် ခပ်သိမ်းသော ဒုက္ခဆင်းရဲတို့ကို အောင်၏။

---

**ဓမ္မဒါနအတွက်သာ ထုတ်ဝေလျက်ပါ**

**(စံရိပ်ငြိမ်) ဦးသန်းမောင်-ဒေါ်ချစ်**
"ဝင်းလင်း"ခြံ၊ (၁၁) သီရိရိပ်သာလမ်း၊
(ယခင်အတ္တိယားကိုယ်ပိုင်လမ်း) ကမာရွတ်စာဝင့်၊

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက် အမှတ် (၆၁၄)

**<u>ပုံနှိပ်ထုတ်ဝေသူ</u>**

ဦးဘကျော်၊ မှတ်ပုံတင်အမှတ်(၀၀၂၀/၀၀၂၀)၊
ကုသလဝတီပုံနှိပ်တိုက်၊ ၆၀၊ ရေကျော်လမ်း၊ ရန်ကုန်မြို့။